
The YATI
MAGAZINE
Vol. 11,No.119 FEBRUARY,2014
OLDIES
GOLDIES
STYLISH COUPLE
IN FASHION
CUTIEPIE JUVENILE
AUDIENCES OF
CELEBRITIE'S
CHOICE
ROYAL FAMILY
SHE TOLD
BY HER SELF

MEDIA GROUP
Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| CEO | MD |
| ceo@popularmyanmar.com | hanelatt@popularmyanmar.com |

**The YATI** MAGAZINE
VOL-11, NO.119, FEBRUARY, 2014
စာပေအနုပညာမဂ္ဂဇင်း

| | |
|---|---|
| Editorial & Technical Director | ဖိုးနိုင်လင်း (ponainglin@gmail.com) |
| Art Director | မောင်မောင်အောင် (cartoonmma@gmail.com) |
| စီမံဒါရိုက်တာ | ဒီဇိုင်းပန်းဇျာန် (pannzan@gmail.com) |
| အယ်ဒီတာ | နွေးနွေးစစ်အောင် (nwaynwaysisaung@gmail.com) |
| အမှုဆောင်အယ်ဒီတာ | မြင့်သူဇာထွန်း (zarkalay174@gmail.com)<br>ဖြိုးစုပိုပို (phyoesupopo@gmail.com) |
| တဗျာအယ်ဒီတာ | လင်းထိပ်သျှင် |
| လက်ထောက်အယ်ဒီတာ | သီတာစိုး |
| ဒီဇိုင်းတာဝန်ခံ | ထွန်းထွန်းလင်း |
| ဒီဇိုင်း | လင်းထွဋ် |
| လက်ထောက်ဒီဇိုင်း | ဝင်းဝင်းလှိုင် |
| စာစီစာရိုက် | ခင်သက်လှိုင် |
| စာပြင် | ဥမ္မာအေး |
| ကြော်ငြာအဖွဲ့ | ဇော်ဇော်အောင် (မန်နေဂျာ) (advertising@popularmyanmar.com)<br>မေသင်းခိုင် |
| ဘဏ္ဍာရေးအဖွဲ့ | မိုးယုမာ (လက်ထောက်အထွေထွေ မန်နေဂျာ)၊<br>ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊<br>နီလာဝင်း (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | ဇော်လင်းဦး၊ သက်ထွန်းအောင်၊<br>ညီညီနိုင်၊ သောင်းမြတ်ကျော်၊ ထူးထူးအောင် |
| ရုပ်ပုံစာတတ်ပုံပညာရှင် | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီး၊<br>ကိုနိုင် (ပေါ်ပြူလာ) |




| | |
|---|---|
| မျက်နှာဖုံးရှင် | ဆုပွင့်ဦး |
| ဓာတ်ပုံ | Jason |
| ဒီဇိုင်း | သျှတ္တရ |
| ထုတ်ဝေသူ | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| ဥပဒေအကြံပေး | ဦးအီနစ် (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | Eagle |
| အတွင်းကာလာခွဲ | ကမ္ဘာဦး |
| စာအုပ်ချုပ် | ရွှေသမီး |
| တန်ဖိုး | ၂၀၀၀ |
| အုပ်ရေ | ၁၅၀၀ |
| ပုံနှိပ် | ငွေကံ့ကော် (မြ-၀၆၃၆၁)၊<br>အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀
e-mail address : yatimagazine@gmail.com
facebook address : http://www.facebook.com/yatimagazine

**မန္တလေးရုံးခွဲ**
အမှတ် ၉၁၊ ၆၈ လမ်း၊ ၃၃ × ၃၄ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၁၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂


**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

**ပြည်သူ့သဘောထား**
- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ပြဋ္ဌာန်းရေး
- ပြဋ္ဌာန်းသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အယ်ဒီတာနှုတ်ခွန်းဆက်



နှိုင်းချင့်ချိန်ဆ
ရသထွန်းလင်း
ပရိသတ်ရင်တွင်း
နှစ်သက်ခိုဝင်
ရတီစွမ်းအင်

၂၀၁၂ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ အစီရင်ခံစာတစ်ခုတွင် နိုင်ငံပေါင်း ၂၀၀ ၌ မြန်မာနိုင်ငံ၏ ပညာရေးအဆင့်သည် ၁၉၉ ရှိသည်ဟု ဖတ်မိခဲ့ရသည်။ နိုင်ငံတော်၏ဘတ်ဂျက်အသုံးစရိတ်ကို ကြည့်တော့လည်း ပညာရေးနှင့် ကျန်းမာရေး နှစ်ရပ်ပေါင်းအတွက် တစ်ရာကျပ်လျှင် ကိုးကျပ်မျှသာ သုံးစွဲကြောင်းသိရ၍ ပညာရေးအဆင့်အတန်းနိမ့်ခြင်းက မဆန်းဟု ဆိုရမည်။ မူလတန်းအခမဲ့ပညာသင်စနစ်ကို ပြဋ္ဌာန်းထားသော်လည်း ကလေးငယ်တိုင်း ကျောင်းသို့ မရောက်ကြသေး။ မူလတန်းကျောင်းတစ်ကျောင်း၏ ဖိနပ်စင်ကို ကြည့်လိုက်လျှင် ကွက်လပ်ဖြစ်နေသော ဖိနပ်နေရာလွတ်လေးများကို တွေ့ရ၏။ ကွက်လပ်လေးတွေ ဘာကြောင့်ဖြစ်နေတာလဲ။ ကျောင်းမလာနိုင်လို့ပါ။ ဘာကြောင့် ကျောင်းမလာနိုင်သလဲ။ နေထိုင်မကောင်းဖျားနာလို့လား။ ရိုးရိုးသာမန် ဖျားတာ နာတာမှ ဟုတ်ရဲ့လား။ ကျောက်ရောဂါ၊ ဝက်သက်ရောဂါ၊ ဝမ်းရောဂါစတဲ့ ကူးစက်ရောဂါတွေကြောင့်လား။ ဒါဆိုရင် ဒီရောဂါမျိုးတွေ မဖြစ်ပွားအောင် လုပ်ပေးစရာတွေ အများကြီးရှိသေးတယ်။ မိဘနှစ်ပါးစလုံး အလုပ်ထွက်လုပ်ကြလို့ အိမ်မှာ ကျီးစောင့်ကြက်နှင့် ကလေးကို ကျောင်းမသွားခိုင်းဘဲ အိမ်စောင့်ခိုင်း၊ သူ့ထက်ငယ်တဲ့ ညီမလေး၊ မောင်လေးကို ထိန်းခိုင်းတာပါ။ ကိုယ့်သားသမီးကို ကိုယ်တကယ်ချစ်ရင် ဒီလိုကိစ္စအသေးအဖွဲလေးတွေ အတွက်နဲ့တော့ ကလေးကို ကျောင်းမလွှတ်ဘဲ မနေဖို့ မိဘတွေကို ပညာပေးရဦးမှာပဲ။ မနက်ဘက် ချက်ဖို့ဆန်မရှိ။ ဆန်ဖိုးရှာဖို့ အမေအမေအပြင် ထွက်ရှာရဦးမယ်။ သားလေး၊ သမီးလေးတို့ အနေနဲ့ ဝမ်းဗိုက်ဗလာ၊ ဟာတာတာနဲ့တော့ ကျောင်းကို မလွှတ်ရက်တော့ဘူး။ ကျောင်းမှာ သူများတကာ မုန့်ဝယ်စားကြတဲ့ အချိန်မှာ ဘေးကသွားရည်တမြားမြားနဲ့ ကိုယ့်ကလေး မကြည့်ရက်ဘူး။ ဒါကြောင့် ကျောင်းမသွားနဲ့ဆိုလို့ ကျောင်းမလာနိုင်ကြတာပါ။ ဒါဆို ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကို စကားအနေနဲ့သာမက၊ အလုပ်အနေနဲ့လည်း ဖြစ်အောင် လုပ်ပြရဦးမယ်။

မြန်မာပြည်မှာ လူဦးရေရဲ့ ၂၆ ရာခိုင်နှုန်းက ဆင်းရဲနေတယ်လို့ အစိုးရအဖွဲ့ကိုယ်တိုင်က ပြောခဲ့တာပဲ။ ၂၆ ရာခိုင်နှုန်းဆိုတာ လူဦးရေ ၁၅ သန်းနီးပါးပဲ။ လူတစ်ယောက်ကို တစ်နေ့ဝင်ငွေ ၁၃၅၀ ကျပ်မှမရှိရင် ဆင်းရဲတယ်လို့ သတ်မှတ်ကြတယ်။ ဆင်းရဲလို့ စာမတတ်၊ စာမတတ်လို့ ဆင်းရဲဆိုတဲ့ ဒီသံသရာကြီးက လွတ်နိုင်အောင် ဘယ်လိုလုပ်ကြမလဲ။ တချို့ကလေးတွေကျတော့ ကျောင်းမလာနိုင်ကြဘူး။ ပြည်တွင်းစစ်တွေ ဖြစ်နေဆဲမို့ စစ်ပြေးဒုက္ခသည်အနေနဲ့ တောင်ပြေးမြောက်ပြေး အသက်လုနေကြရတဲ့ ကာလမှာ ဘယ်သူက အေးအေးလူလူ ကျောင်းတက်စာသင်နိုင်မှာလဲ။ ဒါဆို ကလေးတိုင်း ကျောင်းတက်နိုင်ဖို့ ငြိမ်းချမ်းရေးကလည်း မရှိမဖြစ် အရေးကြီးနေပြန်ပြီ။ အလယ်တန်းဆင့်ကလေးတွေကို စစ်တပ်က ပေါ်တာဆွဲသွားတာနဲ့။ အတင်းအကျပ် စစ်သားစုဆောင်းရာမှာ ကလေးစစ်သားအနေနဲ့ ပါသွားတာနဲ့၊ ကျောင်းတစ်ဝက်တစ်ပျက်နဲ့ ထွက်သွားရရှာသူတွေလည်း အများကြီးပဲ။ လေးတန်း၊ ငါးတန်းကျောင်းနေရမယ့် အရွယ်မှာမှ မိဘရဲ့ စီးပွားရေးအခြေအနေမဟန်လို့ အလုပ်ထွက်လုပ်ရတဲ့ ကလေးလုပ်သားတွေလည်း နေရာတကာမှာ တွေ့ရပါတယ်။

မြန်မာပြည်ရဲ့ ကျေးရွာပေါင်း ငါးသောင်းကျော်မှာ မူလတန်းကျောင်းမရှိသေးတဲ့ ရွာတွေရှိနေတုန်းပဲ။ မူလတန်းကျောင်းရှိပေမဲ့လည်း ဗလာစာအုပ်၊ ခဲတံ မလုံလောက်တဲ့ မိဘက ဝယ်မပေးနိုင်တဲ့ ကလေးတွေ ဒုနဲ့ဒေးပဲ။ ကျောင်းနေလို့မှ စာအုပ်ခဲတံမရှိတဲ့ အခြေအနေမှာ ပညာရေးက ဘယ်လို သွားတိုးတက်ဦးမှာလဲ။ တစ်နေ့က သတင်းစာထဲမှာ ဖတ်လိုက်ရသေး။ ထိုင်းနိုင်ငံအစိုးရက ကျောင်းသားတိုင်းကို 'တက်ဗလက်' တစ်လုံးစီ အခမဲ့ ပေးဆိုတဲ့သတင်း။ ဗလာစာအုပ်တောင် မရှိတဲ့နိုင်ငံနဲ့ တက်ဗလက် လူတိုင်းကိုင်နိုင်တဲ့ နိုင်ငံ၊ ပညာရေးကွာတော့မပေါ့။ ဒါတွေအားလုံးရဲ့ တရားခံဘယ်သူလဲ။ အစိုးရလား။ သူချည်းတော့ မတတ်နိုင်ဘူး။ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေအားလုံး ဝိုင်းဝန်း ကြိုးပမ်းကြရမယ့်ကိစ္စပဲ။

**အယ်ဒီတာအဖွဲ့**

2 အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7 ကိုလေး (အင်းဝဂုဏ်ရည်)၊ မောင်သင်းမိုး၊ ဝင်းမြင့်၊ ကိုရွှေ၊ ခင်ဇော်မြင့်၊ နိုင်မြဲကျော်စွာ

ကာတွန်း

13 မြေဇာ၊ မောင်မောင်ဏ၊ မောင်မောင်အောင်ဏ၊ ဝလုံး၊ လူကြီးမင်း

ရတီအထူးကဏ္ဍ

23 Cutiepie Juvenile
ယွန်းယွန်း
ဖြိုးစုမိုမို၊ အိအိထွေး

29 Cover Image
ဆုပွင့်ဦး
ဖြိုးစုမိုမို

39 Stylish Couple in Fashion
နိုင်းဝမ်း၊ ယွန်းပိပိကျော်
သီတာမိုး

45 Updating Fashion
ရွှေရည်သုန်သုန်
သီတာမိုး

51 ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်
နန်းခင်ဇေယျာ
သီတာမိုး

56 Sensational Hair Style
ချစ်စနိုးဦး၊ စန္ဒီမြင့်လွင်
ဖြိုးစုမိုမို၊ အိအိထွေး

# yati contents

VOL.11, NO.119, FEBRUARY, 2014

Cover Girl







yati

VOL.1[illegible], NO. 119 | FEBRUARY, 2014

# contents




111

62 Happy Snacky
မေတိုးခိုင်၊ ပေါ်ဗီ၊ နောက်နောက်
ဖြိုးစုမိမိ
68 MOD MOM
စန္ဒာလွင်၊ ရဲရင့်နှင်းဆီလွင်
ပန်ထွာနှင်းဆီလွင်
ဖြိုးစုမိမိ
72 Academy Views
အယ်ဒီတာအဖွဲ့
75 Audience of Celebrities' Choice
ရတနာမိုင်၊ လွှတ်လပ်ဝင်း
သီတာစိုး
82 သူပြောတဲ့သူ့အကြောင်း
စမိုင်းလ်
သီတာစိုး
86 Music Plus Yati
Side Effect
*Zigzag*
90 Greatest Hits of Nawarat
အေးမွန်
94 ဘဝက ရုပ်မြင်သံကြားကြော်ငြာတစ်ခု
မဟုတ်ဘူး
အေးမွန်
97 သူတို့ပြောတဲ့ My
ညီမင်းလွင်၊ ဝဏ္ဏခွာနီး၊ ဂျူကာ
ဖြိုးစုမိမိ
102 ခံစားချက်တွေကို အသက်ဝင်စေသူ
မာဓိကျော်
ဖြိုးစုမိမိ
104 Goldies Oldies
ဖြိုးစုမိမိ
158 အနုပညာအိမ်ကွင်းမှ
ကောက်နုတ်ချက်များ
ကျော်ထူး

## ရတီနိုင်ငံတကာ

108 အင်္ဂလန်ထီးနန်း
တတိယမြောက်နန်းလျာ(၂)
နန်းဝံမဒီ
111 Madiba သို့ နောက်ဆုံးနှုတ်ဆက်ခြင်း
တင်လတ်သန္တာမိုလ်
128 ဂျပန်ပြည်က နေမျိုးနွယ်ဝင်ဘုရင်တို့ရဲ့
တော်ဝင်နန်းဆက်ခံမှုအဖြာဖြာ
သော်တာလ

134



134 Jupiter Ascending
အလန်းဇယားဗီလာကူနစ်
ရဲသစ်
190 International News
ဖြိုးဖြိုး
194 ရတီကိုရီးယား
ဇင်မြင့်စံ
198 Film Feeling
ဖြိုးဖြိုး
178 မမရတီအမေးအဖြေ

ရတီအသောအထေ့
202 Funny Photo
203 ကတ်သီးကတ်သတ် ပြောတဲ့
တောက်တီးတောက်တဲ့

ရတီကျန်းမာရေး
66 Family Doctor
နှာရည်ယိုရွှဲတာပိုးတွဲ
ဒေါက်တာမြင့်ဦး(GP)

117 Health Life Style In Food
ဂျုံနဲ့ထောပတ် ရောစပ်လိုက်တဲ့အခါ
ဒေါက်တာဇာနည်ဝင်း
120 စိတ်ချတယ်ဆိုရာမှာ . . .
အေးမီချို
124 လုပစိုပြည်ရတီမေ
Valentine's Day မှာ
လွတ်လပ်ပေါ့ပါးစွာ လုပနေစေဖို့
ရွှေနေခြည်
175 ကျန်းမာရေးအတွက် မေးကြမယ်
ဒေါက်တာမြင့်ဦး(GP)

ရတီဆောင်းပါး
18 ရပာန်းနှင့် ဗယ်လင်တိုင်းဝင်မှု
ဓမ္မဂင်္ဂါ
188 ရေနံ
ကျော်ဦး

မန္တလေးအတွေး၊
မန္တလေးအရေး
184 နေရစ်ခဲ့တော့ ဒီဇင်ဘာ
ကိုထွန်း (လမ်း-၈၀)

ဖူးနုသစ်လွင်ကဗျာဥယျာဉ်
152 လှိုင်ခင်အုန်း (အမရပူရ)၊ ရန်လင်းအောင်
ဆစ်ခ်၊ ရှင်နေကြယ်၊ လှိုင်းထက်ရခိုင်
ရတုသစ်၊ အောင်သက်နှင်း၊ မုယော



VOL.11, NO.119, FEBRUARY 2014

yati contents



62




68

ရတီဖေဒင်
149 ဒေါက်တာမြတ်သစ် (မန္တလေး)


ရတီဝေဖန်ရေး
156 ဒါရိုက်တာ သန့်စင်အောင်၏
'နက်ပြန်ခါ'
မောင်အိမ်ဝံ

ရည်ညွှန်းပွဲ့သီ ချစ်သူဆီ
180 တွဲလက်များ၏အကြားတစ်ဖက်တွင်
သံလွင်သစ္စာ (သထုံ)

ရတီဝတ္ထုတို
138 အစ်ကိုနဲ့ သား၊ ဘကြီးနဲ့ တူ
ဖြိုးထိန်
145 ထာဝရ
မောင်ဆွေသက်
160 ကစားဖော်ရှယ်ငယ်ကတည်းက စွဲတဲ့အချစ်
ကေတုမောင်ညိုလင်း
171 အတွေးအာရုံ မှန်ကူကွက်များ
ခင်အောင်အေး

ဘာသာပြန်ဝတ္ထု
166 ရှေးကြီးသော သင်ခန်းစာများ
သည်းစန္ဒီထွန်း


ပန်းချီသရုပ်ဖော်
မြတ်မင်းဟန်၊ ဆော်ဘုန်းမိုး၊ လှကြီးမင်း၊ မောင်မောင်အောင်၊ ပန်းရှက်




# ပုတ်သင်ညို

အရောင်ကတော့
ပြောင်းပါ့...။
ပိုးမွှားကလေးတွေ
တွေ့တော့
ဖျတ်ခနဲ
လျှာထုတ်
မျိုတဲ့အလုပ်က
ပြောင်းလို့မှ မရတာ...။

ကိုလေး(အင်းဝဂုဏ်ရည်)




Poem YATI FEBRUARY 2014

# ဖဲတစ်ချပ်လို ပွတ်သပ်

ခရစ္စတိုဖာကိုလံဘတ် ပွတ်သပ်သောဖဲချပ်
အနောက်အာရှမဟုတ်ဘဲ အမေရိကဖြစ်နေ
ဝီလီယံရှိတ်စပီးယား
စကားလုံးအသစ်(၁၇၀၀)ကျော်
ရှာဖွေတွေ့ရှိ
သူကတော့...
အရပ်ထဲ ဈေးထဲခြေရာထပ်မျှ
ကမ်းနားဆိပ်သင်္ဘော
ဘူတာရုံ အဝေးပြေးကား
ပျော်ပွဲစားရုံ နေရာစုံ
တယ်လီဖုန်းရုံ ဆက်သွယ်မေးမြန်း
စာကြည့်တိုက် ဘာသာရပ်ထဲ
မွှေနှောက်ရှာဆဲ
ရှိတော့ရှိမှာပဲ
ရေအဆုံးမြေအဆုံး
မတွေ့တွေ့အောင် ရှာရမှာပဲ
စကားလုံး...။ ။

မောင်သင်းမိုး



# ကွယ်လွန်လေပြီးသော ပန်းပွင့်(၂)

ဒီနေ့ဟာ မင်းမွေးနေ့လေကွာ
လှူလေးရယ်…
"ဒီမှာလေ"
အဖေကကျွန်တော့်ကိုယူပြ
တပေါင်းလပြည့်ညကြီး။

ဖျတ်ခနဲ သတိတရ။
ဘာကြောင့်များ အမေ
ဒီ … လင်းထိန်နေတဲ့ ပြောင်းတလင်းကြီးထဲ
ကျွန်တော့်ကို ယယ်ယယ်ရှုယ်ရှုယ်နဲ့ ထားခဲ့ပါသလဲ။ ။

ဝင်းမြင့်



Poem
YATI FEBRUARY
2014

# ပြည်သူတွေရဲ့အသံ (၂)

ဘဝဆိုတာ သောကနဲ့ အိပ်ပြီး သောကနဲ့ နိုးထလာခြင်းလား
စီးပွားရေးဆိုတဲ့ အကောင်က တစ်နေ့တခြား အသက်ရှုကျပ်လာတယ်
လက်လုပ်လက်စားတွေ တစ်နေ့တခြား အမောဖောက်လာတယ်
ရှာရခက်တဲ့ငွေဆိုတာ နေရောင်အောက်က ရေတစ်စက်ပဲ
လက်ပံတောင်းမှာတောင် ရှာရခက်သွားသလို
တစ်နေ့တခြားငွေရှာရခက်လာတယ်
ပဲခူးရိုးမပေါ်မှာ ကျွန်းပင်တွေ လဲပြိုခဲ့ရသလို
ငါတို့ရဲ့အနာဂတ်တွေလည်း အတုံးအရုံးပဲ
မီတာခတွေဆတိုးတက်လာသလို
ငါတို့ သောကတွေ တရိပ်ရိပ်တက်လာတယ်
ရောဝတီဟာမသေမရှင် စီးဆင်းနေရသလို
ငါတို့ဘဝတွေ မတင်မကျရှင်သန်နေရတယ်
ဆင်ဖြူတော်ကဆင်ဦးစီးကို နင်းသတ်လိုက်သလို
စားစရိတ် လမ်းစရိတ် ကျောင်းစရိတ် အထွေထွေစရိတ်
ရင်တထိတ်ထိတ်ပဲ
၂၀၁၀ တုန်းကလည်း
ပေါချောင်ကောင်းဆိုလို့ ရွေးခဲ့တာပဲ
ပေါတာပဲ အဖတ်တင်တယ်
ချောင်လည်းမချောင် ကောင်းလည်းမကောင်း
တစ်နေ့တခြား ဇာတိရုပ်တွေပေါ်လာတာပဲ
ငါတို့တွေ အဲဒီအလံတော်အောက်မှာ
နိုင်ငံတော်သီချင်းကို ဖြောင့်ဖြောင့်တန်းတန်းမဆိုနိုင်တော့ဘူး
အလုပ်အကိုင်အတည်တကျမရှိပေမဲ့
ဘာပြောင်းလုပ်ရင် ကောင်းမလဲ နေ့တိုင်းစဉ်းစားနေရတယ်
လက်လုပ်လက်စားဆိုတော့
လက်လုပ်ချဉ်နဲ့ မကင်းဘူး
လက်လုပ်ပုံးနဲ့ ကင်းရပါစေလို့
အလုပ်သွားတိုင်းဆုတောင်းနေတယ်။

ကိုရွှေး

Poem
YATI FEBRUARY
2014




# ငါ

ညောင်ပင်ကြီးလည်း မလှူနိုင်
ညောင်စေ့တစ်စေ့လည်း မလှူနိုင်

ညောင်မြစ်ကိုလည်း အတူးမခံနိုင်
ညောင်ရွက်တစ်ရွက်လည်း အခူးမခံနိုင်။

ကိုယ်ချင်းစာကြည့်
တိတ်တိတ်နေကြည့်
စိတ်ချောက်ချားဖွယ်ရာအတိ။

ခင်ဇော်မြင့်

Poem
YATI FEBRUARY
2014


# အဓိပ္ပာယ်စောင့် တစ်ယောက်နဲ့ တစ်နေ့တာ ကဗျာ


တစ်နေ့ဝင်သော် တစ်ရွှေဝင်လိမ့်မယ်
သဘော်သား မီးလုံးထွန်းပြီး နေ့ကြီးမင်းကြီး
ကိုယ်တိုင်ကဗျာတစ်ပုဒ်ထုတ်လုပ်သူဆိုပါတော့
ကျွန်တော့်ရဲ့စကားလုံး အသုံးချမှုဆိုင်ရာ ကတ်ထူပုံးဟောင်းဝါကျဟာ
တရုတ်ကလာတဲ့ ချင်းတောင်ပန်းသီး နာမည်ကြီးအပ်ချုပ်ဆရာ လက်ရာလို
ချုပ်ရပ်ဖို့ ယူဆထားတယ်
မနေ့ညက Sakura      အပေါ်ဆုံးထပ်ဝရန်တာမှာ
ငုံ့ကြည့်ရတဲ့ ခေါင်မိုးတွေဆီ
မညီမညာလှပနေတဲ့ အလှအပကို သတိရပြန်တော့
ခင်ဗျားတို့အချစ်ကို မဲရုံများက တစ်ဆင့်
အေးအေးဆောင်းဆောင်း ပုံပြောင်းပေးစရာဖြစ်ကြောင်း သတိထားမိရဲ့လား
အဓိပ္ပာယ်ရဲ့နှုတ်ခမ်းမွေးအား
လူကို အသည်း လှုပ်ရှားစေအောင် ငှားရမ်းမိတဲ့တစ်နေ့ပေါ့
ဟယ်လို အဟမ်း ပြီတော့အဟမ်း ဘယ်လို ရမ်းကားစေချင်တာလဲ
ပိုအရေးကြီးသည်မှာ လက်မှတ်ရ လူမျိုးရေးအဓိကရုဏ်းများသာ
ဒီလိုပါပဲပြောကြ
အိပ်ဆေးသောက်အိပ်ပျော်ရသူ၏ ဟောက်သံနဲ့ပင်လျှင်
ခင်းကြမ်းကို ထ ထ စမ်းနေရတယ်
ကျောင်းတုန်းကလို သမိုင်းမတင်မီက ကျောက်ဖြစ်ရုပ်ကြွင်းအား
ကြောက်စိတ်နဲ့ တစ်ရက်မခံဆက်ဆံရေးစနစ်ရဲ့ရုပ်ကြွင်းဆိုသူ ပြန်တွေ့တယ်
အာရဗီဘာသာနဲ့ အဖြစ်တစ်ခုဟာ
ပြင်သစ်စကားအရ အပျက်တစ်ခုမှာ
ပါဠိ မြန်မာပြည် အတိုင်း အမှုတစ်ရာပွေ့ရ
ရင်ခွဲရုံလိပ်စာသမား
ဝမ်းသာစရာမရှိတဲ့ မျက်နှာတွေရဲ့ဒီနာမည်ပြားကို
တခြား ဖယ်ပစ်လိုက်ပါ
ဓာတ်ကြိုးတန်းထဲကလှမ်းပြီး အန်ဆေးတိုက်ကြွေးရင်း
ပွန်းပေမြို့ကြီးလို ချော်ရည်တွေ ဖုံးအုပ်ပစ်ခဲ့တဲ့မိန်းမ
ဟပ်ချလောင်း လက်မောင်းပေါ်က ကောင်မပုံတက်တူးကို လေဆာနဲ့
နည်းနည်းအနာခံမှ ဖြစ်မယ် ပျက်မယ်
ကာမရူပ အရူပပိုက်ကွန် ၃ ခု ထောင်ထားတဲ့
အပြာဝတ္ထုကောင် ရှိမန်တစ်ထောင်ဖောက်ဖို့ ဆိုပြီး
စတီးဖွန်းနှစ်ချောင်း လာငှားပြန်သေးရဲ့
ပျံ့ပါ ရွှေဟင်္သာ
ပြန်ပါရေ မီး မင်း မချစ်မနှစ်သက်သောသူ နိုးသူ ကောင်တွေ
နောက် အနှစ် ဘီလျံ၁၇၀ လောက်မှ ပျက်ပေးမယ့် ကမ္ဘာ ရေ
အမြန်သာ ပျံလိုက်တော့
မော်တော်ကားနဲ့ ဓာတ်အားပေးစက်ရုံ ပယောဂကြောင့်
ကမ္ဘာကြီးပိုမို ပူနွေးတာလည်း မင်းကြောင့်
မီးလောင်မှု ဖြစ်ပွားလျှင် ထွက်မပြေးပါနဲ့လား ချစ်သူ
မီးမလာ ရေမလာ ငွေချေပေ ငွေမပါရင် လိမ့်ဝင်လာဖို့ သိပ်စက်ခဲတယ်
အလိုလိုက်ခံထားရတဲ့ ရေတက်ငါးစင်ရိုင်းလို ချေး စားပြီး
သံမဏိသူတောင်းစားများ ဖောင်းကား လာကြရုပ်ရှင်
စားပွဲတင်ကမ္ဘာလုံးလေးမှာ ရုံတင်တယ်
မနေ့ကနဲ့ ဒီနေ့ မနက်ဖြန်





နိုင်မြဲကျော်စွာ


# YATI CARTOON






ဟင်၊ သူ့ကို အကြွေးပေးလိုက်ပြီလား၊၊
အေးလေ၊
သူက ဘယ်လိုလူစားလဲဆိုတာ လေ့လာပြီးမှ အကြွေးပေးလိုက်တာလား
ဟင့်အင်း၊၊ သူက အစစအရာရာ အားကိုးလိုက်ပါ့မယ် ပြောတာနဲ့ လက်ခံလိုက်တာ၊၊ ဟင်း၊၊
- 2014


တစ်နေ့ရောယူ... နှစ် အသင့်ပြင် သုံး.....
ငါ့အဖေက ပြောတယ် အနိဋ္ဌိကစားနည်းကြောင့် တိုင်းပြည်မွဲပြီး ပြာကျ သွားတာတဲ့...
2013


MISS call
2014




# ရဟန်းနှင့် ဗယ်လင်တိုင်းဝ၌

ဓမ္မဂင်္ဂါ

ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာနဉ္စ ဒဿနံ။
ဂန္ထာ တေသံ န ဝိဇ္ဇန္တိ၊ ယေသံ နတ္ထိ ပိယာပ္ပိယံ။

ချစ်သောသူတို့ကိုလည်းမမြင်ရခြင်းသည် ဆင်းရဲ၏။ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်ခြင်းမုန်းခြင်း မရှိသောသူတို့အား အနှောင်အဖွဲ့ 'ဂန္ထ' တို့ မရှိကြကုန်။

ဗုဒ္ဓ

(၁)

နံနက်ခင်းတံခါးချပ်များကိုတွန်းဖွင့်လိုက်သည်နှင့် နှင်းဆီပန်းခင်းကြီးတစ်ခုလုံးတင်ဆောင်လာသော ချောကလက်လှေကြီးတစ်စီးဖြတ်မောင်းသွားသည်ကို မြင်လိုက်ရသည်. . ။ ဂျက်ခ်စ်ဖီလ်မ်စ်၏ သီချင်းအပိုင်းအစများက သူကျောင်းသခ်မ်းလေးရှေ့တွင် ပဲ့ကျန်မွကြေနေကြ၏။

"If you find yourself alone on Valentine's Day, No box of chocolates to open, no roses in your vase. If you find yourself alone on Valentine's Day,Just remember, Cupid'sarrow is on its way."

ဗယ်လင်တိုင်းနေ့မှာ မင်းတစ်ကိုယ်တည်းအထီးကျန်နေမယ်ဆိုရင်. . . ချောကလက်ပုံးလည်းဖွင့်စရာမရှိဖြစ်နေမယ်ဆိုရင်. . . . ပန်းအိုးထဲမှာ နှင်းဆီပန်းတွေလည်းရှိမနေဘူးဆိုရင်. . . သတိရလိုက်ပါကွယ်. . ။ ကျူးပစ်ရဲ့မြားဟာ လမ်းခုလတ်မှာ ရောက်နေပါပြီကွယ်. . . ။

ချစ်သူများနေ့ဆိုပါလား. . ။ တဏှာ ပေမမြစ်များမှ စီးလာနိုင်သည့်ရှိမန္တိကနာရီများက ရဟန်းတစ်ပါး၏ ဒိုင်ယာရီတွင် ခိုကပ်ခွင့်မရှိ သည့်တိုင်ပိဋကတ်စာပေထဲက အသည်းကွဲရဟန်း ငယ်တစ်ပါးကိုတော့ အမှတ်ရနေတတ်သည်။ ရာဇဂြိုဟ်မြို့ပြသို့ ဘုရားဖူးထွက်လာသော ကျေးလက်ရဟန်းငယ်လေးတစ်ပါး. . . ။ ပြောသံကြားရုံဖြင့် နားဝင်ချိုရင်ဖိုခဲ့ရသော ဗုဒ္ဓသာဝိကာ ပြည့်တန်ဆာမလေး သီရိမာ၏ စံအိမ်သို့ ဆွမ်းစားကြွခွင့်ရဖို့ သံဃာ့မော်ကွန်းထိန်းရဟန်းထံ ချဉ်းကပ်ရသည်. . ။ တကယ်တော့ ရဟန်းငယ်လေး၏ အိပ်မက် ရေစီးရေလာကောင်းချိန်တွင် သီရိမာဒကာမလေးက ဘဝဝေဒနာအန္တမ်းတို့ဖြင့် အလှပန်းညှိုးချိန်ရောက်နေခဲ့ပါပြီ. . ။ ရောဂါလည်းကျွမ်းနေခဲ့ နေခဲ့ပါလေပြီ. . ။

မည်သို့ဆိုစေ ရဟန်းငယ်လေးအတွက်တော့

သီရိမာ၏ ကိုင်းညွတ်မှိန်ပျသော အလှသွားသည်ပင် ထက်ရှလွန်းနေပါသေးသည်။ မြင်ရသော အခိုက် ဝေဒနာက္ခန္ဓာဝန်ထုပ်ဖြင့် စိတ်နှလုံး ကွဲရှသွားသည်။ စွဲလမ်းမှုသွေးသံရဲရဲထဲ ဘဝတစ်ခုလုံး ဟက်တက် . . . ။ လွတ်ကျ သွားချေပြီ . . ။ ကိလေသာဖွဲ့မီးစက တမြွေမြွေ လောင်ကျွမ်းနေသည် . . ။ သီရိမာ . . . သီရိမာရေ . . . ။ ဝေဠုဝန်ကျောင်းအစွန်က သစ်ခက်မိုး တဲလေးထဲ ဆွမ်းသပိတ်နှင့် ပရိက္ခရာ ဖရိုဖရဲ . . . ။

မည်သို့ဆိုစေ ရဟန်းငယ်လေး၏ သံဝေဂဇာတ်သိမ်းက အငြိမ်းဓာတ်ရသွားသည်။ အရှုံးအမှုံး တမ်းတနေဆဲမှာပင် သီရိမာကွယ်လွန်သွားခဲ့၏။ အလှနတ်ဖုရား၏ ခန္ဓာအကြွေကို ရဟန်းငယ်လေးအမှန်အတိုင်း မြင်သွားခဲ့ပါသည်။ ဗုဒ္ဓ အရှင်၏ ဓမ္မကထာက သီရိမာရုပ်ကလာပ်ကို လွှမ်းကာ ပွဲတင်ထပ်နေ၏ . . ။

အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူသော . . အရိုးစုတို့ဖြင့် ထောက်ထားအပ်သော နာကျင်တတ်သော လူအများတို့ ကြံစည်အပ်သော အနာရှိသော ဤကိုယ်ကို ရှုလော့ . . . ။ ဤကိုယ်သည် အမြဲ မရှိချေတကား . . . ။

အချစ်ပူပူကြီးကို ထွေးထုတ်ပစ်လိုက်သည် . . ။ ငါမရှိ . . . သူမရှိ . . . ။ စွဲလမ်းအပ်သော ခန္ဓာမရှိတော့ပြီ . . ။ ယိုယွင်းပြာကျသွားလေသော အလှ . . . ။ ရာဇဂြိုဟ်မြို့ပြထဲ တိတ်ဆိတ်စွာ ကြွလှမ်းလာသော အညတရရဟန်း၏ မျက်နှာရိပ်တွင် ဓမ္မအလင်းများ ပြန်လက်လာသည်။

ရဟန်းဆိုတာ တဏှာပေမည္တန်ထဲက ထွက်မြောက်နိုင်ရမည်မဟုတ်လား . . . ။ အနိုင်းအဆမဲ့၊ အကန့်အသတ်နယ်နိမိတ်မှန်သမျှကို ကျော်လွန်နိုင်ရမည်မဟုတ်လား . . . ။ သည်လိုဆို . . . အရေပြားတစ်ထောက် အလှများအလွန်က သစ္စာမြင်ကွင်းကျယ်တစ်ဆုံးဆီ စိတ်မွေးမွေးများကို ဖြန်းပက်လိုက်တော့မည်။

သို့ဆိုသော် ရဟန်းတစ်ပါးအတွက် ဖြူဟွစိုရ်ရဲ မေတ္တာအရည်ရွှမ်းသောချစ်သူများနေ့သည် ဖေဖော်ဝါရီလ ၁၄ ရက်မျှမဟုတ်ပြီ . . . ။ ၂၄ နာရီချစ်သူများ . . . . ၁၂ရာသီချစ်သူများ . . . ။ ပွားများချဲ့ထွင်နိုင်သလောက်ကျယ်ပြန့်စေနိုင်သော မေတ္တာနိုင်ငံတော် . . မေတ္တာကမ္ဘာ . . . မေတ္တာစကြဝဠာ . . . ဖြူဟွစိုရ်ချစ်ခြင်း မေတ္တာဖြင့် ကမ္ဘာမြေစိမ်းလန်းပါစေ . . ။ ကမ္ဘာရေစီးဆင်းပါစေ . . ကမ္ဘာလေ လတ်ဆတ်ပါစေ . . . ။ မျက်နှာသစ်ရင်း သူမေတ္တာပို့လိုက်သည်။

ဤသို့ဖြင့် ရဟန်းတစ်ပါး၏ ကျောင်းသင်္ခမ်း ပရိဝုဏ်သည် ဖြူဟွစိုရ်နေ့များစွာဖြင့် စိမ်းလန်းခဲ့ပါသည်။

(၂)

အရုဏ်နံနက်စာပြီးသည်နှင့်အွန်လိုင်းစာမျက်နှာအချို့ကို ကလစ်မိသည် . . ။ ချစ်ခြင်းမေတ္တာဖြင့် ကမ္ဘာမြေကိုငြိမ်းချမ်းစွာ ရွေ့လျားစေသူများနှင့် အမုန်းဒေါသနှင့်အာဃာတလက်ကြမ်းကြီးများဖြင့် ကမ္ဘာ့နံရံများကို ထုခွဲတွန်းဖြိုနေသူများကြား သူစိတ်ချွေးထွက်နေသည် . . . ။

ထို့နောက် အမှတ်မထင် အိပ်ရာဘေးရှိဒိုင်ယာရီ အဟောင်းလေးကို ဖွင့်ဖတ်မိသည် . . ။ ၂၀၀၆ ခုနှစ်က ဒီနေ့မှာဘာတွေများ ရေးခြစ်မိပါလိမ့်။

အတ္တဆိုသည်မှာဘာတွေထည့်ထားမှန်းမသိဘဲလွယ်ပိုးထားရသည့် ကျောပိုးအိတ်တစ်လုံးပဲဖြစ်လိမ့်မည် . . ။ ဘယ်တော့မှလည်းဖွင့်ကြည့်ရန်စိတ်မဝင်စားခဲ့ကြ။ သို့သော် တပ်မက်စွာ . . . ။ အရိယာပုဂ္ဂိုလ်မွန်များကတော့ ပြတ်သားစွာဖွင့်ကြည့်ခဲ့ကြသည်။ အနတ္တအမှိုက်များကိုသာ တွေ့သွားခဲ့ကြလေသည်တဲ့ . . ။ ကိုယ်တိုင်ကရော . . . . ။ အတ္တထဲမှာ အတ္တတွေကိုပဲ ထိုးထိုးထောင်ထောင် . . . ။ ငါရှိနေကြောင်းကမ္ဘာမြေကြီး အသိအမှတ်ပြုပေးပါ . . . ။ သည်လို ဥမ္မတ္တ ကောနှင့်နှစ်သုံးဆယ် . . . ။ သည်နေ့ဟာ ကမ္ဘာ့ချစ်သူများနေ့ဆိုပဲ . . . ။ သည်နေ့မှမဟုတ်၊ နေ့တိုင်း ငါ့ချစ်သူများနေ့ပဲ ဖြစ်ရမယ်တဲ့ . . ။ ကမ္ဘာ မြေဟာ ငါ့ချစ်သူတွေရဲ့ နေရာ . . . စိုက်ပျိုးကြစို့ . . . ။

(၃)

သူ့အခန်းရှေ့ကိုအမှတ်မထင်ငေးကြည့်မိတော့ မနက်ခင်းဆီက ဖြတ်မောင်းသွားသော နှင်းဆီတင် ချောကလက်လှေကြီး သူ့ဆီတည့်တည့်မတ်မတ် ထိုးဆိုက်လာခိုက် ရေးမိသော ကဗျာတစ်ပိုဒ်ကို ရွတ်မိလျက်သား ဖြစ်နေသည် . . ။ ဖွင့်ထားမိသော တံခါးချပ်များကိုထ မပိတ်ရက်တော့ . . ။

အလင်းဖွင့်တံခါး ---ဘဝစီးပိုးမှုရှိဖို့ ဘယ်ချိန်ခွင်ထဲ ထည့်ချိန်ကြည့်မလဲ . . . အမှားတွေသာ တစ်လှေကြီး မောင်းသွင်းလာခဲ့ကြ . . . ။

ပွင့်လင်းမြင်သာမှုမရှိတဲ့ စိတ်ဖိစီးမှုတွေကြား ခွင့်လွှတ်ထိုက်ရင် ခွင့်လွှတ်လိုက်ကြပါ ကွယ်တို့ရယ် . . . ။

သံသရာဆိုတာ ဒီတစ်ခါတည်းမှ မဟုတ်တာပဲ . . . ။

ဂါထာတွေ သရဇ္ဈာယ်ရင်း ချစ်ခြင်းတရားကိုလည်း ပွားများသင့်ပါသတဲ့ . . ။

ညတွေ အိပ်မက်ဆိုးထဲက ထွက်ပြေးလာချိန် ငါတို့ သစ္စာဖူးထွက်ကြရအောင်လေ . . . . ။

**ဓမ္မဂင်္ဂါ**


❝

အချစ်ပူပူကြီးကို ထွေးထုတ်ပစ်လိုက်သည် . . ။ ငါမရှိ . . . သူမရှိ . . . ။ စွဲလမ်းအပ်သော ခန္ဓာမရှိတော့ပြီ . . ။ ယိုယွင်းပြာကျသွားလေသော အလှ . . . ။ ရာဇဂြိုဟ်မြို့ပြထဲ တိတ်ဆိတ်စွာ ကြွလှမ်းလာသော အညတရရဟန်း၏ မျက်နှာရိပ်တွင် ဓမ္မအလင်းများ ပြန်လက်လာသည်။

# သဘင်ပညာရှင်များ အစည်းအရုံး (ဗဟို)အမှုဆောင်အဖွဲ့က နာယကကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနား ကျင်းပ





မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)မှ ပညာ-သဘာ အစဉ်အလာဂုဏ်သိက္ခာကြီးမားသော ဇာတ်သဘင်အနုပညာရှင် နာယကကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက်နေ့၊ နေ့လယ် ၁ နာရီက လသာမြို့နယ်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) နာယကကြီးများမှာ စည်သူ ဦးရွှေနန်းတင်၊ ဦးရဲဒွေး၊ ထပ်ဆင့်အကယ်ဒမီ စည်သူ ဒေါ်စံရှားတင်၊ ဦးကျော်သန်း၊ ဦးစိန်လှမြိုင်၊ ဦးသန်းအောင်၊ စည်သူဦးစိန်ဘမော်၊ ဦးစိန်စတင်း၊ ဦးအောင်တင်ဝင်းတို့ဖြစ်ကြောင်း သိရသည်။

# စုံနံ့သာ စာပေအနုပညာမဂ္ဂဇင်း စာအုပ်မိတ်ဆက်ပွဲ




ဇာဂနာစီစဉ်သည့် စုံနံ့သာစာပေအနုပညာမဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၁) စာအုပ်ကို ဇန်နဝါရီလတွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း စာအုပ် မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၃ ရက်နေ့၊ မွန်းလွဲ ၁ နာရီက ဗိုလ်အောင်ကျော်လမ်းရှိ Home ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

# စည်သူဗိုလ်ကလေးတင့်အောင်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ စည်သူ ဗိုလ်ကလေးတင့်အောင်အားဂုဏ်ထူးဆောင်ပါရဂူဘွဲ့ Doctor of Letters (Honoris Causa) ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၉ ရက် နေ့၊ နံနက် ၁၀ နာရီအချိန်က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါဆုကို ယခင်က ဆရာဦးသုခ၊ စည်သူဗိုလ်ကလေးတင့်အောင်၏ညီ ဂီတလုလင်မောင်ကိုကိုနှင့် မြန်မာစာပေလောကမှ ဦးမြင့်ကြည်တို့က ရရှိခဲ့ကြောင်းလည်း သိရသည်။

# ၂၀၁၃-၂၀၁၄ စာပေမြှင့်တင်လှုစွမ်းအင် စာရေးစာဖတ်နှင့် တင်ဆက်မှုစွမ်းရည်ပြိုင်ပွဲ ကျင်းပ





တော်ဝင်မိသားစုကုမ္ပဏီမှ ကြီးမှူးကျင်းပသည့် ၂၀၁၃-၂၀၁၄ စာပေမြှင့်တင်လှုစွမ်းအင်စာရေးစာဖတ်နှင့် တင်ဆက်မှုစွမ်းရည်ပြိုင်ပွဲ ပထမအဆင့်ကို ပြည်လမ်းရှိ တော်ဝင်စင်တာ ပထမထပ်၊ Promotion Area ၌ ဇန်နဝါရီလ ၃ ရက်နေ့မှ ၅ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ပြီး၊ ဒုတိယအဆင့်ပြိုင်ပွဲကို ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိနှင့် တတိယအဆင့်ပြိုင်ပွဲ ကို ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂ ရက်နေ့ထိ တော်ဝင်စင်တာ၌ပင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါပြိုင်ပွဲတွင် အကဲ ဖြတ်ဒိုင်များအဖြစ် စာရေးဆရာ ချစ်ဦးညို၊ အယ်ဒီတာ ဦးမျိုးမြင့်ညိမ်း၊ စာရေးဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)၊ စာရေးဆရာမ မစန္ဒာ၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဆွေဇင်ထိုက်နှင့် တော်ဝင်မိသားစုကုမ္ပဏီမှ မဝတ်ရည်ထွေးတို့က ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

# အဆိုတော်ပိုပို၏ ချစ်ဖူးခဲ့သမျှ VCD အမှတ်တရ လက်မှတ်ထိုး သီဆိုဖျော်ဖြေပွဲ ကျင်းပ



အဆိုတော်ပိုပို၏ 'ချစ်ဖူးခဲ့သမျှ' VCD Promotion အမှတ်တရ လက်မှတ်ရေးထိုးသီဆိုဖျော်ဖြေပွဲအခမ်းအနားကို ဇန်နဝါရီလ ၅ ရက်နေ့၊ နေ့လယ် ၁ နာရီက Happy World (ကန်တော်မင်္ဂလာပန်းခြံ)၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ VCD အခွေကို ဒါရိုက်တာ ကိုဇော်(Total Solution)၊ အောင်အောင်၊ ပိုပိုတို့က ရိုက်ကူးထားပြီး ပိုပိုနှင့်အတူ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မြင့်မြတ်နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်းလည်း သိရသည်။



# Mister & Miss University ပဏာမအဆင့် လူရွေးချယ်ပွဲ ကျင်းပ














Mister & Miss University Myanmar ၂၀၁၄ ပြိုင်ပွဲအတွက် ပဏာမအဆင့် လူရွေးချယ်ပွဲကို ဇန်နဝါရီလ ၄ ရက်နေ့တွင် ဂန္ဓာမာ Hole Sale စင်တာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါရွေးချယ်ပွဲတွင် ပြိုင်ပွဲဝင် ၉၆ ဦးထဲမှ ပဏာမအဆင့် ၆၀ ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် Beach Fashion Challenge ကို ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်းလည်း သိရသည်။

---

# ဝမ်းနည်းမှတ်တမ်း





ထူးချွန်ဂီတအနုပညာရှင်တစ်ဦးဖြစ်သော အကယ်ဒမီသုံးဆုရှင် ဂီတမှူး ဇော်မျိုးထွန်းသည် ဒီဇင်ဘာလ ၅ ရက် မနက်ပိုင်းတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း။

Asian Fame Media Group


Cutiepie Juvenile
Model: Yoon Yoon
Makeup: Gucci Aung
Designer: Htay Htay Tin (Shimisu)
Floral: Royal Floral (Yankin Centre)
Florist Designer: Dream Moe
Arranged by Phyoe Su Po Po & Ei Ei Htwe
Photo: Pyay Han (Color Max)















# COVER STORY

MODEL : SU PWINT OO,
MAKE UP : HTET ( POP SOUL ), DESIGNER : SHAR TRA ( DESIGN CREATION ),
FABRIC : HLA MYINT ZU FLORAL ART : MOMMY KYAW,
PHOTO : JASON ( SENSE PHOTOGRAPHY ),
ARRANGED BY : PHYOE SU PO PO


















STYLISH COUPLE IN FASHION
MODEL . NINE ONE, YOON MHIMHI KYAW
MAKE UP . SOE SOE DARLI
DRESS . RUN YGN
PHOTO . THU TAW LWIN (09250274420)
ARRANGED BY THIDA SOE




HOOD
AIR.






TWTC
XN
XTZ TWTC
XN



# UPDATING FASHION

MODEL : SHWE YI THONE THONE/ DRESS : MISS THAILAND (MANDALAY)
MAKE-UP : GUCCI AUNG/ PHOTO : TIN KO TUN
ARRANGED BY THIDA SOE



# UPDATING FASHION

MODEL : SHWE YI THONE THONE/ DRESS : MISS THAILAND (MANDALAY)
MAKE-UP : GUCCI AUNG/ PHOTO : TIN KO TUN
ARRANGED BY THIDA SOE











# ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်

"မြန်မာဝတ်စုံရဲ့ အဓိကအချက်ကတော့ Fitting ကျဖို့ လိုပါတယ်။ သပ်သပ်ရပ်ရပ် ချုပ်တတ်ဖို့ကလည်း အဓိက လိုအပ်ချက်ပါပဲ။ ချုပ်တဲ့အခါမှာလည်း ချုပ်ရိုးချုပ်သား သေသပ်အောင် ချုပ်ဖို့ လိုပါတယ်။ အစ်မတို့က အဲဒါလေးတွေကို သတိထားပြီး ချုပ်တာပေါ့။ မြန်မာဝတ်စုံကို ကြည့်တဲ့ ပရိသတ်တွေအနေနဲ့ကျတော့ ဝတ်စုံလေးက ပုံကျလား၊ မကျဘူးလား။ ဒီဇိုင်းလေးကဆန်းလားဆိုပြီး ကြည့်ကြတာများတယ်လေ။"

မကြီး၊ မလေး

မော်ဒယ်-နန်းခင်ဇေယျာ
မိတ်ကပ်- စိုးစိုး
ဒီဇိုင်နာ-Kool Fashion (Ma Gyi, Ma Lay)
လက်ဝတ်ရတနာ- စိုးစိုး
ဓာတ်ပုံ-ကိုနိုင်(ပေါ်ပြူလာ)
စီစဉ်သူ-သီတာစိုး









"မြန်မာထဘီတွေကို ချိတ်ထမီပုံစံ
ချုပ်တဲ့အခါမှာ ဝတ်တဲ့သူတွေ
တော်တော်များများက လမ်းလျှောက်ရတာ
အဆင်မပြေ ဖြစ်တတ်ကြတယ်လေ။
အဲဒါကြောင့် အစ်မက
မြန်မာ့ရိုးရာလည်း မပျက်အောင်၊
လွတ်လွတ်လပ်လပ်လည်း
လမ်းလျှောက်လို့ရအောင်
လူငယ်တွေအကြိုက် ဖြစ်စေမယ့်
ပုံစံလေးကို နည်းနည်းစမ်းကြည့်ပြီး
ထွင်ထားတာပါ"

မကြီး၊ မလေး



# HAIR CREATION

## CHIT SNOW OO

PHOTO : KO NAING (POPULAR)/ ARRANGED BY PHYOE SU PO PO
















## YATI BEAUTY





# HAIR CREATION

**SANDY MYINT LWIN**

MAKE-UP & HAIR DESIGN : MA KYIN PO (FANCY HOUSE)
PHOTO : MIN KHANT KYAW (EXCELLENT KING)/ ARRANGED BY EI EI HTWAY






# SANDI MYINT LWIN






Model : May Toe Khaing, Naunt Naunt, Poppy
Make-up : Lin Lin (Make-up Artist) Shine (December Hnin)
Fashion : Amorous Fashion
Location : Lotteria Store (Pearl Condo)
Photo : Aye Zaw Moe (Setthmu)
Arranged by Phyoe Su Po Po






# Happy Snacky






Thank y
See you ag





you
again
NON
SMOKING

# Family Doctor

အိမ်တွင်းကျန်းမာရေးလမ်းညွှန်

## နှာရည်ယိုရွဲ တပို့တွဲ

ဒေါက်တာ မြင့်ဦး၊ ဂျီပီ၊




မိသားစုတစ်စုအတွင်းမှာ တစ်ချိန်မဟုတ်တစ်ချိန် ခံစားလာရနိုင်ဖွယ်ရှိတဲ့ကျန်းမာရေးပြဿနာတွေကို လွယ်ကူရှင်းလင်းပြီး ထင်းခနဲကွက်ခနဲ ဖြေရှင်းလိုက်နာလို့ရအောင် အမေးအဖြေဇယားကွက် (Flow Chart) လေးတွေနဲ့ တင်ဆက်ပေးဖို့ ရတီမဂ္ဂဇင်းကတောင်းဆို လာပါတယ်။ ရည်ညွှန်းကိုးကားဖို့အတွက် ဒေါက်တာမိုက်ကယ်ပီတာရေးသားတဲ့ 'မိသားစုဆရာဝန်တစ်ယောက်၏ အိမ်တွင်းကျန်းမာရေးလမ်းညွှန်ချက်များ' ဆိုတဲ့စာအုပ်ကိုလည်း ပေးအပ်ခဲ့ပါတယ်။ ဒီစာအုပ်ကို ဗြိတိသျှဆရာဝန်အသင်းကြီးက ၅ ကြိမ်မြောက်ထုတ်ဝေဖြန့်ချိခဲ့ရပြီး ကျန်းမာရေးပြဿနာပေါင်း ၁၅၀ ကို လိုရင်းတိုရှင်းဇယားကွက်တွေနဲ့ ရှင်းလင်းပြဆိုထားပါတယ်။ ရတီရဲ့ တောင်းဆိုမှုကို လိုက်လျောတဲ့အနေနဲ့ ဒီလကစတင်ပြီး ခေါင်းစဉ်တစ်ခုစီကို Flow Chartတွေနဲ့တင်ဆက်ပေးသွားပါတော့မယ်။

◆

အေးချမ်းတဲ့ရာသီဥတုမှာ ခံစားလာရနိုင်တဲ့ဝေဒနာတစ်ခုကတော့ နှာရည်ယိုရွဲ တပို့တွဲလို့ဆိုထားတဲ့အတိုင်း နှာရည်တစ်ရွှဲရွှဲ ကျတတ်ခြင်းပါဘဲ။ နှာခေါင်းကနှာရည်တွေဟာ ရေကာတာကျိုးပေါက်သလို တစ်သွင်သွင်ယိုစီးကျဆင်းနေနိုင်ပေမယ့်၊ အသက်ရှူတဲ့အခါမှာတော့ နှာခေါင်းထဲမှာပိတ်စို့နေသလို ခံစားနေရတတ်တဲ့အတွက် 'နှာပိတ် နှာရည်ယို' လို့တောင် ပြောဆိုတတ်ကြပါသေးတယ်။ လူအများစုဟာ တစ်နှစ်မှာ အနည်းဆုံးတစ်ကြိမ်တော့ ဒီလို ခံစားရတတ်တယ်လို့ ဆိုထားပါတယ်။ နှာရည်ယိုရတဲ့အကြောင်းရင်းကတော့ နှာခေါင်းအတွင်းကအမြှေးပါးလိုင်နင်တွေ ရောင်ရမ်းလာ လို့ပဲဖြစ်ပါတယ်။ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်နိုင်သလို၊ အလာဂျစ် - ဓာတု ဓာတ်တုံ့ပြန်မှုကြောင့်လည်း ဖြစ်နိုင်ခြေရှိပါတယ်။ နှပ်ညှစ်တာ ကြမ်းလွန်းတဲ့အခါမှာ နှာနုထဲကသွေးကြောလေးတွေ ပေါက်ထွက်ပြီး နှာခေါင်းသွေးယိုစီးတာတွေတောင် ဖြစ်လာနိုင်ပါသတဲ့လေ။








ကဲ - အခုလိုရာသီမှာ ကိုယ့် ရဲ့ အိမ်သား တစ်ယောက်ယောက် နှာပိတ်နှာယိုဖြစ်နေပြီဆိုပါတော့။ ဘယ်လိုဖြေရှင်းရမလဲဆိုတာကို ဒေါက်တာမိုက်ကယ်ရဲ့ စာအုပ်ထဲက အမေးအဖြေ ဇယားကွက်လေးတွေနဲ့ ဖြေရှင်းကြည့်လိုက်ကြရအောင်လား။

နှာရည်ယို ဒါမှမဟုတ် နှာခေါင်း ပိတ်နေတာ တစ်လကျော်လွန်သွားပြီလား

ဟုတ်တယ် → တဖြည်းဖြည်းပိုဆိုးလာသလား

အင်း → နှာခေါင်းတွင်းအသားပို (နှာသီး)ရှိနေနိုင်သည်၊ သို့မဟုတ် ထိပ်ကပ်နာဖြစ်နိုင်ချေရှိသည်။ ဆရာဝန်နှင့်တိုင်ပင်ပါ။

ဟင့်အင်း ↓

ဖုံမှုန့်၊ ကြောင်မွေး၊ ခွေးမွေး၊ ပန်းဝတ်မှုန်တို့နှင့် ဓာတ်မတည့် တုံ့ပြန်ခြင်းဖြစ်နိုင်သည်။ ၎င်းတို့ကို ဖယ်ရှားလိုက်ပါ။ ဘာမီတွန်ကဲ့သို့ ဆေးများ၊ သောက်သုံးနိုင်သည်။ မသက်သာလျှင် ဆရာဝန်ပြပါ။

မဟုတ်ဘူး ↓

နှာရည်အကြည်တွေ ကျဆင်းနေလား

အင်း →

မဟုတ်ဘူး

→ အအေးမိရောဂါ (သို့) ဗိုင်းရပ်စ်ပိုး ဝင်ရောက်ခြင်းဖြစ်နိုင်သည်။ အောက်ပါတစ်ကိုယ်ရေကုသချက် အတိုင်း ကုသနိုင်ပါသည်။ တစ်ပတ်အတွင်းမပျောက်ကင်းပါ။ ဆရာဝန်ကို ပြသပါ။

ဒါဆိုနှာရည်အစိမ်း (သို့) အဝါရောင်တွေထွက်ပြီး မျက်နှာတစ်ဝိုက်မှာ နှာကျင်ကိုက်ခဲနေသလား

ဟုတ်တယ် →

→ ခြေလက်တွေ ကိုက်ခဲပြီးတော့ လည်ပင်းနာနေသလား

ဟုတ်တယ် →

ဟင့်အင်း ↓

ဒီဇယားက သင့်ကိုအဖြေမပေးနိုင်ခဲ့ရင် ဆရာဝန်နဲ့တိုင်ပင်လိုက်ပါ

ဟင့်အင်း ↓

မျက်လုံးတွေ ယားနေသလား

→ အအေးမိရောဂါအတွက် တစ်ကိုယ်ရေ ကုသချက်

ဝေဒနာသက်သာအောင် (၁)အရည်များများ သောက်ပါ (၂) ပါရာစီတမော၊ အိုင်ဗျူပရိုဖင် ဆေးများသောက်သုံးနိုင်ပါသည်။ (၃)ရေဖလားထဲကို ရေနွေးတစ်သက်ကျော်လောင်းထည့်ပြီး ရေနွေးငွေ့ကို မိနစ် အနည်းငယ် ရှူရှိုက်ပါ။ (၄)အအေးမိပျောက်ဆေးဝါးများ ဝယ်ယူသောက်သုံးနိုင်သည်။

ဟင့်အင်း ↓ ဟုတ်တယ်

ဒီဇယားက သင့်ကို အဖြေမပေးနိုင်ခဲ့ရင် ဆရာဝန်နဲ့တိုင်ပင်လိုက်ပါ။

နှာခေါင်းသွေးယိုခြင်း

နှာခေါင်းကိုထိခိုက်ခြင်း၊ နပ်ညှစ်ကြမ်းခြင်း၊ နှာခေါင်းတွင်းပိုးဝင်ခြင်းတို့ကြောင့် ဖြစ်နိုင်ခြေရှိသည်။ အကြောင်းမသိဘဲနဲ့လည်း သွေးယိုနိုင်သည်။ အသက် ၅၀ကျော်မှ နှာခေါင်းသွေးယိုလျှင် သွေးကြောတွေ ကျဉ်ဆုတ်နေသဖြင့် အန္တရာယ်ရှိနိုင်သည်။ နှာခေါင်းသွေးယိုပြီဆိုလျှင် နှာဝနှစ်ဖက်ကို ၁၅မိနစ်ခန့် ညှပ်ပိတ်ထားပြီး ပါးစပ်ဖြင့် အသက်ရှူပါ။ နပ်မညှစ်မိပါစေနှင့်။ ပိုမိုသွေးယိုတတ်သည်။ နှာရိုက်ထက် ပိုကြာအောင် သွေးမတိတ်လျှင် ဆေးရုံသို့သွားပါ။

→ ၂၄နာရီအတွင်း ဆရာဝန်နဲ့ ပြဖို့လိုပါတယ်။ နှာပိတ် ထိပ်ကပ်နာ ဖြစ်နိုင်ခြေရှိပါတယ်။ မျက်နှာရိုးထဲက လေအိတ်နံရံတွေ ရောင်ရမ်းနေနိုင်ပါတယ်၊ ဆရာဝန်က ဆက်လက်စစ်ဆေးပြီး ပဋိဇီဝပိုးသတ်ဆေးတွေ ပေးနိုင်ပါတယ်၊ အထက်ဇယားကွက်ထဲက တစ်ကိုယ်ရေကုသချက်ကိုလည်း လိုက်နာဖို့လိုပါတယ်။

→ ↓ ဓာတ်မတည့် နှာခေါင်းပိတ်တာ ဖြစ်နိုင်သည်။ ပန်းဝတ်မှုန်၊ တိရစ္ဆာန်အမွေး၊ ဖြုပင်၊ မြက်ပင်နှင့် ထိတွေ့မှုများကို ရှောင်ရှားရမည်၊ ဘာမီတွန် ဆေးပြားနှင့် နှာခေါင်းတွင်းထည့် စတီးရိုက်ဆေးရည်များကို အသုံးပြုနိုင်သည်။




# Mod MOM

MODEL . SANDAR LWIN ,
YE YINT HNINSI LWIN ,
PANDRA HNINSI LWIN ,





Mod MOM



PHOTO . KO NAING (POPULAR)

Mod MOM



ARRANGED BY . PHYOE SU PO PO


MODEL . SANDAR LWIN ,
YE YINT HNINSI LWIN ,
PANDRA HNINSI LWIN ,
ModMOM
ModMOM




ModMOM


# ၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု
# ပေးအပ်ပွဲအခမ်းအနားကျင်းပ



၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၉ ရက်နေ့ ညနေ ၃ နာရီမှစတင်ကာ ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံ(၁)၌ ထူးခြားခမ်းနားသော အပြင်အဆင်များနှင့် ခမ်းနားစွာ ကျင်းပပြုလုပ်ခဲ့သည်။ ၂၀၁၂ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဂုဏ်ပြုစကားပြောကြားခဲ့ပြီး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းမှလည်း နှုတ်ခွန်းဆက်စကားတွင် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။



၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆုများကို အကောင်းဆုံးရုပ်ရှင်အသံဆုကို တိုနီလင်းက 'ကယန်းအလှ' ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို ဦးဝင်းကိုက 'အမွေခံထိုက်သူဖြစ်ပါစေ'ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုကို ဇော်မင်း(ဟံသာမြေ)က 'ဥ'ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို အောင်ကိုလတ်က 'ကယန်းအလှ' ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းအဆုံးကလေး သရုပ်ဆောင်ဆု (အထူးဆု)ကို ကလေးသရုပ်ဆောင် ယွန်းယွန်းက 'တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီ' ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ပြေတီဦးက 'လက်ပံ' ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုကို ချောရတနာက 'ဥ' ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို ဖွေးဖွေးက 'လက်ပံ'ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံးဒါရိုက်တာဆုကို ဒါရိုက်တာကိုဇော်(အရက်ဦး)က 'ဥ'ဇာတ်ကားဖြင့်လည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။










# ACADEMY VIEWS





# ACADEMY VIEWS





# AUDIENCE OF CELEBRITIES CHOICE

**Audience of Celebrities' Choice** ကဏ္ဍလေးကို သက်ဝင်လှုပ်ရှားစေမယ့်သူတွေကတော့ အဆိုတော်ရတနာမိုင်နဲ့ မန္တလေးမှာနေထိုင်သူ လွတ်လပ်ဝင်းတို့ပဲ ဖြစ်ပါတယ်။ **Celebrity** နဲ့ **Audience** တို့ရဲ့ အပေးအယူမျှတဲ့ ပုံရိပ်တွေနဲ့အတူ အင်တာဗျူးတွေက ပရိသတ်တွေရဲ့ စိတ်ထဲမှာ ကြိုက်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ရတီကို အားပေးနေကြတဲ့ ပရိသတ်များအားလုံး ဖေဖော်ဝါရီ ၁၄ ရက်နေ့မှာ ကျရောက်မယ့် ချစ်သူများနေ့မှာလည်း ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေလို့ ရတီဝိုင်းတော်သားများက ဆုတောင်းပေးလိုက်ပါတယ်နော်။



**Model**
Yadanar My, Lult Latt Win
**Make -Up**
Maw Jue
**Dress For Audience**
iDol
**Photo**
Ko Naing (Popular)
**Arranged by**
Thida Soe







**အနုပညာရှင်အမေး ပရိသတ်အဖြေ**

**မောင်လေးအမြင်မှာ အစ်မက ဘာတွေပြုပြင်ဖို့လိုလဲ။ အစ်မကို အကြံဉာဏ်လေးတွေ ပေးပါဦး။**

အစ်မအမေသီချင်းလေးတွေကို ပြန်ဆိုရင် ကောင်းမယ်လို့ ထင်ပါတယ်။ အနုပညာအနေနဲ့ ဆိုရင် သရုပ်ဆောင်အလုပ်တွေလည်း လုပ်စေချင်ပါတယ်။ အစ်မအရင်တုန်းက သရုပ်ဆောင်ထားတဲ့ ဇာတ်ကားတွေမှာလည်း သရုပ်ဆောင်ထားတာ ကောင်းပါတယ်။ သီချင်းဆိုရင်းနဲ့ အစ်မကတဲ့ ပုံစံလေးတွေနဲ့ လိုက်ပါတယ်။

**အစ်မက ဒီထက်ပိုပိန်ရမလား။ ဒါမှမဟုတ် ဒီထက်ပို၀ ရမလား။ ပြောချင်တာလေးတွေ ရှိရင် ပြောပြပါဦး။**

ဒီအတိုင်းလေးပဲ ကောင်းပါတယ်။ အစ်မဆံပင်ကတော့ အရှည်လေးနဲ့ ပိုလိုက်ပါတယ်။ အစ်မသရုပ်ဆောင်ထားတဲ့ 'ညို့ချက်ပြင်းတယ်' ဆိုတဲ့ ဇာတ်ကားမှာ သရုပ်ဆောင်ထားတာ အရမ်းကောင်းပါတယ်။ 'ရေနွေးကြမ်း' ကားမှာလည်း သရုပ်ဆောင်တာ ကောင်းပါတယ်။

**အခုလို အစ်မနဲ့ ဓာတ်ပုံတွဲရိုက်ရတာကော မောင်လေးအနေနဲ့ အဆင်ပြေရဲ့လား။**

အရမ်းအဆင်ပြေပါတယ် အစ်မ။ အစ်မက တွဲခေါ်ပြီး သင်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဓာတ်ပုံမရိုက်ခင်ကတော့ နည်းနည်းစိတ်လှုပ်ရှားနေပြီး နည်းနည်းကြောက်တာပေါ့နော်။ နောက်ပိုင်းမှာတော့ အဆင်ပြေသွားပါတယ်။

**အစ်မရဲ့ သီချင်းတွေထဲမှာရော မောင်လေးက ဘယ်သီချင်းတွေကို အကြိုက်ဆုံးလဲ။**

ယူ၊ အလွမ်းသင့်ပန်းချီ၊ Good Night ၊ Who are You ၊ အချစ်လို့ ထင်တယ်၊ မလွမ်းပို သီချင်းတွေကို အရမ်းကြိုက်ပါတယ်။ ကျွန်တော် အမြဲနားထောင်ဖြစ်တဲ့ သီချင်းတွေပေါ့။ မန္တလေးမှာ အစ်မပါတဲ့ Show တွေဆို သွားကြည့်ဖြစ်တယ်။ Facebook မှာလည်း Friend ဖြစ်နေ

တယ်ဆိုတော့ အစ်မရဲ့ လှုပ်ရှားမှုတွေကို Facebook ကတစ်ဆင့် သိခွင့်ရခဲ့ပါတယ်။

**အစ်မရဲ့ သီချင်းတွေထဲမှာရော ဘာတွေလိုအပ်နေတယ်လို့ မောင်လေးအနေနဲ့ မြင်မိလဲ။**

အစ်မရဲ့ အခွေမှာ Featuring တွေခေါ်ပြီး ထည့်ဆိုစေချင်ပါတယ်။ အဲဒီလိုလေး Featuring တွေ ခေါ်ဆိုရင် တစ်မျိုးလေး ပိုကောင်းသွားမလားလို့ ပြောကြည့်တာပါ။ အစ်မရဲ့ အရင်တုန်းက MTV တွေ ရိုက်ထားတာလည်း မိုက်ပါတယ်။ နောက်ထပ် ထပ်ရိုက်ရင်လည်း ဒါရိုက်တာအလန်းတွေနဲ့ ခပ်မိုက်မိုက်၊ ခပ်ဆန်းဆန်းလေး ရိုက်စေချင်ပါတယ်။ Story ပုံစံလေးတွေ ရိုက်စေချင်ပါတယ်။

**Celebrity ရတနာမိုင်ရဲ့ ဒီကဏ္ဍအပေါ် အမြင်**

ဒီကဏ္ဍလေးက အရမ်းကောင်းပါတယ်။ ကိုယ့်ကို အားပေးတဲ့ ပရိသတ်နဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဓာတ်ပုံရိုက်ခွင့်ရတဲ့အတွက် ပျော်ပါတယ်။ ကျေနပ်ပီတိလည်း ဖြစ်မိပါတယ်။ မိုင်လေးကို အားပေးကြတဲ့ ပရိသတ်အားလုံးကို ချစ်ပါတယ်။ ဖြစ်နိုင်ရင်လည်း အကုန်လုံးနဲ့ ဓာတ်ပုံတွဲရိုက်ချင်ပါတယ်။ မရွေးလိုက်ရတဲ့ ပရိသတ်တွေနဲ့လည်း အပြင်မှာ ဆုံချင်ပါတယ်။ လွတ်လပ်ဝင်းနဲ့ တွဲရိုက်ရတာလည်း အဆင်ပြေပါတယ်။ ဖေဖော်ဝါရီ ၁၄ ရက် Valentine's Day အတွက်ကတော့ လူငယ်စုံတွဲလေးတွေ အားလုံး အချစ်ရေးမှာ ကံကောင်းကြပါစေ။ မိန်းကလေး ဘက်ကရော၊ ယောကျ်ားလေးဘက်ကရော သစ္စာ ရှိရှိနဲ့ ချစ်နိုင်ကြပါစေလို့ ချစ်သူတိုင်းအတွက် မိုင်လေး ဆုတောင်းပေးလိုက်ပါတယ်နော်။

**ပရိသတ်အမေး အနုပညာရှင်အဖြေ**

**အစ်မအနေနဲ့ အနုပညာနဲ့ ပတ်သက်ပြီး လှုပ်ရှားမှုလေးတွေကို ပြောပြပေးပါဦး။**

အစ်မက 'ပုံရိပ်များ' VCD ရိုက်ဖို့ ရှိတယ်။ Show တွေ ဆိုဖို့ရှိပါတယ်။ မင်းလှ၊ လှိုင်ကော်၊ ဘိတ်၊ နေပြည်တော်မှာ သွားဆိုဖို့တွေ ဆက်တိုက် ရှိနေပါတယ်။ အခုအချိန်မှာတော့ နည်းနည်း အလုပ်ရှုပ်နေတယ်လို့ ပြောရမှာပေါ့နော်။ အစ်မ ဗီဒီယိုဇာတ်ကားတွေကို မောင်လေးပြောလို့ ဆက်ရိုက်သွားမှာပါ။ အရင်တုန်းကတော့ အစ်မက ကိုယ့်ကိုယ်ကိုယ် ကင်မရာရှေ့မှာ အဆင်မပြေဘူးလို့ ထင်နေတယ်လေ။ အဲဒါကြောင့် အဆိုတော်ပဲ သီးသန့်ဆက်လုပ်ရင် ကောင်းမလားလို့ တွေးနေတာ။ ဒါပေမဲ့ မောင်လေးက အခုလို ဗီဒီယိုတွေ ဆက်ရိုက်ဖို့ ပြောတဲ့အတွက် အစ်မက ဆက်လုပ်သွားမှာပါ။

**အစ်မအနုပညာနဲ့ ပတ်သက်ပြီး ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲလေးတွေရှိရင် ပြောပြပေးပါဦး။**

အခက်အခဲကတော့ သူ့နေ့နဲ့သူ ရှိတာပါပဲ။ အစ်မအမေက ဘေးကနေ ကူညီပံ့ပိုးပေးနေတော့ အရမ်းကြီးခက်ခဲတာမျိုးတွေ မကြုံတွေ့ခဲ့ရဘူး။ အမေရဲ့ ကျေးဇူးကြောင့်ပါ။ အစ်မဘက်ကလည်း အမြဲကြိုးစားနေပါတယ်။

**အစ်မရဲ့ သီချင်းတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုလေ့လာဖြစ်လဲ။ ဘယ်သူတွေဆီက အကြံဉာဏ်တွေ ယူဖြစ်လဲ။**

အစ်မကတော့ ဘယ်သူ့သီချင်းတွေပဲ ဖြစ်ဖြစ် နားထောင်တယ်။ နိုင်ငံခြားက သီချင်းတွေကိုလည်း လေ့လာတယ်။ ပြည်တွင်းမှာလည်း ဘယ်သူတွေ အခွေထွက်လဲ။ ဘယ်လိုမျိုးလေးတွေ ဆိုထားလဲဆိုပြီး နားထောင်တယ်။ အစ်မရဲ့ သင်ဆရာ၊ မြင်ဆရာတွေဆီက အကြံဉာဏ်တွေ ယူဖြစ်ပါတယ်။ အစ်မအမေဆီကတော့ အကြံဉာဏ်တွေ ပိုယူဖြစ်တာပေါ့နော်။ အစ်မ အမေက အစ်မနဲ့ ပတ်သက်တာအားလုံးကို ဘေးကနေ ပံ့ပိုးပေးရုံတင်မဟုတ်ဘဲ အကြံဉာဏ်တွေ အမြဲပေးနေခဲ့တာပါ။

**Fashion နဲ့ ပတ်သက်ရင်တော့ အစ်မက ဘယ်လိုပုံစံလေးတွေ ဝတ်ရတာ ကြိုက်လဲ။**

အစ်မကိုတော့ ပရိသတ်တွေက ချစ်ဖို့ကောင်းတဲ့ဖက်ရှင်တွေနဲ့ လိုက်တယ်လို့ ပြောကြတယ်လေ။ (ရယ်လျက်)။ အဲဒီတော့ အစ်မကလည်း အဲဒီလိုပုံစံလေးတွေ ဝတ်ဖြစ်တာပေါ့။ လုံခြုံပြီး ခေတ်မီတဲ့ ပုံစံလေးတွေကို အစ်မရွေးပြီး ဝတ်ဖြစ်တာများပါတယ်။





**အစ်မရဲ့ အချစ်ရေးကိုလည်း သိချင်ပါတယ်။**

အစ်မကတော့ အခုအချိန်ထိ အေးအေးဆေးဆေးပါပဲ မောင်လေး။ အလုပ်တွေကလည်း အရမ်းများနေတော့ အဲဒီဘက်ကို မစဉ်းစားရသေးပါဘူး။ အခုအချိန်မှာတော့ အနုပညာအလုပ်တွေကိုပဲ တစိုက်မတ်မတ် လုပ်ဖြစ်နေပါတယ်။ ကျန်တာတွေတော့ ဘာမှ မစဉ်းစားဖြစ်သေးဘူး။

**Audience လွတ်လပ်ဝင်းရဲ့ ဒီကဏ္ဍအပေါ် အမြင်**

ဒီကဏ္ဍလေးမှာ အခုလို ပါဝင်ခွင့်ရတဲ့ အတွက် ဝမ်းသာပါတယ်။ အခုလို ကျွန်တော် အားပေးကြိုက်နှစ်သက်ရတဲ့ အနုပညာရှင်နဲ့ ဓာတ်ပုံတွဲရိုက်ရတာ ပျော်ပါတယ်။ အနုပညာရှင်နဲ့ ဓာတ်ပုံတွဲရိုက်တာ ကျွန်တော်အတွက် ပထမဆုံးပါ။ ဒီကဏ္ဍလေးက ကျွန်တော်တို့ကို ပရိသတ်တွေအတွက် အခွင့်အရေးတစ်ခု ပေးထားသလိုပါပဲ။ ကျွန်တော့်ကို ရွေးချယ်ခြင်းမခံရတဲ့ သူငယ်ချင်းတွေကိုလည်း စိတ်ပျက်အားမငယ်စေချင်ပါဘူး။ နောက်အနုပညာရှင်တွေအလှည့်မှာ ပျော်ရွှင်မှုတွေနဲ့အတူ ဓာတ်ပုံတွဲရိုက်ခွင့်ရပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ဗျာ။

**သီတာစိုး**




# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း
# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၄ မေလထုတ် ရတီမဂ္ဂဇင်းအတွက် မိုးအောင်ရင် နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ်ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ၂၀၁၄ မတ်လ ၁၀ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့် စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော် အားပေးလိုက်ကြပါဦးနော်။

---

အမည် ------------------------------------------

မွေးသက္ကရာဇ် ------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------

ပညာအရည်အချင်း ------------------------------------------

အလုပ်အကိုင် ------------------------------------------

အနုပညာလှုပ်ရှားမှု ------------------------------------------

အိမ်ထောင်ရှိ/မရှိ ------------------------------------------

အရပ်အမြင့် ------------------------------------------

နေရပ်လိပ်စာ ------------------------------------------


ဖုန်းနံပါတ် ------------------------------------------





# သူကြောက်
# သူ့အကြောင်း

Model - Smile
Make-up - Wai Yan Ma (Irenc Aung Aung)
Designer - Ma Pont (My Favourite)
Location - The Myths Food Pleasure
Photo - Ko Naing (Popular)
Arranged by Thida Soe



# SMILE

### စမိုင်းလ်ရဲ့ ဘဝမှာ ပျော်ရွှင်ခဲ့တဲ့ အချိန်များ

အစ်မသမီးလေးနှစ်ယောက်ကို မွေးတဲ့အချိန်ပါ။ သူတို့ကို မွေးလာရင် ကိုယ်လက်အင်္ဂါ ပြည့်စုံပါ့မလားဆိုပြီး အမြဲတွေးပူနေမိတယ်။ ၁၀ လလုံးလုံး ဘုရားရှိခိုးပြီး ဆုတောင်းနေရတာပေါ့နော်။ သူတို့ ကောင်းကောင်းမွန်မွန် ချောချောမောမော မွေးလာတဲ့အချိန်မှာ စိတ်က အရမ်းပျော်သွားတာပေါ့။ အဲဒီအချိန်လေးကတော့ ဘဝမှာ အမှတ်တရပါပဲ။

### စမိုင်းလ် သည်းမခံပေးနိုင်တဲ့ လုပ်ရပ်

အစ်မက အနုပညာရှင်ဖြစ်တဲ့အတွက် သူများထက်ပိုပြီး သည်းခံရတာပေါ့။ ကိုယ့်ကို ကောင်းတာပြောတာရှိသလို မကောင်းတာတွေ ပြောတာလည်း ရှိတာပဲလေ။ ဝေဖန်တာတွေလည်း ခံရတာပဲ။ သည်းခံတာကတော့ Use to ဖြစ်နေတာပေါ့နော်။ ဒါပေမဲ့ သည်းခံတဲ့ အချိန်က အတိုင်းအတာတစ်ခုတော့ ရှိတာပေါ့။ တချို့ကြောင့် ဘာရယ်မဟုတ်ဘဲနဲ့ ပုဂ္ဂိုလ်ရေးအရ စော်ကားချင်တာပေါ့နော်။ တချို့ကျတော့ ကိုယ့်ထက်သာရင် မနာလိုတဲ့ပုံစံမျိုးတွေကျတော့ အစ်မလည်း သိပ်တော့ သည်းမခံနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစ်မလည်း လူပဲလေ။ ဘာအပြစ်မှ မလုပ်ဘဲ ကိုယ့်ကို မဟုတ်တာတွေ သတင်းလွှင့်ပြီး စော်ကားရင်တော့ အစ်မဘက်က ပြန်ရှင်းမှာပါ။

### သမီးလေးတွေပေါ်မှာ ထားရှိတဲ့ စမိုင်းလ်ရဲ့ မျှော်လင့်ချက်

အစ်မအနေနဲ့ကတော့ မျှော်လင့်ချက်အကြီးကြီး မထားထားပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစ်မတို့ အိမ်ထောင်ပြုတုန်းက ဆင်းဆင်းရဲရဲနဲ့ ပြုခဲ့ကြတာလေ။ ကိုယ့်ဒူးကိုယ်ချွန်ခဲ့ရတာပေါ့။ သူတို့ကို မဆင်းရဲစေချင်ဘူး။ သူတို့လေးတွေ အတွက် အစ်မတို့နှစ်ယောက် ကြိုးစားနေတာပါ။ အခုဆိုရင် အစ်မတို့ လင်မယားနှစ်ယောက်ဘဝက အေးအေးဆေးဆေး နေလို့ရနေပြီပေါ့နော်။ ဒါပေမဲ့ သူတို့လေးတွေ အသက်ကြီးလာရင် အေးအေးဆေးဆေးနေနိုင်အောင် အစ်မတို့က အလုပ်တွေ လုပ်နေရတာလေ။ သူတို့လေးတွေ လုပ်ချင်တာတွေကို အစ်မတို့ ပံ့ပိုးပေးနိုင်ရင်ပဲ အစ်မတို့က ကျေနပ်ပါတယ်။ ဒါမှမဟုတ် သူတို့လေးတွေက အနုပညာကို ဝါသနာပါလာရင်



အစ်မအင်္ဂလန်ကို ထွက်သွားတော့
အမေနဲ့ အစ်မကျန်ခဲ့တာပေါ့။
အမေနဲ့ အစ်မရဲ့ စိတ်ထဲမှာတော့
အစ်မပြန်လာမယ်လို့ ထင်တယ်။
အစ်မကတော့
ဟိုမှာ
ယောကျ်ားယူတော့မယ်ဆိုတာကို.....

တော့ အစ်မက လုပ်ခွင့်ပြုမှာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ အစ်မကိုယ်တိုင်လည်း အစ်မလျှောက်ချင်တဲ့ လမ်းကို လျှောက်ခဲ့တာပဲလေ။ သူတို့ဘက်က လုပ်ချင်တဲ့ စိတ်လေးသာရှိရင် အစ်မဘက်က ၁၀၀ ရာခိုင်နှုန်း ပံ့ပိုးပေးမှာပါ။ အစ်မအမျိုးသားကတော့ သမီးလေးတွေကို ပညာရေးဘက်မှာပဲ အေးအေးဆေးဆေး သင်ယူစေချင်တဲ့ ဆန္ဒရှိတယ်။

**စမိုင်းလ်ရဲ့ မိဘအပေါ်ထားတဲ့ စိတ်သဘောထား**

ငယ်ငယ်တုန်းက မိဘမေတ္တာကို နားလည်ခဲ့တာက မိဘကို စောင့်ရှောက်ရမယ်။ ပြုစုရမယ်ပေါ့။ အစ်မကိုယ်ဝန်စရှိလာတဲ့ အချိန်မှာ ပိုပြီး နားလည်လာခဲ့တယ်။ ဒါကတော့ မိခင်တိုင်းလည်း သိမှာပါ။ လူတောင်မဖြစ်သေးဘဲ သန္ဓေသားလေးပဲ ရှိနေတဲ့ အချိန်မှာကတည်းက ချဉ်၊ ငန်၊ စပ်၊ ခါးတွေကို စရှောင်ခဲ့ရတယ်။ ကိုယ်လုပ်ချင်တာတွေလည်း မလုပ်ရဘူး။ အလေးအပင် မချင်ရင်တောင်မှ ကလေးထိသွားမှာစိုးလို့ မလုပ်ရဘူး။ စိတ်တိုရင်တောင်မှပဲ ကိုယ့်ရဲ့ Stress တွေက ကလေးကို ထိသွားမလားဆိုပြီး စိတ်ပူနေရတယ်။ အဲဒါက တစ်ရက်၊ နှစ်ရက်လုပ်ရတာ မဟုတ်ဘူးလေ။ အစ်မတို့ ၁၀ လတိတိ လုပ်ရတာလေ။ အဲဒီတော့မှ မိဘမေတ္တာကို အစ်မတို့က သိတာပေါ့နော်။ အထူးသဖြင့် အမေတွေက သားသမီးတွေကို မွေးရတာ တော်တော်ခက်ခဲပါတယ်။

**ယနေ့ခေတ် လူငယ်တွေအပေါ် စမိုင်းလ်ရဲ့ အမြင်**

အစ်မကတော့ ဒီခေတ်ကလေးတွေကို ဘယ်လိုမြင်မိလဲဆိုတော့ လုပ်ရမယ့် လိုင်းတွေ များနေတော့ ကလေးတွေက ဟုန်နေပြီးတော့ ကြိုးစားမှုလျော့နည်းတယ်လို့ အစ်မထင်မိတယ်။ အစ်မတို့တုန်းက လူလည်း နည်းတယ်။ နေရာတစ်နေရာရသွားပြီဆိုရင် အဲဒီလူက ဒီနေရာလေးကို တန်ဖိုးထားပြီးတော့ မြဲအောင် လုပ်ကြတယ်လေ။ အခုကျတော့ မော်ဒယ်တွေကလည်း အရမ်း များလာတော့ ကလေးတွေရဲ့ ကြိုးစားမှုက လျော့လာတယ်။ ကလေးတွေကျတော့ မော်ဒယ်မရရင် dancer ၊ dancer မရရင် ရုပ်ရှင်ဆိုပြီး အဲဒီလိုမျိုးတွေ ဖြစ်လာတယ်။ ဓာတ်ပုံနည်းနည်းရိုက်ပြီး အင်တာနက်ပေါ်တင်လိုက်လို့ ပေါက်သွားရင် အောင်မြင်သွားတာပဲလို့ သူတို့စိတ်ထဲမှာ ထင်ပြီး အလွယ်လိုက်နေသလိုပဲ။ အစ်မကတော့ ကြိုးကြိုးစားစားလေး လုပ်စေချင်ပါတယ်။ လူသိန်းပေါင်း၊ သန်းပေါင်းများစွာရှိပေမဲ့ အောင်မြင်



တဲ့လူက လက်ချိုးရေလို့ ရတယ်လေ။

### အနုပညာနဲ့ ပတ်သတ်ပြီး စမိုင်းလ်ရဲ့ အတွေ့အကြုံများ

ဒီခေတ်မှာကျတော့ မိတ်ကပ်တွေက အကောင်းစားတွေ၊ ကင်မရာတွေကလည်း အကောင်းစားတွေပဲလေ။ အစ်မတို့တုန်းကတော့ ကင်မရာဆိုရင်လည်း အဆင်မပြေတဲ့ဟာလေးတွေနဲ့ effect တွေလည်း ဘာမှမရှိဘူး။ အဲဒါတွေနဲ့ပဲ လှအောင် ကြိုးစားပြီး ရိုက်ခဲ့ရတာလေ။ အကုန်လုံး အားစိုက်ရတာပေါ့နော်။ အနုပညာလုပ်တုန်းက အတွေ့အကြုံတွေကတော့ လုပ်ရင်းနဲ့ သင်ရတာပေါ့နော်။ အတွေ့အကြုံတွေကတော့ အများကြီး ရလိုက်တာပေါ့။

### စမိုင်းလ်နဲ့ ပရိသတ်နဲ့ တသားတည်းဖြစ်သွားခဲ့တဲ့ အောင်မြင်မှု

ပရိသတ်တွေ အထူးသတိထားပြီး သိသွားခဲ့တာကတော့ မျက်မှန်လုပ်တဲ့ ကြော်ငြာလေးပါ။ စိုင်းစိုင်းနဲ့ ရိုက်ခဲ့တာပေါ့။ အဲဒီကနေ တစ်စတစ်စနဲ့ သိသွားကြတာပေါ့နော်။ ရွှေခြသေ့်အစာအိမ်ဆေး ကြော်ငြာဆိုရင်လည်း အခုထိ လွှင့်နေတုန်းပဲလေ။

### New Me အခွေအပေါ် စမိုင်းလ်ရဲ့ မျှော်လင့်မှု

အစ်မက အရင်တုန်းက Model သရုပ်ဆောင်ပဲ လုပ်တာလေ။ အစ်မကတော့ အစ်မကြိုးကြိုးစားစားလုပ်ထားတဲ့ အခွေလေးကို ပရိသတ်က အသိအမှတ်ပြုတယ်ဆိုရင် ကျေနပ်ပါပြီ။ မျှော်တော့ မျှော်လင့်တာပေါ့။ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာရင် ကိုယ်ပဲ စိတ်ဆင်းရဲရတာလေ။ အစ်မရဲ့ အခွေလေး တော်သင့်ရုံ ရောင်းရတယ်ဆိုရင် အနုပညာဖန်တီးရတာကို ကျေနပ်ပါတယ်။ အစ်မကတော့ ပရိသတ်လက်ခံတယ်။ အသိအမှတ်ပြုတယ်ဆိုရင် ကျေနပ်ပါတယ်။

### စမိုင်းလ်ရဲ့ ဘဝမှာ ဝမ်းနည်းခဲ့ရတဲ့ အချိန်

အစ်မအင်္ဂလန်ကို ထွက်သွားတော့ အမေနဲ့ အစ်မကျန်ခဲ့တာပေါ့။ အမေနဲ့ အစ်မရဲ့ စိတ်ထဲမှာတော့ အစ်မပြန်လာမယ်လို့ ထင်တယ်။ အစ်မကတော့ ဟိုမှာ ယောက်ျားယူတော့မယ်ဆိုတာကို စိတ်က ဆုံးဖြတ်ထားပြီးသား။ အဲဒီအချိန်တုန်းကတော့ အစ်မလေယာဉ်ပေါ်မှာလည်း ငိုတယ်၊ ဘန်ကောက်ရောက်တော့လည်း ငိုတယ်။ အမေတို့ကတော့ အစ်မကို ကျောင်းသွားတက်တယ်လို့ပဲ ထင်နေတာလေ။ အစ်မကတော့ ဟိုရောက်ရင် အစ်မယောက်ျားယူမယ်ဆိုပြီး ဆုံးဖြတ်ထားတာလေ။ အစ်မက ဒီမှာနေတုန်းကဆိုရင် အမေနဲ့ အစ်မနဲ့ အတူတူတတွဲတွဲ သွားနေကြလေ။ နိုင်ငံခြားသွားတော့ အဲဒီနှစ်ယောက်လုံး မပါဘူးဆိုတဲ့ အသိက ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ တော်တော်လေးကို ခံစားရခက်တယ်။

### စမိုင်းရဲ့ အနာဂတ်အစီအစဉ်

Y-talk ကတော့ အစ်မအမျိုးသား စီးပွားရေးကို ကူညီပေးနေတာပေါ့နော်။ အစ်မရဲ့ ကိုယ်ပိုင်စီးပွားရေးကတော့ Make-up Store brand ကို မြန်မာပြည်မှာ တစ်ဦးတည်း ကိုယ်စားလှယ်ယူပြီး စဖြန့်မှာပေါ့ နော်။ အဲဒီဆိုင်လေးကိုတော့ ဓမ္မစေတီလမ်း 99 ကွန်ဒိုပထမထပ်မှာ ဖွင့်ထားပါတယ်။ နယ်ပွဲတွေမှာလည်း သီချင်းလိုက်ဆိုဖြစ်ပါတယ်။

**သီတာစိုး**

# Music Plus Yati

## လွတ်လပ်စွာရွေးချယ်ခွင့်ကို တန်ဖိုးထားတဲ့ဂီတသမား

# Side Effect

Zig Zag

Side Effect တွေထဲက အဆိုသမား၊ ဂစ်တာသမား၊ သူ့အမည်က ဆန်းသည် Darko.C၊ သူ့အတွေးတွေက သူများနဲ့မတူ။ သူကလေးဘဝကတည်းက သူ့အဖေဖွင့်သည့် သီချင်းတွေ နားထောင်ရင်း ဂီတက သူ့သွေးကြောထဲ စီးဝင်ကွန့်မြူးခဲ့သည်။ သူ့အဖေက ဂစ်တာ တီးကာ မြန်မာပြည်သိန်းတန်၊ မင်းမင်းလတ်တို့ သီချင်းတွေ ဆိုတတ်သည့် အတွက် သီချင်းတွေကို သူနားရည်ဝခဲ့သည်။ အဒေါ်တွေနဲ့ အနေနီးသူပီပီ စိုးလွင်လွင်၊ ညီထွဋ်တို့သီချင်းတွေကို သူ ကျွမ်းရင်းခဲ့သည်။ အဲသည်နောက်. . .





ကျွန်တော့်ကို လှုပ်နိုးလိုက်သလို ရှူးသွပ်သွားစေတဲ့သူက မောင်မောင်ဇော်လတ်ဗျ။ The Ants ရောင်စုံချောကလက် ၊ သူက own tune လည်း ဖြစ်တယ်။ သီချင်းတွေကလည်းမိုက်တယ်။ သူ့သီချင်းတွေနားထောင်ပြီး ကိုယ်တိုင်ဖန်တီးလို့ ရတယ်ဆိုတဲ့ အတွေးလေး ဝင်လာတယ်။ကျောင်းသားဘဝမှာ သီချင်းတွေစရေးတယ်။ သူငယ်ချင်းတစ်ယောက်အတွက် ကျွန်တော့်သီချင်းတွေချည်းပဲ ၁၂ ပုဒ်၊ ယုံကြည်မှုနဲ့ပဲ လုပ်ဖြစ်တယ်။ drums က ဗီနို၊ ကိုယ့်သီချင်း ကိုယ်ဖန်တီးပေးရမယ်ဆိုတော့ ဂစ်တာကို ကျွန်တော်ပဲတီးတယ်။ ကိုယ့်သီချင်းကို သူများတွေနဲ့လုပ်တဲ့အခါ တကယ်တမ်းကိုယ့်band မဟုတ်တော့၊ ကိုယ်လိုချင်တဲ့ ပုံစံမသွားဘူး။ မျှော်လင့်မထားတာတွေ ဖြစ်လာတယ်။

**သူ့သီချင်းတွေက ရိုးသည်၊ ရိုးပေမယ့် သာမန် မြင်ကြားနေကျ ပုံစံလည်းမဟုတ်။ သူ့သီချင်းတွေအကြောင်း သူတစ်ပါးကို သူရှင်းပြတတ်ပုံမရ၊ သူ့စိတ်ထဲ မတင်မကျ။ သူ့သီချင်းတွေ သမားရိုးကျပုံစံခွက်ထဲ လိမ့်ဝင်သွားခဲ့ရင် ဗိုးရိမ်စိတ်က သူ့သွေးကြောတွေကို ဆူပွက်ရုန်းကြွလာစေခဲ့သည်။ သူကောင်းစွာ သဘောပေါက်သွားသည်၊ ကိုယ်ပိုင် band နဲ့တီးမှ ကိုယ်လိုချင်တဲ့ ပုံစံ အပြည့်အဝ ပုံဖော်နိုင်မည်လို့ တွေးတတ်လာသည်၊**

နဂိုကတည်းက ကိုယ်တိုင်ရေး၊ တီး၊ ဆိုကြတဲ့ နိုင်ငံခြားက band တွေကို သဘောကျနေခဲ့တာ။ ကျွန်တော့်သီချင်းကို ကျွန်တော်ဆိုတာ အကောင်းဆုံးပဲလို့ ယူဆလိုက်တယ်။ ကိုအယ်ဖြူကို ကြည့် သူကဆိုတဲ့အခါ အသက်ဓာတ်ပါတယ်။ သူ့အသံကြီးက သာယာနာပျော်ဖွယ်တော့ မဟုတ်ဘူး။ ချိုပျစ်ပျစ်လည်း မဟုတ်ဘူး။ ဒါပေမဲ့ သူ့အသံမှာ soul အသက်ဝိညာဉ်တစ်ခု ပါနေတယ်။ ရေးတဲ့အကြောင်း၊ စကားလုံး lyrics တွေအပေါ် သူ့ရဲ့ခံစားချက်ကို ကြိုက်တယ်။ သူ့ကိုကြည့်ပြီး ကိုယ့်မြူးဇစ်ကိုယ်လုပ်မယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ပိုကောင်းလိမ့်မယ်လို့ ယုံကြည်သွားတယ်။ UFL ကျောင်းသားဘဝမှာ band စလုပ်လိုက်တယ်။ bass ဇော်ထက်၊ ဂစ်တာနဲ့ vocal က ကျွန်တော်ပဲ။ drums ချမ်းငြိမ်းမိုး၊ နောက် bass သမားထွက်သွားတယ် စင်ကာပူမှာ ကျောင်းသွားတက်တာ။ နောက် drums လည်း ထွက်သွားတယ်။ drums ဆယ်ထူး မရှိတော့ Jozeff.k ကျွန်တော့်ညီ ဝင်လာတယ်။

**player အပြောင်းအလဲတွေရှိပေမယ့် ကိစ္စမရှိ။ ဘယ်သူဘယ်ဝါပဲ ဖြစ်ပစေ၊ သူတို့သွားချင်တာက band name Side Effect ။ band name ကိုပဲ အဓိကထားချင်သည်။ လူကိုပဲ သတ်သတ်ကြီး သိနေမှာကို သူ လုံးဝ သဘောမကျ။**

ခံစားချက်ပေါ့ဗျာ။ band name က လူနာမည်တွေရဲ့နောက်မှာ ကွင်းစကွင်းပိတ်ကြီးနဲ့ ဖြစ်နေမှာကို ကျွန်တော် မကြိုက်ဘူးဗျ။ band name ကိုပဲ ရှေ့ထွက်စေချင်တာ။ ဦးဆောင်အဆိုသမား၊ အဖွဲ့ ဂစ်တာသမား ဆိုပေမယ့် ကျွန်တော့်ကိုပဲ သိနေတာမျိုး မလိုချင်ဘူး။ ကျွန်တော်လိုချင်တာ Side Effect ကို သိသွားတာပဲ။

**ဒီလိုနဲ့ ၂၀၁၀ ကစပြီး နောက်ပိုင်းတီးလာတဲ့ သီချင်းတွေမှာ ဂစ်တာအပိုင်းတွေကို Darko.Cu ဇာိမ်မှာပဲ အသံဖမ်းသည်၊ guitar left တွေ right တွေ parts တွေ ခွဲတီးသည်၊ ဒရမ်သမား ဂျိုးဇက်ဖ်က ဂစ်တာ ဝင်တီးလာသည်၊ ဒီအတိုင်း မဖြစ်သေး။ လူထပ်ခေါ်မှ ဖြစ်တော့မည်၊**

bass သမား သိန်းလွင်ရောက်လာတယ်။ ဒီနှစ်ထဲမှာပဲ ဂျိုးဇက်ဖ်က band ကနေ ထွက်သွားပြန်တယ်။ အခု နောက်ဆုံးဝင်လာတာ ဣန္ဒြိ၊ composer ဦးသစ်မင်းရဲ့သားပေါ့။ No U trun မဖွဲ့ခင်ကတည်းက သူနဲ့က ခင်နေတာကြာပြီ။ band ကို အဲဒီလို ရင်းနှီးသူတွေနဲ့ပဲ လုပ်ချင်တယ်။ နီးနီးကပ်ကပ် လူရင်းတွေဆိုတော့ စိတ်ပိုင်းဆိုင်ရာပါ ချိတ်ဆက်မိတယ်ဗျ။ စင်ပေါ်မှာပဲ ဖြစ်ဖြစ်၊ စင်အောက်မှာပဲဖြစ်ဖြစ်ပေါ့ဗျာ စိတ်တူကိုယ်တူ ချိတ်ဆက်မိနေတာ သဘောကျတယ်။ အမြဲတမ်း စိတ်ရောကိုယ်ပါ သက်သောင့်သက်သာရှိတယ်။ ယုံကြည်မှုတွေမှာလည်း ပိုအားကောင်း

လာတယ်ဗျ။

**၂၀၁၀ မှာ Side Effect ပွဲဦးထွက် album ထုတ်သည်။ ကိုယ့်ငွေနဲ့ကိုယ် စိုက်ထုတ်လုပ်ကြတဲ့ album ၊ website ကနေ နိုင်ငံတကာက ဝိုင်းဝန်း ပံ့ပိုးသူတွေရဲ့ အကူအညီကို ယူရသည်။ fund ငွေ ဒေါ်လာ သုံးသောင်းရခဲ့ပြီးမှ မရလိုက်တာလည်း ရှိဖူးသည်ဟု ရင်ဖွင့်သည်။**

ကိုယ့်ငွေရယ်လို့ ဟုတ်တိပတ်တိမပါဘူးဗျ။ website ကနေ album ထုတ်ဖို့ဆိုပြီး ဝိုင်းလှူကြတာ။ အဲဒီကိစ္စ ဖြစ်သွားပြီးနောက်ပိုင်း ဒီမှာရှိတဲ့ မိတ်ဆွေ အများစုနိုင်ငံခြားသားတွေပေါ့ သူတို့က ဝိုင်းပြီး စုပေးကြတယ်။ အဲဒီကနေ album လုပ်ဖြစ်သွားတယ်။ title က မိုးညအိပ်မက်များ။ အဲဒီalbum က အခုမရှိတော့ဘူး။ copyချပ်ရေ တစ်ထောင်ပဲထုတ်တာဆိုတော့၊ ကုန်သွားပြီဗျ။

**၂၀၁၂ ဒီဇင်ဘာမှာ ဂျာမနီကို Side Effect တွေသွားသည်။ သီချင်းသုံးပုဒ် recording လုပ်ခဲ့သည်။ သီချင်းသုံးပုဒ်ပဲ ပါတဲ့album ။ ပြီးခဲ့သည့် ဇူလိုင်က recording ဖမ်းပေးတဲ့ producer က သူ့record label ကနေ ထုတ်ဝေဖြန့်ချိပေးခဲ့သည်။**

အဲဒါက နိုင်ငံတကာworld wide ဖြန့်ခဲ့တာဗျ။ အဲဒီသုံးပုဒ်လုံး အခုထွက်မယ့် album သစ်မှာ ပြန်ပါမယ်။ title က The Change ၊ ပြီးခဲ့တဲ့ ဇူလိုင်က album အသစ်အတွက် ပြင်သစ်မှာ သွင်းဖြစ်ခဲ့တယ်။ Europe ကို တစ်ခေါက်ထပ်သွားရမယ်ဆိုတော့ အခါအခွင့်သင့်တာနဲ့ စပုဒ်သွင်းဖြစ်ခဲ့တာ။ အချိန်က တစ်ပတ်ပဲ ရတယ်။ The Lady ရိုက်တဲ့ ပြင်သစ်ဒါရိုက်တာ။ သူ့ studio မှာ သွားသွင်းတယ်။ ဒီစပုဒ်နဲ့ ဂျာမနီမှာ သွင်းခဲ့တဲ့ ၃ပုဒ်။ ၁၁ ပုဒ်ကို



နောက်နှစ်ထဲမှာပဲ album ထုတ်မယ်။ mixdown ကို NY မှာပဲ လုပ်မယ်။

**Side Effect တွေကို ပြည်တွင်းကထက် ပြည်ပက ဂီတပရိသတ်တွေက လက်ခံမှု အတိုင်းအဆက ပိုများသည်လို့ ဆိုနိုင်သည်။ အင်ဒိုနီးရှားဘာလီကို ၂၀၁၁မှာ သွားဖြစ်သည်။ ၂၀၁၂ ဒီဇင်ဘာမှာ ဂျာမနီ၊ ၂၀၁၃ ဇူလိုင်မှာ ဂျာမနီနဲ့ ပြင်သစ် အဲဒီလို show တွေဆိုဖြစ်ခဲ့သလို ပြင်သစ်မှာတော့ show မဆိုဘဲ၊ recording ဖမ်းခဲ့ရုံသက်သက်သာ။ နောက်ဆုံး show က မလေးရှားမှာ music festivalတစ်ခု။ ပြီးတော့ မကြာခင် မတ်လမှာ US, NY မှာလုပ်တဲ့ show . . . Texas မှာ ၆ ရက်ကနေ ၁၆ ရက်နေ့ထိ ရှိမည်လို့ သိရသည်။ show တွေ ဆိုနေရသည့် Side Effect တွေကို မေးချင်သေးသည်က band အလိုက် လေ့ကျင့်မှုအပိုင်း။**

၁၉၈၀ ဝန်းကျင်လောက်ကပေါ့။ Black Track ဆိုတဲ့ band အမေရိကန် hard core band တစ်ခုအကြောင်း။ သူတို့ band ဖွဲ့ဖြစ်ရတဲ့ အကြောင်းပြောထားတာ။ သူတို့ band စထောင်တော့ တီးတတ်တဲ့သူ၊ တီးနိုင်တဲ့သူကို မရှာဘူးတဲ့။ စိတ်ပါတဲ့သူကိုပဲ ရှာတယ်တဲ့ဗျာ။ studio မှာလည်း တစ်ပတ် ၆ ရက် တစ်နေ့ ၅ နာရီကျင့်တယ်တဲ့။ အဲဒါကို သဘောကျသွားတာ။ သူတို့ ဒီလိုလေ့ကျင့်လို့လည်း show တွေမှာ ဆိုတဲ့အခါ ဘယ်လိုပဲမူးမူး ဘယ်လိုပဲရှူးရှူး အမြဲကောင်းနေတာ တွေ့ရတယ်။ ကျွန်တော်တို့ဆီမှာ အဲဒါတွေလိုနေတာ။ သူတို့အဲဒီတုန်းက နာမည်ကြီး band မဟုတ်ဘဲနဲ့တောင် ဒီလိုပုံစံ လေ့ကျင့်ကြတယ်ဆိုတာကို လေးစားသွားတယ်။ ကျွန်တော်တို့ဆီမှာ အဲဒီလောက်တော့ လုပ်လို့မရဘူး။ အဓိကက ကိုယ်ပိုင် studio မရှိတဲ့ ပြဿနာ။ ငှားပြီးတီးရတာ နေ့တိုင်းသွားတီးရင် မွဲသွားမယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့် member တွေကို ပြောရတယ်။ ငါတို့လည်း show ရှိရှိ၊ မရှိရှိ တစ်ပတ် တစ်ရက်၊ တစ်ရက် သုံးနာရီတော့ ကျင့်ကြမယ် ဆိုပြီး စနေနေ့တိုင်း ကျင့်ဖြစ်ခဲ့ကြတယ်။

**Side Effect တွေ သီချင်းကျင့်တယ်ဆိုတာ သီချင်းရအောင်တိုက်ခြင်း မဟုတ်။ မသိစိတ်ရဲ့ အတွင်းသားထဲထိ ထိုးထွင်းဝင်ရောက်သွားအောင် လေ့ကျင့်မှုယူခြင်း ဖြစ်နေပြန်သည်။**

လူဆိုတာက အာရုံလွင့်ပျံ့တတ်တော့ တီးနေရင်းနဲ့ သိစိတ်က လွင့်ပြီး တစ်နေရာရာ ရောက်သွားရင်တောင် စင်ပေါ်မှာ အမှားအယွင်း







အတိမ်းအစောင်းမရှိဘဲ မသိစိတ်က အလို အလျောက် ဆက်ပြီး မှန်မှန်ကန်ကန် လိမ့်ဆင်းသွားနိုင်တဲ့ ပုံစံမျိုးပေ့ါ။ အဲဒီလောက်ထိ ရသွားအောင် ကျွန်တော်တို့ကျင့်တာဗျ။ ဘာလို့ဆို သီချင်းအသစ်တွေဆိုရင်လည်း စိတ်က လှုပ်ရှားနေတတ်တယ်။ ထပ်တလဲလဲ သီဆိုတီးခတ်လေ့ကျင့်ထားတဲ့ သီချင်းမျိုးကျတော့ ဘယ်လောက်ပဲ စိတ်လှုပ်ရှားလှုပ်ရှား လွတ်လပ်ပေ့ါပါးပြီး စိတ်နဲ့လူနဲ့ တစ်သားတည်း ကျတယ်။ စိုးရိမ်ကြောင့်ကြစိတ်ကင်းကင်းနဲ့ ဆိုသွားနိုင်တာမျိုး ပေ့ါဗျာ။

**Side Effect တွေရဲ့ သီချင်းပုံဖော်မှုက စိတ်ဝင်စားစရာ၊ သီချင်းရိုးရိုးတွေတိုပဲ သမားရိုးကျပုံစံခွက်ထဲက အတွေးဆန့်ထွက်ကာ ဖြန့်ကျက်ရက်ဖွဲ့ထားသည်။**

သီချင်းရေးတာက ပုံသေမရှိဘူး။ စိတ်ပိုင်းဆိုင်ရာခံစားမှု အခြေအနေနဲ့ ဆိုင်တယ်။ တစ်ခါတလေ Melody က အရင်ထွက်ကျလာတယ်။ အဲ့ဒီ melody တစ်စက chrous လည်း ဖြစ်နိုင်သလို verseလည်းဖြစ်နိုင်တယ်။ အဲဒါကို chord ဆွဲတယ် ရှာတယ် ထည့်တယ်။ ပြောင်းကြည့်တယ်။ ပြီးရင် ဆွဲဆန့်ခေါ်သွားလိုက်တယ်။ တစ်ခါတလေကျတော့လည်း guitar riff တွေအမျိုးမျိုး လျှောက်တီးကြည့်နေရင်းနဲ့ ခေါင်းထဲမှာ melody တွေ ရေးရေးလေး လိမ့်ဆင်းကျလာတယ်။ အဲဒါကို chords တွေ melody တွေ တစ်ခါတည်း ဖမ်းပြီး ချထားလိုက်တယ်။ ပြီးမှ စကားလုံးရှာပြီး ဖြည့်တယ်။ တစ်ခါတလေကျတော့လည်း ထူးဆန်းတယ်ဗျ။ အကြောင်းအရာကြီးတစ်ခုက ဘွားခနဲ အာရုံထဲ ပေါ်လာတယ်။ စာသားစကားလုံးတွေပေ့ါ။ ဒီအတိုင်းကြီး အသားလွတ်တော့ မဟုတ်တတ်ဘူးဗျ။ စကားလုံးတွေနောက်မှာ melody မသိမသာလေး ကပ်ခိုတွယ်ပြီး ထွက်ကျလာတတ်တယ်။ ဒါကို အဲဒီအကြောင်းအရာကို ဘယ်လိုတင်ပြမလဲ စဉ်းစားပြီး verseတို့၊ chorus တို့လုပ်တယ်။

**စကားလုံးတွေကို lyrics ပုံစံရေးဖွဲ့ရာမှာ ဖန်တီးမှုတွေအားကောင်းမောင်းသန် ရှိစေဖို့ နောက်ကွယ်မှာ အကြောင်းရင်းခံတစ်ခုခု ခြေခြေမြစ်မြစ် ပံ့ပိုးနေပုံရသည်။ စကားလုံးတွေ အားကောင်းဖို့ဆိုတဲ့စကားကို ကြားတော့ မျက်နှာပြုံးချိုချိုနဲ့ အဆိုသမား Darko က ဟက်ဟက်ပက်ပက်ရယ်ရင်းပြောသည်။**

အား. . . ခင်ဗျားမေးမှပဲ ကျွန်တော့်သီချင်းတွေ စကားလုံးအားကောင်းရဲ့လား ကျွန်တော်တောင်မသိဘူးဗျ။ အဓိကအကြောင်းရင်းကတော့ စာဖတ်တာများလို့ ထင်ပါရဲ့ဗျာ။ ကျွန်တော်က post modern စာပေတွေ စိတ်ဝင်စားတယ်။ ဇော်ဇော်အောင်၊ နေမျိုး၊ မြတ်သစ်တို့ကို အကုန်ဖတ်လေ့ရှိတယ်ဗျာ။ ခုနောက်ပိုင်း သူတို့ စာပေအသစ်တွေ များများစားစား မတွေ့ရတော့ဘူး။ ကျွန်တော်က အမိပ္ပာယ်တစ်ခုဆို အဲဒီနေရာမှာပဲ ရပ်တန့်မနေချင်ဘူး။ ဖြာထွက်ပြီး စဉ်းစားရတာမျိုး သိပ်ကြိုက်တာဗျ။ အတွေးကို တံခါးပိတ်မထားဘဲ ဖွင့်ထုတ် ခုန်ပေါက်ဖြန့်ကျက် ဆန့်ထွက်သွားတာမျိုး။ စာအုပ်တွေအဖတ်များပေမဲ့ သူများသီချင်းတွေ နားထောင်တာမျိုးတော့ ရှားတယ်။ စကားလုံးပိုင်းဆိုင်ရာမှာ လွှမ်းမိုးမှုခံရမှာစိုးလို့။ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်အထဲကနေ တစ်ခါတစ်ခါပြေးမလွတ်ဘူး။ ဒီစကားလုံးကိုပဲ ထပ်တလဲလဲ သုံးဖြစ်သွားတာ ရှိတတ်တယ်။ မနည်းကို ရှောင်ရတယ်။

**ဒီ vocal နဲ့ ဂစ်တာသမားက အားလပ်ချိန်မှာ စာဖတ်သည်၊ movie ကြည့်သည်။ contemporary art, performance art , traditintional art တွေကို စိတ်ဝင်တစား ကြည့်လေ့ရှိသည်။ သူ့ အဖွဲ့သားတွေနဲ့ ဂီတအကြောင်း ကွဲလွဲမှုတွေကို အငြင်းအခုံ အဆွေးအနွေး လုပ်လေ့ရှိသည်။ ဒါပေမဲ့ အကြာကြီးမဟုတ်။ Side Effect အတွက် ငါတို့bandအတွက်လို့စဉ်းစားလိုက်ချိန်မှာ တစ်ယောက်ရဲ့အသည်းနှလုံးကို တစ်ယောက်လှမ်းမြင်သွားကာ အတိုက်အခံစကားလုံးပြင်းပြင်းတွေ လွင့်စဉ်ထွက်ပြေးကုန်သည်။ ဒါဖြင့် Side Effect မဟုတ်သည့် တခြား band တွေအကြားမှာရော ဘယ်လိုစကားလုံးအသံတွေ ကြားရနိုင်မလဲ။**

ဆင်ခြေပေးနေသံတွေ ကြားကြားနေရတယ်ဗျ။ ကိုယ်တကယ်လုပ်ချင်တာကတခြား၊ အခြေအနေအရ ဒါပဲ လုပ်နေရတယ်ဆိုတာမျိုး။ ဒါတွေကြားရင်စိတ်မကောင်းဘူး။ ကျွန်တော်တော့ လွတ်လပ်စွာရွေးချယ်ခွင့်ကို အင်မတန်တန်ဖိုးထားတယ်။ ကျွန်တော်တို့ဆို လူအများရဲ့ ရွေးချယ်ခြင်းခံရတဲ့ bandတော့မဟုတ်ဘူးဗျ။ ကျွန်တော်တို့လည်း ကိုယ်ရွေးချယ်တာ ကိုယ်နှစ်သက်တာကိုပဲ ရင်ခုန်ပြီးလုပ်တယ်။ show တွေဆိုပြီဆိုရင် မနက်ဖြန်သေသွားရင် ဘယ်လိုလုပ်မလဲ၊ အဲဒီအတွေးကို ခေါင်းထဲထည့်ပြီး တီးတယ်ဆိုတယ်ဗျာ။ show သေးသေးလေးလည်း ဒီလိုပဲတီးတယ်၊ နိုင်ငံခြားမှာလုပ်တဲ့ showလည်း ဒီလိုပဲတီးတယ်။ 50th st Bar မှာလည်း ဒီပုံစံပဲ။ performance ဘာမှ ပြောင်းမသွားဘူး။ တခြားbandတွေလည်း သူတို့နှစ်သက်ရာသူတို့ 'ရွေးချယ်ပြီးကြပြီ' လို့ပဲ ယူဆပါတယ်ဗျာ။ Zigzag

# The Greatest Hits of Nawarat

## “ ရှေ့တိုးဖို့ နောက်နှစ်လမ်း ဆုတ်ခဲ့တယ်

### နဝရတ်နှင့်တွေ့မေးခြင်း



ပရိသတ်မြင်ကွင်းက အတန်ကြာ ပျောက်ကွယ်နေခဲ့တဲ့ နဝရတ်က အကယ်ဒမီ ဆန်ခါတင် ဇာတ်ကားနှစ်ကားနဲ့ မြင်ကွင်းရှေ့ကို ရောက်လာခဲ့သလို မလေး၊ မြန်မာဖက်စပ်ရိုက်ခဲ့တဲ့မလေးရောက် မြန်မာလုပ်သားတွေရဲ့အကြောင်း ဇာတ်ကားကလည်း လှုပ်လှုပ်ခတ်ခတ် ရှိခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်ဟာ နဝရတ်အတွက် ထူးခြားတဲ့ နှစ်တစ်နှစ်လည်း ဖြစ်တဲ့အတွက် သူမရဲ့ အနုပညာခံယူချက်နဲ့ ခံစားချက်တချို့ကို ဒီအင်တာဗျူးကတစ်ဆင့် ထင်ဟပ်တင်ပြလိုက်ရပါတယ်။

**နဝရတ်က ဇာတ်ရုပ်တွေကို အသေအချာ ရွေးချယ်စိစစ်လေ့ရှိတာ တွေ့ရတယ်။ အနုပညာနဲ့ ပတ်သက်ရင် ပရိသတ်ကို ဘယ်လိုယုံကြည်မှုနဲ့ ပေးဆပ်တတ်သူလဲဆိုတာ သိပါရစေ။**

သေချာတာတစ်ခုက ပရိသတ်ရင်ထဲမှာ ကျန်ခဲ့ရမယ့် ဝိတ်လျှော့တာမျိုး မလုပ်ဘူး။ သူများကားရိုက်ရင်တောင် အိမ်မကောင်းရင် ကျွန်မအိမ်မှာ လာရိုက်၊ ဒီဇာတ် ဒီရုပ်က ဒီလို အိမ်နဲ့မှ ဖြစ်မှာ။ တချို့က မြန်မြန်ပြီး ပြီးရောဆိုပြီး တစ်အိမ်ထဲမှာ မင်းသား၊ မင်းသမီးကို အပေါ်ထပ် အောက်ထပ် ရိုက်ကြတယ်။ အဲဒါမျိုးတွေ ပြောရင် နဝရတ်က ရစ်တယ်ဆိုပြီး ဖြစ်လာကြရော။ ကာရိုက်တာအရ လုပ်ငန်းတွေ ပြရမယ်ဆိုရင် အဲဒီလုပ်ငန်းကို နဝရတ်က ရှာပေးရတယ်။ ကိုယ့်အနုပညာစိတ်က ဘယ်လိုမျိုးလဲဆိုတော့ ကိုယ် ကြည့်မယ်ဆိုရင်လည်း အကောင်းပဲ ကြည့်ချင်တယ်။ အဲဒါကြောင့် ဘာလိုအပ်လဲဆိုတာကို အလကား ပိုက်ဆံမယူဘဲ လိုက်ဖြည့်ပေးတာ။

**ကိုယ်ပိုင်ငွေလမင်းရုပ်ရှင်၊ ဗီဒီယိုက ရိုက်ကူး ထုတ်လုပ်လာတဲ့အခါကျတော့ရော ဒီသဘော ထားအတိုင်းပဲလား။**

ကိုယ့်ကားရိုက်တော့ ပိုဆိုးတာပေါ့။ နှစ်ဆ တွေကုန် သုံးဆတွေကုန်တွေ ဖြစ်ကုန်တာပေါ့။ နှစ်ကားရိုက်ဖို့သွားရင် တစ်ကားပဲ ရိုက်ဖြစ်တယ်။ အဲဒီလိုမျိုးပေါ့။

## တချို့က မြန်မြန်ပြီး ပြီးရောဆိုပြီး တစ်အိမ်ထဲမှာ မင်းသား၊ မင်းသမီးကို အပေါ်ထပ် အောက်ထပ်ရိုက်ကြတယ်။ အဲဒါမျိုးတွေ ပြောရင် နဝရတ်က ရစ်တယ်ဆိုပြီး ဖြစ်လာကြရော။



**ငွေလမင်းထုတ်လုပ်ရေးရဲ့ ရှေ့လုပ်ငန်းစဉ်လေးလည်း ပြောပါဦး။**

မောချယ်ရီဆိုတဲ့ ကားလေး ထွက်မယ်။ မြင့်မြတ်နဲ့က ၆ ကားတော့ ချုပ်ထားတယ်။ ပြီးရင် ခဏနားပြီး ကားကြီးတွေပဲ ရိုက်မယ်။ ကားကြီးတွေကို ဘယ်လိုမျိုးရိုက်ချင်လဲဆိုတော့ နိုင်ငံခြားနဲ့ ဖက်စပ်ရိုက်ချင်တယ်။ သူတို့ရဲ့ စိတ်ကူးတွေနဲ့ ရိုက်ချင်တယ်။ နဝရတ်တို့ ဟိုမှာသွားရိုက်တော့ ပေါ်ပေါ်တင်တင် ရိုက်လို့မရဘူး။ ခိုးရိုက်ရတယ်။ သူတို့ကျတော့ တကယ့် ပရော်ဖက်ရှင်နယ် လေယာဉ်ကွင်းတွေမှာ ရိုက်လို့ရတယ်။ ကင်မရာ ခိုးရိုက်ပြီးရင် ကိုယ့်အထုပ်ကို ကိုယ်ဆွဲပြီးပြန်။ အဲဒါမျိုးကို မကြိုက်ဘူး။ ရိုက်စရာရှိ ခိုးရိုက်ပြီး ရဲလာတော့ ထွက်ပြေး။ စိတ်ညစ်စရာကောင်းတယ်။ အဲဒါတွေ ဝါသနာမပါဘူး။ ကောင်းကောင်းပဲ ရိုက်ချင်တယ်။

**ရုပ်ရှင်လောကသားတစ်ဦးအနေနဲ့ မြန်မာ့ရုပ်ရှင်ကို ကမ္ဘာကသိဖို့ ဘာတွေလိုအပ်မလဲ။**

ကိုယ်က ဖောက်ထွက်ရမှာ။ ဖောက်မထွက်ရင် ဘယ်တော့မှ မရဘူး။ အဓိကက ရုပ်ရှင်လောကက ပိုက်ဆံမှ မသုံးနိုင်တာ။ မင်းသားတွေ ကိုယ်တိုင်ကလည်း ဒီလိုမျိုးစိတ်ရှိရမယ်။ မင်းသားနဲ့ ပရိုဂျူဆာပေါင်းရင် ကားတစ်ကားရဲ့ သုံးပုံနှစ်ပုံက ဖြစ်သွားပြီ။ မြန်မာပြည်မှာက မင်းသားခေတ်ဆိုတော့ မင်းသားနဲ့ပရိုဂျူဆာပေါင်းမှ



ဗီဒီယိုဈေးကွက် တိုးတက်လာမှာ။ မဟုတ်ရင်တော့ ခုနပြောသလို မြန်မာ့ရုပ်ရှင် ကမ္ဘာကို ဘယ်လို ထိုးဖောက်မလဲ။

**လက်ရှိ ဗီဒီယိုလောက အခြေအနေကရော။**

ဗီဒီယိုက အခြေအနေမကောင်းဘူးလေ။ ငွေလမင်းထုတ်လုပ်ရေးတောင် ဖြုတ်တော့မှာ။ ရုပ်ရှင်ပဲ ရိုက်တော့မှာ။ အခု မြန်မာ၊ မြန်မာဆိုပြီး နယ်တွေပဲ ပြိုင်နေတယ်။ နယ်က မကြိုက်လို့ ဆံပင်လေးလုပ်ပေးပါဦး။ နယ်က မကြိုက်လို့ အကျီလေး လုပ်ပေးပါဦး။ နယ်က ပရိသတ် အကြိုက်ကို ဗီဒီယိုတွေက သွားနေရတယ်။ ဒါက နယ်ကို စော်ကားတာတော့ မဟုတ်ဘူး။ နယ်က လည်း ကိုရီးယားကားတွေနဲ့ယှဉ်ရင် ကိုရီးယား ကားပဲ ကြည့်မှာပေါ့။ မြန်မာမင်းသမီးဆိုရင်လည်း ဟိုးနောက်ဆုံးကကြည့်ရင်တောင် ဒါ ဘယ်သူလဲလို့ သိတယ်။ မင်းသားလည်း ထပ်နေပြီ။ ဆံပင်ပုံစံကအစ မပြောင်းရဲဘူး။ အနှစ်နှစ်ဆယ်လည်း ဒီပုံစံပဲ။ ဆံပင်ပုံစံပြောင်းလိုက်ရင် ပရိသတ် မကြိုက်မှာစိုးလို့၊ အဲဒါတွေက လွဲတာလေ။

**အနုပညာရှင်က ပရိသတ်အကြိုက် လိုက်သင့်လား။ ပရိသတ်ကြိုက်လာအောင် လုပ်သင့်တာလား။**

နဝရတ်တို့ ရုပ်ရှင်လောကမှာ ပရိသတ် ကြိုက်အောင် လုပ်တာက မှန်ပါတယ်။ ကိုယ်လုပ်တာကို ပရိသတ်က ကြိုက်ရမှာ။ ပရိသတ်ကို ကိုယ်က ချပြရမှာ။ ကိုယ်ချပြတာကို ပရိသတ်က ကြည့်ရမှာလေ။ ကိုယ်က ဒါပဲချပြရင် ပရိသတ်က လည်း ဒါပဲသိမှာ။ ဒီမှာ မြန်မာရုပ်ရှင်ဆိုရင် နဝရတ်သူငယ်ချင်းတွေ မကြည့်ကြဘူး။ နဝရတ်လည်း ကိုယ်ပါတဲ့ အခန်းပဲ ကျော်ကြည့်တာ။

**နဝရတ်ကိုယ်တိုင်ကရော ကာရိုက်တာချိန်းဖို့ ဘာတွေပြင်ဆင်လဲ။**

အဓိကကတော့ ဆံပင်ပေါ့။ လူတစ်ယောက်မှာ ဆံပင်အပြောင်းအလဲက ကာရိုက်တာကို အချိန်းနိုင်ဆုံးပဲလေ။ ဆံပင်ပြောင်းရင် အားလုံး ပြောင်းလို့ရသွားပြီ။ ဖက်ရှင်ဒီဇိုင်းလည်း ပြောင်းလို့ရတယ်။ မိတ်ကပ်ဆိုရင်လည်း ပြောင်းရမှာပဲလေ။ ရှုတင်မသွားခင်ကတည်းက ကာရိုက်တာ အရ လက်သည်း၊ ခြေသည်းကအစ ပြင်တယ်။ ဇာတ်ဝင်ခန်းရဲ့ ကာရိုက်တာမိမှ သွားတယ်။ ဖြစ်ကတတ်ဆန်းရိုက်တဲ့ထဲမှာ နဝရတ်မပါဘူး။ အဲဒါကြောင့်ပဲ နဝရတ်ကို ရစ်တယ်တို့၊ ဘာတို့




ဖြစ်ကုန်တာ။

**နောက်ပိုင်း ဗီဒီယိုတွေ အရိုက်ကျဲသွားတာ၊ အဲဒါကြောင့်လား။**

ပါတာပေါ့လေ။ သူတို့က မြန်မြန်ရိုက်ချင်တာကိုး။ ငါးရက်နဲ့ အပြီးတို့၊ ဘာတို့။ ကိုယ်လည်း ရှေ့မှာ လုပ်ခဲ့ပြီးပါပြီ။ တော်ပြီပေါ့နော်။ ဒီတိုင်းဆက်သွားနေလို့ မဖြစ်တော့ဘူးလို့ မြင်တယ်။ နောက်ပိုင်းမှာ ဇာတ်တွေက ထပ်ကုန်တယ်။ မျိုးမျိုးခိုင်တို့ဆိုရင်လည်း သူငယ်ချင်းတွေပဲ ခင်ပါတယ်။ ကားရိုက်ရင် ကိုယ်တစ်ယောက်တည်း လှနေလို့ မရဘူး။ ကိုယ်က အကုန်လုံး လုပ်ပေးတာ။ အကုန်လုံးပေါ့။ သူတို့တစ်တွေက ကိုယ့်အုပ်စုနဲ့ ကိုယ်ဆိုတော့ သူငယ်ချင်းဆိုရင်လည်း ဒါပဲ။ ကြာတော့ စိတ်ပျက်လာတယ်။ မရိုက်ချင်တော့ဘူး။ အခုရိုက်ခဲ့တဲ့ တိမ်မင်းသမီးလို ဇာတ်ကားမျိုး စိတ်ဝင်စားလို့ ရိုက်ဖြစ်ခဲ့တာပဲ။

**နဝရတ်ကို ပရိသတ် အမြဲစိတ်ဝင်စားနေအောင် ဘာလုပ်သလဲ။**

ပရိသတ်က နဝရတ် ဘာလုပ်မလဲဆိုတာ ကြည့်နေသလို ဖြစ်နေတယ်။ နဝရတ်ကလည်း နားနေခဲ့တဲ့ ၂ နှစ်မှာ ဘာတွေလုပ်ခဲ့လဲဆိုတော့ ရှေ့ကိုတိုးဖို့ နောက်နှစ်လှမ်းဆုတ်တယ်။ ဦးကျော်ဟိန်းက ပြောဖူးတယ်။ နင်တို့တစ်တွေ တစ်ကားပြီး တစ်ကားရိုက်ရင် ဝမ်းစာကုန်ပြီ။ ထပ်လုပ်ဖို့ ဝမ်းစာလိုတယ်။ အဲဒီတော့ ဘာလုပ်လဲဆိုတော့ ခရီးတွေသွား၊ အပန်းဖြေပြီးတော့မှ စိတ်က ဘာလုပ်မယ်ဆိုတာ ထွက်လာတာပေါ့။ မနက်ဆိုလည်း ရှူတင်၊ ညနေဆိုလည်း ရှူတင်၊ အဲဒီတော့ ဦးနှောက်က ဘာမှထွက်မလာဘူးပေါ့။ အနုပညာ ဝမ်းစာပြန်ပြီး ထည့်ရတယ်လို့ ဦးကျော်က ပြောတယ်။ အဲဒါမှန်တယ်။ အဲဒါကြောင့် ကားတွေကို နှစ်နှစ်လောက်မရိုက်ဘဲ ဘာလုပ်ရင်ကောင်းမလဲ ဆိုတာ အေးရာအေးကြောင်း စဉ်းစားတယ်။ ပန်းပင်တွေ စိုက်တယ်။ အိမ်ပြင်တယ်။ အဲဒါတွေ လုပ်နေတော့ ခေါင်းအေးပြီး အိုင်ဒီယာအသစ်တွေ ထွက်လာတယ်။ အခု မှန်သွားတာပေါ့။

**အနားယူတဲ့အချိန်မှာ ဇာတ်လမ်းတွေ၊ ဝတ္ထုတွေရော ဖတ်ဖြစ်နေတာလား။**

လာပြတဲ့ ဇာတ်တွေက အများကြီးပဲ။ လုပ်ဖူးတာတွေကလည်း အများကြီးပဲ။ စိန်ခလုတ်ကို ပြန်ရိုက်ရအောင် လာပြောတယ်။ စိန်ခလုတ်က ရိုက်ပြီးသွားပြီလေ။ စိတ်မဝင်စားဘူး။ လုပ်ပြီးသားကို ထပ်မလုပ်ဘူး။ စိန်ခလုတ် ထပ်မလုပ်ရသေးတဲ့ဟာကိုပဲ စိတ်ဝင်စားတယ်။ နဝရတ်လုပ်တာတွေက ပရိသတ်အတွက်ပဲ ဖြစ်ရမယ်လေ။

နဝရတ်ပြောသလို အနုပညာဟာ ပြည်သူ့အတွက်ပဲ ဖြစ်တယ်။ ခေတ်အဆက်ဆက်မှာလည်း အနုပညာက ပြည်သူ့အတွက်ပဲ ဖြစ်တာက အမှန်တရားတစ်ခုပါ။

အဲဒီလိုအနုပညာရှင်တွေကိုပဲ ပြည်သူတွေက အမှန်တကယ် ချစ်ခင်လေးစားကြတာပဲ မဟုတ်ပါလား။

နဝရတ်နဲ့ အင်တာဗျူးကို အကယ်ဒမီပေးပွဲမတိုင်ခင် ရက်ပိုင်းအလိုမှာ သူမနေအိမ်မှာ သွားရောက်ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ နဝရတ် အကယ်ဒမီရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သရုပ်ဆောင်အနုပညာသည်တစ်ဦးအနေနဲ့ မေးသင့်မေးထိုက်တဲ့ မေးခွန်းများကိုသာ ကျွန်မ မေးမြန်းတင်ဆက်ခဲ့ခြင်းဖြစ်ပါတယ်။

တိမ်မင်းသမီးဇာတ်ကားနဲ့ ပတ်သက်လို့ အားရကျေနပ်မှုအပြည့်၊ အနုပညာစိုက်ထုတ်မှုအပြည့်၊ ငွေကုန်ကြေးကျခံရမှုတွေအပြည့်၊ ပရိသတ်အားပေးမှုတွေအပြည့်နဲ့ မျှော်လင့်ချက်တွေ ပြည့်ခဲ့တဲ့ နဝရတ်အတွက် ကျွန်မနှင့်တကွ သူ့ပရိသတ်များက စိတ်မကောင်းဖြစ်ခဲ့ကြပါတယ်။

ဘဝဆိုတာ လမ်းတွေသာ ဖြစ်တဲ့အတွက် အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ ဆက်လျှောက်ကြရဦးမှာပါ။ ဘာသာတရား၊ အဆုံးအမတွေအောက်က စိတ်နှလုံးသားကို ထားတတ်ခဲ့ပြီလို့ပြောတဲ့ နဝရတ်က အနုပညာလမ်းကို အားမာန်အပြည့်နဲ့ လျှောက်လှမ်းဦးမယ်လို့ ကျွန်မယုံကြည်မိပါတယ်။ တစ်ခါလဲတာဟာ အပြီးတိုင်လဲဖို့ မဟုတ်ဘူးဆိုတာကို သူမက လက်ခံပြီးဖြစ်ပါလိမ့်မယ်။ အဲဒီအတွက်လည်း နဝရတ်က ပရိသတ်ရဲ့ကရုဏာနဲ့ အကောင်းဆုံး အကယ်ဒမီဆုကို ရခဲ့တယ်လို့ ထင်မြင်မိကြောင်းပါ။

**အေးမွန်**



# ဘဝက
## ရုပ်မြင်သံကြားကြော်ငြာတစ်ခု
# မဟုတ်ဘူး

အေးမွန်

---

"ဘဝဆိုတာ ရုပ်မြင်သံကြားကြော်ငြာမဟုတ်ဘူးတဲ့" အပ်ကျသံမကြားရအောင် တိတ်ဆိတ်နေတဲ့ ခန်းမတစ်ခုထဲ လွင့်ပျံ့ကျလာတဲ့ အသံတစ်ခု . . .။ အားလုံးပဲ စီးမျောသွားကြသည်။ အသံရဲ့နောက်မှာတော့ အတွေး. . .။

ဒီဇင်ဘာ ၁၆ ရက် တနင်္လာနေ့က ဖြစ်သည်။ ထရိတ်ဒါးဟိုတယ် ခန်းမတစ်ခုထဲမှာ ဖြစ်သည်။ ပင်လယ်ထုတ်လုပ်ရေးက အနုပညာ အစီအစဉ်များစွာ သတင်းမီဒီယာများနှင့် မိတ်ဆက်ပွဲအခမ်းအနားမှာ ဖြစ်သည်။

ပင်လယ်ထုတ်လုပ်ရေးက ၂၀၁၀ မေလမှာ စတင်ပြီး ဖွဲ့စည်းခဲ့သည်။ ပထမဆုံးလုပ်ရှားမှုက

Walk of Fame (အောင်မြင်မှုလမ်းမများ) ဆိုတဲ့ Music Program ကို စီစဉ်ထုတ်လုပ်ခဲ့သည့် ဒါရိုက်တာ ရဲမြင့်သူ၊ Chief Executive Producer ကို ဇာနည်လွင်၊ Executive Producer Director ဏကြီး၊ Music Producer မိုနိုလေး၊ Sound Engineer နေဝင်းထွန်း၊ Production Manager မေစန္ဒီတင်ဦး၊ Editor နိုင်ဦးတို့နှင့် ဖွဲ့စည်းထားကြတာ ဖြစ်သည်။

၂၀၁၀ မတ်လမှာ Wanted Band နဲ့ စာချုပ်ချုပ်ပြီး 'ငါ့ဂီတ၊ ငါ့ဘဝ' အယ်လ်ဘမ်ကို စီစဉ်ထုတ်လုပ်သည်။ ၂၀၁၂ မှာ Song Chat (သီချင်းဝိုင်း) ဆိုတဲ့ Music Program ကို ပြောင်းလဲထုတ်လုပ်ခဲ့သည်။ ဒါရိုက်တာက ဏကြီး ဖြစ်သည်။ ၂၀၁၃ ဖေဖော်ဝါရီလမှာ Stupid Cupid Album ကို Audio နှင့် MTV Package ပုံစံနဲ့ ထုတ်လုပ်ခဲ့သည်။

အဲဒီနေ့က ကျွန်မတို့ မြည်းစမ်းကြည့်ခွင့်ရခဲ့တာက ရဲတိုက်ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားသုံးကားဖြစ်သည်။

"ဘယ်ကလာလဲ၊

ဘာလုပ်နေလဲ၊

ဘယ်လို သွားမှာလဲ"

ရဲတိုက်၊ ဂျေမီ၊ ဖွေးဖွေး၊ မေသန်းနုဒါရိုက်တာ ဏကြီး၊ ဇာတ်လမ်း ဇာတ်ညွှန်းအောင်ပြည့်စုံ၊ ဏကြီး ၂၀ ရက် ဒီဇင်ဘာမှာ စတင်ပြသခဲ့။

'သနပ်ခါး' ရဲတိုက်၊ နေအောင်၊ ဝတ်မှုန်ရွှေရည်၊ မေကဗျာ၊ ဇာတ်လမ်း အောင်လင်း၊ ဇာတ်ညွှန်း ဒါရိုက်တာ မင်းထင်ကိုကိုကြီး ၂၀၁၄ ဇန်နဝါရီမှာ ပြသမည်။

'ဘိုမ' ရဲတိုက်၊ ဖွေးဖွေး၊ အေးမြဖြူ၊ ဇာတ်လမ်း ဇာတ်ညွှန်းဒါရိုက်တာ ဏကြီး ၂၀၁၄ မတ်လခန့်တွင် ထွက်ရှိမည်။

ထူးခြားတဲ့ ရိုက်ချက်၊ သရုပ်ဆောင်မှုနဲ့ အသံစနစ်တွေထဲ ကျွန်မတို့ ခံစားမျောပါခဲ့ကြသည်။

ပင်လယ်ထုတ်လုပ်ရေးက တစ်နှစ်ကို ရုပ်ရှင်တစ်ကားသာ ရိုက်ကူးထုတ်လုပ်မည်ဟု ဆိုသည်။ ခေါင်းညိတ်ရမိသည်။

မြန်မာရုပ်ရှင် ဇာတ်ကားများကို ကျွန်မတို့ ပြည်သူတွေ စိတ်ပျက်ခဲ့ရသည်မှာ ကြာပြီဖြစ်သည်။ မြန်မာရုပ်ရှင်ဗီဒီယို အစားထိုး ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ၏ လွှမ်းမိုးဆွဲဆောင်ခြင်းကို ခံနေကြရသည်မှာ ကြာပြီဖြစ်သည်။ ယဉ်ကျေးမှု ကူးခပ်လွှမ်းမိုးခြင်း ခံနေခဲ့ရတာ ကြာပြီဖြစ်သည်။

မြန်မာလူငယ်များ အကြား ကိုရီးယား ယဉ်ကျေးမှုက ခေတ်စားနေတာ ကြာပြီဖြစ်သည်။ ဒီထက်ဆက်ကြာလျှင် မြန်မာ့ယဉ်ကျေးမှု၊ နေထိုင်မှုဓလေ့စရိုက်များ လူငယ်တွေ သိနိုင်မည် မဟုတ်ပင်မထင်။ အစားအသောက်၊ ဖက်ရှင်၊ ဓလေ့စရိုက်အရာအားလုံး ကိုရီးယားယဉ်ကျေးမှုသာ လွှမ်းမိုးလို့နေသည်။

ဒါတွေအားလုံးက ရုပ်ရှင်ကလာသည်။ မြန်မာ့ရုပ်ရှင်ကို မြန်မာတွေ မကြည့်တော့ခြင်းက လာသည်။ မြန်မာ့ရုပ်ရှင်ဇာတ်ကားတွေကို လူငယ်တွေ မကြည့်တော့ခြင်းက လာသည်။

အဲဒီအတွက် ပင်လယ်ကို ကျွန်မတို့ ကြိုဆိုရပါမည်။ မြန်မာရုပ်ရှင်ကို မြန်မာလူငယ် တွေ ကြည့်ချင်အောင် ဆွဲဆောင်ထားသောကြောင့် ဖြစ်သည်။

ပင်လယ်ကဲ့သို့ ထုတ်လုပ်ရေးများ ကျွန်မတို့ တိုင်းပြည်တွင် များများလိုအပ်လျက် ရှိပါသည်။

ပင်လယ်က ၂၀၁၄ Target အနေဖြင့် Pin








Lel ရုပ်သံ studio တစ်ခု ဖွင့်ဖို့ရှိသည်ဟု ဆိုပါသည်။ Pin Lel Production ရဲ့ ရုပ်ရှင်ကားအသစ်တွေ ရိုက်ဖို့ရှိသည်ဟု ဆိုပါသည်။ အခြားထုတ်လုပ်ရေးများနှင့် ပူးပေါင်းပြီး ရုပ်ရှင် ၄ ကား ထုတ်လုပ်သွားမည်ဟု ဆိုသည်။

ရဲတိုက်က သူ့ဇာတ်ဝင်ခန်းမှာ ဘဝဆိုတာ ရုပ်မြင်သံကြား ကြော်ငြာတစ်ခု မဟုတ်ဘူးဟု ဆိုခဲ့သည်။ အဲဒီဇာတ်ဝင်စကားက ကျွန်မတို့ရင်ကို ထိစေခဲ့၊ ငြိစေခဲ့သည်။ ဘဝသည် ဘဝသာဖြစ်သည်။ ဘဝကို ကျွန်မတို့ ဘယ်လိုဖြတ်သန်းမလဲဆိုတာ 'ဘယ်ကလာလဲ၊ ဘာလုပ်နေလဲ၊ ဘယ်ကို သွားမလဲ' ဆိုသည့် ရုပ်ရှင်ဇာတ်ကားရဲ့ အမည်နာမက ရည်ညွှန်းပြီး ဖြစ်သည်။

ရဲတိုက်၏ ပုံရိပ်များကို အဲဒီနေ့က ကျွန်မတို့ လွမ်းဆွတ်စွာ တွေ့မြင်ရသည်။ ဘဝဟာ ရုပ်မြင်သံကြားကြော်ငြာတစ်ခုထက် ပိုမိုကြောင်း ရဲတိုက်က ကျွန်မတို့ကို အသိပေးခဲ့သည်။ သတိပေးခဲ့သည်။

ဒါရိုက်တာ မင်းထင်ကိုကိုကြီးက ရဲတိုက်ကို သတိရမိကြောင်း ကျေးဇူးစကားရဲ့ အစမှာ အမှတ်တရ ပြောသည်။ သူ့အသံမှာ တစ်စုံတစ်ခု ထိခိုက်မှု ရှိနေသည်ဟု ကျွန်မတို့အားလုံး ခံစားခဲ့ကြရသည်။

ဆေးခြောက်တစ်ကျပ်သား အမှုကိစ္စဖြင့် ဟိုးအဝေးတစ်နေရာမှာ ဘာမှလုပ်လို့ မရသည့် အလုပ်တစ်နေရာတွင် သူ ရောက်ရှိနေခဲ့သည်ဟု မင်းထင်ကိုကိုကြီးက အမှတ်တရဆိုပါသည်။ ကျွန်မတို့အားလုံးပဲ ထိခိုက်ခံစားကြရပါသည်။

ရဲတိုက်က ပြည်သူကို အနုပညာဖြင့် အသေအချာ အကျိုးပြုခဲ့သော အနုပညာရှင်တစ်ဦးဖြစ်ပါသည်။ သူ့ရဲ့ အနုပညာနှလုံးသားအတွက် ကျွန်မတို့ ဂုဏ်ပြုဦးညွှတ်ရပါသည်။

ခေတ်၊ စနစ်နှင့် သူဖြတ်သန်းရသောလမ်းထဲ ရဲတိုက် ပြန်လည်လူးလွန့်နိုးကြားလာလိမ့်ဦးမည်ဟု ကျွန်မတို့ ယုံကြည်မိရပါသည်။ ကျွန်မတို့ လူ့အဖွဲ့အစည်းက ရဲတိုက်၏ ရုပ်ရှင်ဇာတ်ကားများကို ကြည့်ကြရပါသည်။ ရဲတိုက်က ရှိမနေပါ။ တစ်ချိန်တွင် သူ ပြန်လာလိမ့်ဦးမည်ဖြစ်သည်။

ဘဝက ရုပ်မြင်သံကြားကြော်ငြာတစ်ခု မဟုတ်ခဲ့သလို ရုပ်ရှင်တစ်ကားထက် ပိုကြောင်းဆရာသုခမိန်လှိုင်က ထိုနေ့က ပြောခဲ့သည်။

ဘဝက ရုပ်ရှင်တစ်ကားထက် ပိုပါသည်။ ထို့ကြောင့် ကျွန်မတို့ ရုပ်ရှင်ကြည့်ကြရပါမည်။ ကောင်းမွန်သော အနုပညာဖြင့် ထုံမွမ်းသော ရုပ်ရှင်ဇာတ်ကားများက ကျွန်မတို့ လူ့အဖွဲ့အစည်းအတွက် ဘဝလမ်းတွေအကြောင်း တစ်စုံတစ်ရာ ညွှန်ကြားပြသနိုင်မည်ဟု ယုံကြည်ရင်းပဲ ဖြစ်ပါသည်။

အေးမွန်



# Their My

Arranged by Phyoe Su Po Po

ဒီလမှာတော့ My စကားလုံးကို ရွေးချယ်ဖြစ်ပါတယ်။ 'ကျွန်ုပ်၏' ဆိုတာတွေမှာမှ ကိုယ့်ဘဝအတွက် အရေးကြီးဆုံးဖြစ်တဲ့ 'ကျွန်ုပ်၏' များကို ရွေးပြီး ဒါရိုက်တာ ညီမင်းလွင်၊ ခေတ်ပုံဝဏ္ဏခွာနီး နဲ့ Fashion Designer ဂျိုကာတို့ရဲ့ My Partner၊ My Career၊ My Future တို့ကို ဆွေးနွေးပေးခဲ့ကြပါတယ်။



ညီမြင်းလွင်

My Partner

ကျွန်တော့်ရဲ့ Partner ဆိုရင်တော့ ကျွန်တော့်ရဲ့ဇနီး စန္ဒာလွင်အကြောင်းပေါ့။ သူနဲ့ ကျွန်တော်နဲ့ ချစ်သူမဖြစ်ခင် အချိန်ကတည်းက သူပြောခဲ့တဲ့ စကားလေးတစ်ခွန်း ရှိတယ်။ ကျွန်တော်က ဒါရိုက်တာ အရမ်းဖြစ်ချင်ခဲ့တယ်။ ကျွန်တော် ဖြစ်ချင်တာနဲ့ ပတ်သက်ပြီး ကျွန်တော်ဘာမှ မလုပ်ရသေးခင်ကတည်းက ကျွန်တော့်ကို ယုံကြည်ပေးတဲ့သူ နှစ်ယောက် ရှိတယ်။ အဲဒီနှစ်ယောက်က ကျွန်တော့်အဖေရယ်၊ ကျွန်တော့်ဆရာရယ်ပေါ့။ သူတို့နှစ်ယောက်က ကျွန်တော့်ကို ယုံကြည်ပေးတယ်လို့ သူ့ကိုပြောပြတော့ သူက ဒီနေ့ကစပြီး သူအပါအဝင် သုံးယောက်ဖြစ်သွားပြီလို့ မှတ်ထားလိုက်ပါတဲ့။ အဲဒီစကား ကြားလိုက်ကတည်းက ကျွန်တော် သူ့ကို အရမ်းချစ်သွားခဲ့တယ်။ ချစ်သူဖြစ်သွားပြီး ချစ်သူသက်တမ်း ၅ နှစ်။

အခု အိမ်ထောင်သက် ၈ နှစ် ကျော်အထိလည်း သူက တကယ်ကို ကျွန်တော့်အလုပ်နဲ့ ပတ်သက်ပြီး ယုံကြည်ပေးခဲ့တယ်။ ဒီစကားတစ်ခွန်းနဲ့တင် သူက ကျွန်တော့်ရဲ့ Partner

“

ကျွန်တော့်ရဲ့အလုပ်ကို ကျွန်တော်ကလုပ်ချင်လို့ကို လုပ်ခဲ့တာပါ။ အခုချိန်ထိတော့ ကျွန်တော်လုပ်ပြချင်တာတွေ ရှိသေးတယ်။ အကြောင်းကြောင်းကြောင့် မလုပ်နိုင်သေးဘူး။ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ကျွန်တော်လုပ်မှာပါ။

တစ်ယောက် ဖြစ်သင့်တဲ့သူပါ။ နောက် ပြီး ၂၀၁၁ ခုနှစ်မှာ ကျွန်တော် အမှုတစ်ခုရင်ဆိုင်ရပြီး တရားရုံးမှာ လက်ထိပ်နဲ့ နေခဲ့ရတယ်။ တရားရုံး အချုပ်ခန်းထဲကနေ တရားခွင်အထိ ကျွန်တော် လက်ထိပ်နဲ့ လမ်းလျှောက်ရတယ်။ လက်ထိပ်ကြီးနဲ့ လမ်းလျှောက်ရတာ ကျွန်တော့်အတွက် ခက်ခဲတယ်။ စိတ်ထဲမှာ တစ်မျိုးဖြစ်တယ်။ အဲဒီအချိန်မှာ လက်ထိပ်နဲ့ ကျွန်တော့်လက်ကိုတွဲပြီး သူက ဘေးက လျှောက်ပေးခဲ့တယ်။ ယောကျ်ားတဲ့ . . . ကိုယ်မှန်တယ်လို့ စိတ်ထဲ မှာ ထည့်ထားပါတဲ့ တစ်ချိန်မှာတော့ အိမ်ပြန် ရောက်မှာတဲ့။ အဲဒီလို အားပေးပြီး လျှောက်ပေးခဲ့တယ်။ ဒါက ကျွန်တော့်ရဲ့ Partner ပါ။

My Career

ကျွန်တော့်ရဲ့အလုပ်ကို ကျွန်တော်က လုပ်ချင်လို့ကို လုပ်ခဲ့တာပါ။ အခုချိန်ထိတော့ ကျွန်တော် လုပ်ပြချင်တာတွေ ရှိသေးတယ်။ အကြောင်းကြောင်းကြောင့် မလုပ်နိုင်သေးဘူး။ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ကျွန်တော် လုပ်မှာပါ။ လက်ရှိအခြေအနေကို ကျေနပ်လား မေးရင်တော့ ကျေနပ်ပါတယ်။ ဒါပေမဲ့ အားရသလား

မေးရင်တော့ အားမရဘူး။ ထပ်လုပ်ပြချင်တာတွေ ရှိသေးတယ်။ ဒီအလုပ်ကတော့ ကျွန်တော် ကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ ရွေးချယ်ပြီး လုပ်ခဲ့တဲ့ အလုပ်ကို နှစ်သက်တယ်။ လူတစ်ယောက်က ကိုယ့် Career ကို ရွေးရင် ဝါသနာနဲ့ အသက်မွေးဝမ်းကြောင်းနဲ့ ခွဲခြားပြီး သိထားဖို့လိုတယ်။ ကိုယ့်ဝါသနာက ကိုယ်အသက်မွေးဝမ်းကျောင်းလို့ ရလားဆိုတာပေါ် မူတည်တယ်။ ဥပမာ - တက္ကသိုလ်ကျောင်းသားတစ်ယောက်က သူက မေဂျာတစ်ခုမှာ Roll No.1 သူက Chest ထိုးတာ ဝါသနာပါတယ် ဆိုပါစို့။ ဒါဆို သူ့ဝါသနာနဲ့ သူ အသက်မွေးဝမ်းကျောင်းလို့ ရလားဆိုတာပေါ့။ တကယ်လို့ ကိုယ့်ဝါသနာကို ကိုယ်ကသာ သေသေချာချာ ပြုစုပျိုးထောင်လို့ အသက်မွေးဝမ်းကျောင်းလို့ရရင်တော့ ရဲရဲတင်းတင်းသာ ကိုယ့်ဝါသနာပေါ် ခြေစုံပစ်ရပ်လိုက်ပါ။ ကျွန်တော် မြောက်ပေးပါတယ်။ အကယ်၍ ကိုယ့်ဝါသနာက အသက်မွေးဝမ်းကျောင်းလို့ မရရင်လည်း ကိုယ့်ဝါသနာနဲ့ အနီးစပ်ဆုံး တူတဲ့ အလုပ်ကို ရွေးသင့်တာပေါ့။

My Future

ကျွန်တော့်ရဲ့ အနာဂတ်မှာတော့ ကျွန်တော် လုပ်ပြချင်တာတွေ လုပ်နိုင်တာတွေကို လုပ်မှာပေါ့။ ကျွန်တော့် မိသားစုအတွက် Future ကတော့ သပ်သပ်ရှိတယ်။ ကျွန်တော့်အလုပ်အတွက်တော့ ကျွန်တော် လုပ်ခွင့်ရတဲ့အချိန်မှာ ကျွန်တော့်ပရိသတ်အတွက် ကျွန်တော် လုပ်ပြမှာပါ။ ကျွန်တော့်အနာဂတ်မှာလည်း ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်အလုပ်က ထိပ်ဆုံးမှာ ရှိနေမှာပါ။



# ကိုဝဏ္ဏဆွာနီး

My Partner

ကျွန်တော်ကတော့ ကျွန်တော့် Partner ဆို ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေအကြောင်းပဲ ပြောရမယ်။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေကတော့ အများကြီးပဲ။ သရုပ်ဆောင် မင်းသား၊ မင်းသမီး၊ မိတ်ကပ်သမား၊ Designer ၊ နောက်ပြီး သတို့သား၊ သတို့သမီး၊ ကိုယ့်ကို အလုပ်လာအပ်တဲ့ Producer ဒီလူတွေ ပါတယ်။ မင်္ဂလာပွဲလိုက်ရင် အခမ်းအနားမှူးပါ ပါတယ်။ ဒီလူတွေက ကျွန်တော့်ရဲ့ Partner တွေပေါ့။ အားလုံးက teamwork လုပ်ရတာပေါ့။ စီးပွားရေးကြော်ငြာတစ်ခု ရိုက်မယ်ဆိုရင် ကျွန်တော့်ဘက်က actor ဖြစ်ဖြစ်၊ actress ဖြစ်ဖြစ် ချိန်းရတယ်။ Location ၊ idea စတာတွေ စဉ်းစားရတယ်။ ကျွန်တော်က

“

ကျွန်တော်ကဓာတ်ပုံပညာနဲ့ပဲစီးပွားရှာတတ်တော့ဒီပညာနဲ့ပဲကျွန်တော်ကဆက်ပြီးရှင်သန်သွားမှာပါ။ အခုဆိုနောက်ပိုင်းမှာကျွန်တော်တို့နိုင်ငံကတိုးတက်လာတော့ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးကျွန်တော်ကပိုပြီးဘာတွေလုပ်နိုင်မလဲ အမြဲစဉ်းစားနေတာပါ။



ဒီ scene တစ်ခုကို ဒီနေရာမှာ ရိုက်ချင်တယ်ဆိုပြီး တွေးထားတယ်။ ရိုက်မယ့်နေ့မှာ ရိုက်ချင်တဲ့ အချိန်၊ ရိုက်ချင်တဲ့ Lighting ၊ အဝတ်အစားဒါတွေရွေးပြီး ရိုက်ကွင်းတည်တယ်။ ဒါပေမဲ့ အဲဒီနေ့မှာ မင်းသား (သို့) မင်းသမီးက နှစ်နာရီကျော် သုံးနာရီလောက် နောက်ကျသွားရင် အဲဒါက အားလုံး timing တွေ အောက်ကုန်တာပဲ။ ကိုယ်လိုချင်တာတွေအားလုံး လွဲကုန်တယ်။ ကျွန်တော်ပြောချင်တာက အနုပညာဆိုတာကို ခဏမေ့ထားဦး။ အားလုံးက Professional လုပ်နေကြတာ။ အချိန်လေးစားချင်တယ်။ ကျွန်တော်တို့ အားလုံး ရုပ်ရှင်ကြည့်ဖူးကြပါတယ်။ ရုပ်ရှင်ပွဲချိန်က ၉ နာရီဆို ၉ နာရီမှာ ပြတာပဲလေ။ အဲဒီအခါတော့ အချိန်မီအောင်သွားပြီး အလုပ်ကျတော့ ဘာလို့ နောက်ကျရတာလဲ။ ဒီလို အရာတွေအားလုံးကို ကျွန်တော်တို့က အဆင်ပြေအောင် ညှိနှိုင်းပြီး လုပ်ရတာပဲ။ ဘာလို့လဲဆိုတော့ ဒီအလုပ်ဆိုတာ ကျွန်တော်တစ်ယောက်တည်းနဲ့ ပြီးတာမှ မဟုတ်တာ။ ကိုယ့် Partner တွေနဲ့ ဒီလိုပဲ လုပ်ရတာပါပဲ။

My Carceer

ကျွန်တော့်အဖေက ဓာတ်ပုံဆရာ၊ ကျွန်တော် ၈ တန်း၊ ၉ တန်းလောက်မှာ ဓာတ်ပုံဆရာ ဖြစ်ချင်တယ်ဆိုတော့ ကျွန်တော့်အဖေက မသင်ပေးသေးဘူး။ နောက်ပိုင်းမှ မဂ္ဂဇင်းတွေမှာ ရိုက်၊ တေးစီးရီး Wall Sheet ရိုက်၊ စီးပွားရေး Wall Sheet တွေရိုက်ရင်း VCD, TV ကြော်ငြာတွေ ရိုက်တယ်။ အခုတော့ မင်္ဂလာဆောင်လိုင်းကို Main အနေနဲ့ လုပ်ဖြစ်တယ်။ ကျွန်တော်တို့ ဗီဒီယိုလိုင်းဆိုတာ ၁၀၀ ရာခိုင်နှုန်းပေးလို့ အကျိုးအမြတ်က ၁၀၀ ရာခိုင်နှုန်းရမှာ မဟုတ်ဘူး။ တခြားသူတွေနဲ့ ခွဲယူရတာပါ။ ကျွန်တော်က

> ဒီလိုအရာတွေအားလုံးကို ကျွန်တော်တို့က အဆင်ပြေအောင်ညှိနှိုင်းပြီး လုပ်ရတာပဲ။ ဘာလို့လဲဆိုတော့ ဒီအလုပ်ဆိုတာ ကျွန်တော်တစ်ယောက်တည်းနဲ့ ပြီးတာမှမဟုတ်တာ။

ဒီအလုပ်ကို တကယ်ကို ဝါသနာပါလို့ လုပ်ခဲ့တာ။ ဟိုးအရင်ခေတ်ကတည်းက ဓာတ်ပုံဆရာပါ။ အခုဆိုရင် Digital တွေ၊ Intemet တွေ ခေတ်ဖြစ်သွားပြီ။ ဒီတော့ Design တွေပါ ကျွန်တော်တို့က ပိုလေ့လာရတယ်။ ဓာတ်ပုံပညာတင် မဟုတ်ဘူး။ ကျွန်တော်တို့အလုပ်ဆိုတာ ဆရာဝန်တို့၊ သင်္ဘောသားတွေလို မဟုတ်ဘူး။ Artist သမားက အသစ်သစ်တွေပဲ စဉ်းစားနေရတယ်။ ကျွန်တော့်ဆီလာရိုက်တဲ့ သတို့သား၊ သတို့သမီးဆိုတာလည်း ကျွန်တော့်ရဲ့ idea ကို ယုံကြည်လို့ ကျွန်တော့်ကို ယုံကြည်လို့ လာတာလေ။ ဒါကြောင့် ကျွန်တော်ကလည်း သူတို့ကို အသစ်ပဲ ပေးချင်တယ်။

My Future

ကျွန်တော်က ဓာတ်ပုံပညာနဲ့ပဲ စီးပွားရှာတတ်တော့ ဒီပညာနဲ့ပဲ ကျွန်တော်က ဆက်ပြီး ရှင်သန်သွားမှာပါ။ အခုဆို နောက်ပိုင်းမှာ ကျွန်တော်တို့ နိုင်ငံက တိုးတက်လာတော့ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ကျွန်တော်က ပိုပြီး ဘာတွေလုပ်နိုင်မလဲ အမြဲစဉ်းစားနေတာပါ။ နောက်ပြီး ကျွန်တော့်ရဲ့ Future မှာ ကျွန်တော့်သမီးနဲ့ သားက မပါမဖြစ်ပါပဲ။ သားက ငယ်သေးတယ်။ သမီးအတွက်က ပူနေရပြီ။ သမီးကို အခု International School တစ်ခုမှာ ထားတယ်။ နောက်နှစ်လောက်ကျရင်တော့ မြန်မာပုဂ္ဂလိကကျောင်းကို ရွှေ့မလို့ စဉ်းစားထားတယ်။ အရင်ကတော့ သမီးကို နိုင်ငံရပ်ခြားမှာ ကျောင်းတက်စေချင်ခဲ့တာ။ အခုတော့ အဲဒီစိတ်ကူးပြောင်းသွားပြန်တယ်။ သမီးကို ထိန်းရခက်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်သွားမှာ မြန်မာစိတ်ပျောက်သွားမှာ တွေးပူတယ်။ သူ့ကို ယဉ်ကျေး သိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက် ဖြစ်စေချင်တာ ကျွန်တော့်ရဲ့ ဆန္ဒပါပဲ။ ကျွန်တော့်အနာဂတ်က ကျွန်တော့်သမီးနဲ့ သားရဲ့ ဘဝပါပဲ။

# ဂျိုကာ



## My Partner

ဂျိုကာနဲ့ Partner ဆိုရင် ကိုယ့်ဘေးမှာ အနီးကပ်ရှိနေတဲ့ ဂျိုကာအမျိုးသားက ပထမ Partner ပေါ့။ သူက ဂျိုကာကိုဘေးမှာ အားပေးတယ်။ ဂျိုကာတိုင်ပင်တဲ့ အလုပ်ကိစ္စတွေကို ဆွေးနွေးပေးတယ်။ ဂျိုကာရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတယ်။ ဂျိုကာတို့အလုပ်ဆိုတာ တစ်ခါတလေမှာ ထမင်း စားချိန်မရှိလောက်အောင် အလုပ်များတတ်တယ်။ ဒီလိုအခါမျိုးဆိုရင် ဂျိုကာအစာစားဖို့ကအစ သူကဂရုတစိုက်ရှိတတ်တယ်။ နောက်ပြီး ဂျိုကာရဲ့ အလုပ်က ကိုယ့်ရဲ့ Customer တွေနဲ့ ဆက်ဆံတဲ့အခါ စိတ်ရှည်ရတယ် ဂျိုကာက Customer တွေ အပေါ်မှာတော့ အရမ်းသည်းခံတတ်တယ်။ ဒါပေမဲ့ ကိုယ့်အမျိုးသားအပေါ်မှာတော့ စိတ်မရှည်တတ်ဘူး။ ဒါတွေကိုလည်း သူ့ဘက်က သည်းခံပေးတယ်။ ဂျိုကာ့ရဲ့ ဒုတိယ Partner ဆိုရင် ဂျိုကာဆိုင်က ဝန်ထမ်းညီမလေးတွေပဲ။ သူတို့က ဂျိုကာကို ဘေးက အမြဲပံ့ပိုးပေးနေရတတ်တယ်။ ဂျိုကာနဲ့ အတူတူ ပင်ပန်းခံရတယ်။ ကိုယ့်အပေါ်ကိုလည်း သူတို့ကချစ်တယ်။ လေးစားမှုလည်း ရှိကြတယ်။ သူတို့တွေကြောင့်ပဲ ဂျိုကာရဲ့အလုပ်တွေက ဒီလိုအဆင်ပြေပြေ ဖြစ်နေရပါတယ်။ နောက်ထပ် ဂျိုကာ့ရဲ့ Partner တွေက ဂျိုကာ့ဆီ ယုံယုံကြည်ကြည်နဲ့လာကြတဲ့ Customer တွေပါပဲ။ ဂျိုကာ့ကို အနိုင်ကျင့်တတ်ကြတဲ့ Customer တွေရှိသလို ဂျိုကာက ပြန်အနိုင်ကျင့်တတ်တဲ့ Customer တွေလည်းရှိပါတယ်။ တချို့ Customer တွေက သည်းခံတတ်တယ်။ တချို့က ဂျီကျတယ်။ ဒါပေမဲ့ အားလုံးကတော့ ဂျိုကာဆီလာရင် အလျှင်လိုနေတတ်ကြတဲ့ သူတွေပါပဲ။ သူတို့အားလုံးက ဂျိုကာရဲ့ Partner တွေပါပဲ။ ဒီလိုပြောတော့လည်း ဂျိုကာမှာ Partner ကောင်းတွေချည်းပါပဲ။

## My Career

ဂျိုကာက ဒီ Designer အလုပ်ကို ဝါသနာပါလို့ကို ရွေးလုပ်ခဲ့တာပါ။ ဒီအလုပ်ကို မရွေးခင်မှာ ဂျိုကာက အလုပ်သုံးခုတစ်ပြိုင်တည်းလုပ်တယ်။ အဲဒါက တရုတ်စာကိုကလေးတွေကို သင်ပေးတယ်။ နောက်ဂျပန်ကျောင်းတတ်တော့ ကျောင်းကခိုင်းတဲ့အခါ Tour Guide လုပ်တယ်။ နောက်ပြီး ကိုယ်ဝတ်ချင်တဲ့ အင်္ကျီတွေကို ကိုယ်တိုင် Designထွင်ပြီး ချုပ်တယ်။အဲဒါက ၁၀ တန်းအောင်ခါစမှာ လုပ်တာပေါ့။ နောက်ပြီး ဂျိုကာက မတင်မိုးလွင်ဆီ မှာ သင်တန်းတက်ပြီး Model လုပ်သေးတယ်။ ဒါပေမဲ့ Model လုပ်ရတာကို ဂျိုကာက စိတ်မရှည်ဘူး။ အဲဒီ အလုပ်တွေ အားလုံးထဲမှာမှ ဂျိုကာ စိတ်အဝင်စားဆုံးနဲ့ စိတ်အရှည်ဆုံးအလုပ်ကို ရွေးခဲ့တာပါ။ ဘယ်အလုပ်မဆိုတော့ စိတ်ရှုပ်ရတာ၊ စိတ်ပင်ပန်းတာတော့ ရှိတာပေါ့။ ဂျိုကာတို့ဆီမှာ တစ်နှစ်တစ်ခါဆိုင်က ဝန်ထမ်းတွေနဲ့ ၃ ညအိပ် ၄ ရက်ခရီးမျိုးထွက်တယ်။ ၆ လတစ်ခါ လောက် နေ့ချင်းပြန်ခရီးသွားတယ်။ နေ့မအိပ်ညမအိပ် အလုပ်တွေလုပ်ရတဲ့အခါမျိုး ဆို ခဏဆိုင်တံခါးပိတ်ပြီး ဘုရားကို တစ်နာရီ လောက်သွားလိုက်တယ်။ ပြန်လာတော့ လူက စိတ်လန်းဆန်းသွားပြီး အလုပ်တွေပြန်လုပ်နိုင်တယ်။ ဂျိုကာက အိပ်မက်ထဲက Design တွေကို ဖန်တီးတယ်ဆိုတာ မှန်တယ်ပြောရမယ်။ ဂျိုကာက Design တွေလုံးဝ စဉ်းစားလို့မရတော့တဲ့အခါ အိပ်ပစ်လိုက်တာ။ အဲဒါဆိုအိပ်မက်ထဲမှာ Design တွေဆွဲနေတတ်တယ်။ အဲဒီ Design တွေကို ပြန်နိုးလာတော့ ဆက်ဆွဲတာပေါ့။ ဒီအလုပ်ကို လုပ်မယ်ဆိုရင် ကိုယ်တကယ်ဝါသနာပါမပါ စဉ်းစားပြီးမှ လုပ်သင့်တယ်။ ဒါမှတော်ရုံပင်ပန်းတာမျိုးကို ခံနိုင်မှာပါ။ အောင်မြင်ချင်တာ တစ်ခုတည်းနဲ့တော့ ဒီအလုပ်ကိုမလုပ်စေချင်ဘူး။

> “
> **ဒီအလုပ်ကိုလုပ်မယ်ဆိုရင် ကိုယ်တကယ်ဝါသနာပါမပါ စဉ်းစားပြီးမှလုပ်သင့်တယ်။ ဒါမှ တော်ရုံပင်ပန်းတာမျိုးကို ခံနိုင်မှာပါ။**

## My Future

ဂျိုကာက ကိုယ့်ဘဝကို ဘာမှခမ်းခမ်းနားနားကြီးစဉ်းစားထားတာမျိုးတော့ မရှိပါဘူး။ အိမ်ထောင်မကျခင်တုန်းကဆိုရင် ဂျိုကာ့ပါပါးက သူ့ဆီမှာ ပိုက်ဆံစုပါပြောတယ်။ အရင်က ကိုယ်က ဆိုင်မဖွင့်ခင်အိမ်နဲ့ တွဲပြီး ဖွင့်တုန်းက။ ပါပါးတို့က ပိုက်ဆံစုပြီး ဆိုင်ဖွင့်ဖို့ တွန်းအားပေးတယ်။ နောက်တော့ ပါပါးက သူ့ဆီမှာ ၃ ကျပ်တိုးနဲ့စုခိုင်းတော့ စုဖြစ်သွားတယ်။ အခု အိမ်ထောင်ကျ သွားတော့လည်း သိပ်ပြီးမပြောင်းပါဘူး။ ဂျိုကာက ဘဝကို အဓိပ္ပာယ်ရှိရှိနေသွားဖို့ပဲ တွေးတယ်။ အစားဆိုရင်တော့ ဗိုက်ဆန့်သလောက်စားမှာပဲ။ ဂျိုကာဆိုရင် ကိုယ့်ဆိုင်က ဝန်ထမ်းတွေနဲ့ ဝက်သားတုတ်ထိုးသွားစားရင် ဗန်းထဲက ကုန်အောင်ကိုစားတယ်။ လူဆိုတာ ပင်ပန်းသလောက်တော့ စားရ၊ သောက်ရမယ်လို့ ဂျိုကာက ခံယူထားတယ်။ ဒီ Desiner အလုပ်ကိုလည်း ဂျိုကာက လုပ်နိုင်သလောက် လုပ်မှာပဲ။ မလုပ်နိုင်တော့ရင် ယောက်ျားအလုပ် စာထိုင်စားမယ်လေ။ အခု ၂၀၁၄ ထဲမှာတော့ ဂျိုကာက Deisgn သင်တန်းဖွင့်မယ်။ နောက်ပြီး ကိုယ့်မိသားစုအတွက် ဂျိုကာတို့ ရင်သွေးယူဖို့ ပြင်ဆင်နေကြပါတယ်။

**ဖြိုးစုပိုပို**



# ခံစားမှုတွေကို အသက်ဝင်စေသူ

## မာမီကျော် (Florist)

သဘာဝအလှတရားကို ပိုင်ဆိုင်ထားပြီးဖြစ်တဲ့ ပန်းပွင့်လေးတွေကို လူတွေရဲ့ စိတ်ကူး၊ အတွေးတွေနဲ့အတူ နည်းပညာပံ့ပိုးမှုတွေပါ ပေါင်းလိုက်တဲ့အခါ Floral Design တွေ ခမ်းနားစွာ ဖြစ်တည်လာပါတယ်။ စိတ်ကူးကောင်းတွေကို ရဲရင့်စွာ ဖန်တီးနိုင်တဲ့ Florist တွေ အများကြီးထဲကမှ ခမ်းနားတဲ့ Design တွေကို အများနဲ့မတူ တီထွင်နိုင်တဲ့ မာမီကျော်ရဲ့ စကားတွေကိုနားထောင်ကြည့်တဲ့အခါ . .

ဖြိုးစုပိုပို

**Florist ပညာရပ်နဲ့ ပတ်သက်ပြီး မာမီကျော်က ဘယ်အချိန်ကတည်းက စိတ်ဝင်စားခဲ့တာပါလဲ။**

စိတ်ဝင်စားခဲ့တာတော့ ငယ်ငယ်ကတည်းကပဲ။ မာမီတို့အိမ်က ဘုရားပန်းအိုးတို့၊ အလှပန်းအိုးတို့ကို မာမီက ငယ်ငယ်ကတည်းက ပြင်တာပဲ။ တက္ကသိုလ်ရောက်တော့လည်း အဲဒီခေတ်တုန်းက အိကေဘားနားပန်း အလှသင်တန်းတို့ ဘာတို့ ရှိတယ်။ အဲဒီမှာလည်း ပါခဲ့တယ်။ နောက်တော့ မာမီက စင်ကာပူမှာ ကွန်ပျူတာ ကျောင်းတက်တယ်။ ပြီးတော့ မလေးရှားကို ရောက်သွားတယ်။ မလေးရှားမှာ အလုပ်လုပ်မယ်ဆိုတော့ ကိုယ်ချစ်တဲ့ ပန်းအလှပြင်တာကိုပဲ ရွေးလိုက်တယ်။ မာမီက ဒီပန်းအလှပြင်တဲ့ပညာကို လုပ်ငန်းအတွေ့အကြုံနဲ့ ယှဉ်ပြီးတက်တာ။ မာမီက မလေးရှားက ပန်းဆိုင်မှာ တံမြက်စည်းလှည်းတာနဲ့ စပြီး အလုပ်ဝင်ရတာ။ အဲဒီလိုဘဝကနေ သူတို့ဆီက ပညာကိုယူခဲ့ရတာ။ အောက်ခြေကနေစပြီး သင်ရတာ။ နောက်တော့ တဖြည်းဖြည်းနဲ့ ပန်းအဟောင်းတွေနဲ့ ကိုယ်က ထိုးကြည့်တယ်။ ဒါကို ကိုယ့်လက်ရာကို သူဌေးက မြင်သွားတော့မှ ပန်းထိုးခိုင်းတယ်။ ဒီတော့ ကိုယ် ပင်ပင်ပန်းပန်းနဲ့ ပညာယူထားရတော့ မာမီက ဒီပညာကို သူများတွေထက် ပိုပြီးတန်ဖိုးထားတယ်။

**အခုနောက်ပိုင်းမှာ လူတော်တော်များများက လှူမှုရေးအရ ပန်းစည်းပေးတာတို့၊ ပန်းခြင်း ပို့တာတို့ဆိုတာမျိုး ဓလေ့တွေ ရှိလာကြတယ်။ ဒီလိုယဉ်ကျေးမှုနဲ့ ပတ်သက်ပြီး မာမီဘယ်လို ဆွေးနွေးချင်ပါသလဲ။**

> မာမီကျော်ဆို အခုဒီမှာ အလုပ်ပြန်လုပ်နေတာ ၃ နှစ်ကျော်ပြီ။ ဒီမှာက တွေ့ရင်တော့ အပြောချိုချိုနဲ့ သူငယ်ချင်းလိုပဲ။ နောက်ကွယ်ကျမှ တစ်မျိုးတွေ ပြောကြတယ်။ ပြီးတော့ ကိုယ်လုပ်တာတွေကို သူတို့လိုက်လုပ်ကြတယ်။ လိုက်လည်း လုပ်သေးတယ်။ မာမီကျော်ဆီက ပညာရလိုက်တယ် မပြောဘဲ တွေ့လား ငါတို့လည်း လုပ်နိုင်တယ်ဆိုပြီး ပြောကြတယ်။ အပြုံးမားထောက်သမားတွေ ဖြစ်နေတယ် . . . .

အမှန်တော့ ဒီဓလေ့က အရမ်းကောင်းတဲ့ ဓလေ့ပါပဲ။ သစ်သီးခြင်းတို့ ပန်းခြင်းတို့ပေးတယ်ဆိုတာ နိုင်ငံခြားမှာတော့ ဟိုးအရင်ကတည်းက လုပ်လေ့ရှိကြတဲ့ ဓလေ့ပါပဲ။ ဒီမှာတော့ အခုမှ လုပ်လာကြတာပါ။ ဥပမာ - နေမကောင်းဖြစ်နေတဲ့ လူမမာတစ်ယောက်ဆီ ပန်းခြင်းလှလှလေး ပို့ပေးတော့ သူတစ်ယောက်တည်း အထီးကျန်နေတဲ့ အချိန်ဆိုတော့ Cheer ဖြစ်တာပေါ့။ တချို့ဆို အိမ်တက်ပွဲတို့ ဘာတို့ဆိုရင်လည်း ပန်းအိုးလေး တစ်အိုး လက်ဆောင်ပေးလိုက်ရင် အဆင်ပြေသွားတာပေါ့။ ဒီ Floral Service ဆိုတာ တိုးတက်သင့်နေပါပြီ။

**နောက်ပြီး ဒီနိုင်ငံမှာ ပန်းတွေက မျိုးစုံရှိနေပေမဲ့ ပန်းအလှပညာရှင် တော်တော်များများက နိုင်ငံရပ်ခြားက ပန်းတွေနဲ့ အလှဆင်နေကြတာပဲ တွေ့ရလေ့ရှိပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့လည်း မာမီရဲ့ သုံးသပ်မှုလေး သိပါရစေ။**

ဒီနိုင်ငံမှာ ပန်းတွေအမျိုးစုံရှိတာ မှန်ပါတယ်။ ဒါပေမဲ့ ပန်းအလှဆင်တဲ့သူတွေက နိုင်ငံခြားက ပန်းတွေ ကြိုက်ကြတယ်ဆိုတာ သူတို့ဆီက ပန်းတွေက ပိုပြီး အထားခံတယ်။ မာမီတို့ဆီက ပန်းတွေက လှတယ်၊ စုံတယ်။ ဒါပေမဲ့ အထားမခံဘူး။ နေ့ဝက်လောက်ဆိုရင် ညိုးကုန်တတ်တယ်။ မင်္ဂလာဆောင်တစ်ခုကို ပန်းအလှဆင်မယ်ဆိုရင် မာမီတို့က တစ်နေ့၊ တစ်ညတည်းက ပြင်ရတော့ အထားခံတဲ့ ပန်းကို ရွေးရတယ်။ ညိုးလွယ်တဲ့ပန်းဆိုရင် မဖြစ်ဘူး။ ဒါပေမဲ့ အခု ဒီက ပန်းတွေကိုတော်တော်များများ သုံးကြပါတယ်။ ဒီက ပန်းနဲ့ နိုင်ငံခြားက ပန်းယှဉ်လိုက်ရင် Fertilizer အနေနဲ့၊ ရာသီဥတုအနေနဲ့ ကွဲပြားလို့လား မသိဘူး။ ကွာတာတော့ အရမ်းကွာတယ်။ မာမီတို့တွေက ကိုယ်တာဝန်ယူထားရတဲ့ ပွဲတစ်ပွဲမှာ အချွတ်အချော်မရှိအောင်၊ အကောင်းဆုံးဖြစ်အောင် လုပ်ပေးချင်တော့ နိုင်ငံခြားပန်းတွေကို ပဲ ရွေးဖြစ်လိုက်တော့တယ်။ အခုနောက်ပိုင်းမှာ ဒီမှာလည်း နှင်းဆီတို့ ဘာတို့တော့ အထားခံတာတွေ ပေါ်လာပါပြီ။ မာမီကျော်လည်း အကြံဉာဏ်ပေးချင်တယ်။ ပန်းစိုက်သူတွေကိုပါ။ သူများနိုင်ငံမှာ ဘယ်လို Fertilizer တွေသုံးနေလဲ။ ဘယ်လိုနည်းပညာတွေနဲ့ စိုက်နေလဲ ဆိုတာ လေ့လာသင့်တယ်။ မာမီတို့နိုင်ငံခြားက မှာတော့လည်း ဈေးတွေက တအားကြီးတာပေါ့။ ဒီမှာသာရရင် မာမီတို့က ဈေးသက်သက်သာသာ နဲ့ ရနိုင်တာပေါ့။

**အခုလို ဖေဖော်ဝါရီလမျိုးမှာဆိုရင်လည်း ချစ်သူစုံတွဲတွေကြားမှာ ပန်းစည်းပေးတာတွေ သိပ်ပြီး ပေါ်ပြူလာဖြစ်တယ်နော်။ ဒီလိုအခါမျိုးမှာရော ဘယ်လို ဖန်တီးမှုမျိုးနဲ့ မာမီတို့က ဖန်တီးပေးပါသလဲ။**

နိုင်ငံခြားမှာတော့ Valentine's Day ဆိုပြီး အရင်တုန်းက တအားခေတ်စားတယ်။ အခုတော့ ဟိုမှာ ဒီလောက် ခေတ်မစားတော့ဘူး။ ဒီမှာလာပြီး ခေတ်စားတယ်။ ပန်းလေးတွေမှာ သင်္ကေတလေးတွေ ရှိတယ်။ ဒီတော့ မာမီတို့က သူတို့သုံးနိုင်တဲ့ budget ပေါ် မူတည်ပြီး ဘယ်လို ပန်းလေးတွေနဲ့ လုပ်ရမလဲဆိုတာ စဉ်းစားပေးတယ်။ အခုနောက်ပိုင်းမှာတော့ ပန်းတွေပဲ မဟုတ်ဘဲ ချောကလက်တို့၊ ကိတ်တို့နဲ့ တွဲပြီး ဖန်တီးပေးတယ်။

**ပန်းအလှဆင်ပညာရှင်တစ်ယောက်မှာရော ဘယ်လိုခံစားမှုမျိုး၊ ဘယ်လိုအတတ်ပညာမျိုး ရှိထားရပါမလဲ။**

မာမီက ကိုယ့်ကိုယ်ကိုယ်တော့ ပညာရှင်တစ်ယောက်အဖြစ်တော့ မသတ်မှတ်ထားသေးပါဘူး။ ပန်းပညာဆိုတာ လေ့လာလို့ မကုန်နိုင်ပါဘူး။ အခုခေတ်ဆိုရင် အများကြီးလေ့လာလို့ရတယ်။ Internet တွေရောဘာတွေရောကနေ လေ့လာလို့ ရပါတယ်။ လေ့လာပြီး ကိုယ့်နိုင်ငံယဉ်ကျေးမှုနဲ့ ယှဉ်ပြီး ဗမာမှုပြုပြီး ပြန်လုပ်လို့ရတယ်။ မာမီကျော်ဆို အခု ဒီမှာ အလုပ်ပြန်လုပ်နေတာ ၃ နှစ်ကျော်ပြီ။ ဒီမှာက တွေ့ရင်တော့ အပြောချိုချို နဲ့ သူငယ်ချင်းလိုပဲ။ နောက်ကွယ်ကျမှ တစ်မျိုးတွေ ပြောကြတယ်။ ပြီးတော့ ကိုယ်လုပ်တာတွေကို သူတို့လိုက်လုပ်ကြတယ်။ လိုက်လည်း လုပ်သေးတယ်။ မာမီကျော်ဆီက ပညာရလိုက်တယ် မပြောဘဲ တွေ့လား ငါတို့လည်း လုပ်နိုင်တယ်ဆိုပြီး ပြောကြတယ်။ အပြုံးမားထောက်သမားတွေ ဖြစ်နေတယ်။ ဒီအလုပ်ဟာ ကိုယ့်ကြိုးစားမှုနဲ့ ကိုယ့်အလုပ်ကို လုပ်နေဖို့ပဲ လိုပါတယ်။

**ကိုယ့်ဆီလာတဲ့ Client တွေနဲ့ ညှိနှိုင်းလို့ အဆင်မပြေတာတွေ ကြုံခဲ့ဖူးပါသလား။**

တစ်ခါမှတော့ အဲဒီလိုမဖြစ်ဖူးဘူး။ မာမီကျော်ဆီလာတဲ့သူတွေက မာမီကျော် စိတ်ကြိုက်လုပ်ဆိုတာပဲများတယ်။ တချို့ဆို Design လေးတောင် မပေးဘူး။ အဲဒီအတွက် မာမီကံကောင်းပါတယ်။ မာမီကတော့ Client တွေအားလုံးကို Drawing လေး ဆွဲပြတယ်။ သတို့သား၊ သတို့သမီးဆိုတာ သူတို့မှာ အိပ်မက်လေးတွေ ပါလာတတ်တယ်။ ဒီတော့ မာမီက သူတို့ဖြစ်ချင်တာတွေ မေးပြီးမှ အဲဒီကနေ ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာတွေနဲ့ ချိန်ပြီး Design လုပ်ပေးတယ်။

**မြိုးစုပိုပို**

# Olides
# Goldies



ကိုယ့်လက်ထဲ ရောက်လာခဲ့တဲ့ ထူးဆန်းလှတဲ့ ဖိတ်စာလေးကို အထက်အောက် ရှေ့နောက် ထပ်ထပ်ကြည့်နေမိတယ်။ 'သေနေ့ကြိုနှုတ်ဆက်ပွဲ' တဲ့။ 'မေတ္တာဖြင့် လက်ဆောင်ပစ္စည်းပေးပို့ခြင်း သည်းခံပါ' လို့လည်း ရေးထားပြန်တယ်။ ဖိတ်စာအတွင်းဘက်မှာတော့ ငယ်နုလှတဲ့ မောင်နှံပုံနဲ့ အတူ နှစ်ယောက် တစ်ဘဝရဲ့ အစဆုံးနေ့ အပြုံးပန်းတွေနဲ့ ဝေ စေနိုင်ပါစေ. . . လေလို့ ရေးထားတယ်။ နောက်ကျောဖုံးအတွင်းဘက်မှာကျတော့ အိုမင်းလှပြီဖြစ်တဲ့ မောင်နှံပုံလေး။ ဒီပုံလေးနဲ့ အတူ ရေးထားတဲ့ စာလေးက ပိုတောင် စိတ်ဝင်စားစရာကောင်းသေး။ 'လမင်းကွယ်ချိန် နေကွယ်ချိန် လွမ်းသူရဲ့ပွဲ ဘယ်သူအရင်လဲ' တဲ့။ ကျွန်တော် သေခြင်းနိီး သပြေညိုဦးတင်ရွှေနှင့် ကျွန်မသေခြင်းနီး ဒေါ်တင်ရီတို့ရဲ့ နှစ် ၅၀ ပြည့် ရွှေရတုမင်္ဂလာအထိမ်းအမှတ်အဖြစ် သေနေ့ကြိုနှုတ်ဆက် မိတ်ဆုံစားပွဲသို့ လာဖြစ်အောင်သာ လာခဲ့ပါရန် ဖိတ်ကြားထားပါတယ်။ ပွဲကျင်းပတဲ့ ၃. ၁၁. ၂၀၁၃ နေ့မှာ ကိုယ်ရောက်သွားတော့ အသက် ၇၇ နှစ်စီရှိနေပြီဖြစ်တဲ့ အဘိုးဦးတင်ရွှေနဲ့ အဘွားဒေါ်တင်ရီတို့ နှစ်ဦးလုံးကို အေးချမ်းတဲ့အပြုံးကိုယ်စီနဲ့ တွေ့ခဲ့ရပါတယ်။ သူတို့နှစ်ဦးစလုံးရဲ့ အပြုံးတွေထဲမှာ သေခြင်းတရားအား ရင်ဆိုင်ရန် အသင့်ဖြစ်နေတဲ့ အပြုံးကိုလည်း တွေ့နေရတယ်။ ကိုယ့်ရဲ့လေးစားမှုတွေ၊ စိတ်ဝင်စားခြင်းတွေ အတူယှဉ်စိတ်တွေနဲ့ အဘိုးနဲ့အဘွားကို မေးခွန်းလေးတွေ မေးကြည့်ဖြစ်ခဲ့တယ်။ ဒီဖေဖော်ဝါရီလဆိုတာ ချစ်သူတွေ ပျော်ကြတဲ့ အထိမ်းအမှတ်နေ့လေးရှိတဲ့ လပါ။ ဒါပေမဲ့ အဘိုးဦးတင်ရွှေနဲ့ အဘွားဒေါ်တင်ရီတို့လို ချစ်သူစုံတွဲ ဇနီးမောင်နှံမျိုးတော့ ရှားလိမ့်မယ်။ ဒါကြောင့် ကိုယ်က အဘိုးအဘွားတို့ရဲ့ ဘဝခရီးလမ်းအကြောင်းနဲ့ အပြုံးမပျက် မေတ္တာဖက်ရင်း ဘဝနောက်ဆုံးချိန်ကို ကြည်ကြည်နူးနူး စောင့်ရဲတဲ့ သတ္တိကို ရတီစာဖတ်ပရိသတ်တွေ အတွက် ရည်ရွယ်ပြီး ဒီလို လမှာ ဖော်ပြပေးလိုက်ပါတယ်။





## မောင်တင်ရွှေနဲ့ မတင်ရီရဲ့ ဖူးစာ

အဘိုးတို့နှစ်ဦး စတွေ့တာက သက်ကြီးတက္ကသိုလ်တစ်ခုမှာ စတွေ့တာ။ သက်ကြီးတက္ကသိုလ်ဆိုတာ အဲဒီတုန်းက ပုဇွန်တောင်ကြက်တန်းနားက အ. မ. က (၄) ကျောင်းမှာရှိတယ်။ ၁၉၅၉ ခုနှစ်မှာ သက်ကြီးတက္ကသိုလ်တက်ရင်းတွေ့တာ။ အဘိုးက သဘောကျတော့ အဘွားကို စာအစောင်ပေါင်းများစွာ ပေးပြီး ချဉ်းကပ်ရတယ်။ အဘိုးက စာအစောင်ရေရာကျော်လောက်ပေးပြီးမှ သူ့ဆီက ပြန်စာလေးရတယ်။ အဲဒီစာမှာ ဘာရေးထားလဲဆိုတော့ "ကိုတင်ရွှေရေ . . . နောက်ကိုတော့ မောင်လို့ပဲ ခေါ်တော့မယ်နော်" တဲ့။ အဲဒီလိုလေး ရေးပေးတဲ့စာနဲ့ သမီးရည်းစားဖြစ်သွားတာ။ ၁၉၆၀ ခုနှစ်မှာ သမီးရည်းစား စဖြစ်တယ်ပေါ့။

## နှစ်ယောက်တစ်ဘဝရဲ့ အစ

အဘိုးတို့က ကိုယ်တိုင်အလုပ်လုပ်၊ ပိုက်ဆံစုပြီးမှ နှစ်ယောက်ဘဝ စခဲ့တာ။ အဘွားက ငွေစာရင်းကာကွယ်ရေးရုံးမှာ စာရေးမလုပ်တယ်။ CMA ရုံးလို့ အများက ခေါ်ကြတယ်။ အဘိုးက ကုန်သန်းရောင်းဝယ်ရေး စာရင်းစစ်ရုံးမှာ လုပ်တယ်။ နှစ်ယောက်လုံး ဘွဲ့ရပြီး သုံးနှစ်သုံးမိုး ချစ်သူတွေဖြစ်ပြီးမှ အိမ်ထောင်ပြုဖြစ်တာ။ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့ လွန်ခဲ့တဲ့ နှစ် ၅၀ တုန်းက အိမ်ထောင်ပြုတာပေါ့။ အဲဒီတုန်းက





'Sun Cafe' မှာ မင်္ဂလာဆောင်တာ။ Sun Cafe ဆိုတာ အရင်တုန်းကတော့ နာမည်ကြီးပါပဲ။ အခု 'ကျားကူးကျောင်း' နဲ့ မျက်နှာချင်းဆိုင်မှာ ရှိခဲ့တာ။ အဲဒီအချိန်တုန်းက လူတစ်ယောက်ကို အဝကျွေး ရေခဲမုန့်ရယ်၊ ကော်ဖီလက်ဖက်ရည်ရယ်၊ မုန့်ငါးမျိုးရယ်အပါမှ သုံးကျပ်ခွဲပဲ ပေးရတယ်။ မင်္ဂလာဆောင်မှာ လူတစ်ရာအတွက် ငွေ ၁၄၀၀ ပဲကုန်ခဲ့တယ်။ အခုခေတ်လို မဟုတ်ဘူး။

**ရင်နှင့်စရာအဖြစ်နဲ့ သားလေးနှစ်ဦး**

အိမ်ထောင်ကျတာက ၆၃ ခုနှစ်မှာ။ သားကြီးကို ၆၇ ခုနှစ်မှာ မွေးတယ်။ ၆၉ မှာ သားငယ်လေးကို မွေးတယ်။ သားနှစ်ဦးလုံးက ဒီအဖေအို၊ အမေအိုတွေထက် အရင်ထွက်သွားတယ်။ သားကြီးက စာအရမ်းတော်တယ်။ ၁၀ တန်းကို ငါးဘာသာဖြေရပြီး အမှတ် ၅၀၀ ပေးတဲ့ ခေတ်မှာ သားကြီးက ၄၈၁ မှတ်နဲ့ အောင်ခဲ့တာ။ RIT တက်တယ်။ Mechnical 3rd Year မှာ ၈၈ အရေးအခင်းဖြစ်တယ်။ အရေးအခင်းဖြစ်ပြီး ကျောင်းတွေပိတ်တော့ အိမ်ပြန်ရောက်လာတယ်။ အဘိုးတို့က ကန်တော်လေးမှာ ဟိုးနဂိုကတည်းက နေတာ။ အဲဒီအချိန်တုန်းက ကန်တော်လေးက မူးယစ်ဆေးဝါးဌာနချုပ်လို့ ပြောရင် မမှားဘူး။ ဒီတော့ အပေါင်းအသင်းမှားပြီး သားကြီးက ဆေးစွဲသွားတယ်။ ဆေးစွဲပြီး အပ်တန်းလန်းနဲ့ပဲ ဆုံးသွားတယ်။ သားငယ်လေးက ၈၉ ခုနှစ်မှာ




ဆုံးပြန်တယ်။ ဘယ်လိုဆုံးလဲဆိုတော့ စင်ကာပူနိုင်ငံ ဂျူဒေါင်းမြို့မှာ မြန်မာက သူတစ်ယောက်တည်း၊ အင်ဒိုနီးရှားက ၉ ယောက်နဲ့ ရန်ဖြစ်ပြီး ရေထဲပစ်ချခံရပြီး ဆုံးသွားတယ်။ ရန်ဖြစ်တာကလည်း သူ့အတွက်နဲ့ ဖြစ်တာမဟုတ်ပါဘူးကွယ်။ သားက သင်္ဘောလိုက်တယ်။ ဖြစ်တဲ့ကိစ္စက တခြားသင်္ဘောက မြန်မာနိုင်ငံသားရဲဝင်းဆိုတဲ့ သူငယ်ကို အင်ဒိုနီးရှား Second Cook က သူ့အဝတ်အစားတွေကို နံတယ်ဆိုပြီး အနိုင်ကျင့်ပြီး ပင်လယ်ထဲ ပစ်ချလိုက်တယ်တဲ့။ ဂျူဒေါင်းဆိပ်ကမ်းကို ရောက်တော့ ဗမာအချင်းချင်း တွေ့တော့ ဒီကိစ္စကို ပြန်ပြောတယ်။ ဒါကို







သားက မခံနိုင်ဖြစ်ပြီး ကိုယ်စားရန်ဖြစ်ရင်း ဆုံးသွားရတာ။ သူဆုံးတော့ အသက် ၁၉ နှစ် သာသာလေး ရှိသေးတာ။ သားနှစ်ယောက်ရှိခဲ့ပေမဲ့ နှစ်ယောက်လုံးက အိမ်ထောင်မပြုရသေးခင်မှာပဲ ဆုံးသွားတော့ မြေးတွေမြစ်တွေလည်း မကျန်ခဲ့ပါဘူး။ ဒီလင်ဒီမယားနှစ်ယောက်ပဲ ဘဝကို ရုန်းကန်ရတာပဲ။

**နှစ်ဦးကြားက သည်းခံမှု**

လင်မယားကြားမှာ သည်းခံမှုက အရေးပါဆုံးပဲ။ အဘိုးဆိုရင် အဘွားကို နင်နဲ့ငါနဲ့တောင် မပြောဘူး။ သူက အဘိုးထက် ၃ လကြီးတယ်။ ဒီတော့ ကျွန်တော်၊ ခင်ဗျားနဲ့ပဲ ပြောတယ်။ ဆဲတာဆိုတာ ကြမ်းကြမ်းတမ်းတမ်း ပြောတာရင့်ရင့်သီးသီးဆိုတာ ဘယ်တော့မှ မလုပ်ဘူး။ စိတ်ဆိုးစရာ အကြောင်းရှိခဲ့ရင်တော့ အဘိုးက မျက်မှန်ကို ချွတ်ပြီး ကိုယ့်ပါးတွေပဲ ကိုယ်ရိုက်တာ။ ဒါကြောင့် အခု နားလေးတာ။ အဲဒီလို ရိုက်တဲ့ဒဏ်ပေါ့။ ဒါက ကိုယ့်ဘက်ကလည်း သည်းခံမှုပေါ့။ သူ့ဘက်ကလည်း ကိုယ့်အပေါ် သည်းခံရတာပဲ။ အဘိုးက ဘာမှမလုပ်တတ်ဘူး။ မလုပ်တတ်ဘူးဆိုတာ အိမ်အလုပ်တို့ ဘာတို့ မလုပ်တတ်တာ။ ဒီတော့ အဘွားက အကုန်လုပ်ပေးရတယ်။ ထမင်းခူး၊ လျှော်တာဖွတ်တာ အားလုံးအားလုံး အဘိုးက ဘာမှမလုပ်ဘူး။ အဘွားက ၁၃ နှစ် သမီးကတည်းက အိမ်ထောင်မှုတွေကို လုပ်ခဲ့တော့ အိမ်ထောင်မှုနိုင်နင်းတယ်။ တခြားမိန်းမတွေလို မဖြစ်ခဲ့ဘူး။ အကွက်စေ့စေ့နဲ့ စနစ်တကျ ဖြစ်တယ်။ လူနှစ်ယောက်ရဲ့ ရေစက်ဆိုတာ ဆန်းကြယ်တယ်။ တစ်ယောက်နဲ့တစ်ယောက် ကွဲစရာကွာစရာ ပြတ်စရာမရှိပါဘူး။ ရေစက်ကုန်သွားပေမဲ့လည်း သံယောဇဉ်တွေနဲ့ ဆက်နိုင်တယ်။ ဘဝဆိုတာ ပန်းခင်းတဲ့မွေ့ရာ မဟုတ်ဘူးလေ။ ကိုယ်ဖြစ်ချင်သလို မဖြစ်ဘူး။ သူဖြစ်ချင်သလို ကိုယ်က လိုက်လုပ်ရတာ။ ဒါကြောင့် အဘိုးပြောချင်တာက အိမ်ထောင်သက် ရှည်ချင်ရင် လင်နဲ့မယားနဲ့က တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်သည်းခံပြီး ပေါင်းကြဖို့ပဲ ပြောချင်ပါတယ်။

အဘိုးနဲ့အဘွားက သူတို့နှစ်ဦးရဲ့ နှစ် ၅၀ ပြည့် ရွှေရတုမင်္ဂလာအထိမ်းအမှတ်အဖြစ် သေနေ့ကြိုနှုတ်ဆက်မိတ်ဆုံစားပွဲမှာ သံဃာတော်တွေကို အရဟံဆွမ်းဆက်ကပ်လှူဒါန်းပြီး အဘိုးအဘွားတို့ကို ကြိုတင်သရဏဂုံတင်ပေးခဲ့ကြပါတယ်။ အဘိုးနဲ့အဘွားရဲ့ မှာကြားချက်မှာလည်း "ဦးကျော်သူကို ပြောပေးပါ။ အဘိုးတို့ သေသွားခဲ့ရင် တစ်ခါတည်း သဂြိုဟ်ပေးပါ။ မမီလိုက်ရင် နောက်တစ်နေ့ သဂြိုဟ်ပေးပါလို့။ အဆိပ်သောက်ပြီး မသေရင် ပြိုင်တူမသေနိုင်ဘူး။ ဒါကြောင့် အဘိုးအရင်သေခဲ့ရင် အဘွားကို စာရေးဆရာမ ဒေါ်သန်းမြင့်အောင်ဆီ ဖုန်းဆက်ပြီး ဆရာမရဲ့ ဆည်းဆာရိပ်ဂီလာန ဘိုးဘွားရိပ်သာကို ပို့ပေးပါ။ အဘွားအရင်သေခဲ့ရင်လည်း အဘိုးက ဒေါ်သန်းမြင့်အောင်ဆီ ဖုန်းဆက်လိုက်ပါ့မယ်။ လာခေါ်ပေးပါလို့ မှာခဲ့ပါရစေ" ဆိုပြီး နာရေးကူညီမှုအသင်း (ရန်ကုန်) ရဲ့ အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက်အား မှာကြားနေခဲ့တာကို ကိုယ်ကိုယ်တိုင် ကြားခဲ့ရတယ်။ သြော် . . . လမင်းကွယ်ချိန် နေကွယ်ချိန် ဆိုပေမဲ့လည်း . . .

**ဖြိုးစုပိုပို**



## အင်္ဂလန်ထီးနန်းရဲ့တတိယမြောက်နန်းလျာ
# မင်းသားငယ် George ရဲ့ တစ်မူထူးခြားတဲ့အသွင်အပြင်ကလေးများ

**နန်းစံမဒီ**

ယခင်လမှအဆက်

(၅) ဂျော့ဟာ သုံးလသားမှာ ပထမဆုံး အနေ နဲ့ မိခင်၊ ဖခင်နဲ့အတူ သူစိမ်း များအကြားမှာ ဓာတ်ပုံပေါင်းတစ်ဒါ ဇင်ကျော် ရိုက်ခဲ့ပြီး ကလဲရင်စ်စံအိမ်ရဲ့ မနက်ပိုင်းခန်းမှာ တရားဝင်ဓာတ်ပုံကို ဆွေတော်၊ မျိုးတော်တွေ ခြံရံပြီး ရိုက် စဉ်ရော၊ သူ့ရဲ့ ရေဖျန်းမင်္ဂလာပွဲမှာပါ အကောင်းဆုံးနဲ့ အတည်ငြိမ်ဆုံးပုံစံကို ပြသ ခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဝီလျံမင်းသားက "ပထမဆုံးပွဲဆိုတော့ ငိုရမှန်း၊ ရီကျဲရမယ်မှန်း မသိသေးတဲ့ ပုံပဲ" လို့ အရွှန်းဖောက်ခဲ့ပါတယ်။

(၆) ဂျော့ဟာ ဘယ်သူ့ကိုမှ ရယ်ပြခြင်း၊ ပြုံးပြခြင်းအလျင်းမရှိပါဘူး။ ဘုရင်မကြီးကိုလည်း ရယ်မပြဘဲ ခပ်တည်တည်နဲ့ပဲ နေပါတယ်။ တရားဝင်ထုတ်ပြန်မယ့် သူ့ရဲ့ဓာတ်ပုံရိုက်မယ့်အခါ မိခင်ရော၊ ဖခင်ကပါ နွေးထွေးတဲ့ အပြုံးကိုယ်စီ နဲ့ သူ့ကိုစိုက်ကြည့်မှသာ မိခင်ကို တည့်တည့်ကြည့် ပြီး ပြုံးပြတဲ့ပုံကို ဂျေဆင်ဘဲလ်က အမိအရ ရိုက် ယူနိုင်ခဲ့ပါတယ်။

(၇) ဂျော့ရဲ့ခေါင်းကိုင်မိဘများဟာ တော်ဝင် တွေမဟုတ်ဘဲ အပြင်ကလူတွေဖြစ်တာကြောင့် ဒါဟာ ဘယ်တော်ဝင်မှ မကြုံဖူးတဲ့ကိစ္စရပ်ပဲ

ဖြစ်ပါတယ်။

(၈) သူ့ရဲ့နာမည်ပေး ကင်ပွန်းတပ်တဲ့ကိစ္စမှာလည်း တစ်မူထူးခြားပါသေးတယ်။ သူ့ဖခင် ဝီလျံမင်းသားတုန်းက ဖခင်ချားလ်ရော၊ မိခင် ဒိုင်ယာနာကပါ တစ်ပတ်ကြာပြီးမှ အမည်ပေးခဲ့ပါတယ်။ ဝီလျံမင်းသားရဲ့ ဖခင်ချားလ်တုန်းက တစ်လသားအရွယ်ရောက်မှ အမည်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဂျော့ကိုတော့ မွေးပြီး ၂ ရက်အကြာမှာ ကင်ဆင်တန်နန်းတော်မှ နာမည်ကို တရားဝင် ထုတ်ပြန်ပေးခဲ့ပါတယ်။ ပေးထားတဲ့နာမည်က George Alexander Louis ဖြစ်ပြီး ဘွဲ့ထူးဂုဏ်ထူးကတော့ မြင့်မြတ်လှတဲ့ တော်ဝင်ကင်းဘရစ်ချ်မင်းသားလေး (His Royal Highness Prince George of Cambridge) ပဲ ဖြစ်ပါတယ်။

(၉) မွေးဖွားစဉ်ကတည်းက လက်ကလေးထုတ်ပြပြီး ကမ္ဘာကြီးကိုနှုတ်ဆက်တဲ့ ဂျော့ဟာ အခုလည်း သုံးလပြည့်မှာ ကမ္ဘာကို ဖြန့်တဲ့ပုံမှာလည်း မိခင်ပေါင်ပေါ်မှာ ငြိမ်ငြိမ်ထိုင်ပြီး မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားလေးနဲ့ လက်မောင်းနှစ်ဖက်ကို ကျယ်ကျယ်ဖွင့်ပြီး အခန့်သားထိုင်နေတဲ့ပုံကို ကမ္ဘာတစ်ဝန်းက သဘောကျနေကြပါတယ်။



**ကိတ်မစ်ဒယ်လ်တန်ရဲ့ အံ့အားသင့်စရာ အခိုက်အတန့်**

ကိတ်နဲ့ခင်ပွန်းသည်ဝီလျံမင်းသားဟာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်နေ့မှာ ကျင်းပတဲ့ POPPY Day ဆိုတဲ့ ပထမကမ္ဘာစစ်မှာ တိုင်းပြည်အတွက် အသက်ပေးခဲ့သူများကို ဂုဏ်ပြုတဲ့ ဂုဏ်ပြုပွဲကို ကင်ဆင်တန်နန်းတော်မှာ ကျင်းပခဲ့ပါတယ်။ ဒီပွဲကို ကိတ်က ဒီဇိုင်နာ LK Bennett ရဲ့ ဝတ်စုံလေး ဝတ်ဆင်ပြီး တက်ရောက်ခဲ့ပါတယ်။ အနီရောင်ဝတ်စုံလေးနဲ့လှပနေပေမယ့် သားသည်မိခင်ကိတ်ဟာ အလုပ်များလှတဲ့ မိခင်ဘဝရဲ့ တာဝန်ကို ယူရတာပင်ပန်းမှုန်း တစ်ခွန်းမှ မပြောသော်ငြား သူမဆံပင်အရင်းက ဆံသားတွေ မီးခိုးရောင်သမ်းနေတာကို ဖုံးကွယ်ဖို့ မေ့လျော့ခဲ့တာက သက်သေပြခဲ့ပြီး ဒီဆံပင်ဖြူနေတဲ့ကိစ္စဟာ နိုဝင်ဘာလထုတ် အဝါရောင်စာတမ်းများရဲ့ ခေါင်းကြီးသတင်း ဖြစ်နေပါတယ်။



ကိတ်ဟာ အောက်တိုဘာ ၂၄ ရက်မှ စတင်ပြီး သူမရဲ့ မြို့စားကတော်ဆိုတဲ့ တာဝန်များကို ပြန်လည်ထမ်းဆောင်တဲ့အနေနဲ့ ခင်ပွန်းသည်နဲ့ Tusk Conservation Awards ကို တက်ရောက်ခဲ့ပြီး တစ်ဦးတည်းအနေနဲ့လည်း အောက်တိုဘာ ၁၇ ရက်နေ့က ဘောလီဘောအသင်းအတွက် ခေတ္တ Queen Elizebath Olympic Park မှာ ကစားပြခဲ့ပါတယ်။ ကလေးမွေးဖွားပြီး










သိပ်မကြာမီ မိခင်အတော်များများ ဒီလိုကစားခြင်းကို မလုပ်နိုင်ပေမယ့် အားကစားထူးချွန်တဲ့ ကိတ်ကတော့ လုပ်ပြနိုင်ခဲ့ပြီး ချပ်ရပ်နေတဲ့ သူ့မဗိုက်သားအလှကိုပါ အားလုံးက မြင်တွေ့ခဲ့ရပါတယ်။

ကိတ်ဟာ ဒီလိုပွဲတွေတက်ရောက်စဉ်မှာ ဝီလျံမင်းသားနဲ့ ဟယ်ရီမင်းသားကိုထိန်းခဲ့တဲ့ အထိန်းတော် အသက် ၇၁ နှစ်အရွယ် ဂျက်ဆီဝက်ဘ်လက်ထဲမှာ ဂျော့ကို ထားခဲ့ချိန်မှအပ ကျန်တစ်ချိန်လုံး သူမကိုယ်တိုင်ပဲ ထိန်းကျောင်းပါတယ်။

ဒါကြောင့်လည်း ဘယ်တော့မဆို ဝီလျံနဲ့ စတွဲချိန်မှစကာ မင်္ဂလာဆောင်ချိန်၊ ကိုယ်ဝန်ဆောင်ချိန်၊ မီးတွင်းထွက်စဆိုတဲ့ အချိန်တွေပါဝင်တဲ့ ၁၀ နှစ်နီးပါးမှာ ဘယ်တော့မှ အလှအပနဲ့ ပတ်သက်ရင် ပြောစရာမရှိခဲ့တဲ့ ကိတ်တစ်ယောက် သားတော်မောင်နဲ့ကျမှ အလှပျက်ရတာ




ပဲ ဖြစ်ပါတယ်။ ဒီအဖြစ်အပျက်ဟာ မိခင်ကို ချစ်ပြီးတွယ်တာတဲ့ ဂျော့ရဲ့ ကျီစယ်မှုလို့ ဝီလျံမင်းသားပြောသလို၊ ကိတ်ကိုပြောရင် အမြဲစိတ်ရှည်သည်းခံတဲ့ ကိတ်ကတော့ သူမ မူပိုင်နွေးထွေးပြီး အားရှိတဲ့အပြုံးနဲ့ပဲ တုံ့ပြန်မယ်လို့ ထင်မိပါတယ်။

**၂၀၁၃ ခုနှစ်အတွက် ဗြိတိန်ရဲ့ အလှဆုံး အမျိုးသမီးအဖြစ်သရဖူ ဆောင်းခဲ့တဲ့ကိတ်**

ကင်းဘရစ်ချ် မြို့စားကတော် ကိတ်ဟာ ဗြိတိန်ရဲ့ အလှဆုံးအမျိုးသမီးအဖြစ် သရဖူဆောင်းထားဆဲဖြစ်ကြောင်း hello magazine ရဲ့ဖော်ပြချက်အရ သိရပါတယ်။ ကိတ်ဟာ ပြစ်မျိုးမှုမထင်တဲ့ အလှမျိုးရအောင်မိတ်ကပ်လိမ်းခြယ်တတ်မှုနဲ့လိုက်လျောညီစွာ သူမကေသာကို ပြင်ဆင်နိုင်မှုစတာတွေကြောင့် နာမည်ကြီးမင်းသမီးများ ၊မော်ဒယ်များ နဲ့ အဆိုတော်များကို ကျော်ဖြတ်ပြီး အလှဆုံးစာရင်းဝင်ခဲ့တာပဲဖြစ်ပါတယ်။ လှပမှုမှာ အမြဲသရဖူဆောင်းတဲ့ကိတ်ဟာ ခြိုးခြံချွေတာသူအဖြစ်လည်းကောင်းချီးပေးခံရပါတယ်။ သူမရဲ့ခရစ္စမတ်နေ့ဝတ်စုံဟာ ၂၀၁၂ ၊ နိုဝင်ဘာလအတွင်းက old prep school ကို သွားလည်စဉ်ဝတ်ဆင်ခဲ့ဖူးပြီး ယခုနောက်တစ်ခါ ထပ်မံဝတ်ဆင်လာတာပဲဖြစ်ပါတယ်။

သူမတို့ဟာ နှစ်သစ်ကူးအခမ်းအနားကို ကိတ်ရဲ့မိဘများအိမ်မှာ မင်းသားငယ်george ကိုပါခေါ်ပြီး ဆင်နွှဲခဲ့ပါသေးတယ်။ ဝီလျံမင်းသားဟာ အရပ်သားဆန်တဲ့ဘဝနေထိုင်မှုကိုနှစ်သက်ပြီးကိတ်ရဲ့မိဘတွေရဲ့နွေးထွေးတဲ့ဆက်ဆံရေးကို သဘောကျသူလို့သိရပါတယ်။

**၂၀၁၃ ခုနှစ်အတွက် စံပြုစရာကောင်းတဲ့ အိမ်ထောင်ရှင်အဖြစ်စာရင်းဝင်သွားတဲ့ တော်ဝင်မောင်နှံ**

Vivid Entertainment's wish list of celebrity sex tapes ဆိုတဲ့ကဏ္ဍကို Steven Hirsch ကဆိုသူက တင်ဆက်ခဲ့ပြီး သူ့ရဲ့၂၀၁၃ ခုနှစ်အတွက်စံပြုအတွဲနံပါတ်တစ် အဖြစ်မင်းသား ဝီလျံနဲ့ ကြင်ရာတော် ကိတ်မစ်ဒယ်လ်တန်တို့က ရရှိခဲ့ပါတယ်။ သားတော်မွေးအပြီး လအခြားသော အိမ်ထောင်ရှင်များလို လိင်ဆန္ဒနဲ့ပတ်သက်တဲ့ ပြဿနာမျိုးမကြုံကြသလို အရင်အတိုင်း ကျန်းမာနုပျိုပြီး ပိန်သွယ်တဲ့ ခန္ဓာကိုယ်ကိုနှစ်ဦးလုံးပိုင်ဆိုင်ထားတာကြောင့် ပထမနေရာကိုရရှိခဲ့တာပဲဖြစ်ပါတယ်။ မင်းသားတို့ နောက်မှာ ကေတီပယ်ရီနဲ့ ဂျွန်မေရာတို့က ဒုတိယနေရာ၊ဘီယွန်စေးနဲ့ ဂျေဇီးတို့က တတိယနေရာမှာရှိနေကြောင်းသိရပါတယ်။

**တော်ဝင်အခမ်းအနားပုံများ**

(a) ရှားပါးစွာ မြင်တွေ့ရတဲ့ ဗြိတိသျှ နန်းဆက်ဓာတ်ပုံ

ဘုရင်မကြီးနဲ့ ကြင်ရာတော်၊ အိမ်ရှေ့စံ ချားလ်မင်းသားနဲ့ကြင်ရာတော် ဒိုင်ယာနာမင်းသမီး၊ ဘုရင်မကြီးရဲ့ မိခင်မယ်တော်ကြီး

(ဒုတိယမြောက် နန်းဆက်ခံရမယ့် အိမ်ရှေ့စံမင်းသားဝီလျံ (ဝီလျံမင်းသားရဲ့ ခရစ်ယာန်ဘာသာသွတ်သွင်းပွဲမှာ ရိုက်ကူးထားတာပဲဖြစ်ပြီး ၁၉၈၂ ခုနှစ်က ဖြစ်ပါတယ်။)

(b) ဘုရင်မကြီးနဲ့ နန်းလျာသုံးဦး

ဘုရင်မကြီး၊ ချားလ်မင်းသား၊ ဝီလျံမင်းသားနဲ့ မင်းသားငယ်ဂျော့

(c) နှစ်ဖက်ဆွေမျိုးစုံညီစွာ

ဘုရင်မကြီးနဲ့ ကြင်ရာတော်ဖိလစ်မင်းသားကြီး၊ ဝီလျံတို့မိသားစုနဲ့အတူ ကိတ်ရဲ့မိသားစုဝင် ၄ ဦး။

(d) ဂုဏ်ဝင်တွင်မယ့် ဂျော့ရဲ့အပြုံး

ပြုံးရယ်ခဲလှတဲ့ဂျော့ရဲ့ မိခင်ကိုမြင်ခိုက် ပြုံးပြတဲ့အပြုံး။

**နန်းစံမပီ**



ခေါင်းဆောင်ကြီး
Nelson Mandela
(1918 - 2013)

"ကျွန်တော်ကအသားဖြူသူများ
ကြီးစိုးလွှမ်းမိုးမှုကို ဆန့်ကျင်သလို
အသားမည်းသူတွေရဲ့ ကြီးစိုးလွှမ်းမိုးမှုကိုလည်း
မလိုလားပါဘူး။
ကျွန်တော် သဘောကျနှစ်သက်တဲ့
အကောင်းဆုံး စိတ်ကူး၊
စံနမူနာကတော့
ဒီမိုကရေစီနည်းလမ်းတကျနဲ့
လွတ်လပ်တဲ့
လူ့အဖွဲ့အစည်းတစ်ခု
ပေါ်ပေါက်လာဖို့ပဲ ဖြစ်ပါတယ် . . .

# MADIBA
## သို့ နောက်ဆုံးနှုတ်ဆက်ခြင်း
# NELSON MANDELA

**( 1 9 1 8 - 2 0 1 3 )**

တ င် လ တ် သ န္တာ ဗို လ်


ကမ္ဘာတစ်ခုလုံးက လေးစားကြည်ညိုရတဲ့ တောင်အာဖရိကနိုင်ငံရဲ့ အမျိုးသား ခေါင်းဆောင်ကြီး Nelson Mandela ဟာ အသက် ၉၅ နှစ်မှာ ကွယ်လွန်ဆုံးပါးသွားခဲ့ပြီ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၆ လကတည်းက နေထိုင်မကောင်းဖြစ်နေခဲ့တဲ့ တောင်အာဖရိက သမ္မတဟောင်း Mandela ဟာ အသားရောင်ခွဲခြားမှု ပြင်းထန်ပြီး ဆူပူအုံကြွမှုများ နှင့် မငြိမ်မသက်ဖြစ်နေခဲ့တဲ့ နိုင်ငံကို စည်းရုံးပေါင်းစည်းပေးခဲ့ပြီး အသားရောင်ခွဲခြားမှုစနစ်ဆိုး ကိုလည်း ဖယ်ရှားသုတ်သင်ရှင်းလင်းပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ Mandela ဟာ နိုင်ငံရေးပြစ်မှုကြောင့် ၂၇ နှစ်ကြာ အကျဉ်းချခံခဲ့ရသူလည်း ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်မှာ နိုင်ငံတော်ပုန်ကန်မှုနှင့် တရား တဘောင်ရင်ဆိုင်ခဲ့ရစဉ်က "ကျွန်တော်ကအသားဖြူသူများကြီးစိုးလွှမ်းမိုးမှုကို ဆန့်ကျင်သလို အသားမည်းသူတွေရဲ့ ကြီးစိုးလွှမ်းမိုးမှုကိုလည်းမလိုလားပါဘူး။ ကျွန်တော်သဘောကျနှစ်သက်တဲ့ အကောင်းဆုံး



(၁၉၅၆) - လူဖြူအစိုးရ၏ တရားစွဲဆိုခံရစဉ် အပေါင်းပါ (၁၅၆) ဦးတို့နှင့်အတူ

စိတ်ကူး၊ စံနမူနာ ကတော့ ဒီမိုကရေစီနည်းလမ်းတကျနဲ့ လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာဖို့ပဲ ဖြစ်ပါတယ်။ ပြည်သူတွေအားလုံး သဟဇာတ ညီညီ ညွတ်ညွတ်နဲ့ နေထိုင်နိုင်ကြပြီး အားလုံးတန်းတူ အခွင့်အရေးရရှိနိုင်ကြမယ့် အဖွဲ့အစည်းမျိုးပဲဖြစ်တယ်။ ဒီစိတ်ကူးမျှော်မှန်းချက်တွေ အောင်မြင်ဖို့ ရည်မှန်းပြီး ကျွန်တော်ရှင်သန်လှုပ်ရှားနေတာပဲ ဖြစ်တယ်။ ဒါပေမဲ့ တကယ်လိုအပ်လာပြီဆိုရင်တော့ ဒီမျှော်မှန်းချက်အတွက် ကျွန်တော့်အသက်ကို စွန့်ဖို့လည်း ဝန်မလေးဘူး။ အဆင်သင့်ပဲ" လို့ သူ့အမှုအတွက် ကမ္ဘာကျော်လျှောက်လဲချက်ကို ရဲရင့်တောက်ပြောင်လှတဲ့ သမိုင်းဝင်စကားလုံးများနဲ့ နိဂုံးချုပ်ခဲ့ပါတယ်။ Nelson Mandela ကို သူ့တိုင်းသူပြည်သားများက နောက်ပိုင်းမှာ ချစ်မြတ်နိုးစွာနဲ့ Madiba လို့ ခေါ်ဝေါ်ကြပါတယ်။ Nelson Mandela ဟာ Iconic Leader စံပြခေါင်းဆောင်ဖြစ်ပါတယ်။ မိမိရဲ့ တိုင်းပြည်၊ တောင်အာဖရိကနိုင်ငံကိုကျော်ပြီး ကမ္ဘာတစ်ခုလုံးက လေးစားကြည်ညို၊ အမွှမ်းတင်ဂုဏ်ပြုရတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဖြစ်ပါတယ်။ နိုဘယ်လ်ဆုရှင်လည်း ဖြစ်ပါတယ်။

Nelson Mandela ဟာ နာမည်ဆိုးနဲ့ ကျော်ကြားလှတဲ့ Robben Island ရော်ဘင်ကျွန်းက အကျဉ်းထောင်မှာ ၂၇ နှစ်တိတိ နေထိုင်ခဲ့ရပါတယ်။ လူဖြူအုပ်စိုးမှုကို တွန်းလှန်တဲ့ Nelson Mandela တို့ရဲ့ ANC (African National Congress) ဟာ လူဖြူအစိုးရရဲ့ မတရားဖိနှိပ်မှုဒဏ်ကို အပြင်းအထန်ခံခဲ့ကြရပါတယ်။ Nelson ဟာ ထောင်ထဲမှာ တီဘီရောဂါကိုလည်း ခံစားတွန်းလှန်ခဲ့ရပါတယ်။ ဒါပေမဲ့ အကျဉ်းထောင်က



ငယ်စဉ်က Nelson

Nelson အတွက် အကောင်းဆုံးဆရာ ဖြစ်ခဲ့ပါတယ်။ စိတ်မြန်လက်မြန်ရှိပြီး အန္တရာယ်ကို ထိမထင်တဲ့ အစွန်းရောက်နိုင်ငံရေးသမားဘဝကနေ ရင့်ကျက်ပြီး အရည်အသွေးပြည့်ဝ၊ အမြော်အမြင်ရှိတဲ့ အမျိုးသားခေါင်းဆောင်ဘဝကို မိမိဘာသာ ပြောင်းလဲနိုင်ခဲ့ပါတယ်။ Nelson Mandela ဟာ အကျဉ်းကျမှမှ မိမိလွတ်မြောက်မှုအတွက် ဘာနဲ့မှ မလဲခဲ့သူ၊ ဘယ်လိုအပေးအယူမျိုးကိုမှလည်း လက်မခံခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ခိုင်ကျည်ပြင်းထန်တဲ့ အတိုက်အခံ၊ စံပြနိုင်ငံရေးသမားတစ်ယောက်အဖြစ် ကမ္ဘာကျော်ခဲ့ပါတယ်။ အကျော်ကြားဆုံး ကမ္ဘာ့အကျဉ်းသားလို့တောင် ဆိုစမှတ်ပြုခဲ့ကြပါတယ်။

၁၉၈၈ ခုနှစ် Nelson အသက် ၇၀ ပြည့်ချိန်မှာ ထိုအချိန်က နာမည်ကျော်အနုပညာရှင်များဖြစ်ကြတဲ့ Sting, George Michael နှင့် Whitney Houston အစရှိတဲ့ အဆိုတော်များက လန်ဒန်မြို့ Wembley ဇာတ်ရုံမှာ 'Free Nelson Mandela' ဂီတပွဲတော်ကို အကြီးအကျယ်ဆင်နွှဲခဲ့ကြပြီး ကမ္ဘာတစ်လွှားက ပရိသတ်သန်းပေါင်း ၆၀၀ က ကြည့်ရှုခဲ့ကြပါတယ်။ Nelson ကို အကျဉ်းချထားတဲ့ လူဖြူအစိုးရကလည်း ပြည်တွင်းမငြိမ်မသက်မှု၊ စီးပွားရေးပိတ်ဆို့ခံထားရမှုများနှင့်အတူ ထောင်ထဲမှာ မတော်တဆ Nelson ဆုံးပါးသွားခဲ့ရင် ဖြစ်လာမယ့် အကြီးအကျယ်ဆူပူမှုများကို စိုးရွံ့ပြီး နောက်ဆုံးမှာတော့ Nelson ကို ထောင်မှ လွှတ်ခဲ့ပါတယ်။ အသက် ၇၁ နှစ်ရောက်မှ ထောင်က လွတ်လာတဲ့ Nelson Mandela ဟာ ခါးသီးနာကျည်းဖွယ်ရာများ၊ လက်စားချေတန်ပြန်မှုများ အားလုံးကို သယ်ဆောင်လာခြင်းမရှိခဲ့ဘဲ အကွဲကွဲအပြားပြား ဖြစ်နေတဲ့ မိခင်နိုင်ငံကို ရင်ကြားစေ့ပြီး ဘာသာကွဲ၊ လူမျိုးကွဲ၊ အသားအရောင်ကွဲသူများ အားလုံး



Winnie နှင့်အတူ မင်္ဂလာဆောင် (၁၉၅၈)

ညီညွတ်စွာ နေထိုင်နိုင်တဲ့ 'သက်တန့်နိုင်ငံ' အသွင်ဖြစ်စေဖို့ ချက်ချင်း အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ပါတယ်။ အိပ်မက်ဆိုးတွေနဲ့ ပြိုလဲတော့မယ့် နိုင်ငံတော်အတွက် Nelson Mandela ဟာ တစ်ခုတည်းသော မျှော်လင့်ချက်ရောင်ခြည်ပဲ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ သူဟာ လူဖြူတွေရဲ့ ယုံကြည်မှုကိုလည်း ရရှိခဲ့ပါတယ်။ သူဟာ အန္တရာယ်ရှိတဲ့ အကြမ်းဖက်သမားအဖြစ် အယုံသွင်းခံထားရတဲ့ လူဖြူအများစုက သူလွတ်လာတာနဲ့ တစ်ပြိုင်နက် ခံစားခဲ့ရတဲ့ ခါးသီးနာကျင်မှုတွေအတွက် တန်ပြန်လက်စားချေ ပြီး ကြမ်းတမ်းပြင်းထန်တဲ့ တောင်းဆိုမှု၊ ခြိမ်းခြောက်မှုတွေ ပြုလုပ်လိမ့်မယ်လို့ ထင်ခဲ့ကြပါတယ်။

ဒါပေမဲ့ သူတို့မျှော်မှန်းထားသလို မဟုတ်ဘဲ သူ့ကို ပြင်းထန်စွာ ဆန့်ကျင်တဲ့ အတိုက်အခံများ




လွတ်မြောက်ပြီးနောက် Winnie နှင့် (၁၉၉၀)

ကိုတောင် ငြိမ်းချမ်းရေးလက်ကမ်းနိုင်သူ ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ အမြော်အမြင်၊ ဆင်ခြင်တုံတရား ရှိမှုတို့နဲ့အတူ သူတစ်ပါးကျလောက်အောင် ပြောနိုင်စွမ်းရှိတဲ့ အရည်အချင်းတွေကြောင့် သူ့ကို စိုးရိမ်နေသူများကို စိတ်ချလက်ချရှိစေပြီး သူ့အပေါ်မှာလည်း ယုံကြည်မှုတွေ ဖြစ်ထွန်းလာစေခဲ့ပါတယ်။ အခက်အခဲအကျပ်အတည်းတွေကြားကပဲ South Africa ရဲ့ လူနည်းစု ခေါင်းဆောင်၊ သမ္မတ FW De KLERK က အာဏာကို လိုလိုလားလား စွန့်လွှတ်ခဲ့ပြီး ၁၉၉၃ ခုနှစ်မှာတော့ သမ္မတနဲ့အတူ Nelson Mandela ဟာ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို ပူးတွဲရရှိခဲ့ကြပါတယ်။ လွတ်လတ်မျှတတဲ့ ရွေးကောက်ပွဲကြောင့် ၁၉၉၄ ခုနှစ် ဧပြီလမှာ ANC ဟာ အနိုင်ရရှိခဲ့ပြီး မေလ ၁၀ ရက်မှာတော့ တောင်အာဖရိကရဲ့ ပထမဆုံး လူမည်းသမ္မတအဖြစ် Nelson Mandela ဟာ တာဝန်အပ်နှင်းခြင်း ခံခဲ့ရပါတယ်။

သူ့ရဲ့ သမ္မတသက်တမ်းမှာ နိုင်ငံတော်ကို ပြန်လည်တည်ဆောက်မှုနှင့်မတူ ကွဲပြားမှုများကို ရင်ကြားစေ့ဖို့ ကြိုးစားပမ်းစား လုပ်ဆောင်ခဲ့ပါတယ်။ သူဟာ Public Relations နဲ့ ပတ်သက်လို့လည်း ပါရမီရှိ ကျွမ်းကျင်သူလို့ ဆိုနိုင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အရေးပါတဲ့ အပြောင်းအလဲအခိုက်အတန့်တစ်ခုကို ၁၉၉၅ Rugby World Cup- Final ပွဲစဉ်ကို တောင်အာဖရိကမြို့တော် Johannasburg မှာ ကျင်းပစဉ်က တွေ့ခဲ့ကြရပါတယ်။ ဒီပွဲကြည့်နေတဲ့ ပရိသတ်ရဲ့ ၉၅ ရာခိုင်နှုန်းက လူဖြူတွေ ဖြစ်ပါတယ်။ လူဖြူလူမည်းခွဲခြားမှုရဲ့ အမှတ်တံဆိပ်တစ်မျိုးဖြစ်ပြီး ထိုစဉ် Apartheid အပါသိုက် လူမျိုးရေးခွဲခြားမှုကာလ က လူများစုရွံရှာမုန်းတီးခဲ့တဲ့ အစိမ်းနှင့်အဝါရောင်စပ်ကြား Springbok Jersey အင်္ကျီကို ဝတ်ဆင်ပြီး Nelson Mandela က ဒီအားကစားကွင်းထဲကို ဝင်ရောက်လာခဲ့ပါတယ်။ မယုံကြည်နိုင်စွာနဲ့ ကွင်းတစ်ကွင်းလုံး တိတ်ဆိတ်ငြိမ်သက်သွားပြီး တစ်စုံတစ်ယောက်ရဲ့ အော်သံနောက်မှာတော့ တစ်ကွင်းလုံးက လူတွေအားလုံးက 'Nel - Son! Nel - Son!' ဆိုတဲ့ အသံနဲ့အတူ အားပေးအော်ဟစ်သံများက မိုးခြိမ်းသံတမျှ ဘဝင်ညံခဲ့ပါတယ်။ ဒီလိုနဲ့ပဲ အဖြူရောင် South Africa ရဲ့ ဘုရင်အဖြစ် Nelson Mandela က သရဖူဆောင်းခွင့်ရရှိခဲ့ပါတယ်။


တဖြည်းဖြည်းနဲ့ South Africa ဟာ အပယ်ခံဘဝကနေ လေးစားခံရတဲ့ နိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတယ်။ Nelson ရဲ့ ဂုဏ်သိက္ခာနဲ့ ရိုးရှင်းတဲ့ စတိုင်၊ လူနေမှုပုံစံတို့ဟာ လူတိုင်းကို ချစ်ခင်နှစ်သက်ကြည်ညိုစေခဲ့ပါတယ်။ အင်္ဂလိပ်ဘုရင်မကြီးကနေ ဆယ်ကျော်သက်တွေ အသည်းစွဲ Spice Girls မိန်းကလေးဂီတအဖွဲ့အထိ ဖြစ်ပါတယ်။ ကမ္ဘာမြေပေါ်က နာမည်ကျော်ကြားသူများ အများအပြားကလည်း Nelson ရဲ့ မိတ်ဆွေများ ဖြစ်ခဲ့ကြပါတယ်။ ဝေလမင်းသမီး Diana နဲ့လည်း အလွန်တရာခင်မင်ခဲ့ပြီး AIDS ကပ်ဆိုက်နေချိန်၊ ဒီကိစ္စများကို ဆွေးနွေးဖို့ Cape Town ကို ၁၉၉၇ ခုနှစ် ဒိုင်ယာနာမင်းသမီး ရောက်ရှိလာချိန်မှာ



မင်းသမီး Diana နှင့်အတူ (၁၉၉၇)

“မင်းသမီးတွေကို အမြဲတမ်းတွေ့ရတတ်တာ

ဝေလမင်းသား၊ Prince Charles ၊ Spice Girls တို့နှင့်အတူ



မျိုးမဟုတ်တော့ ခုချိန်ထိ ကတုန်ကယင်ဖြစ်နေတုန်းပဲ" လို့ ဆိုခဲ့ဖူးပါတယ်။ မင်းသမီး Diana ကို Nelson က မင်းသမီးရဲ့ ပရဟိတလုပ်ငန်းများ၊ HIV နဲ့ ပတ်သက်လို့ လူအများစု၊ လူ့အဖွဲ့အစည်း ရဲ့ ရှုံ့ကြောက်မှုများကို ဖယ်ရှားပြောင်းလဲပစ်ဖို့ မနားတမ်း ကြိုးပမ်းမှုများအတွက် လေးစားအမွှမ်းတင် ဂုဏ်ပြုခဲ့ပါတယ်။ ဒိုင်ယာနာဆုံးပြီးနောက် ၂၀၀၂ ခုနှစ်မှာ Nelson က ဒိုင်ယာနာကို မြှုပ်နှံထားတဲ့ ဂူရှိရာ Althorp ကို သွားရောက်ပြီး လွမ်းသူ့ပန်းများချခဲ့ပါတယ်။ နောက်ပြောင်တတ်တဲ့ ဟာသဉာဏ်၊ ချစ်ခင်ဖွယ်ရာကျယ်ပြန့်တဲ့ အပြုံးများနဲ့အတူ Nelson Mandela ဟာ လူတကာရဲ့ စိတ်နှလုံးကို ယူကျုံးနှစ်သက်ကြည်နူးနိုင်စေခဲ့သူ ဖြစ်ပါတယ်။ တောင်အာဖရိကအတွက် ဒေါ်လာသန်းပေါင်းများစွာ လှူဒါန်းခဲ့တဲ့ Oprah Winfrey ၊ U2 မှ BONO ၊ နာမည်ကျော်မော်ဒယ် Naomi Campbell ၊ နိုင်ငံတကာ သမ္မတများ၊ လူထုခေါင်းဆောင်များစွာအားလုံးက Mandela ကို ကြည်ညိုချစ်ခင်ခဲ့ပါတယ်။

Nelson Mandela ရဲ့ ကိုယ်ပိုင်ဘဝကတော့ မုန်တိုင်းထန်ခဲ့ရတယ်လို့ ဆိုနိုင်ပါတယ်။ ၁၉၄၄ ခုနှစ်မှာ Nelson ဟာ သူနာပြုဆရာမ Evelyn Mase နှင့် လက်ထပ်ခဲ့ပြီး သားသမီးလေးယောက် ထွန်းကားခဲ့ပါတယ်။ Nelson ဟာ တက္ကသိုလ်က ဘွဲ့ရခဲ့ရုံမက ဥပဒေနဲ့ ပတ်သက်တဲ့ ဒီပလိုမာကိုလည်း ရရှိခဲ့ပြီး ဂျိုဟန်နက်စဘာဂ်မြို့တော်ရဲ့ ပထမဆုံး လူမည်း ဥပဒေအကျိုးဆောင်အဖွဲ့ကို မိတ်ဆွေ Oliver Tambo နဲ့ စတင်ထူထောင်ခဲ့သူ ဖြစ်ပါတယ်။ ANC အဖွဲ့မှာ ၁၉၄၃ ခုနှစ်က စတင်ပါဝင်ခဲ့ပြီး နိုင်ငံရေး လှုပ်ရှားမှုများ စတင်ခဲ့ပါတယ်။ ၁၉၄၄ ခုနှစ်မှာ တခြားအစွန်းရောက် လူငယ်များနဲ့အတူ African National Congress Youth League ကို ဖွဲ့စည်းထူထောင် ပြီး ဆန္ဒပြမှုများ၊ နိုင်ငံရေးဆူပူမှုများနှင့် လူဖြူ အစိုးရကို တော်လှန်ခဲ့ပြီး မကြာခင်မှာပဲ ဒီအဖွဲ့ရဲ့



Oprah Winfrey နှင့် မိန်းကလေးကျောင်း အုတ်မြစ်ချစဉ်

ခေါင်းဆောင် ဖြစ်လာခဲ့ပါတယ်။ ၁၉၅၆ မှာ တခြားနိုင်ငံရေးသမား ၁၅၆ ယောက်နဲ့အတူ နိုင်ငံတော်ပုန်ကန်မှုနဲ့ တရားစွဲဆိုခြင်းခံရပြီး ငါးနှစ်အကြာမှာတော့ အမှုမှ လွတ်မြောက်ခဲ့ပါတယ်။ ဒီငါးနှစ်ကြာ တရားစွဲခံရခြင်းမှာ Nelson ကိုယ်တိုင် သူ့လှုပ်ရှားမှုများရဲ့ တရားမျှတမှုကို တရားရုံးမှာ လျှောက်လဲခဲ့ပြီး သူ့ရဲ့အမြင်ကျယ်မှု၊ အပြောအဟောကောင်းမှုတို့ကြောင့် ANC ရဲ့ တန်ဖိုးအရှိဆုံးသူအဖြစ် ပေါ်ထွန်းလာခဲ့ပါတယ်။ ဒီအချိန်မှာပဲ Evelyn အီဗလင်နှင့်အိမ်ထောင်ရေး အဆင်မပြေဖြစ်ခဲ့ပြီး ငယ်ရွယ်လှပချောမောတဲ့ လူမှုဖူလုံရေးဝန်ထမ်း Winnie Madikizela နဲ့ ချစ်ကြိုက်ခဲ့ပါတယ်။ ၁၉၅၈ မှာ Evelyn နဲ့ တရားဝင်ကွာရှင်းပြီး လအနည်းငယ်ကြာမှာ Winnie နဲ့ လက်ထပ်ခဲ့ပါတယ်။ Winnie နဲ့ ကလေးနှစ်ယောက် ထွန်းကားခဲ့ပြီး အိမ်ထောင်သက် ၃၈ နှစ်ကြာခဲ့ပေမယ့် ခေတ္တခဏသာ အတူနေထိုင်ခဲ့ရပြီး ကျန်အချိန်များက အကျဉ်းကျနေခဲ့ရမှုကြောင့် ဝေးခဲ့ရပါတယ်။

Nelson ကိုယ်တိုင်ရေးသားခဲ့တဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ 'Long Walk to Freedom' မှာ



ဗြိတိန်ဘုရင်မကြီးနှင့် Nelson

သာမန်အိမ်ထောင်စု၊ မိသားစုဘဝ ပျောက်ဆုံးခဲ့ရခြင်းအတွက် ဝမ်းနည်းယူကျုံးမရ ဖြစ်ခဲ့ရပြီး သူ့မိန်းမဖြစ်ခဲ့တဲ့အတွက် Winnie ဟာ ထောင်ကျခံရခြင်း၊ တစ်ကိုယ်တော်တိုက်ပိတ်ခံရခြင်း၊ ချုပ်နှောင်ခံရခြင်း၊ နှစ်ပေါင်းများစွာ အကျယ်ချုပ်ခံရခြင်း အစရှိတဲ့ ဒုက္ခဆင်းရဲများကို ခံခဲ့ရခြင်းအတွက် နာကျင်ထိခိုက် အပြစ်မကင်းသလို ခံစားရမှုများကို ဖွင့်ဟရေးသားခဲ့ပါတယ်။ ၁၉၇၈ ခုနှစ် ကုန်လွန်ခါနီးမှာ Nelson က ထောင်ထဲကနေ "မင်းရဲ့ပုံရိပ်လေးကို မြင်ရုံမျှ၊ မင်းအကြောင်းလေး စဉ်းစားရုံမျှနဲ့ ကိုယ့်ရင်ထဲမှာ မီးတွေအထောင်အသောင်း တောက်လောင်လာတယ်" လို့ Winnie ထံ ရေးသားခဲ့ပါတယ်။ ၁၉၆၀ ခုနှစ် ANC ကို မတရားသတင်းကြေညာခံရပြီးတဲ့နောက် Nelson က ပုန်းရှောင်နေခဲ့ရပါတယ်။ ငြိမ်းချမ်းတဲ့ ဆန္ဒပြမှုတွေကို စိတ်ကုန်လာပြီးနောက် ကန့်သတ်ထားတဲ့ အဖျက်အမှောင့်လုပ်ငန်းတွေ လုပ်ကိုင်ဖို့ ANC ရဲ့ စစ်မက်ရေးရာအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ၁၇ လကြာ ပုန်းရှောင်နေခဲ့ပြီးတဲ့နောက်မှာတော့ ၁၉၆၄ ခုနှစ်မှာတော့ အစိုးရကို ဖြုတ်ချဖို့ ကြိုးစားမှုနဲ့ အဖမ်းဆီးခံခဲ့ရပြီး ရုံးတင်တရားစွဲခံခဲ့ရပါတယ်။ ဒီနောက်မှာတော့ ကမ္ဘာကျော်နိုင်ငံရေး အကျဉ်းသားအဖြစ် ၂၇ နှစ်ကြာထောင်နန်းစံခဲ့ရပါတော့တယ်။ Nelson လွတ်မြောက်လာပြီးနောက်မှာတော့ သူ့ကိုယ်ပိုင်ဘဝက မတည်မငြိမ် ဖြစ်ခဲ့ရပါတယ်။ ၁၉၈၀ ခုနှစ်နောက်ပိုင်းကာလများမှာ သူ့ဇနီး Winnie ရဲ့ ဂုဏ်သိက္ခာကို စွန်းထင်းစေတဲ့ သတင်းများ၊ နာမည်ပျက်မှုများ တစ်စတစ်စ ပေါ်ထွန်းလာပြီး ညှဉ်းပန်းနှိပ်စက်မှု၊ သတ်ဖြတ်မှု၊ ပြန်ပေးဆွဲမှု စသည်တို့နဲ့ ပတ်သက်ပြီး နောက်ဆုံး ၁၉၉၆

ဇနီးသည် Graca ၊ မော်ဒယ် Naomi Campbell ၊
U2 မှ Bono တို့နှင့်အတူ (၂၀၀၀)



သမီး မြေးများနှင့် Nelson







မိသားစု မြေးများနှင့် Nelson

ခုနှစ်မှာတော့ Nelson [m Winnie နဲ့ တရားဝင် ကွာရှင်းခဲ့ရပါတယ်။ ဒီနှစ်တွေမှာပဲ ပထမဇနီးနဲ့ရတဲ့ သားသမီးလေးယောက်ထဲက သုံးယောက်ကိုလည်း ဆုံးရှုံးခဲ့ရပါတယ်။ ၁၉၉၈ ခုနှစ် သူ့အသက် ၈၀ ပြည့်နှစ်မှာတော့ မိုဇမ်ဘစ်ဂ် နိုင်ငံက သမ္မတ Samora Machel ရဲ့ မုဆိုးမ Graca Machel နဲ့ လက်ထပ်ခဲ့ပါတယ်။ Nelson Mandela ဟာ သမ္မတသက်တမ်းတစ်ခုသာ နိုင်ငံကို အုပ်ချုပ်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ သမ္မတ အဖြစ်က အငြိမ်းစားယူခဲ့ပါတယ်။ ဒါပေမဲ့ နှစ်ပေါင်းများစွာ 'The Nelson Mandela Foundation'၊ 'The Nelson Mandela Children's Fund' အစရှိတဲ့ လူမှုရေးလုပ်ငန်း၊ လူထုအကျိုးပြုလုပ်ငန်းများနဲ့ ဒုက္ခဆင်းရဲရောက်နေသူလူကြီး၊ ကလေး အားလုံးကို ကူညီဖို့ လုပ်ဆောင်ခဲ့ပါတယ်။

မကွယ်လွန်မီ နှစ်အနည်းငယ် ကပဲ ၂၀၁၀ Fifa World Cup ကို တောင်အာဖရိကမှာ ကျင်းပဖို့ စည်းရုံးလှုံ့ဆော်ပေးခဲ့ပြီး နောက်ဆုံးပွဲစဉ်မှာလည်း ပရိသတ်က သောင်းသောင်းဖျဖျ၊ မတ်တတ်ရပ် အလေးပြုတာကို ခံယူပြီး ဝမ်းမြောက်ဝမ်းသာ အားပေးတက်ရောက်ခဲ့ပါတယ်။ နောက်ပိုင်းနှစ်များမှာ သူ့မျိုးနွယ်စုနာမည်၊ မျိုးနွယ်စုလူကြီးများကို ဂါရဝတရားနဲ့ ခေါ်တဲ့နာမည် Madiba ကိုပဲ လူထုပရိသတ်က ချစ်မြတ်နိုးစွာ သူ့ကို ကင်ပွန်းတပ်ခေါ်ဝေါ်ခဲ့ကြပါတယ်။ ဆုံးပါးချိန်မှာ သမီးသုံးယောက်၊ မြေး ၁၇ ယောက်နဲ့ မြစ် ၁၄ ယောက် ကျန်ရှိခဲ့ပါတယ်။ Nelson ရဲ့ အသုဘအခမ်းအနားကို သမ္မတ Obama အပါအဝင် နိုင်ငံခေါင်းဆောင်များစွာ တက်ရောက်ခဲ့ကြပါတယ်။ ပြင်းထန်နက်ရှိုင်းတဲ့ ပဋိပက္ခများကို နာကျည်းမှုမပါဘဲ ငြိမ်းချမ်းစွာ ဖြေရှင်းဖို့နဲ့အတူ အသားအရောင်ခွဲခြားမှုစနစ်ဆိုးကိုလည်း ထာဝရပျောက်ကွယ်သွားစေဖို့က သူချန်ရစ်ခဲ့တဲ့ အမွေအနှစ်များဖြစ်ပါတယ်။ သူ့ဆီက အဖိုးတန်တဲ့ လှုံ့ဆော်တွန်းအားပေးမှုရရှိသူ၊ မရေမတွက်နိုင်တဲ့ သန်းပေါင်းများစွာသော လူများထဲမှာ ကျွန်တော်လည်း တစ်ယောက်အပါအဝင် ဖြစ်ပါတယ်။ သူဟာ ခေတ်ပေါင်းများစွာနဲ့ သက်ဆိုင်သူ ဖြစ်ပါတယ်" လို့ အမေရိကန်သမ္မတ Barack Obama က ဆိုခဲ့ပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် David Cameron ကတော့ "ကမ္ဘာမှာ ထင်ရှားတဲ့ အလင်းရောင်တစ်ခု ကွယ်ပျောက်သွားခဲ့ပြီ" လို့ ဝမ်းနည်းကြောင်း မှတ်တမ်းမှာ ရေးခဲ့ပါတယ်။ 'Nelson Mandela ဟာ ကျွန်တော်တို့ ခေတ်မှာ ကြီးကျယ်တဲ့ လူသားတစ်ဦး ဖြစ်ပါတယ်။ ကမ္ဘာ့သူရဲကောင်း အမှန်တကယ် ဖြစ်ပါတယ်" လို့လည်း ဆိုခဲ့ပါတယ်။ သူ့ရဲ့ နိုင်ငံဖြစ်တဲ့ တောင်အာဖရိကသမ္မတ Jacob Zuma ကတော့

"ကျွန်တော်တို့နိုင်ငံဟာ သူ့ရဲ့သားကောင်းရတနာကို ဆုံးရှုံးလိုက်ရပါပြီ။ ကျွန်တော်တို့ပြည်သူတွေကတော့ သူတို့ရဲ့ဖခင် စွန့်လွှတ်လိုက်ရပါတယ်။ သူ့ရဲ့ လူသားဆန်မှုကပဲ Nelson Mandela ကို အကြီးကျယ်ဆုံး လူသားဖြစ်စေခဲ့ပါတယ်။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ်မှာ ရှာဖွေနေတာတွေကို သူ့ထံမှာ တွေ့ရပါတယ်" လို့ TV မှာ Nelson Mandela ဆုံးကြောင်း သတင်းလွှင့်ရင်း ဂုဏ်ပြုစကားဆိုခဲ့ပါတယ်။ သူ့ဘဝဇာတ်ကြောင်းကို ရိုက်ကူးတဲ့ Invic အကျ (၂၀၀၉) ရုပ်ရှင်မှာ Nelson Mandela အဖြစ် သရုပ်ဆောင်ခဲ့တဲ့ Morgan Freeman ကတော့ Nelson Mandela ဟာ တုနှိုင်းလို့ မရနိုင်တဲ့ ဂုဏ်သိက္ခာ၊ ချုပ်ကိုင်လို့မရတဲ့ စွမ်းအားနဲ့ တွေဝေမှုကင်းတဲ့ ပိုင်းဖြတ်နိုင်စွမ်းရှိသူ လူပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူဟာ အများအတွက် သူတော်စင်တစ်ဦးဖြစ်ပြီး လွတ်လပ်ခြင်း၊ အချုပ်အနှောင်ကင်းခြင်းနဲ့ လူသားတို့ရဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားသူများအတွက် သူရဲကောင်းတစ်ဦးဖြစ်တယ်" လို့ ညွှန်းဆိုဂုဏ်ပြု စကားဆိုပါတယ်။ အရိုးရှင်းဆုံး ဖွင့်ဆိုရရင်တော့ Nelson Mandela ဟာ ယခု ခေတ်ကာလကြီးရဲ့ အကြီးမြတ်ဆုံး အာဖရိကန်တစ်ဦးအဖြစ် ထာဝရတည်ရှိနေမှာပဲ ဖြစ်ပါတယ်။

တင်လတ်သန္တာမိုလ်



Nelson နှင့် ချစ်ဇနီး Graca

ယခုလအတွက် အာဟာရအရည်အသွေး ပြည့်ဝသည့်အစားအစာများအနက် ဂျုံနှင့် တွဲဖက်အာဟာရ ထောပတ်အကြောင်းကို တင်ပြရန် ရွေးချယ်ထားပါသည်။ ဂျုံကို အနောက်နိုင်ငံများတွင် အဓိကအစားအစာအဖြစ်ယနေ့ထက်တိုင်စားသုံးလျက်ရှိကြသည်။ ဂျုံဖြင့် ပြုလုပ်သောအစားအစာများအနက် ကိတ်မုန့်၊ ပေါင်မုန့်၊ ဘီစကွတ်၊ ကွတ်ကီးတို့သည် ထိပ်တန်း လူကြိုက်များအစား အစာများဖြစ်သည်။ ဂျုံကို ထောပတ်နှင့်တွဲစပ်လိုက်သည့်အခါ စားချင်စဖွယ် ကိတ်မုန့်တစ်လုံးလည်း ဖြစ်လာနိုင်လေသည်။ ဂျုံမကြိုက်သူများအဖို့ ကိတ်မုန့်သည် အရောင်အဆင်း၊ အနံ့အရသာတို့နှင့် လှည့်ဖြားကာ ဆွဲဆောင်နေသည့် သရေစာတစ်မျိုး ဖြစ်သလို ဂျုံတွင်ပါရှိသည့်အာဟာရဓာတ်များကို ရရှိနိုင်ရန်အတွက် အလွယ်ကူဆုံးရရှိနိုင်မည့်အစားအစာလည်းဖြစ်သည်။

# ဂျုံနဲ့ထောပတ် ရောစပ်လိုက်တဲ့အခါ

ဒေါက်တာဇာနည်ဝင်း






ဂျုံသည် နံ့စားသီးနှံများစွာတို့အနက် သက်တမ်းအရှည်ကြာဆုံး၊ စားသုံးမှုအများဆုံးသီးနှံဖြစ်သည့်အပြင်အာဟာရဓာတ်လည်း ကြွယ်ဝစွာပါဝင်နေပေသည်။ ဂျုံပင်မှရလာသော ဂျုံစေ့သာမကကြိတ်ခွဲပြုပြင်ထားသောဂျုံမှုန့်အထိ အာဟာရဓာတ်များစွာပါဝင်နေဆဲဖြစ်သည်။ ဂျုံစေ့မှရလာသော ဂျုံစေ့အဆီသည်လည်း ခွန်အားကိုဖြစ်စေနိုင်ရုံမကလူတို့၏သက်တမ်းကိုလည်းရှည်စေနိုင်ကြောင်း အမေရိကန်သုတေသနအဖွဲ့မှစစ်ဆေးတွေ့ရှိထားပြီဖြစ်သည်။ ဂျုံမှ ခွန်အားနှင့်တကွ အလှအပကိုပါပံ့ပိုး ပေးသောဓာတ်များပါဝင်နေကြောင်းကိုလေ့လာချက်များကခိုင်မာစွာဖော်ပြနေပြန်သည်။ LIK Women's Cohort Study ၏လေ့လာချက်အရ ဂျုံစားသုံးသူသွေးမဆုံးမီအမျိုးသမီးများသည် အခြားအမျှင်ဓာတ်ကို စားသုံးသော အမျိုးသမီးများထက် ရင်သားကင်ဆာဖြစ်နှုန်းကို ၄၁ ရာခိုင်နှုန်းထိလျှော့ချပေးနိုင်သည်ဟုဆိုသည်။ သို့ရာတွင် ပြုပြင်ဖန်တီးထားသောဂျုံမှုန့်များတွင်မူ အာဟာရဓာတ်များ၏ ၄၀ရာခိုင်နှုန်းမျှသည် ဖန်တီးမှုအဆင့်တိုင်းတွင်လျော့ပါးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ အရာရာတိုင်းတွင်လည်း တန်ဆေးလွန်ဘေးရှိတတ်လေရာ ဂျုံအစားများလျှင် Xalate ဓာတ်များပြားစွာပါဝင်သောကြောင့် ကျောက်ကပ်ကျောက်တည်ခြင်းဖြစ်တတ်ကြောင်းလည်း သိရှိရပါသည်။ မည်သို့ပင်ဆိုစေ အသုံးချတတ်လျှင်ဆေးဖြစ်စေနိုင်သည့်အာဟာရဓာတ်တစ်မျိုးဖြစ်သော ဂျုံနှင့်ထောပတ်အကြောင်းရှာဖွေတွေ့ရှိသမျှ ရတီပရိသတ်များအတွက်ဖော်ပြလိုက်ပါသည်။









သို့ရာတွင်ပြုပြင်ဖန်တီး ထားသောဂျုံမှုန့်များတွင်မူ အာဟာရဓာတ်များ၏ ၄၀ရာခိုင်နှုန်းမျှသည် ဖန်တီးမှုအဆင့်တိုင်းတွင် လျော့ပါးလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။



ထောပတ်သည်လည်း ကိုယ်ခန္ဓာကိုလှပစေမည့် ဓာတ်များအမြောက်အမြားပါဝင်သည့် အာဟာရတစ်မျိုးဖြစ်သည်။ အသားအရေကို လှပစေမည့် ဗီတာမင်အီး ပါဝင်သကဲ့သို့ အရိုးအဆစ်ကိုလှပသန်မာစေသောCalcium ဓာတ် စုပ်ယူမှုကို အထောက်အကူပြုသော ဗီတာမင်ဒီလည်းများစွာ ပါဝင်နေသည်။ ဦးနှောက်ကို ဖွံ့ဖြိုးစေသဖြင့် ကလေးငယ်များအတွက် ဉာဏ်ရည်ဖွံ့ဖြိုး စေရန်အကောင်းဆုံးသော အာဟာရတစ်မျိုးဖြစ်သည်။ တစ်ဖန်ကျန်းမာရေး အထောက်အကူဓာတ်အနေဖြင့် ထောပတ်တွင် ပါဝင်သော Conjuhated Linoleic Acid သည် ကင်ဆာဆန့်ကျင်ပစ္စည်း ဖြစ်ရုံသာမက ခန္ဓာကိုယ် ကြံ့ခိုင်မှုကိုလည်း အားပေးကြောင်းတွေ့ရသည်။

ထောပတ်နှင့်ဂျုံကို ပေါင်းစပ်လိုက်သည့်အခါ အရသာရှိပြီး အာဟာရပြည့်စုံကြွယ်ဝသောထိပ်တန်းစားစရာတစ်မျိုးဖြစ်လာပါသည်။

**ဂျုံစေ့တွင်ပါဝင်သောပစ္စည်းနှင့်အာဟာရဓာတ်များ**

- သက်စောင့်ဗီတာမင်ဓာတ်များ
- Mineral ခေါ်ဓာတ်ဆားများ
- ဗီတာမင် E
- ဗီတာမင် B အုပ်စုများ
- Folic Acid , Manganese , Magmesium နှင့် Zine ဓာတ်များ

**ဂျုံမှရမည့် အကျိုးကျေးဇူးများ**

- သဘာဝအစွမ်းသတ္တိတစ်ရပ်အနေဖြင့် အဝလွန်ခြင်းကို ထိန်းသိမ်းနိုင်ပြီး အမျိုးသမီးများကို ပိုမိုအကျိုးသက်ရောက်စေခြင်း။
- ခန္ဓာကိုယ်၏ဇီဝကမ္မ ဖြစ်ပျက်မှုကို တိုးတက်စေနိုင်သောကြောင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုစေခြင်း။
- Omega 3 fattt acid ကြောင့် နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်ပေးခြင်း။
- အဝလွန်ခြင်းကို ကာကွယ်ပေးပြီးနောက်ဆက်တွဲဆိုးကျိုးဖြစ်သော သွေးချိုဆီးချိုနှင့်နှလုံးသွေးကြောကျဉ်းရောဂါများကိုကာကွယ်ပေးခြင်း။
- မဂ္ဂနီစီယမ်ဓာတ်ကြောင့်သွေးတွင်းသကြားဓာတ်ထိန်းညှိပေးခြင်း။
- အင်ဆူလင်ဟော်မုန်းထွက်စေနိုင်သည့်အတွက် ဆီးချိုသွေးချို Type 2 ကိုကာကွယ်ခြင်း။
- Betaine ဓာတ်သည် ရောင်ရမ်းခြင်းကိုကာကွယ်နိုင်သောကြောင့် အဆစ်အမြစ်ရောင်ရောဂါများ၊ လေးဖက်နာရောဂါရှိသူများအတွက် အသုံးဝင်ခြင်း။
- သည်းခြေကျောက်ဖြစ်ပေါ်ခြင်းကို ကာကွယ်ပေးနိုင်ခြင်း။
- ထောပတ်တွင်ပါဝင်သောပစ္စည်းနှင့် အာဟာရဓာတ်များ
- ဗီတာမင် A, E, K, D
- ကင်ဆာဆန့်ကျင်ပစ္စည်း Conjugated Linoleic Acid ဓာတ်

ထောပတ်တွင်ပါဝင်သောပစ္စည်းနှင့်အာဟာရဓာတ်များ။

- ဗီတာမင် အမြောက်အမြားပါဝင်သဖြင့် အားအင်ပြည့်ဖြိုးစေခြင်း။
- ဗီတာမင် A,E,K,D တို့ပါဝင်သဖြင့် အသားအရေကိုစိုပြည်စေခြင်း၊ အရိုးအဆစ်သန်မာလှပစေခြင်း

**ဒေါက်တာဇာနည်ဝင်း**



# စိတ်ချတယ် ဆိုရာမှာ... (၄) ချက်

အေမီချို

ဒီနေ့ခေတ်ကာလမှာ ဝလာလို့ စိတ်ညစ်နေရတဲ့ မမတွေ တစ်ပုံကြီးပဲ ရှိပါတယ်။ ပိန်ချင်ဇောနဲ့ အလွန်အကျွံဝိတ်ချရင်လည်း ကျန်းမာရေးအတွက် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်အတွက်လည်း ဘေးဥပဒ်မဖြစ်ဘဲ ဝိတ်ကျစေမယ့်နည်းလမ်းကို သင်ရှာဖွေသင့်ပါတယ်။ အခုဖော်ပြမယ့် ဝိတ်ချနည်းတွေက သင့်ခန္ဓာကိုယ်ပေါ်က ပိုနေတဲ့ ပေါင်ချိန်များကို ဖယ်ရှားပေးဖို့ ကူညီနိုင်ပါလိမ့်မယ်။ သင့်ခန္ဓာကိုယ်လည်း ပုံကျစေပြီး သင့်အတွက်လည်း နှစ်သက်ဖွယ်ကောင်းမယ့်အစားအသောက်စာရင်းလည်း ပါဝင်ပါတယ်။ ဒါတွေက သင့်ခန္ဓာကိုယ်ကို ကျန်းမာလှပစေဖို့ ကူညီပေးပါလိမ့်မယ်။



1

## အသားမပါဘဲ စားသုံးရတဲ့အခါ

ဒီနေရာမှာ ပြောချင်တာက ပဲပိစပ်နဲ့ ပဲနီလေးကိုပါ။ ဒီအစားအစာတွေက ကျန်းမာရေး အတွက် အထောက်အကူပြုသလို အရသာလည်း ရှိတဲ့ အစားအသောက်တွေပဲ ဖြစ်ပါတယ်။ ကိုယ်ဟာ အသားငါးမပါဘဲ စားသုံးရမယ့် အချိန်၊ သက်သတ်လွတ်စားတဲ့ အချိန်မျိုးတွေမှာ ဒီလို အစားအစာတွေကိုပဲ ပုံမှန်အတိုင်းမဟုတ်ဘဲ ကိုယ့်ရဲ့ စိတ်ကူးဉာဏ်အတိုင်း တီထွင်စားသောက် လို့ ရပါတယ်။ ဒါဆို သက်သက်လွတ်စားသုံးရတဲ့ အခါတွေကိုလည်း ငြီးငွေ့တော့မှာ မဟုတ်သလို ဝိတ်ချဖို့အတွက်လည်း အဆင်ပြေပါတယ်။



2

## တစ်နေ့တာ စားသောက်မှုကို စာရင်းပြုစုပါ

တစ်နေ့တာ စားသောက်ခဲ့တဲ့ အစားအသောက်များကို ချရေးပါ။ စားခဲ့တဲ့ အစားအသောက်တွေအပြင် ကိုယ်သောက်ခဲ့တဲ့အရည် စာရင်းကိုလည်း ထည့်သွင်းရေးသားဖို့ မမေ့ပါနဲ့။ ဒီလိုရေးသားတဲ့နေရာမှာ အနည်းငယ်လေး စားတာကအစ ကလေးစားပန်းကန်လောက်နဲ့ စားတာကအစ ထည့်သွင်းရေးသားထားတာပါလို့ ဆိုထားပါတယ်။ ဒီစာရင်းကိုကြည့်ပြီး နောက်ရက်တွေ ခန္ဓာကိုယ်အတွက် အဆီတိုးစေမယ့် အစားအစာတွေကို ဖယ်ရှားပါ။



## အပြေးလေ့ကျင့်ခန်းလုပ်ပါ

3

သင်ဟာ ဝတဲ့လူတစ်ယောက်ဖြစ်လို့ ဝိတ်ချမယ်ဆိုရင် ဝိတ်ချတဲ့နေရာမှာ အကောင်းဆုံးဖြစ်ဖို့အတွက် ပေါင်းစပ်လုပ်ဆောင်ရမယ့် အချက် ၂ ချက်ရှိပါတယ်။ အဲဒါကတော့ ဆင်ခြင် ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ စားသောက်မှုပုံစံနဲ့ ခွန်အားစိုက်ထုတ်ရတဲ့ လေ့ကျင့်ခန်းပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်။ ဝိတ်ချတဲ့ လူတစ်ယောက်ဟာ အစားအသောက်ကို မဆင်မခြင် စားသုံးနေမယ်ဆိုရင် ဘယ်လိုမှ ဝိတ်ကျနိုင်မှာ မဟုတ်သလို လေ့ကျင့်ခန်းလုံးဝမရှိရင်လည်း ခန္ဓာကိုယ်ရဲ့ ကြွက်သားတွေ ကျစ်လျစ်မှုနဲ့ သွေးလည်ပတ်မှုတွေ ကောင်းမွန်ဖို့အတွက် ခက်ခဲနေမှာပါ။

အပြေးလေ့ကျင့်ခန်းဟာ ဝိတ်ချမယ့်သူတွေအတွက် အကောင်းဆုံးသူငယ်ချင်းလို့လည်း ပြောလို့ရသလို မှန်ကန်တဲ့ အားကစားနည်းလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ သင်ဟာပြေးဖို့အတွက် ဆန္ဒမရှိဘူးဆိုရင်တော့ လမ်းလျှောက်ပေးလို့ရပါတယ်။



# 4

## ကျေနပ်ပျော်ရွှင်ဖွယ် အစားအစာများ

အတိုင်းထက်အလွန် အရသာကောင်းမွန်အောင် ပြုလုပ်ထားတဲ့ အစားအစာတွေကို စားသုံးရတဲ့အခါမှာ သင်ဟာ အလွန်ပဲ ပျော်ရွှင်ကျေနပ်တတ်ပါတယ်။ ဒါပေမဲ့ သင်ဟာ အချိန်တိုင်း အရသာခံစားသောက်နေမယ်ဆိုရင်တော့ နောက်ဆက်တွဲပြဿနာတွေ ရှိလာနိုင်ပါတယ်။ ဝိတ်ချမယ့်သူတွေ အနေနဲ့ စိတ်ကိုကျေနပ်ပျော်ရွှင်လောက်အောင် အရသာရှိစေတဲ့ အစားအစာတွေ အားလုံးကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။



# 5

## မိမိနှစ်သက်တဲ့ ခန္ဓာကိုယ်အနေအထားတစ်ခုကို မှန်းဆထိန်းသိမ်းလိုက်ပါ

ဝိတ်ချတဲ့နည်းလမ်းတွေထဲမှာ သက်ရောက်မှုရှိတဲ့ နည်းလမ်းတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ ကိုယ်လိုချင်တဲ့ ကိုယ့်ရဲ့ ခန္ဓာကိုယ်အချိုးအစားတစ်ခုကို စိတ်ကူးပြီး စိတ်ထဲမှာ မှတ်သားထားလိုက်ပါ။ အဲဒီလို မှတ်သားပြီးတဲ့ အခါမှာ ကိုယ်မှတ်သားထားတဲ့ သွယ်လျတဲ့ ခန္ဓာကိုယ်နဲ့ကိုက်ညီမယ့် ဝတ်စုံလေးတစ်ခုကို ကိုယ့်ရဲ့ အဝတ်အစားဗီရိုထဲကနေထုတ်ပြီး အပြင်မှာ ချိတ်ထားလိုက်ပါ။ ဒီအင်္ကျီကို လာမယ့် နွေရာသီမှာ ဝတ်ချင်တယ်ဆိုတဲ့ စိတ်ထားပါ။ ဒီအင်္ကျီလေးကို မကြာခဏ မြင်နေရတဲ့အတွက် ဝိတ်ကျဖို့ကို အမှတ်ရစေပြီး အမြဲတမ်းထိန်းသိမ်း ဂရုစိုက်ဖြစ်နေပါလိမ့်မယ်။

# 6

## နံနက်စာကို ဘယ်တော့မှ ကျော်မပစ်ပါနဲ့

လေ့လာတွေ့ရှိချက်များအရ ဝိတ်ချခြင်း အစီအစဉ်ထဲမှာ နံနက်စာစားသုံးခြင်း ကဏ္ဍဟာ ပါဝင်မနေပါဘူး။ ပိန်သွယ်အောင် ပြုလုပ်ဖို့ အတွက် နံနက်စာကို လျှော့စားခြင်း၊ မစားဘဲ ကျော်သွားခြင်းတွေ ပြုလုပ်စရာမလိုပါဘူးတဲ့။ နံနက်စာဟာ စားကိုစားသုံးပေးဖို့ လိုအပ်ပါတယ်။ နံနက်စာကို သေချာစွာစားသုံးခြင်းဟာ အလွန်ပဲ တောက်ပကောင်းမွန်တဲ့ အလေ့အကျင့် ဖြစ်ပါတယ်တဲ့။







## ပုန်းကွယ်နေတဲ့ သကြားတွေကို ဂရုပြုပါ


7

အစားအသောက်တွေရဲ့ Lable ကို ကြည့်ရုံလောက်နဲ့တော့ ဒီအစားအစာမှာ သကြားပါနိုင်၊ မပါနိုင်ကို မသိနိုင်ပါဘူး။ ကိုယ့်ရဲ့ မျက်စိအောက်မှာတော့ သကြားဟာ ဟန်ဆောင်ရုပ်ဖျက်ပြီး ရှိနေနိုင်ပါတယ်။ ဒါကြောင့် အစားအစာတွေမှာ ပုန်းကွယ်ပြီး ပါဝင်နေတတ်တဲ့ သကြားတွေကို ဂရုပြုပါလို့ ပြောပါရစေ။

## အကြော်ဒယ်အိုးကို စွန့်ပစ်လိုက်ပါ

8

အကြော်စာ၊ အကင်စာတွေဟာ သင့်အတွက် မလိုအပ်ပါဘူး။ အကြော်စာ၊ အကင်စာတွေဟာ ဆီတွေပြည့်ဝနေတဲ့ အစားအစာတွေပဲ ဖြစ်ပါတယ်။ ဝိတ်ချမယ့်သူတစ်ယောက်အနေနဲ့ ပြည့်ဝဆီပါဝင်တဲ့ အစားအစာတွေကိုဖယ်ရှားပြီး ရေနွှင့် ပြုတ်ထားတဲ့ အစားအစာမျိုးတွေကို စားသုံးသင့်ပါတယ်။



9

**အိပ်ချိန်လုံလောက်ပါစေ**

ဘော်ဒီဝိတ် တအားထိုးတက်လာခြင်းက သင့်မှာ အိပ်စက်ချိန်လုံလောက်မှုမရှိဘူးဆိုတာကိုလည်း ပြသရာရောက်ပါတယ်။ မကြာသေးမီက တွေ့ရှိချက်အရ အိပ်စက်ချိန်မလုံလောက်ခြင်း ဟာ အစားအသောက်စားချင်တဲ့ ချင်ခြင်းကို ပိုမို တိုးပွားစေတယ်လို့ သိရပါတယ်။ အိပ်ရေးပျက်ရင် အစားပါပျက်တတ်တယ်လို့ ထင်တတ်ကြပါတယ်။ ဒါပေမဲ့ အိပ်ရေးပျက်ပြီး ခံတွင်းပျက်တာကြောင့် အစားအသောက်မျိုးစုံကို သတိမပြုမိဘဲ စားသုံး ဖြစ်တတ်ကြတာကြောင့်ပဲ ဖြစ်ပါတယ်။

အေမီချို



# လှပစိုပြည်ရတီမေ

ရွှေနေခြည်

## Valentine's Day မှာ လွတ်လပ်ပေါ့ပါးစွာလှနေစေဖို့

Valentine's day မှာ ချစ်သူနဲ့ ချိန်းဆိုတဲ့အခါချောကလက်ဘူးထဲကလက်ဆောင်လေးနဲ့ ရိုးအီနေတဲ့သမားရိုးကျ ပျော်စရာတွေချစ်သူကိုပေးမနေပါနဲ့တော့။ ချစ်သူတွေ ချိန်းတွေ့သွားလာကြတဲ့အခါ တကယ်လိုအပ်တာကပေါ့ ပါးလွတ်လပ်စွာ ပျော်ရွှင်နေမှုပါပဲ…ဒီလိုဆိုလို့ အထူးတလည် တွေးပူနေစရာမလိုပါဘူး။ မိန်းကလေးတွေအတွက်ချစ်သူနဲ့ လည်ပတ်ချိန်မှာ အပြည့်အဝစိတ်တိုင်းကျ ရမှုဆိုတာဟာ စတိုင်ကျပေါ့ပါးတဲ့လှပမှုနဲ့အတူ လွတ်လပ်ပျော်ရွှင်စွာ သွားလာလည်ပတ်မှုကိုဆိုလိုတာပါပဲ။

ချစ်သူက သင့်ကိုမြင်လိုက်တဲ့အခါမှာ စိတ်ချလက်ချ လှပနေနိုင်မှုဟာ တစ်နေ့တာပျော် ရွှင်မှုကို အပြည့်အဝရရှိစေပါတယ်။ ဒါကြောင့် Valentine's Day အတွက်ကြိုတင်ပြင် ဆင်ချင်သူ မေတို့အတွက် အချိန်အများကြီးပေးစရာမ လိုတဲ့ပြင်ဆင်မှုတွေနဲ့



ကျရောက်လာတဲ့ ဗယ်လင်တိုင်းနေ့ တစ်မနက်တာမှာ ပြင်ဆင်ရမယ့်နည်းအချို့ကိုဖော်ပြပေးလိုက်ပါတယ်။



## ၁ / နှုတ်ခမ်းနဲ့ မျက်နှာအရောင်

ချစ်သူနဲ့ဆုံတွေ့စဉ်မှာ ကိုယ့်ရဲ့အလှအပကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အပြည့်အဝရရှိနေစေဖို့ အရောင်ရွေးချယ်မှုကနေ စတင်ပါ မယ်။ သင်ဟာချစ်သူနဲ့ တွေ့ဆုံရမှုကို အပြည့်အဝ ကျေနပ်လက်ခံကြောင်းကို ပြသဖို့အတွက်အရောင်ကိုမှန်ကန်စွာရွေးချယ်တတ်ဖို့လိုပါတယ်။ အရင်ကပြောလေ့ပြောထရှိခဲ့တဲ့အထဲမှာအချစ်ရဲ့ သင်္ကေတဟာပန်းရောင်ပေ့ါ။ ဒါကြောင့် Pink and Blue, Love is True ! လို့သူငယ်ချင်းတွေနဲ့ ပြောဆိုခဲ့ကြဖူးတယ်မဟုတ်လား။ ဒီသဘောပါပဲ။

အနီနဲ့ ပန်းရောင်ဟာမိန်းကလေးတစ်ယောက်ရဲ့ ချစ်သွေးဖြာစေနိုင်တဲ့အခြေခံအရောင်ပါပဲ။ နှုတ်ခမ်းပါးလေးအတွက် ပန်းသွေးရောင်ဟာ သင့်ကိုလက်ပစေပြီးနူးညံ့တဲ့သဘောကိုပြသပါလိမ့်မယ်။ အနီရဲရဲကတော့ နှုတ်ခမ်းစူမူ စိတ်ကောက်တတ်တဲ့ မိန်းကလေးများအတွက် ချစ်သူကို ဆွဲဆောင်မယ့်ရင်ခုန်စဖွယ်မာယာ အရောင်တစ်မျိုးပါပဲ။ သတိထားစရာတစ်ခုကတော့ ဖေဖော်ဝါရီဟာ ပူနွေးခါစရာသီအကူးပြောင်းကာလဖြစ်ပေမဲ့အအေးဓာတ်တွေ လက်ကျန် ရှိနေဆဲပါပဲ။ ဒီကာလမှ နှုတ်ခမ်းအစိုဓာတ်ကို ထိန်းသိမ်းပေးနိုင်မယ့် နှုတ်ခမ်းဆိုးဆေးကို အသုံးပြုဖို့လိုပါလိမ့်မယ်။ ထူထဲတဲ့ လိုင်နာနဲ့ နှုတ်ခမ်းသားတွေကို ပုံဖော်ချင်ရင်တော့ အတွင်းသားကို ရေဓာတ်ပါဝင်တဲ့ hydrating creme lip stick ကို သုံးဖို့လိုပါတယ်။



မျက်နှာပြင်ပေါ်က မိတ်ကပ်အရောင်ကို တော့ သဘာဝနဲ့ အနီးစပ်ဆုံးအရောင်တွေကိုပဲ ရွေးချယ်ဖို့လိုအပ်ပါတယ်။ သဘာဝနဲ့နီးစပ်မှသာ ကိုယ့်ရဲ့အလှဟာ ဆေးဆိုးပန်းရိုက်အသွင်ဖြစ်မနေတော့မှာပေ့ါ။ ဒါကြောင့် ပင်ကိုအသားရောင်ကို အခြေခံပြီးလိမ်းခြယ်ရမှာဖြစ်ပါတယ်။ ဖြူတဲ့ သူဟာ ပါးပြင်အတွက် ပန်းရောင်လေးရွေးချယ်ရမှာဖြစ်ပြီး ညိုတဲ့သူကတော့ အနီနဲ့အဝါကို အခြေခံတဲ့ အညိုရောင်လေးကိုသုံးသင့်ပါတယ်။



## ၂ / မျက်လုံးကိုခြယ်သ




မျက်လုံးကို ခြယ်သအလှပြင်ဖို့ရာကတော့ အများကြီးမရှိပါဘူး။ မျက်ခွံရယ် မျက်တောင် ရယ်ကသာ အဓိကကျတာပါ။ မျက်တောင်ကို ပိုမိုရှည်လျားနက်မှောင်လာစေဖို့ masa- cara တစ်မျိုးကိုတော့ ရွေးချယ်ရပါလိမ့်မယ်။ ဒ့ါအပြင် မိန်းကလေးတွေလိုလားနှစ်သက်တာတစ်ခုက မျက်ဝန်းတွေကြီးမားရှည်လျားစွာ လှပနေဖို့ပါပဲ။ ဒါကတော့ ဆန္ဒရှိတယ်ဆိုရင် ကြီးမားသယောင် မျက်ဝန်းရဲ့ အထက်နဲ့အောက်တွေကို ခဲရောင်ခြယ်ပေးခြင်းနဲ့ မျက်တောင်တုတပ်ပေးခြင်းပါပဲ။ မျက်ခွံရဲ့အရောင်တွေကို နှုတ်ခမ်း၊ ဝတ်ဆင်မယ့် အရောင်တွေပေါ်မူတည်ပြီးရွေးချယ်လိုက်ပါ။



## ၃ / အသားအရေကို မမေ့ပို့

မျက်နှာမှာ နှုတ်ခမ်းနဲ့လိုက်ဖက်မယ့် အရောင်ကို လိမ်းခြယ်ပြီးတဲ့အခါ အမှတ်မထင် ပစ်ပယ်ထားလိုက်တာကတော့ ကိုယ်ခန္ဓာရဲ့ အသားအရေပါပဲ။ မျက်နှာကို အလှပြင်ပြီး တဲ့အခါ အသားအရေကို ဒီအတိုင်းမလိမ်းမခြယ် ဘဲလမ်းထွက်လိုက်ရင် ကိုယ်ခန္ဓာဟာ မွဲခြောက်နေသယောင် မြင်ရတတ်ပါတယ်။ ဒါကြောင့် body lotion တစ်မျိုးကိုမှန်ကန်စွာသုံးစွဲဖို့လိုပါတယ်။



ကိုယ့်အသားအရေအမျိုးအစားပေါ် မူတည်ပြီး skin lotion ကို ရွေးချယ်ပါ။ အနောက်ကမ္ဘာမှာတော့ အမျိုးသမီးတွေဟာ ဟောလီးဝုဒ် အငွေ့ အသက်ကို ရရှိအောင် bronze cream ကို လိမ်းကြတယ်လို့ ဆိုပါတယ်။ ကိုယ့်ရဲ့ အသားအရေနဲ့လိုက်ဖက်မှုကို မရွေးချယ်တတ်ဘူးဆိုရင် လွယ်ကူစေမယ့် နည်းကတော့ ကိုယ့်အသားအရေဟာ ပုံမှန်လား၊ ခြောက်သွေ့နေလား သတိထားမိဖို့ပါပဲ။

## ၄ ၊ ဆံပင်တွေပိုမိုလှပလာအောင် ဖြီးသင်

ဆံပင်တိုသူနဲ့ ရှည်သူတွေမှာ လိုက်ဖက်အောင် ဖြီးသင်ရမှုနည်းတွေ ကွာဟပါတယ်။ တိုသည်ဖြစ်စေ ရှည်သည်ဖြစ်စေ ချစ်သူရဲ့ အမြင်မှာ သာမက အများအမြင်မှာပါ လှပစေတာကတော့ မိမိနဲ့ လိုက်ဖက်တဲ့ဆံပင်ပါပဲ။ Valentine's day top 10 hair style ကို daily make over မှာဖော်ပြထားချက်အရတော့ ဆံပင်တိုသူလေးတွေဟာ အလွှာအထပ်ကလေးတွေ ဖြစ်အောင် ပြုပြင်ဖြီးသင်ထားကြပြီး ဆံပင်ရှည်သူတွေကတော့ လက်ချောင်းတွေနဲ့ ထိုးခွဲလိုက်ရင် ဖြီးကြောင်းလမ်းကို သေသပ်စွာ ခွဲကျသွားစေအောင် နူးညံ့ပျော့ပျောင်းတဲ့ နွယ်လှိုင်းကလေးတွေရအောင် ပြုပြင်ယူထားခြင်းပါပဲ။





## ၅ / ကြိုတင်ပြင်ဆင်ရမယ့် ပြုပြင်မှုတွေ

ပင်ကိုနှုတ်ခမ်းအသားလှနေဖို့သဘာဝကုထုံး တစ်မျိုးကတော့ ချိန်းဆိုမှုမတိုင်မီတစ်ညမှာ ပျားရည်နဲ့ သကြားရောစပ်ထားတဲ့ နှုတ်ခမ်း scrub နည်းကိုအသုံးပြုပေးပါ။ သင့်နှုတ်ခမ်းဟာ စိုလက်နူးညံ့လာပါလိမ့်မယ်။

မျက်နှာအသားအရေအတွက်ကတော့ အိမ်တွင်းဖြစ် ပေါင်းတင်နည်းကို အသုံးပြုပြီး ပိုမိုလှပကောင်းမွန်လာအောင်ပြုပြင်လိုက်ပါ။ ရေနွေးကြမ်းအေးအေးတစ်ခွက်နဲ့ ဆန်မှုန့် ၂ဇွန်း၊ ပျားရည်ဇွန်းတစ်ဝက်ကို ရောစပ်ပြီး ပေါင်းတင်လို့ရပါတယ်။ မျက်နှာအပါအဝင် တစ်ကိုယ် လုံးစာအတွက် အချိုးအစားအလိုက်တိုးစပ်သွားပြီး အသုံးပြုနိုင်ပါတယ်။ ဒီနည်းဟာ အသားအရေကို နူးညံ့ချောမွတ်ကာ စိုပြည်တင်းရင်းလာစေပါတယ်။



ဆံပင်အတွက် ကြိုတင်ပြင်ဆင်ရမှာကတော့ ကြေးညော်တွေနဲ့စေးကပ်နေတဲ့ ဆံပင် မဖြစ်ဖို့၊ ခြောက်သွေ့ပွယောင်းနေတဲ့ ဆံပင်မဖြစ်ဖို့ လုပ်ဆောင်ရမှာပါပဲ။ တစ်ခုတည်းသော ဆံနွယ်သန့်ရှင်းရေးပြုလုပ်နည်းကတော့ ခေါင်းလျှော်တာပါပဲ။ သန်စွမ်းကောင်းမွန်တဲ့ဆံနွယ်တွေဟာ လျှော်ပြီးသွားတဲ့အခါ တောက်ပလင်းလက်စွာ ပျော့ပျောင်းနေပါလိမ့်မယ်။ ဒီလိုဖြစ်ဖို့ကိုတော့ အိမ် တွင်းမှုနည်းနဲ့ဖန်တီးထားတဲ့ ပေါင်းဆေးအသုံးပြုပြီး တစ်ရက်ကြိုတင် ပေါင်းတင်ပေးပါ။ ဥအမျိုးမျိုး၊ ဒိန်ချဉ်နဲ့ ပျားရည်တို့ဟာ ဆံပင်အတွက် အကောင်းဆုံးသဘာဝအာဟာရဓာတ်တွေပါပဲ။ လက်ဖက်ရည်ခွက် တစ်ဝက်စာခန့် ရရာဥတစ်မျိုးရဲ့ အနှစ်မွှေထားတာနဲ့ ဆံပင်အနှံ့ကို တစ်နာရီခန့် အကြာသုတ်လိမ်းထားပြီးမှ ခေါင်းလျှော်ချတာမျိုးဟာ ဆံပင်ကိုသန်စွမ်းစေသလို လတ်တစ်လောကြမ်းတမ်းနေတဲ့ ဆံပင်တွေကို ပျော့ပျောင်းသွားစေတဲ့နည်းကတော့ သဘာဝအုန်းဆီကို တစ်ခေါင်းလုံးနေရာအနှံ့လိမ်းထားပြီး တစ်နာရီခန့်အကြာမှာ ရေဆေးချ လိုက်တဲ့ နည်းပါပဲ။

ဒီတော့ Valentine's day အတွက် ချစ်သူနဲ့ချိန်းဆိုထားခဲ့ရင် ဒီလို လွတ်လပ်ပေါ့ပါးနေစေမယ့် အလှအပမျိုးပိုင်ဆိုင်ထားတဲ့ဟန်ပန်နဲ့ ရဲဝံ့စွာ သွားလိုက်ပါ။ ရတီပျိုမေတို့ဟာ နေ့ တစ်ဝက်ခန့်အကြာမှာ ပြင်ဆင်လာခဲ့တဲ့ အလှပျက်သွားမှာမျိုးကို ပူပင်ရတဲ့စိတ်မျိုးမရှိတော့ဘဲ လွတ်လပ်ပေါ့ပါးစွာ ပျော်ရွှင်ရမှာပါ။

ရွှေနေခြည်

# ဂျပန်ပြည်က နေမျိုးနွယ်ဝင် ဘုရင်တို့ရဲ့ တော်ဝင်နန်းဆက်ခံမှု အပြောပြော

သော်တာလ

နေမျိုးနွယ်ဝင်လို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ် ခေါ်ဝေါ်ကြတဲ့ ဂျပန်လူမျိုးတို့မှာ သက်တမ်းရှည် ဘုရင်စနစ်ရှိပါတယ်။ ကမ္ဘာပေါ်မှာ ဘုရင်စနစ် ကျင့်သုံးတဲ့ နိုင်ငံတွေဖြစ်တဲ့ အင်္ဂလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ နယ်သာလန်တို့လိုပဲ ဂျပန်မင်းဆက်ကလည်း သူ့ဓလေ့၊ သူ့ထုံးတမ်းနဲ့ ယနေ့ထက်တိုင် အဓွန့်ရှည်ကာ တည်တံ့နေပါတယ်။ ဘုရင်စနစ် အုပ်စိုးတဲ့ နိုင်ငံများအနက် သက်တမ်းအရှည်ဆုံး ဘုရင်စနစ် အုပ်စိုးတဲ့ နိုင်ငံအဖြစ် ဂျပန်နိုင်ငံက မှတ်တမ်းဝင်ထားသလို ခရစ်မပေါ်မီ ဘီစီ ၆ ရာစု ကတည်းက Jimmu ဆိုတဲ့ ဘုရင်မင်းတရား က ပထမဆုံး





လက်ရှိဘုရင်၊
နန်းစွန့်ဘုရင်နှင့်
အိမ်ရှေ့စံမိသားစု



နန်းစွန့်ဘုရင်
အာကီတိုနှင့်
ကေရီ မိချိကို



လက်ရှိဘုရင်ကြီး
နန်းဆက်ခံနေစဥ်



ဘုရင်ကြီး
နာယူဟီနာဆာတိုနှင့်
ကေရီမာဆာကို

မင်းဆက်အဖြစ် မှတ်တမ်းမှတ်ရာ များရှိနေပါတယ်။ အခုချိန်မှာ ဂျပန်ပြည်ကို စိုးစံ နေတဲ့ မင်းကြီးကတော့ နာယူဟီတို (Crown Prince Nuruhito)ဖြစ်ပြီး သူဟာ ဘုရင်ကြီး အာကီဟီတိုနဲ့ သခင်မကြီး မိချိကိုတို့ရဲ့ သားကြီးသြရသပဲ ဖြစ်ပါတယ်။ (၂၃. ၂. ၁၉၆၀) မှာ မွေးဖွားခဲ့တာဖြစ်ပြီး ကြင်ရာတော် မင်းသမီး မာဆာကိုနဲ့ ၁၉၉၃ ခုနှစ်မှာ လက်ထပ်ပြီး သမီးတော်လေး အိုက်ကိုရှိပါတယ်။ Oxyford ရှိ Merton College မှာ ပညာသင်ကြားခဲ့သလို Gakushuin University မှ ဘွဲ့ရရှိထားသူဖြစ်ပါတယ်။

သမီးမိန်းကလေးတွေ ထီးနန်းဆက်ခံခွင့်မရှိတဲ့ ဂျပန်ဘုရင်စနစ်ကြောင့် လက်ရှိဘုရင်ရဲ့ သမီးတော် အိုက်ကိုဟာ တော်ဝင်မင်းသမီး (Princess Toshi) အဖြစ်ပဲ ဆက်ခံခွင့်ရှိကာ ညီတော်မင်းသား အာကီရှိနိုက ဒုတိယမင်းဆက်အဖြစ် ဆက်ခံမှာဖြစ်ပါတယ်။ တတိယနန်းလျာကတော့ မင်းသား အာကီရှိနိုရဲ့ သားတော် ဟီဆာဟီတို (Hisahito)ဖြစ်ပြီး သူဟာ နန်းဆက် ပြတ်လုနီးပါးဖြစ်နေတဲ့ ဂျပန်မင်းဆက်ရဲ့ အလင်းရောင်ဖြစ်ပါတယ်။ သူ့ကို (၆. ၉. ၂၀၀၆) မှာ မွေးဖွားခဲ့ပြီး သူ့အပေါ်မှာ အစ်မတော်နှစ်ဦးရှိပါတယ်။ သူဟာ သားယောကျ်ားလေး ပျောက်ဆုံးနေတဲ့ ဂျပန်နန်းဆက်မှာ ၄၁ နှစ်ကြာမှ ပေါ်လာတဲ့ ပထမဆုံး သားယောကျ်ားလေးပဲ ဖြစ်ပါတယ်။

## တော်ဝင်ဘုရင်တစ်ဦးရဲ့ တာဝန်

ပထမဆုံးမင်းဆက် Jimmu ဟာ ဘီစီ ၆ ရာစုမှာ ပေါ်ထွန်းခဲ့တာလို့ဆိုတာကြောင့် ဂျပန်မင်းဆက်ဟာ နှစ်ပေါင်း ၂၆၀၀ နီးပါးရှိပြီလို့ ပြောလို့ရပါတယ်။ သူဟာ ဂျပန်ပြည်ကို ဖန်ဆင်းတဲ့ နေနတ်သား Amaterasu ဆီမှ ဆင်းသက်လာတဲ့ နတ်ဘုရားတစ်ဝက်၊ လူသားတစ်ပိုင်းအဖြစ် ဂျပန်လူမျိုးတွေက ထင်မှတ်ထားကြပါတယ်။

ရာဇဝင်အရ မဟုတ်ဘဲ ပထဝီအနေအထားအရ ပြောပြရရင်လည်း ဂျပန်ကို 'Land of the rising sun' လို့ ပြောကြပါတယ်။ ဂျပန်ပြည်ဟာ ဥရောပဘက်ကကြည့်ရင် အရှေ့ဘက်စွန်းကျပြီး ပစိဖိတ်သမုဒ္ဒရာဟာ သူတို့နိုင်ငံ အနောက်မှာရှိတဲ့အခါ အရှေ့ဘက်ကို ကြည့်လိုက်တိုင်း နေရောင် တိုက်ရိုက်ကျတဲ့ နိုင်ငံအဖြစ်တွေ့ရတဲ့ အတွက်ကြောင့် နေမင်းထွက်ရာမြို့ 'source of the sun'လို့ ခေါ်ကြတာပဲ ဖြစ်ပါတယ်။ ဂျပန် လူမျိုးတွေကတော့ သူတို့နိုင်ငံကို နိပွန်နိုင်ငံတော် လို့ခေါ်ပြီး စာပေစကားနဲ့ ပြန်ဆိုရရင် 'နေမင်း ထွက်ရာနိုင်ငံတော်'ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဂျပန်ဘုရင်မင်းဆက်ကို နတ်ဘုရားကဲ့သို့ ရိုသေလေးစားလာကြတာ ပထမ ကမ္ဘာစစ်မတိုင်ခင်အထိပါပဲ။ နှစ်ပေါင်းထောင်နဲ့ချီကာ ဂျပန်ပြည်မှာ ဘုရင်ကို အသက်နဲ့လဲကာ ကာကွယ်စောင့်ရှောက်ဖို့ လူငယ်တွေဟာ အသက်ပြည့်တာနဲ့ ကိုယ်ခံပညာနဲ့ အခြားတတ်အပ်တဲ့ ပညာတွေကို သင်ယူကြရပါတယ်။ ဒီလိုနဲ့ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလထဲမှာ စစ်ရှုံးတဲ့အတွက် ဂျပန်ဘုရင်ဟာ နိုင်ငံတကာကို ဝန်ချတောင်းပန် မှုပြုတဲ့အခါမှ သူကိုယ်တိုင်နှုတ်မှ 'ကျွန်ုပ်ဟာ သင်တို့လူသားတွေနဲ့ ဘဝတူပါ၊ နတ်ဘုရား မဟုတ်ပါဘူး' လို့ ဖွင့်ဟဝန်ခံပြောဆိုတဲ့ အသံနဲ့ ရုပ်ရည်ကို မြင်ရတဲ့အခါမှ သူတို့ ဂျပန်ပြည်မှာ သာမက တစ်ကမ္ဘာလုံးကပါ နတ်ဘုရားဆိုတဲ့ အမြင်ကို ခွာချနိုင်ခဲ့ပြီး နှစ်ထောင်နဲ့ချီကာ အရိုးစွဲခဲ့တဲ့ ရိုးရာအရ ယုံကြည်မှုပျက်သုဉ်းသွားခဲ့ပါတယ်။ ဒီဘုရင်ရဲ့ နာမည်က ဟီရိုဟီတို (Hirohito) ဖြစ်ကာ သူဟာ နတ်ဘဝကနေ လူ့ဘဝကို ဆင်းခဲ့တဲ့ ဘုရင်အဖြစ် စာရင်းဝင်ခဲ့ပါတယ်။ သူ့လက်ထက်မှစပြီး ဂျပန်ပြည်မှာ လူသားဖြစ်တဲ့ဘုရင်ဖြစ်သွားခဲ့ပြီး အခုထိတိုင် အုပ်စိုးနေတာဟာ သူ့အဆက်အနွယ်တွေပဲ ဖြစ်ပါတယ်။

လူသားဖြစ်သွားမှန်းသိတဲ့အခါ ဘုရင်တွေက လူသားတာဝန်တွေ ထမ်းဆောင်လာရပါတယ်။ ဘုရင်ဟာ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့



အသက် (၅) နှစ်အရွယ်ရှိပြီဖြစ်သည့် တတိယနန်းလျာမင်းသားလေး



ဘုရင်ကြီးနာရုဟီတိုနှင့် ကေရိမာဆာကိုနှင့် သမီးတော် အိုက်ကို

ပုံရိပ်ဖြစ်ပြီး ဘုရင်ဟာ နိုင်ငံရပ်ခြားက ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံရခြင်း၊ ထမင်းအတူလက်ဆုံစားရခြင်း၊ ဂျပန်ပြည်သူများထဲမှ ထူးချွန်သူများကို ဆုတံဆိပ်အပ်နှင်းပေးအပ်ခြင်း၊ အခါအားလျော်စွာ နိုင်ငံရပ်ခြားနဲ့တကွ တိုင်းပြည်အတွင်း ခရီးလှည့်လည်သွားလာခြင်းတွေ ပြုလုပ်ရပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်အသစ် ပြောင်းလဲခန့်အပ်တဲ့ အခမ်းအနားကို တက်ရောက်ရသလို ရှင်တိုဗုဒ္ဓဘာသာရဲ့ အကြီးအမှူးတာဝန် ယူထားရတာကြောင့် ဘာသာရေးနဲ့ ပတ်သက်တဲ့တာဝန်တွေထမ်းဆောင်ရပါတယ်။



တတိယနန်းလျာမင်းသားလေး ဟီဆာဟီတို မွေးဖွားစဉ်က

တော်ဝင်တစ်မိသားစုလုံးဟာ Imperial Palace ထဲမှာ တစ်စည်းတစ်လုံးတည်း နေထိုင်ကြပြီး သူတို့မှာ ကိုယ်ပိုင်ဝင်ငွေမရှိဘဲ အရာ အားလုံးကို တိုင်းပြည်က ပြည်သူများရဲ့ အခွန် ဘဏ္ဍာငွေများနဲ့ စီစဉ်ပေးထားတာဖြစ်ပါတယ်။

## လက်ရှိဘုရင် မိသားစု

လက်ရှိစိုးစံနေတဲ့ ဘုရင်ကတော့ နာယုဟီတို ဖြစ်ပြီးသူ့ရဲ့ ကြင်ရာတော်ကတော့ မင်းသမီး မာဆာကို ပဲဖြစ်ပါတယ်။ မင်းသမီး မာဆာကိုဟာ အရပ်သူတစ်ဦးဖြစ်ပြီး ဘုရင်နဲ့ လက်ထပ်ခဲ့တဲ့ အတွက် မင်းသမီးဖြစ်လာသူပါ။

အရပ်သူဘဝကတော့ မာဆာကိုဟာ ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှာ မွေးဖွားခဲ့ပေမယ့် နှစ်နှစ် သမီးအရွယ်မှာ မော်စကိုမြို့ကို မိဘတွေရဲ့ အလုပ်တာဝန်ကြောင့်ရောက်ရှိခဲ့ပါတယ်။ ငါးနှစ်သမီးအရွယ်မှာ နယူးယောက်ကို ရောက်ရှိခဲ့ပြီး ရှစ်နှစ်သမီးအရွယ်မှာတော့ တိုကျိုနိုင်ငံခြားရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ရတဲ့ အဘိုးဖြစ်သူနဲ့အတူ ဂျပန်ပြည်ကို ပြန်လာခဲ့ပါတယ်။ Denenchofu အရပ်မှာရှိတဲ့ ကက်သိုလစ် အမျိုးသမီးကျောင်းမှာ ပညာသင်ကြားခဲ့ပြီး သူ့ အမေနဲ့ သူ့အဘွားနှစ်ဦးစလုံးစဟာ ဒီကျောင်း ထွက်တွေပဲ ဖြစ်ပါတယ်။

၁၉၇၉ ခုနှစ်ရောက်တဲ့အခါ မာဆာကိုရဲ့ ဖခင်ဟာ နိုင်ငံတကာဥပဒေပညာရပ် အတွက် ပါမောက္ခရာထူးကို ဟားဗတ်တက္ကသိုလ်မှာ ထမ်းဆောင်ရတဲ့အခါ မာဆာကိုဟာ အမေရိကန်ပြည်ထောင်စုကို ရောက်ရှိပြန်ပါတယ်။ ဒါကြောင့် သူမဟာ Belmont High School မှာပညာသင် ကြားခဲ့ပါတယ်။ မာဆာကိုဟာ ရုပ်ရည်ချောမောပြီး အားကစားမှာလည်း ထူးချွန်တဲ့သူတစ်ဦး ဖြစ်ပါတယ်။ ပညာရေးမှာလည်း ဟားဗတ်ကောလိပ်ကနေ စီးပွားရေးဌာနဝင်ခွင့် ပညာရည်ထူး ချွန်ဆုရခဲ့ပါသေးတယ်။

စီးပွားရေးဘွဲ့ရရှိပြီးတဲ့နောက်မှာတော့ မာဆာကိုဟာ ဂျပန်ကိုပြန်လာပြီး တိုကျိုတက္ကသိုလ်မှာ ဥပဒေပညာရပ်ကို သင်ယူခဲ့ပြီး နိုင်ငံခြားဝန်ကြီးဌာနဝင်ခွင့်စာမေးပွဲကို ပြင်ဆင်ခဲ့ပါတယ်။ ဖြေဆိုသူအယောက် ၈၀၀ မှာ ၂၈ ဦးရွေးပြီး အမျိုးသမီးအနေနဲ့ မာဆာကိုနဲ့ တကွ နှစ်ဦးပဲ ပါရှိပါတယ်။

မာဆာကိုဟာ ဂျပန်ရေးရာ ဆက်ဆံရေး အတွက် နိုင်ငံတကာအေဂျင်စီများအဖွဲ့ (OECD) မှာ စတင်အလုပ်လုပ်ခဲ့ရပါတယ်။ ကိစ္စများမြောင်လှတဲ့ ဒီအဖွဲ့အစည်းမှာ ဂျပန်၊ အင်္ဂလိပ်၊ ရုရှား၊ ပြင်သစ်နဲ့ ဂျပန်လိုတတ်တဲ့ ဂျပန်အမျိုးသမီးဟာ မာဆာကိုတစ်ဦးပဲရှိခဲ့တာ မို့ လုပ်ဖော်ကိုယ်ဖက်များ အကြားမှာ အင်မတန် ကျော်ကြားခဲ့ပါတယ်။ နှစ်နှစ်ကြာပြီး နောက်မှာတော့ မာဆာကိုဟာဝန်ကြီးဌာနမှ လစာပြည့် ခံစားခွင့်နဲ့အတူ နှစ်နှစ်တိတိ နိုင်ငံခြားပညာသင် ဆုရွေးချယ်ခံခဲ့ရပါတယ်။

ဒီလိုပညာတော်တဲ့ အမျိုးသမီးဟာ တိုကျိုတက္ကသိုလ်မှာ ပညာသင်ကြားစဉ်ကတည်းက မင်းသားနာယုဟီတိုနဲ့ ကြုံဖူးပါတယ်။ စတွေ့တွေ့ချင်းမှာပဲ မင်းသားဟာ မာဆာကိုကို စိတ်ဝင်စားခဲ့ပြီး သူမနဲ့တွေ့ဆုံဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ မာဆာကိုဟာ သူမရဲ့ အလုပ်နဲ့အတူ သူမ ရဲ့ လွတ်လပ်ခွင့်တွေ ဆုံးရှုံးသွားမှာ စိုးရိမ်တဲ့အတွက် မင်းသားရဲ့ လက်ထပ်ခွင့်ကို ငြင်းပယ်ခဲ့ပြီး ၃ ကြိမ်မြောက်မှာတော့ လက်ခံခဲ့ပါတယ်။ ဒါကြောင့် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် နေ့မှာ သူတို့ရဲ့ စေ့စပ်သတင်းကို တရားဝင်အနေနဲ့ Imperial House hold Council က ထုတ်ပြန် ပေးခဲ့ပါတယ်။ ဧပြီ ၁၂ ရက်နေ့မှာ တရားဝင်စေ့စပ်ခဲ့ပြီး ဇွန်လ ၉ ရက်နေ့မှာတော့ လက်ထပ်ခဲ့ကြပါတယ်။

၁၉၉၇ ခုနှစ်မှာ ပထမအကြိမ်ကိုယ်ဝန်ဆောင်ခဲ့ရပြီး ဒီကိုယ်ဝန်ဟာအဖတ်မတင်ခဲ့ပဲ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့မှာတော့ သမီးတော် အိုက်ကိုကို မွေးဖွားခဲ့ပါတယ်။

ဒီနောက်ပိုင်း ၂၀၀၂ ခုနှစ်မှစကာ မာဆာကိုဟာ ပရိသတ်နဲ့ ပြည်သူများရှေ့က ပျောက်ကွယ်နေခဲ့ပြီး နိုင်ငံတကာပွဲတွေကိုလည်း ဘုရင်တစ်ပါးတည်း တက်ရောက်ချီးမြှင့်ခဲ့ပါတယ်။ နန်းတော်မှ 'မင်းသမီးနေမကောင်းသောကြောင့် ဆေးကုသမှုခံယူနေရခြင်း'လို့ သတင်းထုတ်ပြန်



ဘုရင်စနစ်ကျင့်သုံးသည့်နိုင်ငံများမှ
တော်ဝင်မိသားစုဝင်များနှင့်အတူတွေ့ရသည့်
ဘုရင်ကြီး နှင့် ကေရီ

ပေးခဲ့ရတဲ့အထိ ဘုရင့်မိဖုရားတစ်နည်းကြင်ရာတော်တစ်ဦးရဲ့တာဝန် ပျက်ကွက်ခဲ့ရပါတယ်။

ဒီလောက်အထိ ဖြစ်သွားရတာက မင်းသမီးဟာ သမီးတော်ပဲမွေးခဲ့တဲ့အတွက်၁၈၈၉ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့မင်ဂျီဥပဒေအရ သားယောက်ျားလေး သာနန်းဆက်ခံရမယ်ဆိုတဲ့ ဥပဒေကြောင့် သားယောက်ျားလေးမွေးဖွားဖို့အတွက် နန်း တော်ရဲ့ ဖိအားတွေ အပေးခံခဲ့ရလို့ပဲ ဖြစ်ပါတယ်။ သမီးတော်မွေးဖွားခဲ့ချိန်မှာ သက်တော် ၃၈ နှစ်အရွယ်ဖြစ်နေပြီး အသက် ၄၀ နီးပါးမှာ အနာဂတ်ဘုရင်မွေးဖွားပေးဖို့ ဖိအားပေးခြင်းခံခဲ့ရရာမှာ စိတ်ဖိစီးမှုတွေဖြစ်ခဲ့ရပါတယ်။ ဒီကနေတစ်ဆင့် ပတ်ဝန်းကျင်နဲ့တကွ အရာအားလုံးကို အစီအစဉ်မကျတော့သော စိတ်ရောဂါကို ခံစားခဲ့ရပါတယ်။ ဒီလိုကိစ္စဟာ မာဆာကို တစ်ဦးတည်း ကြုံတွေ့ရတဲ့ကိစ္စမဟုတ်ဘဲ ဘုရင့်မယ်တော်ကြီး မိချိကိုလည်း နန်းစံဘုရင်ကို မမွေးဖွားမီ ပထမအကြိမ်ကိုယ်ဝန်ပျက်ကျခဲ့ရတုန်းကလည်း သုံးလကြာသည်အထိ အိပ်ရာထဲလဲခဲ့ပါတယ်။

အရပ်သူဘဝမှာ သိပ်ကို ထူးချွန်ထက်မြက်တဲ့ မာဆာကို တစ်ယောက်လည်း တော်ဝင် အမျိုးသမီးတို့ကြုံရတဲ့ ဒီကိစ္စကြီးမှာတော့ သူမ အရည်အချင်းအားလုံးပျောက်ဆုံးကျရှုံးခဲ့ရရှာပါ တယ်။ ဒီလိုနဲ့ ၂၀၀၆ ခုနှစ်မှာ ဘုရင့်ညီတော် အာကီရှိနိုက တတိယမြောက်နန်းလျာ ယောက်ျားလေး မွေးဖွားပေးနိုင်တဲ့အတွက် သားသမီးမွေးဖွားဖို့ဖိအား မင်းသမီးဆီမှာမရှိတော့ပေမယ့် သမီးတော်ဘုရင်မမဖြစ်တော့ခြင်းနဲ့အတူ အတန်းကျောင်းမှာ သူမကို နိုင်စားတဲ့ သူများပေါ်များတဲ့ အတွက် မိခင်ကြီးမာဆာကို တစ်ယောက် ဝမ်းအနည်းကြီးနည်းခဲ့ရပြီး စိတ်နှလုံးချုံးချုံးကျနေတဲ့ သူမအသွင်ကို ၂၀၁၀ ပြည့် နှစ်အထိ တွေ့မြင်ခဲ့ရပါတယ်။

၂၀၁၂ ခုနှစ်၊ သူမရဲ့ ၄၉ နှစ်မြောက်မွေးနေ့မှာ ဂျပန်ပြည်သူလူထုရှေ့ကို ထွက်လာပြီး သူမကို နားလည်မှုပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာတော့ ခင်ပွန်းသည်နဲ့အတူ နယ်သာလန်နိုင်ငံရဲ့ မင်းကြီးအသစ် ဝီလျံအလက်စ်ဇန်းနားရဲ့ နန်းဆက်ခံပွဲကို တက်ရောက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ရဲ့ ဇွန်လထဲမှာ သူတို့အိမ်ထောင်သက်နှစ် ၂၀ ပြည့်အထိမ်းအမှတ်ပွဲကို ပြုလုပ်ခဲ့သလို အခြားသော တော်ဝင်ကိစ္စတွေမှာလည်း တွေ့မြင်စပြုလာရပါတယ်။ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက် သူမသက်တော် ၅၀ ပြည့်ချိန်မှာတော့ သူမရဲ့ ကျန်းမာရေးနဲ့အတူ မိမိကိုယ်ကို ယုံကြည်မှုပါ ပြန်ရနေကြောင်း ရေးသားဖော်ပြလာခဲ့ပါတယ်။

## တော်ဝင်မင်းသမီးတို့ရဲ့ ဒုက္ခ

ဒါဟာ အခြားဘုရင်အုပ်ချုပ်တဲ့နိုင်ငံများနဲ့ မတူကွဲပြားတဲ့ အချက်ဖြစ်ကြောင်း ပထမဦးဆုံး သိစေအပ်ပါတယ်။

အင်္ဂလန်နိုင်ငံဆိုရင်လည်း မင်းဆက်မပြတ်တာတောင် ၂၀၁၃ ခုနှစ်မှာ တော်ဝင်ဥပဒေသစ် ပြင်ဆင်ထုတ်ပြန်ပြီး ဝီလျံမင်းသားရဲ့ ကြင်ရာတော် ကက်သရင်းမစ်ဒယ်လ်တန်မွေးဖွားမယ့် ရင်သွေးဟာ မိန်းကလေးဖြစ်ခဲ့ရင်တောင် နန်းဆက်ခံခွင့်ရှိရမယ်ဆိုပြီး ဥပဒေကို ပြင်ဆင်ခဲ့ပါတယ်။ ဂျပန်မှာတော့ ၄၁ နှစ်ကြာ မင်းဆက်ပြတ်နေတာ တောင် မင်းသမီးအိုက်ကိုကို နန်းမပေးဘဲ ဘုရင့်ကြင်ရာတော်ကိုပဲ နောက်ထပ် ရင်သွေးမွေးခိုင်းပြီး တော်ဝင်ဥပဒေကို တင်းနေအောင်ထားပါတယ်။ ကံကောင်းထောက်မစွာပဲ တတိယနန်းလျာမင်းသားလေး မွေးဖွားခဲ့တာကြောင့် နေမျိုးနွယ်တွေ အသက်ဆက်လို့ရသွားတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ခက်ခဲနေတာက မင်းသမီးများရဲ့ လက်ထပ်မင်္ဂလာပွဲတွေပဲ ဖြစ်ပါတယ်။ ဒါဟာ အခုချိန်မှာ တရားဝင်စဉ်းစားပြီး လုပ်ရမယ့် အပိုင်းဖြစ်နေပါတယ်။ အခုလက်ရှိဂျပန်မင်းဆက်မှာ မျိုးဆက် ၄ ဆက်ရှိနေပြီး အသက်အကြီးဆုံးကတော့ မင်းသားမီကာဆာဖြစ်ပြီး နန်းစွန့်ဘုရင်ကြီး ဟီရိုဟီတိုရဲ့ ညီအငယ်ဆုံးဖြစ်ပြီး ၁၉၁၅ ခုနှစ်မှာ မွေးဖွားခဲ့သူပဲ ဖြစ်ပါတယ်။ အသက်အငယ်ဆုံးကတော့ မင်းသားလေး ဟီဆာဟီတို ဖြစ်ပြီး ၇ နှစ်အရွယ်ပဲရှိပါသေးတယ်။ ကျန်တဲ့သူတွေကတော့ မင်းကြီးအာကီဟီတို၊ လက်ရှိဘုရင်မကြီး နာယူဟီတို၊ အိမ်ရှေ့စံ အာကီရှိနိုတို့ပဲဖြစ်ပြီး ကျန်တော်ဝင်များကတော့ မင်းသမီးတွေပဲ ဖြစ်ပါတယ်။ အားလုံးပေါင်း တော်ဝင် ၂၃ ဦးရှိနေကာ ကျန်တော်ဝင်များ ကတော့ မင်းသမီးတွေပဲဖြစ်ပါတယ်။ အားလုံးဟာ အသက် ၁၆ နှစ်ကနေ နှစ်ဆယ်ကျော်အထိ ရှိကြပြီး အိမ်ထောင်ပြုရမယ့် အရွယ်တွေရောက်နေပါပြီ။ တစ်ဦးဆိုရင် အသက် ၃၀ အရွယ်တောင်ရောက်နေပါပြီ။ လက်ရှိဘုရင်ရဲ့ ကြင်ရာတော်နဲ့ အိမ်ရှေ့စံနဲ့ ကြင်ရာတော်တွေဟာ အသက် ၄၀ ကျော်ကာ ၅၀ ထဲကို ဝင်စပြု နေပါပြီ။

လက်ရှိဂျပန်တော်ဝင်တို့ ကျင့်သုံးတဲ့ ဥပဒေအရ ဂျပန်တော်ဝင်အမျိုးသမီးတွေဟာ မင်းမျိုးမင်းနွယ်မဟုတ်ဘဲ သာမန်အရပ်သားနဲ့ ယူပါက မင်းသမီးဘဝကို စွန့်လွှတ်ကာ သာမန် အရပ်သူဘဝကို ခံယူရမှာဖြစ်ပါတယ်။ ဘဝတူ မင်းမျိုးမင်းနွယ်တွေနဲ့ လက်ဆက်ဖို့ရာကလည်း ဂျပန်မင်း



အိုက်ကိုကို ကျောင်းလိုက်ပို့နေတဲ့ ဘုရင်ကြီးနှင့် ကေရီ

ဆက် ၄ ဆက်မှာ အမျိုးသားက အရှေ့မှာ ဖော်ပြခဲ့တဲ့ သူတွေကလွဲရင် မရှိတော့ပါဘူး။ ဒါကြောင့် မင်းသမီးတွေဟာ အခုထိ အိမ်ထောင်မပြုကြသေးပါဘူး။

ဒါ့အပြင် ဂျပန်နန်းဆက်မှာ သား၊သမီး မွေးဖွားခြင်းကလွဲရင် ကလေးမွေးစားတာကို ဥပဒေအရ တားမြစ်ထားပါသေးတယ်။ ဒါကြောင့် မင်းသမီးတွေ အိမ်ထောင်မပြုဘဲနေခြင်းဖြင့် နောင် တတိယမင်းဆက် မင်းသားဟီဆာဟီတို လက်ထက်ရောက်ရင် အိမ်ထောင်ဦးစီး တာဝန်အနေနဲ့ လက်ရှိမင်းနှစ်ဆက်ထက် ပိုမိုတာဝန်ယူရဖို့ရှိနေသလို နောင်မင်းဆက်မှာ ဆက်ခံသူ အမျိုးသားပါဝင်နိုင်ဖို့ရာ လက်ရှိမင်းကြီးရဲ့ ကြင်ရာတော်မာဆာကိုအပေါ် ဖိအားသက်ရောက်သလို သက်ရောက်တော့မှာပဲ ဖြစ်ပါတယ်။ (အရပ်စကားနဲ့ ပြောရရင် မာဆာကိုဟာ သားမမွေးနိုင်တဲ့အတွက် အပျော့စားစိတ် ရောဂါသည်ဘဝရောက်သွားတာကိုကြည့်ခြင်းဖြင့် ဂျပန်နိုင်ငံရဲ့ မိဖုရားဘဝဟာ ရင်မောဖွယ်အထိ ပါ။)

မင်းသမီးတွေဟာ မညီမျှတဲ့ ခံစားခွင့်နဲ့ သူတို့ဘဝကို မင်းသမီးဘွဲ့နဲ့ ကျေနပ်နေရပြီး အိမ်ထောင်ပြုဖို့ စိတ်မကူးကြပါဘူး။ သူတို့တွေထဲမှာ အသက်အကြီးဆုံးမင်းသမီးဖြစ်သလို တော်ဝင်မင်းသမီးတို့အနက် ပထမဆုံး Ph. D ဒေါက်တာဘွဲ့)ရမင်းသမီးအာကီကိုရဲ့ မကြာသေးမီက အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့တာက 'ငယ်စဉ်ကလေးဘဝကတည်းက အရပ်သားနဲ့ လက်ထပ်ရင် အရပ်သူဘဝခံယူ ရမယ်ဆိုတာကို သင်ကြားခဲ့သလို သိနားလည် ခဲ့ရပါတယ်။



အိမ်ရှေ့စံမိသားစု

ဒါကြောင့် ဒီဥပဒေမပြင်သရွေ့ အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိပါဘူး။ ကျွန်မအနေနဲ့ တော်ဝင်တစ်ဦးတစ်ယောက်ရဲ့ တာဝန်တွေကို အိမ်ထောင်ပြုပြီးရင်လည်း ထမ်းဆောင်ချင်ပါ သေးတယ်။ ဒါကြောင့် ဒီအတိုင်းပဲ ဘဝကို ရှေ့ဆက်သွားမယ်"လို့ ဖြေကြားထားပါတယ်။

ဒါပေမဲ့လည်း အစိုးရနဲ့ မသက်ဆိုင်ဘဲ ကိုယ်ပိုင်စည်းမျဉ်းနဲ့ အုပ်ချုပ်တဲ့ တော်ဝင်မိသားစုမှာ ဒီကိစ္စဟာ အလွယ်တကူဖြေရှင်းလို့မရတဲ့ ပြဿနာတစ်ခုဖြစ်နေပါတယ်။ ဖြေရှင်းဖို့ဟာလည်း စည်းမျဉ်းဖြေလျှော့မှ ရမှာဆိုတော့ ဒီလိုမျိုးမလုပ်ချင်တဲ့ ဂျပန်တော်ဝင်တို့ရဲ့ ခေါင်းမာမှုကြောင့်လည်း ကမ္ဘာမှာဘုရင်အုပ်စိုးတဲ့နိုင်ငံများအနက် ဂျပန်ဟာသီးသန့်ဖြစ်နေတာပဲဖြစ်ပါတယ်။

## ဘုရင့်သွေး. . .သို့သော် တော်ဝင်မင်းသမီးဘဝနဲ့ ကျေနပ်ခဲ့ရတဲ့ အိုက်ကို

တော်ဝင်သွေး အစစ်ဖြစ်သလို ဘုရင်နဲ့ တစ်ဦးတည်းသောသွေးသား မင်းသမီးအိုက်ကိုကို သွေးအေးပြီး အရယ်၊ အပြုံးမရှိတဲ့မင်းသမီးလို့ မီဒီယာတွေက သရုပ်ဖော်ကြပါတယ်။ အင်္ဂလန်မင်းမျိုးဝင်ဆာတွေနဲ့ ခြားနားကာ မီဒီယာမီးမောင်းအောက်မှ ဖယ်ခွာပြီး မင်းနေပြည်တော် Imperial Palace ထဲမှာပဲ ကလေးငယ်တွေကိုထားလေ့ရှိတာကြောင့် အိုက်ကိုရဲ့ လှုပ်ရှားမှုနဲ့ နေထိုင်မှုဘဝကို မြင်ရလေ့မရှိပါဘူး။

အိုက်ကိုကို မိဘနှစ်ပါးနဲ့တွဲပြီး ဂျပန်လူထုရှေ့ထွက်တဲ့အခါမျိုးမှာပဲ မိခင်ရဲ့ အကြံပေးချက်အရ ပြုံးပြတာမျိုးပဲ အိုက်ကိုက လုပ်ပြတတ်ပါတယ်။ မွေးကတည်းက 'သူမရဲ့ အဆင့်ကဘာလဲ'ဆိုတာသိတဲ့ အိုက်ကိုဟာ မီဒီယာတွေကိုတော့ ဘယ်တော့မှ မပြုံးပြသူပဲဖြစ်ပါတယ်။ (အင်္ဂလန်အိမ်ရှေ့စံ ချားလ်မင်းသားငယ်စဉ်ကနဲ့ အိုင်ကိုဟာသွားတူနေပါတယ်။ ဂျပန်မင်းဆက် ဥပဒေ ၁၉၄၇ ဟာ သူ့ကြောင့် ပြင်ရတော့မလို ဖြစ်ခဲ့ပေမယ့် အိမ်ရှေ့စံဖြစ်တဲ့ သူမဦးလေးရဲ့ တတိယရင်သွေးဟာ သားတော်ဖြစ်ခဲ့တဲ့အတွက် ဘုရင်မမဟုတ်တဲ့ ဧကရီ (Empress Aiko) ဘဝနဲ့ ကျေနပ်လိုက်ရရှာပါတယ်။

## တတိယမြောက်မင်းလျာ ဟီဆာဟီတို

မင်းသားဟီဆာဟီတိုဟာ အနာဂတ်ဂျပန် ဘုရင်စနစ်ကို ပံ့ပိုးဖော်ရမယ့်သူပဲ ဖြစ်ပါတယ်။ ဂျပန်စနစ်ဟာ ဘုရင်အနေနဲ့ သေဆုံးမှသာ၊ ဒါမှမဟုတ် နာမကျန်းဖြစ်မှသာ နန်းစွန့်ခွင့်ရတာမို့ ပင်ပန်းခက်ခဲတဲ့အပြင် ဟီဆာဟီတိုဟာ ဂျပန် မင်းဆက်အဓွန့်ရှည်ဖို့ တာဝန်အများဆုံးရှိနေတဲ့ သူလည်း ဖြစ်ပါတယ်။

အင်္ဂလန်မင်းသားငယ်ဂျော့ရှ်နဲ့ အကြောင်းစာစောင်တိုင်းပါနေပေမယ့် ဂျပန်မင်းလောင်းကိုတော့ အခမ်းအနားတွေမှာ မိဘနဲ့ အတူတွဲပြီး မြင်ရတာကလွဲရင် မြင်ရလေ့မရှိပါဘူး။ စာစောင်တွေရဲ့ မေးမြန်းချက်ကို နန်းတော်ရဲ့ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်များကပဲ ဖြေကြားပေးလေ့ရှိပါတယ်။ မင်းသားငယ်ကို သူ့မွေးနေ့တွေမှာ အများပြည်သူကြည့်ဖို့ ဓာတ်ပုံထုတ်ပြန်ပေး တာကလွဲရင် ကင်မရာနဲ့ ဝေးရာမှာပဲ ထားကြပါတယ်။

သော်တာလ



# JUPILER ASCENDING
## အဆန်းစယား
# မီလာကူနစ်
## ရဲသစ်

2013 FHM Sexiest Women in the World အဖြစ် ရွေးချယ်ခြင်းခံရသူ ယူကရိန်း မင်းသမီးချော မီလာကူနစ် (Mila Kunis) နဲ့ ပတ်သက်ရင် ခြေလှုပ်လက်လှုပ်ကအစ သတင်း



တွေ ဖြစ်နေရတာ အမှန်ပါလို့ Sugarm ကောင်းချီးပေးလာတဲ့ အကြောင်းရင်းရှိပါတယ်။ နာမည်ကြီးမဂ္ဂဇင်း FHM ရဲ့ ကမ္ဘာ့ညှို့ငင်ဆွဲဆောင်မှုအား အမြင့်ဆုံးဆုရှင်ဖြစ်ဖို့ ဆိုတာကလည်း သာမန်အောင်မြင်ကျော်ကြားမှု သာမန် ရုပ်ရည်ရူပကာ အဆင်းလှပရုံနဲ့ မဖြစ်နိုင်တာက အားလုံးအသိပဲဖြစ်ပါတယ်။ ယူကရိန်း-ဂျူးကပြားအလှနတ်သမီး မီလာရဲ့ တကယ့်ဆွဲဆောင်ချက်ကတော့ အပြာရောင်သမ်းနေတဲ့ မျက်ဝန်းတစ်



မီလာနှင့် ယခုလက်ရှိ
**Boy Friend** အက်ရှ်တန်ကူးချာ



ဖက်နဲ့ အစိမ်းရောင်စိုနေတဲ့ မျက်ဝန်းတစ်ဖက်အလှပဲ ဖြစ်ပါတယ်။ ထူးထူးခြားခြား မျက်လုံးနှစ်ဖက်အရောင်နှစ်မျိုးနဲ့ ခန္ဓာကိုယ်အချိုးအဆစ်ကောက်ကြောင်း ကျနလှပပြေပြစ်သူဟာ ဆယ်နှစ်သမီးအရွယ်ကာလကတည်းက ကင်မရာရှေ့စတင်ခြေချခွင့်ရခဲ့သူဖြစ်ပြီး လက်ရှိအချိန်မှာ သူမရရှိထားတဲ့ အောင်မြင်ကျော်ကြားမှုက အသက်အရွယ်နဲ့ နှိုင်းစာရင် တကယ့်ကို ခမ်းနားများပြားလှတာကိုတော့ ချီးကျူးအသိအမှတ်ပြုရမှာပဲ ဖြစ်ပါတယ်။

Powerful Celebrities 100 List စာရင်းမှာ ပါဝင်တဲ့အခါ လျှမ်းလျှမ်းတောက်အောင်မြင်မှုတွေ ရရှိနေသူ အလန်းဇယားမလေး မီလာကူနစ်ဟာ ခေတ်ပညာတတ် မိဘနှစ်ပါးကနေ ပေါက်ဖွားလာသူဖြစ်ပြီး ဘိုးဘွားတွေက ဂျူးတွေပဲ ဖြစ်ပါတယ်။ အနုပညာမျိုးရိုးမပါရှိပေမယ့် တစ်မိပေါက်တစ်ယောက်ထွန်းသူလို့တင်စားနိုင်သူ မိန်းမလှလေးဟာ အသက် ၇ နှစ်သမီးအရွယ်မှာ အမေရိကမြေ ခြေချခွင့်ရရှိခဲ့ပြီး အင်္ဂလိပ်စကား ပြောကိုကြိုးမှသင်ခဲ့ရပေမယ့် အခုချိန်မှာတော့ ရေပက်မဝင်ပြောနိုင်နေပြီပဲ ဖြစ်ပါတယ်။ အပြင်းစားရော့ဂီတတွေကိုစွဲစွဲလန်းလန်းခံစား တတ်သူဟာ ငယ်ငယ်က သူ တကယ်ဖြစ်ချင်တာ ရော့စ် စတားတစ်ယောက်ပါလို့ အင်တာဗျူးမှာ ရင်ဖွင့်ခဲ့ဖူးပါတယ်။ ကမ္ဘာကျော် Aero Smith အဖွဲ့ရဲ့ အမာခံပရိသတ်တစ်ဦးဖြစ်ပြီး ဝိုင်းခေါင်းဆောင် စတီတ်တိုင်ကနဲ့ ခင်မင်ရင်းနှီးသူ မီလာဟာ ပင်ကိုအဆိုကောင်း







သူတစ်ယောက်ဖြစ်ပေမယ့် အဆိုလိုင်းကိုမေ့လျော့ထားခဲ့ပြီး သရုပ်ဆောင်လိုင်းကို ရွေးချယ်ခဲ့တာကလည်း မှန်ကန်တဲ့ ရွေးချယ်မှုလို့ဆိုရမှာပဲ မဟုတ်ပါလား။ Black Swan ဇာတ်ကားနဲ့ မင်းသမီးချောနာတာလီပို့မင်း အကယ်ဒမီရခဲ့သလို ချာတိတ်မလေးမီလာကိုလည်း ပရိသတ်တွေ သဘောတွေ့ခဲ့ကြရတယ်။ Friends With Benefits တို့ O2 the Great & Powerful တို့ကတော့ မီလာကို ရုပါစတားတစ်ယောက်အဖြစ် အားလုံးက အသိအမှတ်ပြုလက်ခံခဲ့ရတဲ့ ပေါက်ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။ အနုပညာပါရမီ ပြည့်ဝပြီး အောင်မြင်မှုပန်းတိုင်ဆီကို ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်းလာနိုင်ခဲ့သူ မီလာဟာ သူတွဲခဲ့တဲ့ Boy-Friend တွေ ကြောင့်လည်း မီဒီယာထဲရန်မှာ ရေပန်းစားခဲ့သူပါပဲ။ Home Alone စတားမင်းသား မက်ကောလေးကူကင်နဲ့ မီလာတို့နှစ်ဦးဟာရွှေနဲ့မြ မောင်နှံအဖြစ် တာစားခဲ့ဖူးပေမယ့် အခုချိန်ခါမှာတော့ ဘဝခရီးကို တစ်ယောက်စာလမ်းဆီ လျှောက်လှမ်းနေကြပြီပဲ ဖြစ်ပါတယ်။ လက်ရှိ အလန်းစတား မီလာနဲ့ မခွဲအတူတစ်ပူးပူးတစ်တွဲတွဲ တွေးမြင်နေသူက Apple Founder စတိမ်ဂျော့ဘ် ဇာတ်ရုပ်သွင်နဲ့ ရုပါဖြစ်နေသူမင်းသားချော အက်ရှ်တန်ကူချာပဲ ဖြစ်ပါတယ်။ Ghost မင်းသမီးချော ဒင်မီမိုးရ်နဲ့ လမ်းခွဲလာခဲ့သူ အက်ရှ်တန်နဲ့ ချာတိတ်မလေးမီလာရဲတို့ရဲ့ ရင်ခုန်သံ ဒိုင်ယာရီဟာ ပါပရာဇီတွေကြားမှာတော့ Hot News တစ်ပုဒ် ဖြစ်ခဲ့ရတာလည်း အမှန်ပါပဲ။

၂၀၁၃ မှာအောင်မြင်မှုအပေါင်းနဲ့ ပြည့်စုံခဲ့သောင်းခဲ့သလို ချစ်သူသစ်နဲ့ ချမ်းမြေ့တဲ့ ချစ်ခရီးကို လျှောက်လှမ်းခွင့်ရသူ ဟောလိဝုဒ်နှင်းဆီနီမလေးရဲ့ဇာတ်ကားသစ် Jupiler Ascending ကိုလည်း ၂၀၁၄ နှစ်ဆန်းကာလမှာ ရင်ခုန်ရှုစား

# Profile

| | | |
|---|---|---|
| အမည် | - | မာဆိုပ်နာမီလာကူနစ် |
| ဇာတိ | - | ယူကရိန်း |
| သက္ကရာဇ် | - | ၁၄-၈-၈၃ |
| အရပ် | - | ၅ ပေ ၇ လက်မ |
| ဆံပင် | - | နီညို |
| မျက်လုံး | - | ပြာစိမ်း |
| သွေး | - | အေ |
| အလုပ်အကိုင် | - | သရုပ်ဆောင် |
| အိမ်ထောင် | - | မရှိ |
| ပေါက်ဇာတ်ကား | - | **Great & Powerful 02** |
| လက်ရှိနေထိုင် | - | လော့အင်ဂျလိစ် |
| **Boy Friend 02** | - | **02** အက်ရှ်တန်ကူးချာ |

ခွင့်ရကြဦးမှာ ဖြစ်ပါတယ်။ ထိပ်တန်း ဒါရိုက်တာတစ်လက်ဖြစ်သူ ရုပါချိုစကီးပုံဖော်ခြယ်မှုန်းပြီး နှုတ်ခမ်းနီမလေးတွေ အသည်းစွဲမင်းသားချန်နင်တန်နဲ့မီတာတို့ တွဲဖက်ပီပြင်မှာ ဖြစ်တာကြောင့် ဒီအာကာသ သိပ္ပံစွန့်စားခန်းဇာတ်ကားသစ်ကို စောင့်စားသူ များနေရခြင်းပါပဲ။ ၂၀၁၄ မှာ စွံတော့မယ်လို့ သတင်းပြေးနေသူ ယူကရိန်းမလေး ဂျူပီတာ ဂျုံးစ်ရဲ့ Jupiter Ascending ကို စောင့်စားရင်း။

**ဖုံးသစ်**


**အစ်ကိုကြီး၏ ချစ်ဒုက္ခ**

ကျွန်တော့်တွင် ဘယ်ဝဋ်ကြွေး ပါသည် မသိ။ အစ်ကိုကြီးနှင့်တူ သောကံ ပါလာပြန်သည်။ ကိုယ့် အစ်ကိုကြီးနှင့်တူတာပဲ ဘာလို့ ဝမ်းသာအားရမဖြစ်တာလဲလို့ မေး စရာရှိပါသည်။ တကယ်က ဂြိုဟ်ဆိုး ဝင်တာပဲဆိုတာကို ပြောချင်ပါသည်။ နောက်တော့ လိပ်ပတ်လည်ပါလိမ့် မယ်။

အချစ်မှာ ပျိုသည်အိုသည် မရှိ တာတော့ ဟုတ်ပါသည်။ တကယ် တမ်း ကြုံတွေ့လာသောအခါ ဘယ် မိသားစုမှ ရှောရှောရှုရှု လက်မခံ နိုင်ကြပါ။ ကန့်ကွက်ကြ၊ ငြင်းဆန် ကြ၊ သဘောမတူကြနှင့် ရက်အတန် ကြာ၊ လအတန်ကြာနှင့် အတန်ကြာ တင်းခံနေတတ်ကြပါသည်။ သို့သော် တစ်စတစ်စ ကြာမြင့်လာသည်နှင့် အမျှ တင်းမာမှုများ လျော့ပါးလာ တတ်သည်မှာ ဓမ္မတာပင်။

အစ်ကိုကြီးကိုအောင်သိန်းနှင့် မရင်လှတို့ ခိုးပြေးသွားကြပြီဟူသော သတင်းများ ရပ်ကွက်အတွင်း ပျံ့နှံ့ သွားရာမှ အဖေ့နားသို့ ပေါက်ကြား သွားသည်။ ကြီးကြီးနားသို့ ရောက် သွားသည်။ ထိုမှ တစ်ဆွေလုံး တစ်မျိုးလုံး ဆွေ့ဆွေ့ခုန်နေကြတော့ သည်။ အဖေနှင့် ကြီးကြီးတို့က အစ်ကိုကြီးအား အိမ်ရိပ်မနင်းနဲ့၊ ဆွေမျိုးများကလည်း ငါတို့မျက်နှာ ကို အိုးမည်းသုတ်တဲ့ ကောင်၊ သေခန်းပြတ်ပဲစသည်ဖြင့် အစ်ကို ကြီးအား ကြဉ်ထားကြပါတော့သည်။

ဖြစ်ပုံမှာ အစ်ကိုကြီးသည် မရင်လှနှင့် အနေနီးခဲ့သည်။ ညအခါ လသာသာ ထုပ်ဆီးတိုးတမ်း ကစားကြရာတွင်လည်းကောင်း၊ အပျော်တမ်း ဖဲရိုက်ကြရာတွင်လည်း




ဝတ္ထုတိုရသ

ကောင်း၊ အငြိမ့်၊ ရုပ်ရှင်နှင့်ဇာတ်ပလာပွဲများ ညလုံးပေါက်ကြည့်ကြရာတွင်လည်းကောင်း တပူးတွဲတွဲရှိလှသည်။ ကြာတော့ အိုးချင်းထားတော့ အိုးချင်းထိ၊ ကြိုးချင်းထားတော့ ကြိုးချင်းငြိဆိုသလို သူတို့ ဖြစ်သွားကြတော့သည်။

ဒါကို မရင်လှယောက်ျားဖြစ်သူ တရုတ်အဘိုးကြီးကိုညောင် သိသွားသောအခါ မရင်လှကို သေကောင်ပေါင်းလဲဖြစ်အောင် ရိုက်နှက်ပါတော့သည်။ ထိုအခါ ထိုမြင်ကွင်းကို မရှုဆိတ်နိုင်သော အစ်ကိုကြီး ကိုအောင်သိန်းသည် အိမ်ပေါ်သို့ ပြေးတက်ကာ ကိုညောင်အား ဝင်ရောက်ရိုက်နှက် ထိုးကြိတ်ပါတော့သည်။ ထိုအခါ အုတ်အော်သောင်းတင်းဖြစ်သွားပြီး ရုံးရောက်၊ ဂတ်ရောက် ရောက်ပါလေတော့သည်။ အစ်ကိုကြီးလည်း အဖမ်းမခံဘဲ ညတွင်းချင်း မရင်လှအား ရန်ကုန်တစ်နေရာသို့ ခိုးပြေးပုန်းလျှိုး နေပါတော့သည်။

တိုတိုဆိုရလျှင် တရုတ်ကြီးမှာ တစ်ဖက်မှာ နိုင်ငံခြားသားဖြစ်သည့်အပြင် အဘိုးကြီးလည်း ဖြစ်နေပြီ ဖြစ်သဖြင့် အမှုမှာ တစ်စတစ်စ ပျက်ပြယ်လာပါတော့သည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ ထိုအမှု၊ ထိုအဖြစ်အပျက်မှာ လူတို့၏အမြင်တွင် မေ့လျော့ပျောက်ကွယ်စပြုလာပါတော့သည်။ ထိုနည်းတူပင် အဖေနှင့်ကြီးကြီးတို့မှာလည်း ယခင်ကလို စိတ်များမရှိကြတော့။ သားအား တွေ့ချင်၊ မြင်ချင်စိတ်များ ပြင်းပြလာပါတော့သည်။ ဆွေမျိုးများကလည်း ထိုအကြောင်းကို စကားထဲတွင်ပင် ထည့်မပြောကြလောက်အောင် မေ့မေ့ပျောက်ပျောက် ရှိလာနေကြပါသည်။

ထိုကဲ့သို့ အစ်ကိုကြီးသည် သူများမယားအား ယူခဲ့သော်လည်း သူတို့နှစ်ဦးမှာ နေနှင့်လ၊ ရွှေနှင့်မြလို လိုက်ဖက်သောအတွဲ ဖြစ်ပါသည်။ မရင်လှသည် အစ်ကို့ထက်ပင် ငယ်ရွယ်နုပျိုလှပြီး ထိုခေတ်က ရုပ်ရှင်မင်းသမီး မြင့်မြင့်ဌေးတို့၊ ဖျာပုံ မယ်တင်တင်အေးတို့လို လုံးကြီးပေါက်လှ၊ မင်းကြိုက်စိုးကြိုက် တန်းဝင်သူတစ်ဦးပင်။ မည်သည့်အကြောင်းကြောင့်များ သူမအား တရုတ်အဘိုးကြီးက ဘယ်ကဲ့



သို့ သိမ်းပိုက်ခဲ့သနည်းဆိုတာကို စဉ်းစားမရအောင် ရှိခဲ့ပါသည်။ သည်နေရာမှာ အစ်ကိုကြီးဘက်က လည်း ထည့်သွင်းစဉ်းစားစရာတွေ ရှိနေသေးသည်။ သူ့စိတ်ထဲတွင် သည်မိန်းကလေးအား ကယ်တင်လိုစိတ်များ ရှိနေပေလိမ့်မည်။ နောက်တစ်ကြောင်းကလည်း အလွန် ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်နေသောကြောင့်ပင်။ နောက်ပြီးတော့ ရှေးကရေစက် ဆုံစည်းသည်ဟုပင် လွယ်လွယ်ပြောရပေတော့မည်။ အစ်ကိုကြီးတို့ ဇနီးမောင်နှံ ရာသက်ပန်ရိုးမြေကျ သေတစ်ပန်သက်ဆုံး ပေါင်းသင်းနေထိုင်သွားကြသည်ကသက်သေခံနေပေသည်။



**ဘကြီး မတရားဘူး။ ဘကြီး ကျတော့ ဘကြီးချစ်တဲ့သူကို မရ ရအောင် ယူခဲ့တယ်။ ကိုယ်ချင်းစာပါ ဘကြီးရာ။ နတ်သျှင်နောင်တောင် ခုနစ်အိုရှစ်အိုကြီး ဓာတုကလျာကို ယူခဲ့တာ ဥစ္စာ**

သို့ရာတွင် သူတို့အိမ်ထောင်သက်တစ်လျှောက်လုံး အကြိမ်ခြောက်ဆယ် ခုနစ်ဆယ်ထက်မနည်း ကွဲကြ၊ ပြုကြ အိမ်ပေါ်က ဆင်းသွားလိုက် ပြန်တက်လိုက်၊ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နှင့်။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမများကြားတွင် မှတ်မှတ်ရရ ရှိခဲ့ပါသည်။ သူတို့၏ စံချိန်တင် အကွဲအပြဲဇာတ်လမ်းကို သြချလို့မကုန် ရှိခဲ့ရပါသည်။

**အစ်ကိုကြီးနှင့်တူသော သား**

နောင်နှစ်ပေါင်းများစွာ ကြာမြင့်သောအခါ ကျွန်တော်လည်း သားနှင့်မယားနှင့် ဖြစ်လာရုံမက မိသားစုဝင် စုစုပေါင်း ၇ ယောက်၊ သား ၃ ယောက်နှင့် သမီး ၂ ယောက်တို့ ထွန်းကားခဲ့ပါသည်။

သားကြီး အောင်နိုင်လတ်၏ လျှောက်လမ်း ကမောက်ကမ ဖြစ်နေချိန်တွင် ကျွန်တော် အိမ်မှာ မရှိပါ။ ယုံကြည်ချက်ကြောင့် ကျခံရသော အပြစ်တစ်ခုနှင့် ထောင်ဒဏ်နှစ်ရှည်ကျခံနေရပါသည်။ အိမ်တွင် ဇနီးနှင့်ကလေး ၅ ယောက် ကျန်ခဲ့ပါသည်။ မိခင်က သူတို့ကို ဈေးရောင်းပြီး ကျွေးမွေးရပါသည်။ သည်တော့ အစစအရာရာ မကြည့်ရှုနိုင်ပါ။ သူတို့ ကျောင်းစရိတ် စားစရိတ်များကို ရှာကြံနေရသည်မှာ ဖတ်ဖတ်မောနေပေတော့သည်။ တစ်ဖက်တွင် ကျွန်တော့်အတွက်လည်း ထောင်ဝင်စာ ပို့ပေးနေရသေးသည်။

ထိုအခြေအနေများကြောင့် အရွယ်ရောက်လာသော သားသမီးများမှာ အချို့နေရာတွင် အုပ်ထိန်းမှု လစ်ဟင်းလျက်ရှိသည်မှာ မဆန်းပါ။ ထိုအခွင့်ကောင်းကိုယူ၍ သားကြီးသည် ထင်ရာစိုင်းလာပါတော့သည်။ ဆယ်တန်းစာမေးပွဲကိုလည်း တစ်ဘုန်းဘုန်းကျကာ ကျောင်းမှ ထွက်ရပါတော့သည်။ ထို့ကြောင့် သူ့အမေက သားအား အလုပ်ရှာပေးထားပါသည်။ သား ကြီး အောင်နိုင်လတ်မှာ ပြည် တွင်းရေကြောင်းတွင် သင်္ဘောသား ဖြစ်လာပါသည်။ မကြာခင်မှာ သူ့ထက် အသက်တော်တော်များများ ကြီးပြီး ကျွန်တော်နှင့်မှ မတိမ်း မယိမ်းရှိသော မိန်းမတစ်ယောက်နှင့် ငြိစွန်းစပြုနေပါတော့သည်။ မခင်ကြည်မှာ တစ်ခုလပ်ဖြစ်ပြီး သူ့တွင် သမီးတစ်ယောက်နှင့် သား တစ်ယောက်တို့ ရှိပါသည်။ ထိုအကြောင်းကို သိသိချင်း ကျွန်တော့်ဇနီးသည် ကျွန်တော့် အစ်ကိုကြီး ဦးအောင်သိန်းထံ သွားရောက်တိုင်တန်းပါသည်။ အစ်ကိုကြီးသည် သူ့တူအား အမျိုးမျိုးနားချပြီး ဖျက်ပါသည်။ သူ့အဖြစ်နှင့် နှိုင်းယှဉ်ပြောပြ၍ ပြဿနာများ တက်လာနိုင်ကြောင်း ဖျောင်းဖျသော်လည်း သားက လက်မခံချေ။

ဘကြီးဖြစ်သူက သူ့တူအား နားချပုံမှာ ဖွဲ့ဖွဲ့နွဲ့နွဲ့ရှိလှပါသည်။

"ဒီမှာ ငါ့တူ၊ မင်း အဲဒီမိန်းမကို မယူပါနဲ့ကွာ၊ ငါလို အဖေအမေတွေက သေခန်းပြတ်၊ ဆွေမျိုးတွေက မခေါ်မပြောနဲ့ အကြဉ်ခံရမယ်ကွ၊ နောက်ပြီး ပတ်ဝန်းကျင်ကလည်း ကဲ့ရဲ့ပြစ်တင်ကြလိမ့်မယ်"

"ဟာဗျာ၊ ဘယ်သူ ဘာပြောပြော ကျွန်တော် ဂရုမစိုက်ဘူး။ သူတို့ ထမင်းစားနေတာမှ မဟုတ်တာ။ အဘလိုပေါ့ နောက်တော့လည်း ပြန်ခေါ်ကြတာပဲ မဟုတ်လား"

"ဒီလိုလုပ်ကွာ၊ မင်း ဒီမိန်းမကို အဆက်ဖြတ်လိုက်ပါကွာ၊ မင်းနဲ့လည်း အသက်တော်တော်ကွာတယ်။ ခုနစ်အို ရှစ်အိုကြီးများကွာ၊ နောက်ပြီး အတွယ်အတာတွေကလည်း ပါသေး။ သူ့သားကြီးလာရင် တစ်နေ့ မင်းကို ဓားနဲ့လိုက်မှာကွ"

"လိုက် လိုက်ဗျာ၊ အခုကတည်းက သူတို့အပေါ် ကြင်ကြင်နာနာနဲ့ သူ့အဖေအရင်းထက် သာအောင် ပြုမူဆက်ဆံရင် ဘယ်ခံနိုင်မှာလဲဗျာ၊ ဒါတွေကို မမှုပါဘူးဗျာ"

"အေးကွာ. . . ထားပါတော့၊ ဒီလိုလုပ်ပါလား၊ အဲဒီမိန်းမထက်သာတဲ့ ကောင်မလေးတစ်ယောက် ရှိတယ်။ သူ့မိဘတွေက ငါ့သူငယ်ချင်း။ သူတို့က သူတို့သမီးကို သင့်တော်တဲ့သူနဲ့ အိမ်ထောင်ရက်သား ချပေးချင်ကြတယ်။ ငါ့ကို လာပြောနေတာ ကြာပြီ။ ကောင်မလေးက မင်းကောင်မကြီးထက် အပြန်တစ်ရာမက ချောတယ်။ အသက်ကလည်း မင်းထက်တောင် ငယ်သေးတယ်။ အဝေးသင်လည်း တက်နေတယ်။ အဲဒါ မင်း လိုက်ကြည့်ပါလားကွ"

''ဟင့်အင်း၊ ကျွန်တော် မခင်ကြည်နဲ့ ငြိနေပြီဗျာ၊ သူက ဘကြီးပြောသလို မအိုသေးပါဘူး။ ကျွန်တော့်အပေါ်မှာလည်း ကြင်နာတယ်။ အစစအရာရာ ကောင်းတယ်ဗျ။ သူ့ကို မဖြတ်နိုင်ဘူး"

''အေးကွာ၊ မင်းမှာ အညွန့်တလူလူနဲ့ သူ့ကိုယူရင် မင်း အညွန့်ကျိုးတော့မယ်။ လူလုံးမလှဖြစ်တော့မယ်။ လူတွေရဲ့ တံတွေးခွက်ထဲမှာ ပက်လက်မျောတော့မယ်။ ဒါမှ

မဟုတ်ရင်လည်း ကျောင်းပြန်တက်ပါလား၊ ငါ ထားပေးမယ်လေ"

"ဘကြီးရာ ကျွန်တော် ကျောင်းပြန်တက်မယ်ဆို အမေက အချိန်မရွေး ထားပေးနိုင်ပါတယ်။ ကျွန်တော် ကျောင်းတက်ဖို့ စိတ်မပါတော့ဘူး။ နောက်ပြီး ဒီမိန်းမက ချမ်းသာတယ်။ ကျွန်တော် ဘာမှ မပူမပင်နဲ့ နေရမှာ၊ ကျွန်တော့်ကို ရွှေပေါ်မြတင်ထားမှာဗျ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ယူကိုယူတော့မယ်။ ဘကြီး တားမနေပါနဲ့တော့ဗျာ။ ဘကြီးလည်း ဘကြီးကြိုက်တဲ့သူ ဘကြီး ယူခဲ့တာပဲမဟုတ်လား"

"အချိန်တွေ ရှိသေးတယ်။ ပြင်လို့ ရသေးတယ်။ စဉ်းစားပါဦး သားရယ်။ ရှေ့ရေးအတွက် ဘကြီး ပြောရတာကွ"

"ဘကြီး မတရားဘူး။ ဘကြီးကျတော့ ဘကြီးချစ်တဲ့သူကို မရရအောင် ယူခဲ့တယ်။ ကိုယ်ချင်းစာပါ ဘကြီးရာ၊ နတ်သျှင်နောင်တောင် ခုနစ်အို ရှစ်အိုကြီး ဓာတုကလျာကို ယူခဲ့တာ ဥစ္စာ"

နောက်ဆုံးတွင် အစ်ကိုကြီးလည်း လက်လျှော့လိုက်ရတော့သည်။ ထိုအကြောင်းတွေကို ခရေစေ့တွင်းကျ သိရသောအခါ ကျွန်တော်သည် ရာဇဝင်ထဲက အသံတစ်သံကို ကြားယောင်လာမိသည်။ မွန်မြန်မာ အနှစ် ၄၀ စစ်ပွဲအတွင်းမှာ ဘကြီးတော်ရာဇဓိရာဇ်နှင့် တူတော်မောင်မင်းရဲကျော်စွာတို့ ဇာတ်လမ်း တစ်စိတ်တစ်ပိုင်းကို သွားသတိရသည်။ ဆွေမျိုးရင်းချာတွေ ဖြစ်ပါလျက် ဘကြီးနှင့်တူတို့ စစ်ခင်းခဲ့ကြရသည်။ စီးချင်းထိုးကြရသည်။ သူသေကိုယ်ရှင် တိုက်ပွဲ ဆင်ခဲ့ကြရသည်။

သည်လိုနှင့် မင်းရဲကျော်စွာသည် ဘကြီးတော်ရာဇဓိရာဇ်နှင့် တိုက်ပွဲမှာ ဆင်ထက်ကကျပြီး ဆင်နင်းမိပြီး ပေါင်မှာ ဒဏ်ရာရကာ သုံ့ပန်းဘဝကျရောက်ခဲ့ရသည်။ သည်တော့ ဘကြီးတော်ရာဇဓိရာဇ်က သူ့တူကို တိုင်းပြည်တစ်ဝက်ပေးပြီး ကမ်းလှမ်းသည်။ မင်းရဲကျော်စွာက တိုင်းပြည်မဲ့သူ မဟုတ်ပါလို့ဆိုပြီး ပယ်ချလိုက်သည်။ သမီးတော်နှင့် လက်ဆက်ပေးပြီး အိမ်ရှေ့အရာ အပ်နှင်းမယ်လို့ဆိုလည်း မယားမဲ့သူ မဟုတ်ပါဆိုပြီး ခါးခါးသီးသီးငြင်းသည်။ ငါ၏သားအရင်းအဖြစ် သူကောင်းပြုမယ်လို့ နားသွင်းလည်း ဖခင်မဲ့သူမဟုတ်ပါဆိုပြီး ချက်ချင်းတုံ့ပြန်လိုက်သည်။ ဒါဆိုရင်လည်း ဆေးကုသပေးမယ်။ ကျန်းမာတဲ့အခါကျတော့ ပြန်ပို့ပေးမယ် ချော့လည်း ပျော့မသွားဘူး။

အဲဒီလို အချီအချပြောသံတွေဟာ ကျွန်တော့်သားနှင့်ဘကြီးဖြစ်သူ ကျွန်တော့် အစ်ကိုတို့တွေ့ဆုံဆွေးနွေးကြပုံနှင့် ခပ်ဆင်ဆင် တူမနေဘူးလား။ ဟိုမှာလည်း ဘကြီးနှင့်တူ။ သည်မှာလည်း ဘကြီးနှင့်တူပဲလေ။ သို့ပေမဲ့ မင်းရဲကျော်စွာလည်း သူ့ရဲကောင်းပီသစွာ ကျဆုံးသွားသည်။ ကျွန်တော့်သားကတော့ သူ့ရဲဘောကြောင်စွာ ကျဆုံးသွားတော့သည်။ နောက်ဆုံးတွင် သားကြီးသည် သူ့သဘောနှင့်သူ ဟိုမိန်းမကို ကောက်ယူလိုက်တော့သည်။

ထိုကဲ့သို့ သားကြီးသည် သူ့ထက်အသက်ကြီးသော ကလေးနှစ်ယောက်အမေကို ယူသွားပြီဖြစ်ကြောင်း ထောင်ဝင်စာလာသောအခါ ဇနီးက ဖြစ်ကြောင်းကုန်စင် ပြောပြသဖြင့် သိရစဉ်အခိုက် ချက်ချင်းပင် ကျွန်တော့်တစ်ကိုယ်လုံး တုန်လှုပ် ချောက်ချားသွားပါသည်။ ဒေါသထွက်လှသဖြင့် အသားများ တဆတ်ဆတ်တုန် ကျန်ခဲ့ပါသည်။

မကြာခဏဆိုသလို ဇနီးဖြစ်သူ ထောင်ဝင်စာလာတွေ့တိုင်း သား၏ မကောင်းသတင်းများကို ကြားရသဖြင့် စိတ်မချမ်းမသာ ဖြစ်ရပါသည်။ သားတို့၏ အိမ်ထောင်ရေး အဆင်မပြေကြောင်း၊ ခဏခဏ ရန်ဖြစ်ကြကြောင်း၊ မိန်းမဖြစ်သူမှာ ဖဲသမားဖြစ်ကြောင်း၊ သားကြီးမှာလည်း မယားဖဲဝိုင်းနောက်လိုက်ရင်း ဖဲသမားဖြစ်မှန်းမသိ ဖြစ်လာကြောင်း၊ မယားပါသားသမီးများနှင့်လည်း တကျက်ကျက်နှင့် မတည့်ကြောင်း၊ အိမ်ပေါ်မှ ခဏခဏဆင်းလာပြီး ခဏခဏပြန်တက်ကာ ပြန်ပေါင်းကြကြောင်း စသည့်သတင်းစကားများက ကြားရကြားရ နားဝမှာ မချမ်းသာ ဖြစ်ကျန်ခဲ့ပါတော့သည်။

စိတ်ထဲတွင်လည်း ကျွန်တော်၏ မိသားစုမှာ အစ်ကိုကြီးနှင့် တူသောသားပါလာခြင်းကို အံ့ဩခြင်းကြီးစွာ ဖြစ်မိပါသည်။ စိတ်မချမ်းမသာဖြစ်ရုံကလွဲ၍ ကျွန်တော်က ရော ဘာများတတ်နိုင်ပါမည်နည်း။

**သားကြီး၏ ဖြစ်ထွေ**

သည်လိုနှင့် ထောင်ထဲ၌ ၁၀ နှစ်ခန့်နေ၍ ကျွန်တော် ပြန်လွတ်လာခဲ့ပါသည်။ တစ်အိမ်သားလုံး ဝမ်းသာနေကြပါသည်။ သားကြီးကတော့ ကျွန်တော့်ထံလာ၍ မျက်နှာမပြဝံ့ဘဲ ရှိနေပါသည်။ ထို့ကြောင့် သားငယ်အား သွား၍ ခေါ်ခိုင်းရပါသည်။ ခဏအကြာ၌ သားကြီး မငံ့မရဲနှင့် ရောက်လာပါသည်။ ကျွန်တော်က သားကြီးဖြစ်သူ အနေကျပ်မှာစိုး၍ ဆီးကြိုနှုတ်ဆက်လိုက်ပါသည်။



"သားကြီး၊ နေကောင်းရဲ့လား၊ မင်းကွာ အဖေရောက်နေတာတောင် လာဖော်မရဘူး။ အဖေ့မှာတော့ ရောက်ရောက်ချင်း သားကြီးကို မတွေ့ရလို့ ရင်ထဲကို ဟာသွားတာပဲကွာ"

"ဟုတ်တယ် သားကြီး၊ မင်း အဖေက အိမ်ထဲတောင် မရောက်သေးဘူး။ သားကြီးရောလို့ တစ်မေးတည်း မေးနေတာ"

ဇနီးဖြစ်သူ ခင်အေးသိန်းကပါ သူ့သားကြီး အနေကျပ်မှာစိုး၍ လိုက်လိုက်လျောလျော ဝင်ပြောသည်။ ထိုအခါမှ သားကြီးမျက်နှာ ပျက်နေရာမှ ပြန်လည်ဣန္ဒြေဆည်နိုင်သည်။ မဝံ့မရဲအမူအရာများ ပြေလျော့သွားပါသည်။ ကျွန်တော် ပြန်ရောက်ချိန်မှာ ညနေစောင်းလေးမို့ ထမင်းစားချိန်နှင့် ကြုံကြိုက်နေသဖြင့် သားကြီးကိုပါ ထမင်းဝိုင်းတွင် ဝင်စားစေပါသည်။

အမှန်တော့ ကျွန်တော်တို့ဘက်က သားကြီးအား ကြိုးရှည်ရှည်နှင့် လှန်ထားလိုက်ခြင်းပင်။ ဘာပဲဖြစ်ဖြစ် သားကြီးအား ကျွန်တော်တို့ ရင်ခွင်ထဲ ပြန်ရောက်အောင် ကြိုးစားရပေမည်။ ထိုမိန်းမနှင့်ခွဲပစ်ရန် အချိန်နှင့်အမျှ အကွက်ကောင်းကို စောင့်ဆိုင်း၍ နေပါသည်။ တစ်နေ့တွင် ကျွန်တော်စောင့်ဆိုင်းနေသော အချိန်ရောက်လာပါသည်။ သားကြီး သူ့မိန်းမနှင့် ရန်ဖြစ်၍ အိမ်က ဆင်းလာပါတော့သည်။

"သားကြီး၊ ဘယ်လိုဖြစ်လာတာလဲ၊ ဘာတွေမှ တွေးမနေနဲ့၊ အိမ်မှာ မင်းကြိုက်သလို နေနော်။ ခုနစ်အိုရှစ်အိုကြီးများ မင်းမို့ကွာ၊ ဒါနဲ့ ဘယ်လိုဖြစ်လာကြတာလဲကွ"

"ဟာဗျာ အဖေရာ၊ သူ့ပိုက်ဆံတွေပျောက်တာ သားကို စွပ်စွဲတယ်။ သားလည်း မယူရဘဲနဲ့။ သားက

သူ့လုပ်စာ ထိုင်စားနေတော့ မိန်းမများ အထင်သေးအမြင်သေးပေါ့ဗျာ"

ထိုအချိန်တွင် အနားမှာ ထိုင်နေသော သူ့အမေက ဝင်ရှင်းပြပါသည်။

"ဒီလိုရှင့်၊ သူ့မိန်းမက သူနဲ့တစ်ဌာနတည်းပဲ။ အလုပ်မှာ အထက်တန်းစာရေးမရှင့်။ လူကြီးတွေကိုလည်း အတော်အတန်ပိုင်တယ်။ အဲဒါ ရှင့်သားကို အလုပ်မသွားဘဲ လစာထုတ်နိုင်အောင် ပြောပြထားတယ်လို့ သိရတယ်ရှင့်"



**သူတို့တစ်တွေ တစ်နေ့တင်းမာကြမ်းရမ်းထားပြီးဖြစ်သဖြင့် ယခုအခါ အနည်းငယ်တည်ငြိမ်လာကြဟန်ရှိသည်။ ကျွန်တော်ကတော့ စကားတစ်လုံးမှ မဆိုဘဲ ခေါင်းတညိတ်ညိတ် လုပ်ရင်း အခြေအနေကို စောင့်ကြည့်နေသည်။ ထပ်မံ၍ သားကြီးကပဋိပက္ခကို ပြန်စွင်းပါတော့သည်။**

"ဪ. . . တယ်ပိုင်ပါလား။ ဒါဆို သားကြီးက အိမ်မှာ ထမင်းချက် ဟင်းချက်၊ ညဘက် ဖဲဝိုင်းသွားရင် အဖော်လိုက်။ အလုပ်ပိတ်ရက်ဆို တစ်နေကုန် ပိုကာဒေါင်းကြတာပေါ့နော်။ တယ်လည်း ဟန်ကျပါလား ငါ့သားရ။ ဒါပေမဲ့ ဘဝဆိုတာ ဖဲဝိုင်းမှာတင် အချိန်ကုန်လို့ မဖြစ်ဘူး။ အရွယ်ရှိတုန်း ကိုယ့်တက်လမ်း ကိုယ်ရှာရမယ်။ ခုတော့ မင်းဘဝက အညွန့်တုံးနေပါရောလား ငါ့သားရယ်"

သားကြီးက ကျွန်တော့်စကားအပေါ်မှာတော့ ဘာမှမတုံ့ပြန်ပေ။ ခေါင်းကြီး အောက်စိုက်ပြီးသာ နေပါသည်။ ကျွန်တော်က သတိကြီးစွာထားပြီး စကားကိုဆက်ရသည်။

"ဒီမှာ သား. . . ကျိုးနေတဲ့ အညွန့်က အခက်အလက်တွေကလည်း အညွန့်တွေ ပြန်ထွက်နိုင်ပါတယ်ကွာ။ လူဆိုတာ ပျက်အစဉ်၊ ပြင်ခဏပေါ့ကွာ။ သား ဒီဘဝထဲက ရုန်းထွက်ရမယ်"

ကျွန်တော်က စကားကို ရွေးချယ်ပြောနေခြင်းဖြစ်သည်။ တိုက်ရိုက်ကြီး မင်းမိန်းမနဲ့ မပေါင်းနဲ့ဆိုလျှင် နားမဝင်မှာစိုး၍ ဖြစ်သည်။ ဒါကိုလည်း ဒီကောင်သိပုံရသည်။ ချက်ချင်း ခေါင်းမော့လာပြီး အဖြေပေးပါသည်။ ထိုအဖြေက ကျွန်တော်လိုချင်သော အဖြေပင်။

"သား သိပါတယ် အဖေရာ၊ ကျွန်တော် ဒီမိန်းမကို ပြတ်ပါတယ်။ ပြတ်လို့လည်း အိမ်က တစ်ခါတည်း ဆင်းလာတာပါ"

ကျွန်တော်ကား သားစကားကြောင့် ဇနီးဘက် မေးငေါ့ပြလိုက်သည်။ ဒါပေမဲ့ ဇနီးမျက်နှာက မချိုမချဉ်နှင့်။ သူ့လိုပင် အနားတွင် ထိုင်နေကြသော သမီးနှင့်သားတို့မျက်နှာများကလည်း စပ်ဖြဲဖြဲနှင့်။ သူတို့ကို ကြည့်ရသည်မှာ မယုံရေးချ မယုံ။ သားကြီးစကားကို သုံးခွက်တစ်ခွက် တင်နေပုံရသည်။

ဒီလိုနှင့် သားကြီးအိမ်ပေါ်မှ ဆင်းလာသည်မှာ သုံးရက်မြောက်သောနေ့သို့ ရောက်လာပေပြီ။ အိမ်တွင်နေစဉ် သူ့အနေအထိုင်များမှာ တည်တည်ကြည်ကြည်ပင်။ ကျွန်တော်ကတော့ ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။ စိတ်ထဲတွင် ကြည်နူးနေသဖြင့် ညသွ စာတစ်ပုဒ် ရေးမိသည်။ စိတ်လက်ပေါ့ပါးစွာ ဈာန်ဝင်စားနေသဖြင့် အချိန်များကုန်မှန်းမသိ ကုန်သွားပါသည်။ အပြင်ဘက်တွင် အမှောင်ထုကြီးကား ကြီးစိုးနေသည်။ ဆောင်းလေက ခပ်ချမ်းချမ်းလေး တိုက်နေသည်။ နှင်းမြူများက ဝေ့ဆိုင်းလျက်။ အိမ်ဘေးမြက်ခင်းပြင်မှ ပုရစ်သံများ စီညံနေသည်။ တစ်ခါတစ်ရံညဥ့်ငှက်အော်သံက အလန့်တကြား။ ထိုစဉ်မှာပင်

"အဖေ. . အဖေရေ၊ အစ်ကိုကြီး မရှိတော့ဘူးဗျ။ ခေါင်းရင်းဘက်က ပြတင်းပေါက်လည်း ပွင့်နေတယ်။ သူ့မိန်းမဆီ ပြန်သွားပြီနဲ့ တူတယ်ဗျ"

သားငယ်၏ ခပ်အုပ်အုပ်အော်သံက ညဥ့်ယံကို ထိုးဖောက်၍ ထွက်လာ၏။ တစ်အိမ်လုံးလည်း လန့်နိုးလာကြသည်။ တစ်ယောက်တစ်ပေါက် ပြောသံများက သားကြီးအား ထောပနာပြုသော အသံများပင်။ နောက်တော့ သူတို့တစ်တွေ ပြန်လည်အိပ်ရာဝင်သွားကြသည်။ ကျွန်တော်သာ တစ်ယောက်တည်း ငူငူကြီးကျန်ခဲ့သည်။ စာကို တစ်လုံးတစ်ပါဒမျှ ဆက်၍မရေးနိုင်တော့ပါ။ ဘောပင်နှင့် စာရွက်များကို ထားခဲ့၍ အိပ်ရာထဲဝင်လိုက်သည်။ စိတ်ပျက်လက်ပျက် ဖြစ်မိသည်။ လူလည်း ခြေကုန်လက်ပန်းကျသလို ဖြစ်သွားသည်။ သက်ပြင်းများချရင်း လေပူများ မှုတ်ထုတ်ရင်း သား၏ နောင်ရေးအတွက် ရတက်မအေးဖြစ်ရသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ အိပ်ရာထဲတွင် တလူးလူး တလိမ့်လိမ့်နှင့်။ ထိုညက အိပ်မပျော်ပါ။ မိုးစင်စင်လင်းသွားသည်။

## မြေကြီးပေါ်သို့ အကြိမ်ကြိမ် ကျကွဲသွားသော ဓာတ်ပြားဟောင်း

မိဘတိုင်း သားသမီးကို ဆင်စီးပြီး မြင်းရံတာကိုပဲ ကြည့်ချင် မြင်ချင်ကြသည်မှာ ဓမ္မတာပင်။ သားကြီးအတွက် မည်သို့ဆောင်ရွက်ရမည်ကို အဖြေရှာမရဘဲ ရှိနေသည်။ စိတ်ကို အမျိုးမျိုးကြိုးစားဖြေ ကြည့်သည်။ အင်းလေ . . . အက်ဒွပ်ဘုရင်ကြီးတောင် မုဆိုးမ တစ်ယောက်အတွက် ထီးနန်းကို စွန့်ခဲ့တာပဲ။ နတ်သျှင်နောင်ရော ဘာထူးလဲ။ ခုနစ်အိုရှစ်အိုကြီး ရာဇဓာတုကလျာကို မိဖုရားမြှောက်ခဲ့တာပဲ။ အချစ်မှာ ပျိုတယ် အိုတယ် မရှိဘူးလေ။ ကြီးတာငယ်တာ ပဓာနမှ မဟုတ်ဘဲ။ အဲဒီလို စိတ်ကို အမျိုးမျိုးဖြေသိမ့်ကြည်သော်လည်း မရ။ ဟိုက အက်ဒွပ်ဘုရင်ပဲ။ သားကြီးက အက်ဒွပ်ဘုရင်မှ မဟုတ်ဘဲ။ ဟိုက နတ်သျှင်နောင်ပဲ။ သားကြီးက နတ်သျှင်နောင်မှ မဟုတ်တာ။ နေ့စဉ်နှင့်အမျှ သားကြီးအတွက် ရတက်မအေးရ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ အခွင့်အခါကောင်းကို စောင့်ကြည့် ရေးပေါ်လစီကိုသာ ပြန်လည်ကိုင်စွဲထားရပေတော့မည်။

သားကြီးကတော့ အစ်ကိုကြီးနှင့် တစ်ချိုးတည်း။ တစ်ပုံစံတည်းပင်။ သူ့အနေနဲ့ကတော့ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဆိုတာ အချစ်ကို အသစ်ပြန်လည် မွေးဖွားခြင်းများလား။ ကျွန်တော် ထောင်က ပြန်လာ ပြီး တစ်နှစ်အတောအတွင်းမှာပင် သားကြီး သူ့အိမ်ပေါ်က ဆင်းလာတာ အကြိမ်ကြိမ်ပင်။ ဒီလိုပဲ သူ့အိမ်က သုံးလေးရက် ဆင်းလာလိုက်၊ ပြန်တက်သွားလိုက်နှင့်။

တစ်ခါတွင် သားကြီးသည် သူ့မိန်းမနှင့် ရန်ဖြစ်ပြီး အရက်မူးကာ သူတို့အိမ်ရှေ့မြောင်းထဲတွင် လူးလိမ့်အော်ဟစ်နေပါသည်။

"မမရေ၊ မောင်လေးကို ကယ်ပါဦး၊ မမထူမှ ထမယ်ဗျ။ မမ သိပ်ရက်စက်တယ်။ ဟောဒီ ရေမရှိတဲ့ မြောင်းထဲမှာ နှာခေါင်းဖော်ပြီး သေပစ်လိုက်မယ်နော်၊ ဟား ဟား ဟား"

သား၏ ရှုသွပ်စွာ၊ အရှက်မဲ့စွာ အော်ဟစ်နေသော မူးသံကြီးကြောင့် ရပ်ကွက်ထဲမှ လူများ ထွက်ကြည့်ကြပြီး ပြုံးစိပြုံးစိဖြစ်နေကြသည်။ ရေစပ်စပ်သာရှိသော ကနဖော့ပင်များ ကျိုးတိုးကျဲတဲရှိနေသောမြောင်းထဲတွင် ကြည့်မကောင်း၊ မြင်မကောင်းအောင် လူးလိမ့်နေသည်။ ထိုမြင်ကွင်းကို ကျွန်တော် မြင်နေရသည်။ သူ့အတွက် ရင်ထုမနာ ဖြစ်ရုံကလွဲ၍ ဘာမှမတတ်နိုင်ပါ။

ဒီလိုနှင့် နောက်တစ်ခါ ဆယ်ကြိမ်မြောက် အလည်ရောက်လာသော သားအား ဝမ်းနင်ပေးရတော့သည်။ ဖခင်တစ်ဦးအနေဖြင့် သူ့အား အလျှော့ပေး၍ ကြိုးရှည်ရှည်လှန်ထား၍ မရတော့။ ဒီတော့ အိမ်တွင် အမိန့်ထုတ်ရသည်။

"ဟေ့ကောင်၊ ဒီတစ်ခါ အိမ်ကို တက်လာတာ နောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ ငါ့အိမ်က သာလာယံဇရပ်မဟုတ်ဘူး။ မင်း ထွေလီကာလီတွေ ပြောမနေနဲ့။ ငါ မယုံတော့ဘူး။ အေး . . . ဒီတစ်ခါတော့ မင်းကို နောက်ဆုံး စောင့်ကြည့်ခြင်းအနေနဲ့ လက်ခံလိုက်ဦးမယ်"

သားကတော့ ကျွန်တော့်စကားကို ဘာတစ်ခုမှ မတုံ့ပြန်ပါ။ သူကတော့ ဖွင့်နေကျ ဓာတ်ပြားဟောင်းကြီးကိုသာ ဆက်ဖွင့်မြဲ။

"အဖေနဲ့ အမေတို့၊ သား ဒီတစ်ခါ တကယ်ပြတ်ပါပြီဗျ။ ဒီကောင်မျက်နှာကိုလည်း မကြည့်ချင်တော့ဘူး။ မယုံရင် အဖေတို့ အမေတို့ စောင့်ကြည့်ပါ။ သား ဘယ်တော့မှ ပြန်မပေါင်းတော့ဘူး"

ဒီလိုနှင့် သားကြီး၏ ဓာတ်ပြားဟောင်းကြီးသည် မြေကြီးပေါ်သို့ ကျကွဲသွားပြန်ပါတော့သည်။ ဒီတစ်ခေါက်တော့ တစ်ပတ်လောက်ခန့် ကြာသည်။ သို့သော် တစ်ပတ်မပြည့်ခင် ခြောက်ရက်မြောက်သော ညတွင် နောက်ဖေးပေါက်မှ မြေလျှိုးမိုးပျံသွားတော့သည်။

သားကြီး၏ လုပ်ရပ်နှင့်ဖြစ်စဉ်များက ကျွန်တော်တို့အဖို့ ရိုးစင်းသွားပြီမို့ သိပ်ပြီး ထွေထွေထူးထူး မခံစားရတော့ပါ။ သားသိအောင်သာ ကြေညာမောင်းခတ်ရတော့သည်။

"ဟိတ် . . . အားလုံးကို ပြောထားမယ်။ ဒီကောင် နောက်တစ်ခါ အိမ်ပေါ်တက်လာရင် ဘယ်သူမှ လက်မခံရဘူး။ ဒါက အိမ်ကွ။ သာလာယံဇရပ်မဟုတ်ဘူး"

ကျွန်တော်၏ ပေါ်လစီတစ်ခုဖြစ်သော ကြိုးရှည်ရှည်နှင့် လှန်ထားခြင်းကိုလည်း ရုပ်သိမ်းလိုက်ရတော့သည်။ အိမ်မှာလည်း အမိန့်ထုတ်ရတော့သည်။ ကြိုးစကိုဖြတ်၍ တင်းမာပြတ်သားသော လမ်းစဉ်ကို ပြောင်းလဲသတ်မှတ်ကြည့်မိသည်။ သို့သော် အခွင့်အခါကောင်းကို စောင့်ကြည့်ရေးပေါ်လစီကိုတော့ မသိမသာ ကိုင်စွဲထားဆဲ။

## ကြိုဟ်မွှေတဲ့ ဓာတ်ပုံ

နွေနေကား ချစ်ချစ်တောက်ပူပြင်းနေသည်။ တံလျှပ်တွေက တရိုန်းရိုန်း။ လေပွေများက ကတော့ ထိုးမွှေ့ရမ်းလျက်။ ရွက်ဝါကြွေများ တလိမ့်ခေါက်ကွေး ပြေးလွှားနေ။ သစ်ပင်များက ရိုးတံပြိုင်းပြိုင်းနှင့်။ နွေငှက်က ဥဩဥဩနှင့်။

နွေနေ့လယ်၏ အပူရှိန်ပြင်းထန်မှုကြောင့် ပိတောက်ရိပ်ကွပ်ပျစ်တွင် အဖန်တစ်အိုးနှင့် စိုးမိုးနေသော အပူဒဏ်ကို ကြံကြံခံရင်း လက်ဖက်ရည် အဖန်သောက်က ကျက်သရေအမှန်ရောက်လိမ့်ဆိုသလို အားတက်စရာသတင်းကောင်း တစ်ခုကို ကြားလာရသည်။ သတင်းကို သယ်ဆောင်လာသူမှာ ကျွန်တော်၏မဟေသီဒေဝီဘုရင်မမခင်အေးသိန်းပင်တည်း။

"ကိုငွေ၊ ရှင့်အတွက်တော့ အကွက်ဆိုက်ပြီတော့။ သူတို့လင်မယား အကြီးအကျယ် နောင်ဂျိန်ချနေကြပြီတဲ့။ ဒီတစ်ခါ ရန်ဖြစ်တာ ခင်ခင်ကြည်ယောက်ျားကြီး ကီစွတဲ့။ အဲဒါ သားကြီးက မခံမရပ်နိုင်ဖြစ်နေတယ်"

ကျွန်တော်၏မဟေသီသည် ကျွန်တော့်အနားကွပ်ပျစ်အောက်တွင် အမောတကော ဝင်ထိုင်လိုက်ရင်း ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်ခြင်းဖြစ်သည်။

"ဟဲ့ . . . နင့်ဟာက အရင်းမရှိ အဖျားမရှိနဲ့၊ သေသေချာချာ ပြောပြပါဟ၊ ငါ နားထောင်ရတာ အူလယ်လယ်နဲ့"

ထိုအခါကျမှ သူ၏အလောတကြီး ပြောလိုက်ပုံကို သတိရသွားသည်။ အနည်းငယ်တွေတွေလေး မျက်မှောင်ချိုလိုက်ပြီးမှ ဖြစ်ကြောင်းကုန်စင်ကို နတ်သံနှော့ပါတော့သည်။

"ဒီလိုရှင့်၊ ခင်ခင်ကြည်ရဲ့သားနဲ့ သမီးက နွေရာသီကျောင်းပိတ်ရက်မှာ သူ့အဖေရှိရာ ပြည်မြို့ကို သွားလည်ကြတယ်"

"ဟ . . . ဒါနဲ့ နေပါဦး၊ ခင်ခင်ကြည်လင်ကြီးက ရှိနေတုန်းပဲလား"

"အသာနားထောင်စမ်းပါရှင်၊ ဒီလိုရှင့်၊ သူ့အဖေက ပြည်မှာ ဘုန်းကြီးဝတ်နဲ့ ရှိသေးတယ်၊ အဲဒီကို ကလေးတွေက သွားလည်ကြတယ်၊ ပြန်လာတော့ သူတို့အဖေ ဘုန်းကြီးရဲ့ဓာတ်ပုံကို ယူလာတယ်။ အဲဒါကြောင့် သားကြီးနဲ့ စကားများတာ"

သူ့စကားက မရှင်းသဖြင့် ဒုတိယမွှိ အားမလိုအားမရမေးလိုက်မိပြန်သည်။

"ဟေ့ . . . မင်းဟာ နားသိပ်မရှင်းဘူး၊ ဓာတ်ပုံယူလာတာနဲ့ ရန်ဖြစ်ကြရောလားကွ"

"ရှင်ကလည်း လိပ်ပတ်လည်အောင် နားထောင်စမ်းပါ၊ ကြားဖြတ်မေးနေတာနဲ့ ဘာပြောရမှန်းမသိတော့ဘူး။ ဒီလိုရှင့်၊ အဲဒီလို သူတို့အဖေဓာတ်ပုံကို ကလေးတွေက အိမ်ဦးခန်းမှာ ချိတ်လိုက်တယ်။ ဒါကို ရှင့်သားက မကျေနပ်ဘူး။ သူ့ရှိရက်နဲ့ ဒီလိုဓာတ်ပုံကြီးချိတ်တာ သူ သိက္ခာကျတယ်ပေါ့။ အဲဒါကြောင့် လင်မယားတွေ အကြိတ်အနယ်ဖြစ်နေကြတာ သိလား"

ကျွန်တော်၏ မျက်နှာတစ်ခုလုံး ဝင်းထိန်သွားပါသည်။ ကျွန်တော်၏ အခွင့်အခါကောင်းကို စောင့်ကြည့်နေသောအချိန်အခါကို ဆိုက်ရောက်လာပြီပဲ။ သူ့စကားအဆုံးမှာပင် ဝမ်းသာအားရ စကားတစ်ခွန်း ပြောချလိုက်မိသည်။

"မိန်းမရေ၊ မပူနဲ့တော့ဟေ့၊ မကြာခင် မင်းသားကို ဒီမိန်းမနဲ့ ခွဲနိုင်တော့မယ်ကွ"

ထိုစကားကို ကြားသည်နှင့် ကျွန်တော့်မဒမ်သည် ပြုံးစိစိဖြစ်သွားကာ ဘာမှပြန်မပြောဘဲ အင်း . . . စောင့်ကြည့်ရသေးတာပေါ့၊ အမှုအရာနှင့် မပြောမဆို ကျွန်တော့်အနားမှ ထွက်ခွာသွားပါတော့သည်။

ညနေစောင်းသည်နှင့် သားတို့၏ တိုက်ပွဲသတင်းက ခပ်သဲ့သဲ့ ပျံ့လွင့်လာသည်။ သားကြီးနှင့် မယားပါသားသမီးများ၏ အော်ကြီးဟစ်ကျယ် ရန်ပွဲအချက်ကတော့ သူတို့အဖေ ဓာတ်ပုံချိတ်တာ ဘယ်သူ့ ဂရုစိုက်ရမှာလဲဆိုတဲ့ အသံများ။ သားကြီး၏ မခံမရပ်နိုင်သော တုံ့ပြန်မှုများ၊ ဓာတ်ပုံကို ရိုက်ခွဲရန်လုပ်ပုံ၊ ထို့ကြောင့် ခင်ခင်ကြည်နှင့် ထွေးလားသတ်ပုတ် နပန်းလုံးကြပုံ၊ မယားပါကလေးတွေက သူ့အား ဝိုင်းသတ်ကြပုံ . . .။

## ခင်ခင်ကြည်နှင့် နိဋ္ဌိတံပြီးနောက်

မိုးကား စုတ်စုတ်ချုပ်ပြီ။ လမ်းဓာတ်မီးတိုင်များ လင်းလာပြီ။ အိမ်တိုင်း အိမ်တိုင်းမှ မီးအလင်းရောင်များ တလက်လက်။ မကြာမီ ခင်ခင်ကြည်၏ သားကြီးရောက်လာသည်။

"အဘ . . . အဘ အိမ်ကို ခဏလောက်လာပါတဲ့၊ အမေက ခေါ်ခိုင်းလိုက်လို့"

"အေး . . . အေး ငါ တစ်အောင့်လောက် နေလာခဲ့မယ်"

ကျွန်တော်ကလည်း ပြန်လည်အသိအမှတ်ပြုရင်း ပြဿနာဖြေရှင်းဖို့ ကြံလာပြီဆိုတာ သိလိုက်သည်။ အဝတ်အစား အမြန်လဲလိုက်သည်။ အခြေအနေကို စောင့်ကြည့်နေသော ဇနီးဖြစ်သူကို ခေါင်းဆတ်ပြလိုက်သည်။ ကျွန်တော်က ဘယ်အခန်းကဏ္ဍမှ ကပြရမှာလဲ။ တရားသူကြီးနေရာကလား။ ရှေ့နေနေရာကလား။ ဆွဲချနေရာကလား။ လားပေါင်းများစွာဖြင့် . . .။

မကြာခင် ရောက်ပါပြီ။ တွေ့ပါပြီ။ တွေ့ပါပြီ။ ကုလားထိုင်များမှာ ကိုယ်စီကိုယ်စီထိုင်လို့။ မောင်နှံနှစ်ဦးက ယှဉ်လျက်။ ကလေးနှစ်ယောက်က မျက်နှာချင်းဆိုင်ကုလားထိုင်မှာ။ ကျွန်တော့်အတွက် ထိပ်ဆုံးမှာ နေရာချပေးထားသည်။

"လာ . . . လာ ဦးလေး၊ ဒီမှာ ထိုင်ပါ၊ ရောက်မဆိုက်ဘဲ ပြောလိုက်

တော့မယ်၊ ဦးလေးသားက ကလေးတွေ သူ့အဖေ ဓာတ်ပုံ အိမ်ဦးခန်းမှာ ချိတ်တာကို မကျေနပ်လို့တဲ့၊ အဲဒါ တစ်နေလုံး ပြဿနာ ရှာနေတယ်။ ကျွန်မလည်း ဘယ်လိုမှ မဖြေရှင်းတတ်တော့တာနဲ့ ဦးလေးကို အခေါ်လွှတ်လိုက်ရတော့တာပဲ"

ကျွန်တော်က နေရာတွင် ဝင်ထိုင်ပြီးရုံရှိသေး သိပြီးသမျှကို ထပ်ကြားလိုက်ရတော့သည်။ ကျွန်တော့်မှာ အဆင်သင့်မဖြစ်သေး။ ဘာပြောလို့ ပြောရမှန်း မသိသေး။ ထိုစဉ် သားကြီး၏ ဝမ်းနည်းပက်လက် အက်ကွဲကွဲအသံကို ကြားလိုက်ရသည်။

"ဒီမှာ မမ၊ ကျွန်တော်တို့ကိစ္စကို ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ရှင်းမယ်၊ ဒါပေမဲ့ အဖေ့ရှေ့မှာဆိုတော့ ပိုကောင်းတာပေါ့၊ အဖေကို ပုဏ္ဏားတိုင်ထားပြီး ပြောကြရတော့မှာပဲ"

"ဟုတ်တယ်၊ တို့ကိစ္စကို ဦးလေးရှေ့မှာပဲ ရှင်းကြတာပေါ့"

သူတို့တစ်တွေ တစ်နေ့ တင်းမာကြမ်းရမ်းထားပြီးဖြစ်သဖြင့် ယခုအခါ အနည်းငယ် တည်ငြိမ်လာကြဟန်ရှိသည်။ ကျွန်တော်ကတော့ စကားတစ်လုံးမှ မဆိုဘဲ ခေါင်းတညိတ်ညိတ်လုပ်ရင်း အခြေအနေကို စောင့်ကြည့်နေသည်။ ထပ်မံ၍ သားကြီးက ပဋိပက္ခကို ဖြိုခွင်းပါတော့သည်။

"ကဲ. . . မမ၊ အဖေ့ရှေ့မှာပဲ မေးမယ်၊ ပြတ်ပြတ်သားသား၊ ဖြေပါ။ မမ သားသမီးတွေရဲ့ ဆန္ဒအတိုင်း လိုက်လျောမလား၊ ဒါမှမဟုတ် ကျွန်တော့်ဘက်က ပါမလား၊ အဖြူအမည်း"

စကားမဆုံးခင်မှာပင် ခင်ခင်ကြည်က ဒိုးဒိုးဒေါက်ဒေါက်နှင့် သူ့သဘောထားကို တင်းတင်းမာမာ ပြောလာပါတော့သည်။

"ဒီမှာ မောင်နိုင်၊ သူ့အဖေ ဓာတ်ပုံကို သူတို့ချိတ်တာ မင်းအနေသာကြီးပါ၊ ဒါကတော့ မင်းပြဿနာကို မီးထွန်းရှာနေတာပဲလို့ ထင်တာပဲ"

"ဘာ. . . ကျွန်တော်က ပြဿနာရှာနေတယ်ဟုတ်လား၊ ဒီမှာ မမ ခင်ဗျား စဉ်းစားကြည့်စမ်းပါ၊ ကျွန်တော်ငုတ်တုတ်ကြီးနဲ့ ဒီဓာတ်ပုံကို ချိတ်ထားတော့ ကျွန်တော် ဘယ်လိုနေရမှာလဲဗျ"

"ဒီလိုပဲနေပေါ့ မောင်နိုင်ရာ၊ ဘာဆန်းတာ မှတ်လို့၊ ဓာတ်ပုံချိတ်တာပဲ၊ လူလာနေတာမှ မဟုတ်တာ"

"ဟာ. . . ခင်ဗျားကြီးတော့ သေတော့မယ်"

ပြောပြောဆိုဆိုနှင့် လည်ပင်းကို ထညှစ်သော သားကြီးကို ကျွန်တော်က ဟောက်လိုက်ရသည်။ ကလေးတွေကလည်း သူတို့အမေကို လည်ပင်းညှစ်သဖြင့် ထိုင်ရာမှထလာကြသည်။ ကျွန်တော်က ကလေးတွေကို အသာနေရန် လက်ကာပြရင်း ထိုင်ရာမှထကာ ကြားမှ ဖျန်ဖြေလိုက်ရသည်။

"ဟေ့ကောင်၊ လွှတ်စမ်း၊ ငါ့ရှေ့မှာ ဒီလိုမလုပ်နဲ့၊ ခင်ခင်ကြည်က ငါ့ခုံမှာ သွားထိုင်၊ မင်းတို့နှစ်ယောက်ကို ခွဲထားမှဖြစ်မယ်၊ ကိစ္စက ဂျာအေး သူ့အမေရိုက်ဖြစ်နေပြီ။ ဒီတော့ ဒီလိုလုပ်ပါ၊ သားကြီးက မင်းမိန်းမကို ဘယ်ဘက်က ရပ်မလဲလို့ ထပ်မေး၊ မင်းဘက်က နေမလား၊ သူ့သားသမီးတွေဘက်က နေမလားဆိုတာကို မေး၊ ခင်ခင်ကြည်ကလည်း ခေါင်းအေးအေးထားပြီး ရှင်းရှင်းလင်းလင်း ဖြေဟုတ်လား"

ကျွန်တော်က မနေသာတော့ဘဲ ကြားက ဝင်ဖြေရှင်းပေးလိုက်ရတော့သည်။ အမြန်ဆုံး ကိစ္စပြီးအောင် လမ်းကြောင်းကိုလည်း ပြလိုက်ရပါတော့သည်။ ဒါမှမဟုတ်ရင် အမယ်ဘုတ်ကယ် သူ့ချည်ခင်လို လုံးထွေးရစ်ပတ်မဆုံး ရှိတော့မည်။ ထိုအခါ သားကြီးက ကျွန်တော်အကြံပေးသည့်အတိုင်း မေးလိုက်ပါတော့သည်။

"ကဲ . . . မေးမယ် မမ၊ မမ အနေနဲ့ မောင်လေးဘက်က ရပ်မလား၊ မမသားသမီးတွေဘက်က ရပ်မလား"

မေးသာ မေးခိုင်းလိုက်ရသည်။ သားဘက်က အခြေအနေက မကောင်း။ သူတို့တစ်တွေ၏ လမ်းကြောင်းကို မြင်တွေ့နေရသည်။ သူတို့တစ်ယောက်နှင့်တစ်ယောက် ပြတ်စဲကြတော့မည်။ ဒီအခြေအနေကလွဲ၍ သူတို့အတွက် တခြားပြေလည်နိုင်သော အဖြေနှင့် နည်းလမ်းမရှိ။ ချက်ချင်းပင် ခင်ခင်ကြည်၏ တင်းမာပြတ်သားသော အသံက ထွက်ပေါ်လာပါသည်။

"ငါ ရှင်းရှင်းပဲ ပြောမယ် မောင်နိုင်၊ ငါ ငါ့သားသမီးတွေကို မပြတ်နိုင်ဘူး၊ သူတို့သဘောကို မလွန်ဆန်နိုင်ဘူး၊ ဒီအချိန်ကစပြီး မင်းနဲ့ငါ ပြတ်စဲလိုက်ပြီ မောင်နိုင်ရေ၊ မင်းအိမ်ပေါ်က ဆင်းပေတော့"

သားကြီးက ဝမ်းနည်းပက်လက် ခေါင်းကြီးငိုက်စိုက်နှင့်။ ခဏအကြာတွင် ခင်ခင်ကြည်၏ စကားဆုံးချွန်တို့ကြောင့် ရှုံ့ရှုံ့ရှားရှားဖြစ်လာပြန်သည်။ တစ်ကိုယ်လုံး တုန်တုန်ရီရီနှင့် ဝမ်းနည်းသံကြီးနှင့်

"မမ မောင်လေးကို မချစ်တော့ဘူးပေါ့၊ မမပြောခဲ့တာတွေ မေ့ပလား၊ မောင်လေးကို အစစအရာရာ အလိုလိုက်မယ်ဆို၊ အကြိုက်ဆောင်မယ်ဆို၊ ရက်စက်လိုက်တာ မမရယ်"

သားကြီး၏ ရင်တနင့်နင့်အသံ၊ တလှိုက်တလှဲ ရှိုက်ငင်လျက်။ တစ်စတစ်စ မျက်ရည်များပြည့်လျှမ်းလာလျက်။ ခင်ခင်ကြည်ကို ကြည့်လိုက်တော့ နှုတ်ခမ်းကို တင်းတင်းစေ့ထားလျက်။ မျက်နှာကို တစ်ဖက်သို့ လွှဲထားလျက်။ ကျွန်တော်လည်း စိတ်မချမ်းမြေ့စွာနှင့် မျက်နှာကို လွှဲထားလိုက်သည်။ မျက်စိထဲတွင်တော့ ဇာတ်ကားတစ်ကားမှ ဝင်းဦးနှင့် တင်တင်မူတို့၏ သရုပ်ဆောင်ဟန်ပြကွက်တစ်ကွက်ကို မြင်ယောင်ရင်း ရယ်ချင်ပက်ကျိလည်း ဖြစ်နေမိပါသည်။

"ဒါကတော့ မောင်နိုင်၊ ဆန်ဆုံစား၊ ကံကုန်သွားပေါ့ကွယ်၊ ဘာမှ မတတ်နိုင်ဘူး၊ ဦးလေးရေ. . .၊ ဦးလေး အမြင်ပဲ၊ ဦးလေးသားက ခေါင်းမာတာကိုး"

ခင်ခင်ကြည်၏ ထပ်ဆင့်လက်သီးက မမျှော်လင့်ဘဲ ထွက်ပေါ်လာပြန်၏။ သားကြီးက ရုတ်တရက် ထရပ်ပြီး သူ့အဝတ်အစားများကို ထုတ်ပိုးနေပါတော့သည်။ နောက်ဆုံးအနေဖြင့် ကျွန်တော်လည်းပြောစရာစကား တစ်ခွန်းကို သားဘက်မှ အကောင်းဆုံး ရပ်တည်၍ ဖွင့်ဟလိုက်ပါတော့သည်။

"ကဲ. . . ခင်ခင်ကြည်၊ မသွားခင် ငါတစ်ခုတော့ ပြောခဲ့ပါရစေ၊ ရုံးမှာ ငါ့သားနဲ့ ကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးပေးပါကွယ်"

ညဉ့်နက်လှပြီ၊ လူခြေတိတ်ပြီ။ ကောင်းကင်တွင် လမင်းက မှိန်ပျပျ။ ကြယ်တွေက မှိတ်တုတ်မှိတ်တုတ်။ ကျွန်တော်လည်း အမြန်ဆုံး အိမ်ကို ပြန်လာခဲ့သည်။ ခင်အေးသိန်းက အိမ်ပေါက်ဝမှ ဆီး၍ စောင့်ကြိုနေသည်။ ထိုနေရာမှာပင် သူ့ကို အတိုချုံးပြောပြခဲ့ပြီး အိမ်ထဲသို့ လေးလံစွာ ဝင်ခဲ့သည်။

"ဖေကြီးရေ၊ ကျွန်မ အပြင်ခဏသွားလိုက်ဦးမယ်"

သူမ၏ ခပ်အုပ်အုပ်ပြောသံနှင့် အတူ အမှောင်ထဲသို့ ပြေးထွက်သွားတာကို နောက်ကနေ လှမ်းမြင်လိုက်ရသည်။ မိခင်ဖြစ်သူ၏ ခြေလှမ်းများ ဘယ်ဆီသို့ သွားမည်ကို ဗေဒင်မေးစရာမလိုပေ။ အတတ်သိနိုင်ပါသည်။ တွယ်ရာမဲ့နေသော သားကြီးဆီမှလွဲ၍ ဘယ်သွားရမှန်းမသိ၊ ယောင်တိယောင်နဖြစ်နေသော သားကြီးကို ခေါ်ဖို့ရာလွဲ၍ တခြားဘာများရှိပါဦးမည်နည်း။

ကျွန်တော်က ရာဇသံပေးထားသည် မဟုတ်လား။ တောင်မြောက်ဝဲယာ ဘယ်သွားရမည်မသိသော သား၏ မျက်စိသူငယ် နားသူငယ်ဖြစ်နေမှုကို သူ၏မိခင်ကယ်တင်ရန် သွားခြင်းမဟုတ်ပါလော။ သည်တစ်ကြိမ်ကား ကျွန်တော်၏ အခွင့်အခါကောင်းကို စောင့်ဆိုင်းရေး မဟာပေါ်လစီကြီး အောင်ပွဲခံခဲ့ပြီ မဟုတ်ပါလား။

နောင်သောအခါတွင် ခင်ခင်ကြည်နှင့် နိဂုံးချုပ်ပြီးနောက် သားကြီးသည် သဘော်သားဘဝနှင့်ပင် အပျိုစင်တစ်ဦးနှင့် ချစ်ကျွမ်းဝင်၍ လက်ထပ်ခဲ့သည်။ ယခုအခါ သမီးတစ်ယောက် ထွန်းကားလျက် သာယာချမ်းမြေ့သော အိမ်ထောင်ကို ထူထောင်လျက် သူ့ဘဝလျှောက်လမ်းကို အညွန့်အညောက် တလူလူနှင့် ချီတက်လျက် ရှိပေသည်။

**ဖြိုးထိန်**

ဦးမျိုးခိုင်နှင့် ဒေါ်ထွေးငယ်တို့ နှစ်ယောက် နေ့ကြီးရက်ကြီးများတွင် လေးဆူဓာတ်ပုံရွှေတိဂုံသို့ တက်ရောက်ဖူးမျှော်ဖို့ ကြိုးစားခဲ့ကြသည်မှာ နှစ်ပေါင်းကြာပြီ။

နာမကျန်းဖြစ်သောအခါမျိုးမှ လွဲလျှင် ဝါဆိုလပြည့်၊ကဆုန်လပြည့်၊ သီတင်းကျွတ်လပြည့်နှင့် တန်ဆောင်မုန်းလပြည့် နေ့ကြီးရက်ကြီးများတွင် ဘုရားဖူးတက်ရောက်လေ့ရှိကြသည်သာ ဖြစ်ပါ၏။

လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကတည်းက တန်ဆောင်မုန်းလပြည့်ညမှာ ရွှေတိဂုံဘုရားပေါ် ရောက်ခဲ့ကြ၊ ဖူးခဲ့ကြရသည်ကို ယနေ့တိုင် မေ့မရနိုင်ပါသေး။

လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကာလဆီက ဒုတိယကမ္ဘာစစ်ကြီးပြီးစ လူငယ်တို့ ပျော်စရာ၊ ရွှင်စရာအပန်းဖြေစရာဟူ၍ ဆယ့်



ဝတ္ထုရသ

နှစ်လရာသီပွဲတော်များသာ အဓိက ရှိခဲ့ပါ၏။

အတာကူးသည့် နှစ်ဦးသင်္ကြန် တွင် ရိုးရာသင်္ကြန်ပျော်ကြသလို ရေပက်မဏ္ဍပ်၊ ဆုပေးမဏ္ဍပ်၊ ရေပက်ခံအဖွဲ့၊ အလှပြအဖွဲ့၊ သံချပ် အဖွဲ့တို့နှင့် စည်ကားကြသည်။ ဝါဆိုလမြတ်မှာတော့ လူငယ်တို့ ဝါဆိုပန်းခူးထွက်ကြသည်။ဝါဆိုပန်း ခူးထွက်ကြသည်ကို ဆိုရမှာလည်း ဝေးဝေးလံလံသွားရန်မလို၊ ကြို့ ကုန်း၊ အင်းစိန်လောက်သွားလျှင် ဝါဆိုပန်းတွေ ခူးလို့ရပြီ။

ဝါတွင်းကာလမှာ မိုးရွာသော အခါ မိန်းကလေးများက အိမ်မှာ ကုပ်၍ စာအုပ်တစ်အုပ်နှင့် နေသူရှိ သလို ဥပုသ်ဆွမ်းလှူဒါန်းရန် ရပ်ကွက်အလိုက် အစုအဖွဲ့နှင့် ဆွမ်းချက်အသင်းများ ရှိသည်။ မြို့နေလူဦးရေကလည်း နည်းသည့် အလျောက် စာသင်ကျောင်းကြီးတွေ မှာ အားကစားကွင်းများရှိသည်။ စစ်ကြီးပြီးစကာလမှာ ပညာရေးတွေ ပျက်ခဲ့သမျှ အရှိန်ယူနိုင်ဖို့ အလွတ် ပညာသင်ကျောင်းတွေ ပေါ်လာ သည်။ အသက်ကြီးသလောက် အတန်းမရကြသော ကျောင်းသား ကြီးတို့ တစ်နှစ်တည်းနှင့် အတန်း နှစ်တန်း စာသင်နိုင်သည်။ နာမည် ကြီးကျောင်းတွေမှာ ကျောင်းအပ်သူ တွေ နေရာမဆံ့ရှိရသည်။

ထိုအလွတ်ပညာသင်ကျောင်း တွေမှာ အားကစားကွင်းတွေ မရှိ။ အားကစားကွင်းမရှိသော ကျောင်း သားအများစုက သိမ်ဖြူကွင်းသို့ ဦးတည်ကြသည်။ သိမ်ဖြူကွင်းမှာ ဘောလုံးကွင်း ခြောက်ကွင်း ရှိသည်။

ဆယ့်နှစ်လရာသီပတ်လုံး ဘာသာရေးပွဲတော်များ မပြတ်ရှိ သော မြန်မာနိုင်ငံသူ နိုင်ငံသားများ အပန်းဖြေစရာ အားကစား၊ စာပေ တို့အပြင် တူညီသော လမ်းကြောင်း လည်း ရှိသေးသည်။

'မြန်မာ့အသံ' ဟူသော ဖျော် ဖြေရေးဌာနကို ကြီးကြီးငယ်ငယ် အရွယ်မရွေး အားပြုကြသည်။ မြန်မာ့ရိုးရာ တေးဂီတများကို ပညာရှင်ကြီးများက ရိုးရာမပျက် တင်ဆက်သလို စစ်ကြိုခေတ်က ထင်ရှားသော တေးသွားများက လည်း လူကြီးများကို စိတ်ဝင်စား စေသည်။ လူရွယ်လူလတ်လူငယ် များအကြိုက် ကာလပေါ်တေးဂီတ တို့ တဖြည်းဖြည်း အရှိန်ရသထက် ရလာကြသည်။

ထိုခေတ်ထိုအခါက လူငယ်ထု အသည်းစွဲ ရေဒီယိုအဆိုတော်တွေ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာကြသည်။ ကျော်လာကြ သည်။

စစ်ကြိုခေတ်က တေးများကို ခေတ်ဟောင်းတေးဟု ခေါ်သည်။ ဦးတင်မောင်၊ ဒေါ်မေရှင်၊ ဦးပြည် လှဖေ၊ ဦးခင်မောင်ရင်၊ ဘိလပ် မြန်သန်းစသူတို့ ဓာတ်ပြားတွေကို

"ကိုလေးအကြိုက်ဆုံး
သီချင်းက ဘာလဲ"
ဟုမေးလိုက်သော
လေသံနှုတ်ဖျားတွင်
ရှိဆဲမှာပင် မောင်မျိုးခိုင်က
ဖြေလိုက်သည်။
"ကိုလေးရဲ့ညိုထွေး"
ဟူ၍ သည်အခါမှာ
ထွေးငယ်က ချစ်စရာ့
မျက်စောင်းလေးတစ်ချက်
ထိုးလိုက်သည်။



အိမ်တိုင်းလို ဝယ်ကြသည်။ ဓာတ် စက်နှင့် ဖွင့်ကြသည်။ လိုက်ဆိုကြ သည်။ ယခုလို ကာရာအိုကေတွေ မပေါ်သေး။ စတီဗီယိုတေးတွေ မပေါ်သေး။

စစ်ပြီးခေတ် ကာလပေါ်တေး သံရှင်များ ထိုအချိန်က ပိုမိုကျော် ကြားသည်။ ကိုမြကြီးတို့၊ မေလှမြိုင် တို့က အစောဆုံးထင်သည်။ ကိုမင်း နောင်၊ ကိုမောင်မောင်ကြီးတို့က တစ်နှစ်လောက် နောက်ကျသည်။ အဆိုကျော် ကိုအုံးကြီးပင်လျှင် ကိုမင်းနောင်တို့ထက် တစ်နှစ် လောက် နောက်ကျသည်ဟု အဆိုရှိ သည်။ မေလှမြိုင်တို့ ဒဂုန်ခင်တို့ သီချင်းလွှင့်ချိန်မှာ အိမ်တိုင်းလိုလို အကျယ်ကြီးဖွင့်ကြသည်။

အင်တာနက်လည်းမရှိ၊ Facebook လည်း မရှိ ရုပ်သံလည်း မရှိသောခေတ်မှာ ကိုမျိုးခိုင် လူပျို ပေါက်စဖြစ်ခဲ့ရသည်။ တစ်တောင် လောက်ရှိသော ရေဒီယိုတစ်လုံးပိုင် ဖို့အရေး အဖေတို့၊ အမေတို့ ဘယ်နှလ ငွေစုခဲ့ရမှန်း မသိပါခဲ့။ ပုံမှန်အားဖြင့် ညနေခြောက်နာရီခွဲ လောက်မှ ရေဒီယိုအစီအစဉ် စသည်။ ညရှစ်နာရီလေးဆယ့် ငါးမိနစ်တွင် မြန်မာ့အသံရပ်၍ အင်္ဂလိပ်ဘာသာ အသံလွှင့်သည်။ ဆယ်တန်းအောင်သည့်နှစ်အထိ ညရှစ်နာရီ လေးဆယ့်ငါးမိနစ်အထိ ရေဒီယိုနားထောင်သည်။ မြန်မာ ဘာသာအစီအစဉ်ပြီးမှ မောင်မျိုးခိုင် စာကျက်သည်မှာ နေ့စဉ်သာ ဖြစ်ပါ ၏။

အပျော်တမ်းတူရိယာအဖွဲ့တွေ ကလည်း ပေါသည်။

မောင်မျိုးခိုင်တို့၊ ထွေးငယ်တို့ နေထိုင်ရာ ရန်ကုန်အရှေ့ပိုင်းမှာ လည်း အနုပညာရှင်တွေ ပေါသည်။ ပုဇွန်တောင် ဈေးအနီးမှာ ဂီတပညာ ရှင်ကြီး ဒေါ်စောမြအေးကြည်နေ သည်။ ဆိုင်းဆရာကြီး ဦးဘမောင် နေခဲ့သည်။ ဒဂုန်ခင် နေခဲ့သည်။ မြန်မာ့အသံမှ ရွှေမောင်းသံ အစီ အစဉ်ကြေညာသူ ဦးသန်းရှိသည်။ ဦးသန်းကြီး၏ သားသမီးများ အဆို တော် အဆိုကျော်ဖြစ်ကြသည်။ ဂီတပညာရှင်များ ဖြစ်ကြသည်။ အဆိုတော်အပါကြီး၊ အဆိုကျော် တင်တင်မြ၊ တင်တင်အောင်၊ ဘိုကြီး တို့ တစ်ဆင့်ပြီးတစ်ဆင့် နေရာယူ လာကြသည်။ အရှေ့ပိုင်းတူရိယာ အဖွဲ့ဟူ၍ နာမည်ကြီးသောအဖွဲ့ကို ဆရာကြီးဂျူဗလီစိန်၊ အရှေ့ပိုင်းတင်၊ ဒုံမင်းလှိုင်တင်တို့ ဦးဆောင်သည်။ ဒုံမင်းလှိုင်တင်ရေးစပ်၍ တေးသံရှင် ခင်စန်းကြည်သီဆိုသော 'သီရိ ဂေဟာ' သီချင်းကို ရေဒီယိုမှ ရက်ခြားလို နံနက်ပိုင်းအစီအစဉ်မှာ လွှင့်သည်။ အိမ်တိုင်းလိုလို ဖွင့်ကြ သည်။ သည်ဘက်အိမ်က ဖွင့်သည် ကို ဟိုဘက်အိမ်က ကြားရသည် အထိ ဖွင့်ကြလွှင့်ကြသည်။

"အာရုံငယ်ကျင်းလို့ လင်း ကြက်တွေလည်း တွန်မြူးတဲ့ အခါ × × × ဗုဒ္ဓဘာသာဝီသစွာ × × × ဆွမ်းလည်း ချက်ခါ လှူဒါန်းလို့သော အမျှတွေ ဝေတော့မှာ × × ×"

ဟူသော တေးစာသားကို ချိုအေးကြည်သာသော ခင်စန်း ကြည်၏ အသံသာလေးနှင့် လိုက် ဖက်အောင် တေးပြုစာဆို ဒုံမင်း လှိုင်တင်က ရေးစပ်ထားသည်။ အိမ် တိုင်းက မင်္ဂလာယူ၍ ဖွင့်ကြရပေ တော့သည်။

လူပျိုလူရွယ်တို့ အသည်းဒဏ် ရာ ခံစားကြရသော အသိုင်းအဝိုင်း မှာတော့ ကိုမင်းနောင် သီဆိုသည့် 'ဝေးပြီ ခင်ရေ' သီချင်းနှင့် ကိုကြည် ထွေးသီဆိုသည့် 'ပြုံးမျက်ရည်' သီချင်းတို့က ရေပန်းအစားဆုံး ဖြစ်ခဲ့ပါသည်။

'ရွှေဖူးစာ အဆင်းမလှလို့ ရှင်းပါရစေ မေရေ × × × ဘဝရဲ့ အဆင်မပြေပုံဟာ မောင့်အပေါ် ညှင်းကာသာနေ × × ×' ဟူသော အစမှာ ကိုမင်းနောင်၏အသံက ကွဲအက်သံပါနေသည်။ အသံက ကွဲသည် မဟုတ်၊ အသည်းက ကွဲသည့်အသံဟု အချစ်နာကျသူတို့ ခံစားကြရသည်။

ကိုကြည်ထွေးသီဆိုသော ပြုံးမျက်ရည်မှာတော့ "ရွှေဘဝင် ကွဲမတတ် ချစ်သည်းတွေလည်း တဖျပ်ဖျပ်တုန်နေ × × × " ဟူသော စာသားနှင့်အတူ ဂီတသံတို့ ဆွဲခေါ် သွားမှုကြောင့် မောင်မျိုးခိုင်၏

သူငယ်ချင်းအဆွေးသမား တစ်ယောက် မျက်ရည်ပေါက်ပေါက် ကျခဲ့ရသည်ကို ဦးမျိုးခိုင်ဖြစ်လာသည်အထိ မေ့မရနိုင်သေး။

မေလှမြိုင်သီဆိုသော ‘တိမ်ညိုနဲ့လခြမ်း’ ‘ရွှံ့လိုက်တာလား စန္ဒာရယ်’ စသည့် သီချင်းတွေကတော့ အသက်အရွယ်မရွေး နှစ်သက်သောတေးများ ဖြစ်ခဲ့သည်။

ဝါလကင်းလွတ် သီတင်းကျွတ်အမီ ပန်းဆိုးတန်းဝင်းဝင်းရုံမှာ ကပြသော ဝါကျွတ်ပေါ့ သက်ဝေရယ် ပြဇာတ်သီချင်းက ယခုခေတ် အော်ဂတ်စတာ တီးဝိုင်းကြီးလို မြိုင်ဆိုင်လှသည်။ ‘ဝါကျွတ်ပေါ့ သက်ဝေရယ် × × × ဟူသော အစမှာ ဂီတလုလင်မောင်ကိုကိုက အသံက တီးလုံးနှင့်အညီ ‘တင်ပို’ တက်သွားသည်။ အမြင့်သံစဉ်ကို လိုက်၍ လိုက်၍ တက်သွားသည်။

သည်လိုတေးဂီတရသစုံတွေ အရှိန်သြဇာကြီးထွားနေချိန်မှာ မောင်မျိုးခိုင်ကို ထွေးငယ်က မေးသည်။

“ကိုလေးအကြိုက်ဆုံး သီချင်းက ဘာလဲ” ဟုမေးလိုက်သော လေသံနှုတ်ဖျားတွင် ရှိဆဲမှာပင် မောင်မျိုးခိုင်က ဖြေလိုက်သည်။ “ကိုလေးရဲ့ ညို့ထွေး” ဟူ၍ သည်အခါမှာ ထွေးငယ်က ချစ်စရာမျက်စောင်းလေးတစ်ချက် ထိုးလိုက်သည်။

မောင်မျိုးခိုင်ကလည်း အလှည့်ယူပြီး “ထွေးငယ်အကြိုက် သီချင်းကရော ဘာလဲ” ဟု မေးလိုက်သည်နှင့် ထွေးငယ်က မတုံ့မဆိုင်း ဖြေလိုက်ပြန်သည်။ “ဘာရမလဲ သာဝရာ၊ သီချင်းကို သိပ်ကြိုက်တာပဲ၊ မမရီလေးက အသံလည်း ကောင်းတယ်၊ ကြည်ကြည်အေးအေးလေးရယ်၊ နားထဲကို စွဲနေတာပဲ”

တေးသံရှင်ရီလေးက ကိုမင်းနောင်အတွက် ဆိုထားသောသီချင်းမို့ ရေဒီယိုတေးနှင့် နီးစပ်သူတို့အကြိုက် ဖြစ်နေပါသည်။

“အသစ်ကို တွေ့ မေ့ကာနေမှာ × × × အချစ်ကိုလည်း ရှေ့တွင်သာ ချွဲကာပဲ နွဲ့ပလီနေတာ × × × ဘာရမလဲ သာဝရာ × × × မောင့်လောက်များတော့ မေကလည်းပဲ ပါးပါသေးတယ်ကွာ × × ×”

ဟူသော အသံပြိုင်အပိုဒ်မှာ အဆိုတော်ရီလေးက အောင်နိုင်သူကြီးပုံဟန်နှင့် ရယ်သံလေးနှောထားသည်ကို ပရိသတ်သိပ်ကြိုက်ကြသည်။

“အိမ်ပြန်လာရင် တစ်ခါ အမျိုးမျိုးသာညာလို့ အပြောရခက်အောင် စောဒကတက်သေးတာ × × အူကြောင်ကြောင် မလုပ်နဲ့ဆရာ × × × နားရွက်ကို ဆွဲလို့သာ ထိုင်ချည်ထချည် × × × အပြန်အလှန်မနေး × × × ဒဏ်ပေးမယ်ကွာ × × × ”

ဟူသော တေးပိုဒ်အရောက်မှာ တေးသံရှင်ရီလေးက ခြိမ်းခြောက်သံတစ်ဝက် ရောနေကြောင်း သောတရှင်တို့ သတိပြုမိကြသောသီချင်းဖြစ်ပါသည်။

မိုးတွင်းကာလမှာ ရေဒီယိုနှင့် စာအုပ်နှင့်နေကြရသော ရန်ကုန်သူရန်ကုန်သားတို့ သီတင်းကျွတ်မီးထွန်းပွဲမှာ ရဲရဲမပျော်နိုင်သေး၊ တစ်ညမဟုတ် တစ်ည မိုးဖျက်တတ်သေးသည်။

မုတ်သုန်တို့ သေသေချာချာကုန်သော တန်ဆောင်မုန်းလမီးပွဲကတော့ ရန်ကုန်မြို့မှာ အစည်ကားဆုံး ဖြစ်သည်။ ရန်ကုန်အရှေ့ပိုင်း ရေကျော်မီးထွန်းပွဲ၊ စမ်းချောင်း ရပ်ကွက်မီးထွန်းပွဲတို့ကြီးကျယ်သလို အနောက်ပိုင်းမှာတော့ ဆရာကြီး ဦးဗဂျမ်းကာတွန်းရုပ်စုံနှင့် မီးထွန်းပွဲက ကြိတ်ကြိတ်တိုး စည်ကားလှသည်။

ထွေးငယ်နှင့် လေးငယ်တို့ ညီအစ်မနှစ်ယောက် မိခင်ကြီးနှင့်အတူ မောင်မျိုးခိုင်တို့အိမ်မှာ ရောက်နေကြသော တန်ဆောင်မုန်းလပြည့်ညမှာ သူငယ်ချင်းကိုကျော်ခိုင်က ဖောက်စ်ဟောလ်ကားလေးနှင့် ရောက်လာသည်။ ၁၉၅၀ ပြည့်လွန်နှစ်များဆီက ထိုကားမျိုးစီးနိုင်သူသည် သူဌေးစာရင်းဝင် ဖြစ်ပါ၏။

ကိုကျော်ခိုင်၏ ကားနှင့်ဘုရားသွားချင်သည်ဟု အငယ်မလေးငယ်က ပူဆာသောကြောင့် မောင်မျိုးခိုင်တို့ အကြိုက်ဖြစ်ရပေတော့သည်။ ရေကျော်လမ်းမတစ်လျှောက် ကားကို ဖြည်းဖြည်းမောင်းရင်း ကားရပ်ပြီး လမ်းလျှောက်၍ မီးပွဲကြည့်ကြသည်။

ထိုနှစ်က တန်ဆောင်တိုင်ပွဲတော်မှာ ခေတ်အစားဆုံးက အဆိုကျော်ကိုမြကြီးသီဆိုထားသော တန်းဆောင်တိုင် ကထိန်ပွဲ အထူးပြုတေးဖြစ်သည်။

သံပြိုင်တွေးပိုဒ်က သိပ်ကို ပြိုင်ဆိုင်သည်။

“မြိုင်မြိုင်ဆိုင်ဆိုင် × × × မြိုင်မြိုင်ဆိုင်ဆိုင် × × × လတန်းဆောင်တိုင် × × × ကထိန်ပွဲခင်းပါတဲ့ လတန်းဆောင်တိုင် × × × (အထူး . . . မြူး. . . )၂ ချစ်သက်လျာ ကေသီညာခိုင် × × × တစ်နှစ်ထက်တစ်နှစ်မို့ ခင့်ကိုသာပဲ × × × ချစ်ဇောတွေမှာ လှိုင် × × ×”

ဟူသော သံပြိုင်အပိုဒ်က ကိုမြကြီးက အသံနှင့် လိုက်ဖက်စွာ ဟိန်းထွက်လာတော့သည်။

“သီတင်းကျွတ်ပွဲတော်ကြီးပြီးတော့ × × × တန်ဆောင်မုန်း တန်ဆောင်တိုင် × × ဆီမီးကမြိုင် × × ×” ဟူသော တေးသားကျတော့ အသံအေးလေး ပြည့်လျော့သွားသည်။ နားဆင်ရသူတို့ရင်မှာ ပင်လယ်ပြင်လှိုင်းလုံးထိပ် ရောက်ခဲ့ပြီးမှ လျောကျသလို ငြိမ့်ခနဲ ခံစားလိုက်ရပေတော့သည်။

ရွှေတိဂုံမြတ်စေတီသို့ ရောက်သည်အထိ တစ်လမ်းလုံး သီချင်းသံကို မပြတ်ကြားကြရသည်။ ဘုရားကုန်းပေါ်သို့ တက်သည်။ တစ်ဆယ့်နှစ်လမှာ တစ်ညတာ အပြည့်ဆုံး လမင်းကြီးကို မော့၍ မော့၍ ကြည့်လိုက် ထွေးငယ်မျက်နှာ ပြည့်ပြည့်ဝိုင်းဝိုင်းလေးကို ငုံ့၍ ငုံ့၍ ကြည့်လိုက်သည်နှင့် မောင်မျိုးခိုင်၏ ဘဝမှာ အလှပဆုံးညတစ်ည ဖြစ်ခဲ့ရပါတော့သည်။

ကြာတော့လည်း ကြာပါပြီ။ နှစ်ပေါင်းခြောက်ဆယ် ရှိခဲ့ပြီ။

လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်မှစ၍ နေ့ကြီးရက်ကြီးများတွင် ရွှေတိဂုံစေတီသို့ ရောက်ခဲ့သလို ယခုလည်း ရောက်ခဲ့ပြန်ပြီ။

တစ်ချိန်က မောင်မျိုးခိုင်သည် ယခုတော့ ဦးမျိုးခိုင်ဖြစ်နေပြီ။ ငယ်စဉ်က ဆံပင်ခွေအလိပ်လိပ်လေးက နဖူးပေါ် ဝေ့ဝဲကျနေသည်ကို

ထွေးငယ် မျက်စိထဲ ကြည့်မဝနိုင်ခဲ့။ ယခုတော့လည်း နဖူးတစ်ဝက်မက ပြောင်နေပြီ၊ နားထင်နှစ်ဖက်မှ ဆံပင်တွေလည်း နက်မှောင်ခြင်း မရှိကြတော့ပြီ။ Graying at the temple နားထင်နှစ်ဖက်မှ ဆံပင်ဖြူခြင်းသည် အမေရိကန်ဇာတ်လိုက် ရောဘတ်မစ်ချမ်အလှနှင့် တူသည်ဟု ဒေါ်ထွေးငယ်က တွေးသည်။ ဦးမျိုးခိုင်ကို အားပေးသည်။ ဒေါ်ထွေးငယ်တစ်ယောက်လုံး အနားမှ အားပေးနေသမျှ ဦးမျိုးခိုင်တစ်ယောက် ဆံပင်ဆိုးစရာမလို ဆံပင်အတု တပ်စရာမလို။

ဒေါ်ထွေးငယ်သည်လည်း နှစ်ပေါင်းခြောက်ဆယ်မှာ သိသာစွာ ပြောင်းလဲလာသည်။ လင်းလက်ရွှန်းပသော မျက်ဝန်းအစုံကို ကော်ကိုင်းမျက်မှန်က နှောင့်ယှက်လာသည်။ တစ်ခု ကုသိုလ်ကောင်းသည် ဆိုရမည်လား မသိ၊ အခြားသက်ကြီးရွယ်အိုတွေလို ပါးချောင် နားချောင်တွေ မကျ။ ငယ်စဉ်က ဝိုင်းသော မျက်နှာလေးမှာ ပါးက ပိုဖောင်းလာသည်။ ဆံပင်တွေကတော့ ဖြူလာသည်။ ဦးမျိုးခိုင်က သူ့ခေါင်းက ဆံပင်ကိုတော့ ဆေးမဆိုး။ ဒေါ်ထွေးငယ်၏ ဦးကင်းဆံစမှာ အဖြူလေးပေါ်လာသည်ကို ပင်မကြိုက်။ နှစ်ပတ်မှာ တစ်ခါ ဆေးဆိုးခိုင်းတတ်သည်။

ကုသိုလ်ဟု ဆိုရမည်လား မသိ၊ ဒေါ်ထွေးငယ်သည် အသက်ခုနစ်ဆယ်မှ အတော်ပင်ကျော်လာသော်လည်း ဝမ်းက မစူ၊ ဗိုက်က မပူ၊ ပါးပါးလျလျလေးနှင့် ကိုယ်အလေးချိန် ပေါင်တစ်ရာတစ်ဆယ်ကျော်ရုံမျှသာ ရှိသည်။ ယနေ့ခေတ်ကတော်ကြီးတွေလို ဝဝဖိုင့်ဖိုင့် စိန်နားကပ်ကြီး တစ်ဝင်းဝင်း၊ လည်ပင်းက အစ်အစ်မဟုတ်။

တကယ်တော့ ဆီးချိုရောဂါရှိနေသည်မှာ နှစ်ပေါင်းအစိတ်ကျော်ပြီ။ ဆေးမှန်သည်၊ အစားကိုချိုးခြံသည်။ လမ်းမှန်မှန်လျှောက်သည်။ ဤသုံးမျိုး၏အကျိုးက သိသာလှပေသည်။

တစ်ခုတော့ ရှိသည်။ လူက ဘယ်လိုပင် ကြိုးစားကြိုးစား လောကဓံတရားကိုတော့ အံတုလို့



မရ။ ခြေချောင်းလေးတွေက ထုံချင်သည်။ လမ်းလျှောက်လျှင် ကိုယ့်ခြေကို ကိုယ်မနိုင်၊ ယိုင်ချင်သည်။ ချော်လဲချင်သည်။ ရွှေတိဂုံကုန်းတော်ပေါ်သို့ ဓာတ်လှေကားနှင့် တက်သည်။ အင်္ဂါထောင့်မှာ ဘုရားဝတ်ပြုသည်။ ရင်ပြင်တော်ကို သုံးပတ်ပတ်ချိန်မှာ ခြေမချော်အောင် ဦးမျိုးခိုင်က ဂရုစိုက်နေရသည်။ ရင်ပြင်တော် ကြွေပြားအကောင်းစားတွေက အသက်ကြီးသူတို့ ခြေချော်ချင်စရာ ဖြစ်သည်။ ပြေးလာသော ကလေးများ၊ ရယ်ရင်းမောရင်း အကြည်ဆိုက်လာသော အတွဲလေးများနှင့် တိုက်မိမှာ တိုးမိမှာကို ဦးမျိုးခိုင်က ပူနေရသည်။

ရင်ပြင်တော်ကို သုံးပတ်ပတ်၍ ဘုရားကြည်ညိုပြီးမှ အဆင်းမှာ ဒေါ်ထွေးငယ်က ငယ်ဘဝ သတိရသည်။ အင်္ဂါထောင့်မှ ဓာတ်လှေကားနှင့် မဆင်းလို၊ တောင်ဘက်စောင်းတန်းမှ ခြေလျင်ဆင်းမည်ဟု ဆိုသည်။ ဦးမျိုးခိုင်က တားသေးသည် မရ။

"စောင်းတန်းအဆင်းပဲ မမောပါဘူး၊ ငယ်ငယ်က ဓာတ်လှေကားမရှိဘဲ ဒီတိုင်းတက် ဒီတိုင်းဆင်းကြတာ မမှတ်မိဘူးလား" ဟု မေးရင်း မျက်စောင်းလေး ချီလိုက်သေးသည်။

တကယ်တော့ ဘုရားရင်ပြင်တော်မှာ လျှောက်နေစဉ်ကလည်း အသက်ကြီးသူတို့ပီပီ ဖြည်းဖြည်းလျှောက်ရသည်။ ခပ်သွက်သွက်လျှောက်သော လူငယ်အတွဲလေးတွေ လက်ချင်းချိတ်တွဲလျက် ပခုံးချင်း တိုက်ကြ၊ တစ်တောင်တွန်းကြသော အတွဲလေးတွေ မျိုးစုံကို သတိထားရှောင်နေရင်းက ဦးမျိုးခိုင်က သူ့ထွေးငယ်ကို စိတ်ပူလာခဲ့ရသည်သာ ဖြစ်ပါ၏။

သို့သော်လည်း စောင်းတန်းက ဆင်းမည်ဆိုတော့လည်း ဆင်းပေါ့၊ တစ်သက်လုံး အသေးအဖွဲ့ကအစ အလိုလိုက်ရသည့် ငယ်တွဲပေကိုး။

စောင်းတန်းအဆင်းမှာ ပိုဆိုးသည်။ လက်ချင်းချိတ်တွဲလျက် ပြေးဆင်းကြသော ဆယ်ကျော်သက်အရွယ်လေးတွေကို အထူးသတိထားနေရသည်။

လှေကားထစ်ပေါင်း မည်မျှရှိပြီကို သတိထားဆင်းရင်း အပြေးဆင်းကာ ကျော်သွားကြသော ဆယ်ကျော်သက်အရွယ်တို့ တိုးတိုက်မှုမှလွတ်ကာ တောင်ဘက်စောင်းတန်းယာဉ်ရပ်နားရာ ထွက်ပေါက်ရောက်တော့မှ ဦးမျိုးခိုင် စိတ်အေးရပြီ။

ထိုအချိန်မှာ နောက်မှ ပြေးဆင်းလာသော အတွဲလေးက "ဘေးကို ဘေးကို" ဟု အော်သည်။ ဦးမျိုးခိုင်ကလည်း ဒေါ်ထွေးငယ် လက်ကိုဆွဲရင်း တံ့ခနဲ ရပ်လိုက်ရသည်။ အရှိန်လွန်ကာ သူ့ရင်ခွင်ထဲ ရောက်လာသည်။

ပြေးဆင်းလာသော အတွဲလေးက သူတို့ကို ကျော်လျက်ဆင်းရင်း "အဘ လက်ကို သေချာဆွဲထားနော်" ဟု အော်လိုက်သောအသံနှင့် ရယ်မောသံလေးများ လက်ဆောင်ပေးသွားပါလေတော့သည်။

"တို့လည်း ရင်ခွင်ထဲ ဝင်မယ်နော်" ဟု ကောင်မလေးက ကောင်လေးကိုပြောသွားသံလည်း ကြားရသည်။

ယာဉ်ရပ်နားရာနေရာမှ အသင့်စောင့်နေသော လက်စွဲတော် ယာဉ်မောင်း မောင်ထွန်းရွှေဖွင့်ပေးသော တံခါးမှ ကားထဲ ဝင်ထိုင်လိုက်သော ခဏမှာ မလှမ်းမကမ်းရှိ ထီရောင်းသော လှည်းမှ တေးသံသာလေး လွင့်လာပေတော့သည်။

"မြိုင်မြိုင်ဆိုင်ဆိုင် × × × မြိုင်မြိုင်ဆိုင်ဆိုင် × × × လတန်းဆောင်တိုင် × × × ကထိန်ပွဲခင်းပါတဲ့ လတန်းဆောင်တိုင် × × × အထူး . . . မြူး × × × အထူး × × × မြူး မြူး × × ×ချစ်သက်လျာ ကေသီညာခိုင် × × × တစ်နှစ်ထက် တစ်နှစ်မို့ ခင့်ကိုသာပဲ × × × ချစ်ဇာတွေမှာ လှိုင်× × × " မြိုင်မြိုင်ဆိုင်ဆိုင် × × × မြိုင်မြိုင်ဆိုင်ဆိုင် × × × လတန်းဆောင်တိုင် × × × "

ကားဘီးလှိမ့်ထွက်လာသော အခါ တေးသံက ဝေး၍ ဝေး၍ ကျန်ခဲ့သည်။ တိုး၍ တိုး၍ တိမ်သွားသည်။

တန်ဆောင်မုန်းလပြည့်က ရွှန်းပလျက် ရှိသည်။

ရွှေတိဂုံစေတီတော်ကြီးက ကြည်ညိုဖွယ် သပ္ပာယ်လှပါပေသည်။

သည်ညတန်ဆောင်တိုင်ပွဲတော် ညပါပေတကား။

**မောင်ဆွေသက်**



# HOROSCOPE

DR. MYAT THIT (MANDALAY)




**ကုမ်ရာသီဖွား (Aquarius) ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်**

သင့်အတွက် အလုပ်အကိုင် သင့်တင့်တိုးတက်မှု ရှိလာပေလိမ့်မည်။ အတင်းအဖျင်းပြောခံရမှုမှ မလွတ်ကင်းနိုင်သေးပေ။ အရည်အချင်းရှိ တပည့်ကောင်းတို့ မတည်မြဲတတ်ပေ။ ပညာရေး - ဘွဲ့လွန်၊ သင်တန်းတက်ခြင်းစသည်တို့ များစွာပင် ကောင်းမွန်ပေသည်။ လက်မှုပစ္စည်းအကျိုးပေးစေ လိမ့်မည်။ ချေးငှားရသော အလုပ်တို့ တတ်နိုင်သမျှ ရှောင်ရှားသင့်ပေသည်။ မိခင်ရောဂါ များမည်။ အချစ်ရေး ကောင်းမွန်ပြီး လှပသော ပစ္စည်းကောင်း အမှတ်တရ ရတတ်သည်။ အိမ်ထောင်ရေး ထင်သလို မချောမွေ့တတ်ပေ။ ညံ့ပေသည်။
**ယတြာ။ ။ စာအုပ် ကုသိုလ်ပြုပါ။**




**မိန်ရာသီဖွား (Pisces) ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

သင့်အတွက် ငွေအခက်အခဲများကို ပိုမိုရင်ဆိုင် ကြုံတွေ့ရတတ်ပေသည်။ လုပ်ငန်းတွင်း ရင်းနှီးမြုပ်နှံမှု အထူးပင် များပြားစေတတ်ပေသည်။ ခြံ၊ မြေ၊ ယာကိစ္စ စိတ်မောရလိမ့်မည်။ အမှုအခင်းအထိ ရင်ဆိုင်ရတတ်ပေသည်။ တရားအမိဋ္ဌာန် ရိပ်သာဝင်သော စီစဉ်အဆင်ပြေရန် ရှိပေသည်။ အမျိုးသမီး အသုံးအဆောင် ရောင်းဝယ်မှုတို့ အကျိုးရှိပါလိမ့်မည်။ ပညာရေး - ထူးချွန် စွာဖြေဆိုနိုင်မည်။ အချစ်ရေး - ချောမွေ့မည်။ အိမ်ထောင်ရေးသာယာမှု နည်းလိမ့်မည်။
**ယတြာ။ ။ လက်နှိပ်ဓာတ်မီးလှူပါ။**

**မိဿရာသီဖွား (Aries) မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်**




သင့်အတွက် ညီအစ်ကိုမောင်နှမများအတွက် စိုးရိမ်ပူပန်ရတတ်သည်။ လူအများနှင့် ဆက်ဆံရာ၌ စိတ်ဝမ်းကွဲစရာ ရင်ဆိုင်ရလိမ့်မည်။ လုပ်ငန်းတွင်း စိတ်အနှောင့်အယှက်ကို ရင်ဆိုင်ကြုံတွေ့လာရတတ်ပေသည်။ ကိုယ်တိုင် စိတ်လေလွင့်မည်။ ရက်စက်ကြမ်းကြုတ်သော ကိစ္စတို့ရင်ဆိုင် ရလိမ့်မည်။ ပညာရေး စိတ်ထားမှန်ဖြင့် ကြိုးစားဖြေဆိုသင့်ပေသည်။ အချစ်ရေး - အဆင်ပြေမည်။ အိမ်ထောင်ရေး ဒုက္ခများစေတတ်သည်။ ကား၊ ဆိုင်ကယ်စီး သတိပြုပါ။
**ယတြာ။ ။ ထောပတ်သီး လှူပါ။**

**ပြိဿရာသီဖွား (Taurus) ဧပြီ (၂၁) ရက်မှ မေ (၂၁) ရက်**



သင့်အတွက် ပေါင်းသင်းဆက်ဆံရေး ညှံ့ဖျင်းစေမည်။ စကားပြောဆိုမှု မှားယွင်းစေတတ်သည်။ အတိုက်အခိုက် အထူးပင်များစေလိမ့်မည်။ ပညာရေးကြိုးစားမှု အားနည်းတတ်သည်။ အသုံးစရိတ် အထူးများစေကာ အကြွေးတင်တတ်သည်။ လုပ်ငန်းပိုင်း ဝေဖန်ပြောဆိုမှုတို့ ခံရတတ်ပေသည်။ မျက်နှာအလှပျက်တတ်သလို အနာပေါက်တတ်ပေသည်။ အရက်၊ သေရည် ရှောင်သင့်ပေသည်။ အချစ်ရေး ချောမွေ့အဆင်ပြေစေပါသည်။ ဆုံတွေ့ ပျော်ရွှင်မှု ရရှိတတ်ပေသည်။ အိမ်ထောင်ရေး လမ်းခွဲရတတ်ပေသည်။ ခိုက်မိတတ်၍ ကားစီးသတိပြုပါ။ သွေးထွက်သံယိုမြင်သည်။
**ယတြာ။ ။ လိမ္မော်သီး လှူပါ။**

**မေထုန်ရာသီဖွား (Gemini) မေ (၂၂) ရက်မှ ဇွန် (၂၁) ရက်**



သင့်အတွက် ဂုဏ်ရှိသော ပျော်ရွှင်ဖွယ်ရာများ လုပ်ဆောင်ရသော်လည်း အနီးနေသူတို့မှ စည်းမဲ့ကမ်းမဲ့များ အပျော်ကျူးတတ်သည်။ မှုမမှန်သော စိတ်ဓာတ်တို့ ပေါ်စေတတ်သည်။ အမိဌာန်ဝင်သူတို့အတွက် များစွာပင် အဆင်ပြေစေသော အချိန်တစ်ခုပင် ဖြစ်ပေသည်။ ပညာရေးဉာဏ်ကောင်းခြင်းကို ဇွဲ ဝီရိယ အားကိုးကြိုးစားသင့်ပေသည်။ ထူးချွန်နိုင်ပေလိမ့်မည်။ အချစ်ရေး ရှုပ်ထွေးပွေလီခြင်း ရှိစေတတ်ပေသည်။ သားသမီးအတွက် စိတ်မောရတတ်ပေသည်။ အိမ်ထောင်ရေး အဆင်ပြေပါမည်။
**ယတြာ။ ။ တံခွန်၊ ကုက္ကားလှူပါ။**

**ကရကဋ်ရာသီဖွား (Cancer) ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**



သင့်အတွက် ရောင်းဝယ်အခြေအနေကောင်းမွန် အောင်မြင်အဆင်ပြေ စေတတ်ပေသည်။ ကောင်းကျိုးရသော်လည်း လက်ထဲငွေမစုမိတတ်ပေ။ ရရကုန်ကုန် အချိန်ကုန်စေတတ်ပါသည်။ မလိုမုန်းထား ခံရတတ်သည်။ ရန်ကို ရန်ချင်း မတုံ့ပြန်သင့်ပါ။ မျက်လုံးပိုင်း ဒုက္ခပေးလာတတ်သည်။ ပညာရေး ကောင်းမွန်တိုးတက်စေမည်။ အချစ်ရေး ချောမွေ့မှုမရှိ မုန်းတီး ရန်လုပ်ခြင်း ခံရတတ်ပေသည်။ ပတ်ဝန်းကျင် မီးဘေးသတိပြုပါ။ မြေ ပြဿနာ ရှောင်ပေးပါ။
**ယတြာ။ ။ ဇီးယို လှူပါ။**

**သိဟ်ရာသီဖွား (Leo) ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**




သင့်အတွက် များစွာ ရှန်းကန်ကြိုးပန်းရတတ်သည်။ အချောင်သက် သာခို၍ မရနိုင်တတ်ပေ။ ယာဉ်သစ်ဝင်မည်။ လူမျိုးခြား အကျိုးပြုစေမည်။ ပညာရေး အရည်အသွေးတောက်ပြောင်မှု ရှိလာစေတတ်သည်။ ခရီးသွားလာမှု အကျိုးပေးစေမည်။ အကြံအစည်အောင်မြင်ပေမည်။ သယ်ယူပို့ဆောင်ရေး အကျိုးပြုစေမည်။ ယာဉ်အပြောင်းအလဲ ဖြစ်ပေါ်စေလိမ့်မည်။ မိခင် နာမကျန်းဖြစ်စေမည်။ ကြိုတင်လက်မှတ်ရေးထိုး လက်ထပ် ရတတ်ပေသည်။ အနုပညာ အလုပ်တို့ အကျိုးပြုစေလိမ့်မည်။ ချစ်ရသူထံမှ အမှတ်တရပစ္စည်း လက်ခံရတတ်သည်။ အိမ်ထောင်ရေး အဆင်ပြေ စေမည်။ **ယတြာ။ ။ မီးလုံးအဝါရောင် လှူပါ။**




**ကန်ရာသီဖွား (Virgo) ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

သင့်အတွက် အလုပ်အကိုင် ချောမွေ့မှုမရှိတတ် ငွေအခက်အခဲကို များစွာရင်ဆိုင်ဖြတ်သန်းရတတ်သည်။ နစ်နာမှုများကို ရင်ဆိုင်ရတတ်ပေသည်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်၍ အထူးပင်အကျိုးပြုစေပါသည်။ ကံစမ်းထီ ထိုးသင့်ပေသည်။ ပညာရေး ထူးချွန်စွာ ဖြေဆိုနိုင်ပေလိမ့်မည်။ ပစ္စည်းသတိပြုပါ။ စားသောက်ဆိုင် လုပ်ငန်းများစွာ အောင်မြင်တိုးပွားခြင်း ရှိစေပါလိမ့်မည်။ ချေးငှားငွေကိစ္စ သတိပြုသင့်ပေသည်။ မျက်နှာတွင် ခိုက်မိ တတ်ပေသည်။ အချစ်ရေး အဆင်ပြေမည်။ ယုယမှု ရရှိစေတတ်ပေသည်။ အိမ်ထောင်ရေး သာယာမှုနည်းပါးမည်။

**ယတြာ။ ။ ဆေးဝါးကုသိုလ်ပြုပါ။**



**တူရာသီဖွား (Libra) စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

သင့်အတွက် တရားတဘောင် အမှုအခင်း ရင်ဆိုင်ကြုံတွေ့လာတတ် ပေသည်။ လူမှုရေးတွင် ဘာသာမဲ့များနှင့် အတိုက်အခံကြုံတတ်ပေသည်။ လူမျိုးခြား ပိုမိုသတိပြုသင့်ပေသည်။ ပညာရေးဆုံးဖြတ်မှု မှားတတ်၍ သတိထားသင့်ပေသည်။ ခိုက်မိတတ် ကျိုးတတ်၍ ခရီးဝေးသို့ သတိပြုသွားပါ။ ကျန်းမာရေး လေဖြတ်တတ်ပေသည်။ မပေါ့ဆသင့်ပါ။ အချစ်ရေး အဆင်ပြေစေမည်။ အပြန်အလှန် အမှတ်တရ ပစ္စည်းပေးရတတ်ပေသည်။ အိမ်ထောင်ရေး ညံ့ပေသည်။

**ယတြာ။ ။ သပြေ ၇ ခက်လှူပါ။**




**ဗြိစ္ဆာရာသီဖွား (Scorpio) အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

သင့်အတွက် ငွေရှာရ ခက်ခဲတတ်၏ စိတ်ညစ်စရာများ ရင်ဆိုင်ရတတ်ပေသည်။ ကိုယ်ကျင့်တရား ပျက်ပြားတတ်၍ သတိပြုသင့်ပေသည်။ မူးယစ်သောက်စားပျော်ပါးခြင်းကို ရှောင်သင့်ပေသည်။ ပညာရေးသေချာစွာ မေးခွန်းဖတ်ဖြေသင့်သည်။ စိတ်ပျာယာ မခတ်သင့်ပါ။ အချစ်ရေး ရှုပ်ထွေးပွေလီဖြစ်တတ်၏။ နှစ်ဖက်မောင်နှမသားချင်းကို စိတ်ဝမ်းကွဲရတတ်ပေသည်။ မြေ၊ ကား၊ အမှုပြဿနာတို့ ရင်ဆိုင်ရတတ်ပါသည်။ သည်းခံကြိုးစားရင်ဆိုင် သင့်သည်။ ခိုင်းအလုပ်သမား ဒုက္ခပေးတတ်၍ သတိပြုပါ။

**ယတြာ။ ။ အမွှေးတိုင် ၉ တိုင် ထွန်းပါ။**



**ဓနုရာသီဖွား (Sagittarius) နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်**

သင့်အတွက် ခက်ခဲသော စိတ်ပင်ပန်းရသည့် အလုပ်ကြီးတို့ကို လက်ခံရတတ်၊ ရင်ဆိုင်ရတတ်ပေသည်။ ပညာရေး ရည်မှန်းချက်ကြီးမားမှုကို အကောင်အထည်ဖော်နိုင်ပေလိမ့်မည်။ ငွေအကုန်အကျ အထူးများတတ်သည်။ ကိုယ့်ထက်ငယ်သူနှင့် အိမ်ထောင်ရေး စဉ်းစားရွေးချယ်ရတတ်သည်။ ပြည်ပခရီး အထူးအကျိုးပြုပါလိမ့်မည်။ လူမျိုးခြားနှင့် လက်တွဲမှုအကျိုး ရှိစေမည်။ အဝတ်အစား၊ ရတနာပစ္စည်း၊ ချိုသောပစ္စည်းများနှင့် ပတ်သက်၍ ရောင်းဝယ်မှုကောင်းမွန်ပါလိမ့်မည်။ အချစ်ရေး မျက်နှာ မများသင့်ပါ။

**ယတြာ။ ။ ထီးအနီ ၃ လက်လှူပါ။**



**မကာရရာသီဖွား (Capricorn) ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၁) ရက်**

သင့်အတွက် ငွေကြေးကိစ္စတို့အတွက် စိတ်ညစ်ရတတ်သည်။ တရားတဘောင် ရင်ဆိုင်ရလိမ့်မည်။ ကိုယ်ကျင့်တရားပျက်သူတို့နှင့် ရင်ဆိုင်ရလိမ့်မည်။ လူမှုရေးတွင် အများ၏ ကြင်နာမှုကို ရရှိစေတတ်ပေသည်။ ဆိုင်ရောင်းဝယ်ရေးတို့တွင် တစ်ဆင့်ပြီးတစ်ဆင့် အဆင်ပြေတိုးပွားလာစေတတ် ပေသည်။ ပညာရေး အပင်ပန်းခံကြိုးစားမှုတို့ အကျိုးရှိစေမည်။ အိမ်ထောင်ရေး ချောမွေ့မှု မရှိတတ်ပေ။ လုပ်ငန်းတွင်းပစ္စည်းများနှင့် ခိုက်မိတတ်၍ သတိပြုသင့်ပေသည်။

**ယတြာ။ ။ မှန်တစ်ချပ် လှူပါ။**

**ဒေါက်တာမြတ်သစ် (မန္တလေး)**



## ခရိုနီ

ရထားချန်တော့ လိုက်ချန်သလိုပေါ့
ရထားယိမ်းတော့ လိုက်ယိမ်းသလိုပေါ့...။
ပျော်စရာကြီး
တင်းခံမနေနဲ့
ဘာ...ကြံကြံစည်ရာ
ခေတ်ကို ထမ်းရမှတဲ့
သေလိုက်
ဒီမယ်...
ခေတ်အပိုက်ကိုချောင်း
ခေတ်အရိုက်ကို အားကုန်တွယ်
ခေတ်အလိုက်မှာ မျောချ
ဗယားအစောင်းဟာ ပေါင်းတတ်ရင်
ကိုယ့် နင်းကြမ်းချည့်ပဲ
မှတ်ထား...။ ။

ရန်လင်းအောင်



## မဟာသူရဲကောင်းများ

ဝေလငါး
ဖမ်းမယ့်လူက
နှီးကြိုးနဲ့ ခရီးနှင်။

ဆင်ဖမ်းမယ့်လူက
အပ်ချည်ကြိုးနဲ့
တောထဲဝင်။

ခြင်ဖမ်းမယ့်လူက
သံမဏိကြိုးနဲ့
လုံ့လတင်။

ဖြစ် မဖြစ်
သင့် မသင့်
မဆင်မခြင်။

သူတို့ကိုယ် သူတို့တော့
မဟာသူရဲကောင်းလို့ထင်။ ။

လှိုင်ခင်အုန်း(အမရပူရ)

## အဖြစ်ချင်ဆုံးအရာ

ငါဟာ ကောင်းကင်ထက်က ကြယ်တစ်စင်းဆိုရင်
ကမ္ဘာမြေအနီးဆုံးက ရုံ့ကြယ်ပါ။
တောင်ပံလှတဲ့ လိပ်ပြာငယ်တစ်ကောင်ဖြစ်နေခဲ့ရင်
ပန်းသစ္စာတို့ရဲ့ အလယ်ကချစ်လိပ်ပြာလေးပေါ့။ ။
မေတ္တာပင်လယ်ပြင်ကြီးထဲ ငါကူးခပ်နေခဲ့ရင်
ငါ့အလိုအရှိဆုံးက ဖြူလွှလွှ စက္ကူဖြူတစ်ရွက်
ဆုတောင်းတိုင်းသာ ပြည့်စုံကြေးဆိုရင်
ဖြူစင်နှလုံးသားဝေစည်ပိုင်ဆိုင်ဖို့
ဆုတောင်းဦးမယ်။ ။
သူရဲကောင်းတစ်ယောက်သာဖြစ်နေခဲ့ရင်
အသည်းနှလုံးသားကို စတေး
ပေးဆပ်ဝံ့တဲ့သူတဲ့
အချစ်သူရဲကောင်းသာ ငါဖြစ်ချင်တယ်။ ။

လှိုင်းထက်ရှိုင်





## စက္ကူ ရေ သုံးပါ

ရေအိမ်သုံးမလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
သန့်ရှင်းမှုဖြင့် ကူညီမလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
ညစ်ညမ်းမှုပပျောက်ရေးလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
ပတ်ဝန်းကျင် စိမ်းလန်းရေးလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
ရေထုညစ်ညမ်းမှုလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
လေထုဖောသွပ်မှုလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
စည်းကမ်းဖောက်ဖျက်မှုလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
လမ်းကြောင်းပြောင်းပြန်လား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
ကျူးကျော်ပပျောက်ရေးလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
ညှင်းပန်းနှိပ်စက်မှုလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
ပြန်ပေးဆွဲလုယက်မှုလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
အလစ်သုတ်လို့/တို့မှုလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
ချိန်းပွဲလုပ် ရိုက်နှက်မှုလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
မူးယစ်မှောင်ခို ပပျောက်ရေးလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
တရားမဲ့ဝါဒကျဆုံးရေလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
အမှုဟောင်းအမှုဆွေးတွေလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
ရာဇဝတ်ကြီးပုဒ်မ တွေလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
လယ်ယာမြေ ဖျောက်ဖျက်မှုလား တုတ်မသုံးရ စက္ကူ ရေ သုံးပါ
သုံးပါ သုံးကြည့်ပါ သုံးတတ်သလို စက္ကူ ရေ သုံးပါ
သုံးကြည့်ပါ သုံးတတ်သလို သုံးပါ စက္ကူ ရေ သုံးပါ
စက္ကူ ရေ သုံးပါ စက္ကူ သုံးပါ သုံးတတ်သလို သုံးကြပါ
အသုံးပြုသူသာအမြတ်မှန်/မမှန် စဉ်းစားရင်း စက္ကူ ရေ သုံးပါ

ရတုသစ်

## မြားတစ်စင်းရဲ့ စီးကြောင်း

ဆောင့်ခရတ္တိရဲ့ အဆိပ်ခွက်ထဲမှာ
မသူတော် တချို့ရဲ့
အိပ်ပျက်ခဲ့ရတဲ့ ညတွေပါမယ်

ဗန်ဂိုးရဲ့ နားရွက်တစ်ဖက်ဟာ
အနုပညာ ဝတ်မွတ်သူတွေထံ
နှစ်ပေါင်းများစွာကို ဆန်ပြီး
ပျံတက်လာခဲ့တဲ့ အခါပေါ့
မထိုက်တန်တဲ့ သူတွေဟာ
မြေအောက်ကမ္ဘာမှာ နေခဲ့ကြတယ်

အခုကာစပြီး
ကျည်ဆန်တွေကို ရောင်းပြီး
စာရေးကိရိယာတွေ ပြန်ဝယ်ကြတာပေါ့......
မာလာလာ
ပွဲစားတစ်ယောက်ရဲ့ ပါးစပ်ထဲမှာတောင်
အမှန်တရားဟာ တောက်တောက်ပြောင်ပြောင်
ဖြစ်လာတဲ့ တစ်နေ့

အချစ်နဲ့ပဲ တွေ့တွေ့
စစ်နဲ့ပဲတွေ့တွေ့
တရားမျှတမှုကို
'ဂငယ်ကွေ့' ကွေ့ဖို့ လာမပြောကြေး ။

ဆစ်ဒ်





## ယဉ်ကျေးစွာ
## တံမြက်လှည်းနေသူ တစ်ဦး

ယဉ်ကျေးစွာ တံမြက်လှည်းနေသူ တစ်ဦး
သူ့အားမှာ ရွက်ကြွေတွေ ဝေနေတယ်
ဘဝတစ်လျှောက်လုံး နှင်းဆီပန်းခင်းလမ်းတော့ မဖြစ်နိုင်ဘူး
အဲဒီအကြောင်းအရာကို သူသိတယ်
ပညာရဲ့ တန်ဖိုး
ခွန်အား သက်လုံနဲ့ ကျွမ်းကျင်မှု
ကြိုတင်တွေးမြင်မှုတွေနဲ့ အဆုံးမဲ့ မျှော်လင့်ခြင်းတွေ
ဘဝကို ကိုယ်စားပြုတဲ့ အနာဂတ်
သေဆုံးသွားတဲ့ ပန်းပွင့်နဲ့အတူ
မနက်ဖြန်တွေ တစ်ချိုးတစ်ခု ရှင်သန်နေတယ်
အဲဒီလိုနဲ့
မွေးဖွားကြီးပြင်း သေဆုံး
ဘုန်းတန်းလဲမှ ဘုရားတမယ်ဆိုရင်
လူဖြစ်ရှုံးဖို့ သေချာပြီ
ဆေးလိပ်
အရက်
မူးယစ်ဆေးဝါး
မကောင်းတဲ့ အာဏာ
မမှန်တဲ့ ဆုလာဒ်
အဲဒီအချက်တွေကို ဝေးဝေးကရှောင်ရမယ်
အဲဒါကို သူသိတယ်
ယဉ်ကျေးစွာ တံမြက်လှည်းနေတယ်
မြင့်မြတ်စွာ တံမြက်လှည်းနေတယ်
ရှင်းသန့်အောင် သူကြိုးစားနေတယ်။ ▪

ရှင်နေကြယ်



## ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့အထိ မနေ့ညက အစွန်းရောက်ခဲ့တယ် ခဏသေကြည့်လို့ရရင် ကောင်းမှာ ကျန်ခဲ့မယ့်လူတွေကို အားနာလို့သတ်မသေဖြစ်ခဲ့ဘူး

ကိုယ့်ဆီက ပြန်မရလိုက်တော့တဲ့အရာတွေ ကီလိုမီတာရှစ်ဆယ်လောက်မှာကျန်ခဲ့
နောက်ကျောကိုထိုးစိုက်လာဖို့ ဓားတွေအခုထိ ကိုယ့်နှလုံးသားဆီ တည့်တည့်ချိန်နေကြတုန်း
ရန်သူကိုရင်ဆိုင်ဖို့ အကောင်းဆုံးလက်နက်ကိုရွေးပါဆိုရင် ရိုးသားမှုနဲ့ဥပေက္ခာက ကိုယ့်လက်စွဲတော်
မသမာတဲ့ကြိုတင်ကြံစည်မှု ဘာလို့များ နေရတာလဲဆိုတာ အင်တာနက်ထဲကိုယ်ရှာတော့
လူတွေမှာ စဉ်းစား/တွေးတော/ဆင်ခြင်မှု အကြီးအကျယ်လိုနေပြီဖြစ်ကြောင်း
တံဆိပ်ရိုက်စက္ကူတွေနောက် ပြေးလိုက်နေတဲ့အကြောင်း တအံ့တဩသိလိုက်မိရာကစ
တစ်လောကလုံး အရူးတွေချည်းလို့ သတ်မှတ်လိုက်တဲ့နေ့မှာ ကိုယ်အထီးကျန်တော့တာပဲ
အရူးဆေးဝယ်လို့ရရင် ကိုယ့်စည်းစိမ်တစ်ဝက်လောက်ပေးပြီး ပုံလဲပစ်လိုက်ပါ့မယ်
အသိဉာဏ်ထဲက မလိုအပ်တာတွေကို Shift + Del နဲ့ကိုင်လို့ရရင် Recovery Software ပြန်ရှာမနေဘူး
တကယ်လို့ ကိုယ့်မှတ်ဉာဏ်တွေအားလုံး Hard Disk ထဲက ပျက်သွားတဲ့အခါ
ပထမဦးဆုံး ကိုယ်ဘာလုပ်မလဲဆိုတာ သိချင်တယ် Rape အမှုအခင်းဖြစ်မှာလား
ကုသိုလ်ဖြစ်အလုပ်တစ်ခုခုလုပ်မှာလား ကိုယ့်ခေါင်းခွံထဲမှာ ကိုယ်နှစ်မွန်းမှု
"သေခါနီးလူတစ်ယောက်ရဲ့ စိတ်ခံစားမှုက နည်းနည်းတော့ မိုက်သလိုလို
ဆွဲကြိုးချမလား မြစ်ထဲခုန်ချမလား ရွေးချယ်ရင်းရင်ခုန်စရာ ကိုယ်စဉ်းစားမိသလောက်
ဆွဲကြိုးချပြီး လောကကြီးကို အပေါ်စီးက ကြည့်ထွက်သွားရတဲ့ အတွေ့အကြုံက သိပ်မိုက်ပုံပဲ"လို့ ကိုယ်ပြောတော့
လူတွေက ကိုယ့်ကို တရားလက်လွတ်နေသူအဖြစ် သတ်မှတ်လိုက်ပြီး
ဆန့်ကျင်ဘက်စကားလုံးနှစ်ခုတွဲထားတဲ့ တရားစခန်းကိုပို့ပစ်လိုက်ကြတယ်
တကယ်ပို့သင့်တာက စိတ်ကျန်းမာရေးဆေးရုံကိုပါ ကိုယ်က အဲဒီ
ခင်ဗျားတို့ကြောက်တဲ့သေခြင်းတရားကရော ဘာကြောင့် ခုထက်ထိ
မသေသေးတာလဲမေးတော့ ရုပ်ကုန်တော့မှာပဲလို့ပြောပြီး သူတို့ပြန်မဖြေနိုင်ခဲ့ကြဘူး
လိုချင်တပ်မက်မှုတွေရဲ့ ထိပ်ဆုံးကို မရောက်ချင်တဲ့လူသား 99 % ရှိပြီး ကျန်တဲ့ 1% ထဲမှာ ကိုယ်ပါတယ်
ပြန်ရနိုင်မယ်ဆိုရင် ဘဝတစ်ခုလုံး Rewind လုပ်ပြီး အမှောင်ထဲ သန္ဓေမတည်ခင်ကာလကို
ကိုယ်သွားကြည့်ချင်တယ် အကြိုသေခြင်းတရား (Pre-Death)ဆိုတာ ရှိခဲ့ရင်ပေါ့။

အောင်သက်နှင်း



# အလွမ်းသိမ့်ည

မင်းဟာ ပွင့်ခါနီးနေတဲ့ အဖူးလေးပါ
ငါဟာမင်းအတွက် ဆူးလေပါ ဘီလူးလေးပါ မရှုးမကောင်းလေးပါ
မီးအကြောင်း မသိတဲ့ဖယောင်းလေးပါ မင်းကြွေရင်နေလို့မရတဲ့ အညှာလေးပါ
မင်းလွှတ်တင်လိုက်တဲ့ စွန်ဟာငါ့အချစ်ပါ မင်းမှန်စာတိုက်ထားတာ ငါ့သံယောဇဉ်ကြိုးပါ
မင်းအပေါ်မှီထားမိတာငါ့မေတ္တာပါ မင်းနောက်က အရိပ်ကငါ့သစ္စာပါ
မင်းပျံသန်းသွားတော့ အလွမ်းတွေနဲ့ ညွတ်သွားတဲ့ အကိုင်းလေးက ငါပါ
ဆတ်ဆတ်ခါ ကြွေကျသွားတဲ့ ဝေဒနာရွက်စိမ်းလေးကငါပါ
မင်းရဲ့ တောင်ပံရိုက်ချက်မှာ ကစင့်ကလျားဖြစ်သွားတဲ့ အကြင်နာ လေညင်းလေးကငါပါ
ရေခဲရိုက်ထားတဲ့ အိပ်မက်လေးမှုပွင့်ခွင့်ရတဲ့ညက ခြင်တစ်ကောင်ရဲ့ ချဉ်ချင်းကို
သဒ္ဒါမရှိတဲ့ လက်ကမျတ်ခံနဲ့ ရိုက်သတ်လိုက်မိတာ ငါ့စေတနာပါ
လေပြည်ကို ဆောင့်ဆွဲပြီး ပန်းပေါင်းစုံအရည်ညှစ်ချလိုက်တဲ့ညက
လောင်းရိပ်အောက်ကလွတ်မြောက်လာတဲ့ တစ်ပွင့်နှစ်ပွင့်စကြယ်တွေ
ကဆုန်ပေါက်ဆင်းစေခဲ့တာ ငါ့လက်ဆောင်မှုန်ပါ
ကျကွဲထားတဲ့ သက်ပြင်းတွေ ဖပ်ဖြူဖြူမျက်နှာနဲ့ အိမ်ပေါ်ပြန်တက်လာတဲ့ညက
ဝပ်ဖမ်းထားတဲ့ လလိုအမှောင်ကိုဖြိုပြီး အမောက်ထောင်ကြည့်မိတာ ငါ့အတ္တပါ
မင်းရဲ့ အချစ်လက်ခုပ်ကြားမှာ တစ်စက်ခြင်းတစ်ပေါက်ခြင်း
အကြင်နာတွေ တောက်တောက်ကျလာမယ်ဆို တံခါးမရှိတဲ့ပြတင်းမှာ
ကျကျနနချိတ်ဆွဲထားတဲ့ပုံတူ ပန်းချီတစ်ချပ်ကို
ညကညကိုညမှန်းမသိအောင် ညလုံးပေါက်ထိုင်ကြည့်ဖြစ်မယ့်ညအတွက်
စိတ္တဇဆန်စွာ ငါဟာဗျာများနေသူပါ။ ။

မုယော

ဝေဖန်ရေးသည် အကောင်းဆုံးဝန်ဆောင်မှုဖြစ်သည်

# ဒါရိုက်တာ သန့်ဇင်အောင်၏ "နက်ဖြန်ခါ"

မောင်အိမ်စံ

(၁)

မစန္ဒာ၏ ဝတ္ထုကို သမီးမြတ်ကျော်ဇာတ်ညွှန်းရေးသားပြီး သန့်ဇင်အောင် ရိုက်ကူးသည့် 'နက်ဖြန်ခါ' သည် ပစ္စည်းမဲ့လူတန်းစားမိန်းမပျိုများအပေါ် အနိုင်ယူဖျက်ဆီးသည့် ဓနရှင်လူတန်းစားများကို လက်ညှိုးထိုးပြထားသော ဗီဒီယိုဇာတ်ကားတစ်ကားဖြစ်သည်။ ခန့်စည်သူ၊ ခိုင်သင်းကြည်နှင့် နန်းမြတ်ဖြိုးသင်းတို့က ဦးဆောင်ပါဝင်သရုပ်ဆောင်ထားသည်။

မိဘမဲ့တစ်ကောင်ကြွက်၊ ကျပ်မပြည့်သူလေရှုးအဖြစ် ခန့်စည်သူက သရုပ်ဆောင်ပြီး အိမ်ကြီးရှင် ဒေါ်ခင်သန်းနွယ်၏ အိမ်တွင် အိမ်ဖော်အဖြစ် လုပ်ပြီး အိမ်ကြီးရှင်၏သား ဝဏ္ဏ၏ ခြေတော်တင်ခံရသူ၊ ကိုယ်ဝန်ရပြီး ရေတွင်းထဲသို့ခုန်ချကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားသူ မိန်းမပျိုအဖြစ် ခိုင်သင်းကြည်က သရုပ်ဆောင်သည်။ လေရှုး၏ အိမ်နီးနားချင်း၊ လေရှုးအပေါ် သံယောဇဉ်တွယ်ငြိနေသော အပျိုပေါက်မလေး၊ ကျောင်းသူလေးတစ်ဦးအဖြစ်ကိုမူ နန်းမြတ်ဖြိုးသင်းက သရုပ်ဆောင်သည်။

နန်းမြတ်ဖြိုးသင်း (မိငြိမ်းချမ်း) သည် မိခင်ဆုံးပြီး ဖခင်ဆရာဝန်ကြီးနှင့် နေသည်။ သူတို့အိမ်အနီးတွင် လေရှုးသည် တစ်ဦးတည်းနေသည်။ လေရှုးက သူတို့ရပ်ကွက်လမ်းကလေးကို ပြင်ရန် အုတ်ခဲထုသည်။ မိငြိမ်းချမ်းက သူ့ဆီလာပြီး ရင်ဖွင့်သည်။ လေရှုးက နှစ်သိမ့်သည်မျိုးမဟုတ်။ မိငြိမ်းချမ်းဒေါသထွက်လာသောအခါ အုတ်ခဲထုခိုင်းသလို သိပ်ခံစားနေရသောအခါ 'ငိုဟာငို' ဟု ပြောပြီး ငိုခိုင်းသည်။ ဖခင်ထံလာသော တစ်ခုလပ်မိန်းမကို ခဲနှင့်ထုရန် လာခေါ်သောအခါတွင်မူ လက်မခံ။ မလုပ်။ မိငြိမ်းချမ်းကိုလည်း မလုပ်ရန် တားသည်။

ဆရာမ မစန္ဒာသည် လေရှုးကို ကျပ်မပြည့်သူ



အဖြစ် ဖန်ဆင်းရေးသားခဲ့သော်လည်း လေရှူးသည် ရမ်းကားမှုမရှိ။ လေရှူးနှင့်မိငြိမ်းချမ်းတို့၏ ဆက်ဆံရေးကို သန့်ရှင်းဖြူစင်မှုအပြည့်ဖြင့် ပြသည်။ ယခုဇာတ်လမ်းတွင် မိငြိမ်းချမ်းသည် ပဓာနဇာတ်ကောင်ဖြစ်သည်။

ဤနေရာတွင် အနည်းငယ်ပြောလိုပါသည်။ ကျွန်တော်တို့ နိုင်ငံရုပ်ရှင်လောကတွင် နာမည်ကြီး သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ရသော နေရာ၊ ဇာတ်ကောင်များကို အဓိကဇာတ်ကောင် (အမျိုးသား၊ အမျိုးသမီးဇာတ်ဆောင်) ဟု သတ်မှတ်ကြသည်။ ဤဇာတ်ကားတွင် မိငြိမ်းချမ်းသည် အမျိုးသမီးဇာတ်ဆောင်မဟုတ်။ ခိုင်သင်းကြည်ကိုသာ သတ်မှတ်မည်။ ကျွန်တော်ကကော မိငြိမ်းချမ်းသည် အဓိကသရုပ်ဆောင်ဖြစ်သဖြင့် အမျိုးသမီးဇာတ်ဆောင် (ဇာတ်ပို့မဟုတ်) ဖြစ်သည်ဟု ယူဆသည်။

(၂)

ထားမြိုင်သည် ဖခင်ဆေးဖိုးလို၍ လူချမ်းသာအိမ်တွင် အိမ်ဖော်လုပ်နေရသူဖြစ်သည်။ ထိုအိမ်ရှိ ဝဏ္ဏသည် အိမ်ဖော်တိုင်းကို ဖျက်ဆီး၊ ကိုယ်ဝန်ရှိလာလျှင် မိခင်က တောပြန်ပို့၊ ပစ္စည်းမဲ့လူတန်းစားများအပေါ် အနိုင်ကျင့်နေကြသူ၊ ယုတ်မာနေသူဖြစ်သည်။ ဒေါ်ခင်သန်းနွယ် (မေမေကြီး) အတွက် နှင်းဆီ၊ ခရေပန်းများ ရှာဖွေပေးရသူမှာ ထားမြိုင်ဖြစ်သည်။

“ဘုရားပန်းကပ်လှူတာ ကုသိုလ်ရတယ်လို့ ပြောတယ်။ ဒါဆိုရင် ဘုရားရှိခိုးတဲ့ ဟိုသူဌေးကတော် ကုသိုလ်ရမယ်။ အရှင်ဘုရား။ သူဌေးကတော်ချည်း ကုသိုလ်မပေးပါနဲ့ဘုရား။ ထားမြိုင်ပန်းကောက်နေတဲ့ အချိန်မှာ အဲဒီသူဌေးကတော်ကြီး အိပ်နေတာပါဘုရား”

လေရှူးဆုတောင်းခန်းက လူတန်းစားအမြင်ပါသည်။ ဇာတ်ကောင်စရိုက် ဝင်သည်။ ဤဇာတ်ကားတွင် ိငွေသါကန တွေက အလွန်လှသည်။ ဆိုပါစို့။ မိန်းကလေးတစ်ဦး၏ အလှအပနှင့် ပတ်သက်၍ ဆရာမ မစန္ဒာပြောပြထားသော စကားလုံးလေးများကို ရွေးထုတ်တင်ပြချင်ပါသည်။

“လှတယ်ဆိုတာ ကောင်းတယ်များ မှတ်နေသလား ငြိမ်းချမ်းလေး။ အလှတရားက ချမ်းသာတဲ့ လူတွေအတွက်တော့ ကောင်းပါတယ်။ ဒါပေမဲ့ မမတို့လို ဆင်းရဲတဲ့သူတွေ၊ သူများအိမ်မှာ မှီခိုနေရသူတွေအတွက်တော့ မကောင်းပါဘူး”

“ဘာဖြစ်လို့လဲ မမ”

“အန္တရာယ်ရှိလို့ပေါ့”

“ဘာလို့ အန္တရာယ်ရှိတာလဲ”

“လှလို့ပေါ့”

“လှတယ်ဆိုတာ မိန်းကလေးတွေအတွက်တော့ ရတနာပေါ့။ ဒါပေမဲ့ အဲဒီရတနာကို မထိန်းသိမ်းနိုင်ခဲ့ရင်တော့ ဓားပြတိုက်ခံရတတ်တယ်”

“ဘာလို့ မထိန်းသိမ်းနိုင်တာလဲ”

“လက်နက်မရှိလို့ပေါ့”

“အဲဒီလက်နက်ကို ရအောင်ယူပေါ့”

“လက်နက်ဆိုတာ ယူချင်တိုင်း ယူလို့ရတာမှ မဟုတ်တာ”

“တစ်နေ့နေ့တော့ ရလာနိုင်တာပေါ့”

ဒီနေ့ရဲ့ ‘နက်ဖြန်ခါ’ တော့ မဖြစ်နိုင်ဘူး။ ဒီကမ္ဘာကြီးမပျက်ခင် တစ်နေ့နေ့ရဲ့ မနက်ဖြန်ခါ ဖြစ်နိုင်တယ်။

‘နက်ဖြန်ခါ’ သည် လူတိုင်းအတွက် အမှန်တကယ်ရှိ၏။ သည်နေ့ပြီးလျှင် နက်ဖြန်ခါဖြစ်သည်။ သို့သော် ဘဝတွင် လမ်းပျောက်နေသော ထားမြိုင်အတွက်မူ နက်ဖြန်ခါသည် သည်နေ့၏ နက်ဖြန်ခါမဟုတ်ပါ။ ဒါကို ထားမြိုင်က မိငြိမ်းချမ်းကို ပြောပြသည်။

လေရှူးတွင်လည်း ‘နက်ဖြန်ခါ’ ရှိသည်။ ထားမြိုင်ထံမှ တောင်းယူထားသော နှင်းဆီအဖြူပွင့်လေးပွင့်သောအခါ ထားမြိုင်ကို ပန်ဖို့ပေးသည်။ ထားမြိုင်က မပန်။ နောက်တော့ ထားမြိုင်က လေရှူးလုပ်နေသော ရုပ်ကွက်လမ်းကလေး အုတ်ကျိုးခင်းပြီးလျှင် ပန်မည်ဟု နှစ်သိမ့်သည်။ သို့သော် ထားမြိုင်၌ ရွာတွင် ချစ်သူရှိသည်။ ဖခင်ကို ဆေးကုရန် ဆေးဖိုးလိုနေ၍ ဤအိမ်ကြီးတွင် အိမ်ဖော်လာလုပ်နေရသည်။ ထားမြိုင်သည် သူ့အလှကို သူ မကာကွယ်နိုင်ခဲ့။ ဝဏ္ဏ၏ စော်ကားမှုကြောင့် ကိုယ်ဝန်ရှိလာသည်။ သို့သော် လေရှူးကို သနားသည်။ သည်လိုနှင့်ပင် ပန်းကို ပန်မည်ဟု နှစ်သိမ့်စကားဆိုပေးခဲ့သည်။ ဝဏ္ဏတို့ စေ့စပ်ပွဲနေ့တွင် ထားမြိုင် ရေတွင်းထဲသို့ ခုန်ချပြီး သေသည်။

(၃)

ထားမြိုင်သေပြီ။ သို့သော် ထားမြိုင်ပေးထားသော ပန်းပွင့်မှ နှင်းဆီကိုင်းကလေးကို လေရှူးသည် ပန်းအိုးနှင့် ပြန်စိုက်သည်။ ပန်းပင်ပြန်ရှင်လာပြီး ပန်းပွင့်လာလျှင်. . . .။ ဟူသည် လေရှူး၏ နက်ဖြန်ခါဖြစ်သည်။ ဇာတ်သိမ်းပိုင်းတွင် မိငြိမ်းချမ်းနှင့် လေရှူးလမ်းခင်းကြသည်။ ထုစရာ တူကျန်ခဲ့၍ လေရှူးက သွားယူနေစဉ် ဝဏ္ဏက သူ၏စေ့စပ်ပွဲကို ဖျက်သည့်အတွက် ရန်ငြိုးထားပြီး မိငြိမ်းချမ်းကို လည်ပင်းညှစ်သတ်နေရာ လေရှူးက သူယူလာသော တူနှင့် ဝဏ္ဏခေါင်းကိုထုပြီး စိတ်ဖောက်ပြန်သွားသည်။ လေရှူးကို ရဲများဖမ်းသွားစဉ် မိငြိမ်းချမ်းကငိုပြီး “လေရှူး ဘယ်တော့ ပြန်လာမလဲ၊ ဖေဖေ” ဟု မေးရာဖော်ဦးက

“နက်ဖြန်ခါ ထားမြိုင်ပြောသလို တစ်နေ့နေ့ရဲ့ နက်ဖြန်ခါ” ဟု ဖြေသည်။

ကျွန်တော် အလွန်သဘောကျမိသည့်ပြကွက်လေးတစ်ကွက် ရှိသည်။ ထိုပြကွက်မှာ မိငြိမ်းချမ်းက ခရေပင်အောက်သို့လာပြီး ခရေပွင့်တွေကောက်သည်။ ပြီးမှ ခရေပွင့်များဖြင့် မြေကြီးတွင် ဝဏ္ဏဟုရေးပြီး ထိုဝဏ္ဏစာလုံးကို လေရှူးနှင့် မိငြိမ်းချမ်းတို့ ဖနောင့်နှင့်ပေါက်ကြသည်။ သည်ပြကွက်သည် သာမန်ပြောပါလျှင် ဘာမှမထူးဆန်း။ သို့သော် လေရှူးကကျပ်မပြည့်သူ၊ မိငြိမ်းချမ်းက ကလေး။ သူတို့မတတ်နိုင်သဖြင့် တတ်နိုင်သလို အနိုင်ယူကာ စိတ်ဖြေလိုက်ကြသည်မို့ ထိုပြကွက်လေးကို ကျွန်တော်ကြိုက်ခြင်းဖြစ်သည်။

သန့်ဇင်အောင်သည် ဝဏ္ဏကို မီအောင်ကြိုးပမ်းရိုက်ကူးပါ၏။ ရုပ်လုံးဖော်ပစ္စည်းများကိုလည်း အတတ်နိုင်ဆုံး သုံးသည်။ သို့သော် လုပ်ခွင့်မရ၍လားတော့ မသိ။ ‘နက်ဖြန်ခါ’ သည် ပြဇာတ်ဆန်နေသည်။ စကားပြောများဖြင့်သာ ပရိသတ်ကို အသိပေးနေသည်။ အရုပ်ဖြင့် အသိမပေးနိုင်ခဲ့ပါ။

သရုပ်ဆောင်ကိစ္စကို ပြောချင်ပါသေးသည်။ ရွှေမှုန်ရတီ စရိုက်သော ကားတွင်ပင် အောင်မြင်သွားခဲ့ပါ၏။ ကျွန်တော်တို့က လက်ခုပ်တီးပြီး သတင်းဖြန့်ဝေပေးကြသည်။ ယခု ရွှေမှုန်ရတီကမူ ဇာတ်ကောင်စရိုက်မဝင်တော့ပါ။ ယခု ‘နန်းမြတ်ဖြိုးသင်း’ သည် ‘နက်ဖြန်ခါ’ တွင် ဇာတ်ကောင်စရိုက်ဝင်သည်။ သရုပ်ဆောင်ကောင်းသည်။ ဆိုရသော် သရုပ်ဆောင်တစ်ဦးဖြစ်သွားပြီဟု ပြော၍ရသည်။ သို့ရာတွင် ရွှေမှုန်ရတီလို မဖြစ်ရန်တော့ ထိန်းထား၊ ကြိုးပမ်းထားရန် လိုသည်။ ခန့်စည်သူကမူ အထူးသရုပ်ဆောင်ပြထားသည်။ ခိုင်သင်းကြည်အပါအဝင် သရုပ်ဆောင်များ ကောင်းကြပါသည်။

နိဂုံးပြုဆိုရသော် ‘နက်ဖြန်ခါ’ သည် ယနေ့ထွက်ရှိနေသော ဗီဒီယိုဇာတ်ကားများထဲတွင် ရှားရှားပါးပါး ဇာတ်ကားလေးတစ်ကား ဖြစ်ပါသည်။

မောင်အိမ်စံ

ယခုလအညွှန်း

၁။ ပန်းရှိုက်သံ

၂။ သတီထားဖမ်းစားတတ်သည်

၃။ အခါးကြိုက်တဲ့ ပျား

၄။ ပဋ္ဌမံ

# အနုပညာဝင်္ကဘာအမြင်

ထဲမှ ကောက်နှုတ်ချက်များ



ကျောင်းသူဘဝ၊
အစစ်လား၊
အတုလား
မသိတဲ့စိုးပြည့်သဇင်





မိုးအောင်ရင်ကလည်း
လစ်ရစ်လစ်သလို



သူများတွေလို
လမ်းတောင်းတာ
ကားတစ်စီးဟု
မပြောဘဲ
လောဘကြီးစွာနဲ့
နှစ်စီးစာတောင်းနေသော
ကျော်ရဲအောင်



အလှချင်းပြိုင်နေတဲ့ သဉ္ဇာဝင့်ကျော်



ဒါရိုက်တာ
ကိုမျိုးထူး၊
မည်သူကို
မျှော်နေပါလိမ့်။



ကြင်နာနေကြပုံများ အကယ်ဒမီ ကိုတင်ဆန်း ကင်မရာမင်းနဲ့ မျိုးမျိုးခိုင်



ကျွန်တော်ဖွင့်ကြည့်မိသော တံခါးများအစား အငြိမ့်တံခါးတွေကိုလာကြည့်တဲ့ နေဇော်နိုင်တို့စုံတွဲ



လူရွှင်တော်ဘောလုံးပွဲကို အားပေးနေတဲ့ ဦးမိုးဒီ



မင်းသမီးနဲ့ဦးထိပ်ပြောင်ကို ညွှန်ကြားနေတဲ့ ဒါရိုက်တာပြည်ဟိန်းသီဟ
(ခမည်းခမက်ဇာတ်ဝင်ခန်း)



ဘောလုံးကွင်းထဲ၌ ဘယ်သူအာဘွားလာပေး သွားမှန်းမသိလိုက်ရတဲ့ ဦးပလာတာ၊ ဦးစံမတူ



တော်ကြာရဲဖြစ်လိုက်၊ တော်ကြာ
ကြက်ခြေနီဖြစ်လိုက်နဲ့
နှစ်ဘဝစံ အကယ်ဒမီအောင်ခိုင်



အလုပ်ပါးလို့
ဘာရောင်းရင်ကောင်းမလဲ
စဉ်းစားစမ်း ဆင်မ

# အနုပညာ ဝင်ကျင်း အမဝင်း

ရှာဖွေတင်ပြသူ **ကျော်ထူး** အထွေထွေသရုပ်ဆောင်

မိုးစပါးများ ရိတ်သိမ်းပြီးလို့ နွေသီးနှံမတ်ပဲများကို ကြဲပက်ထားခဲ့ကြသည်မှာ သာပေါင်းကွင်းကြီး တစ်ကွင်းလုံးမြကမ္ဗလာကြီးဖြန့်ခင်းထားသလားထင်မှတ်မှားရလောက်အောင်ကို တပြန့်တပြူးနှင့် စိမ်းစိမ်းစိုစိုရှိလှသည်။ မတ်ပဲပင်များကလည်း တောင်လေသုတ် ငုတ်တုတ်ထိုင်ဆိုက်ကားနှင့်အညီ တောင်လေတိုက်တိုင်း တစ်နေ့တခြားကြီးထွားချင်တိုင်းကြီးထွားလာနေကြသည်။ ယခုလိုအချိန်မျိုးက ရွှေမောင်တို့ ဝါးတီးရွာကာလသားတွေအတွက် အားလပ်ချိန်ပင်ဖြစ်သည်။ မည်မည်ရရ အလုပ်ဆိုမတ်ပဲအခင်း နွားစောင့်တာကလွဲလို့ဘာမျှမရှိ။ မတ်ပဲများသိမ်းချိန်ရောက်မှ အလုပ်ကပြန်စရမည်။

ထို့ကြောင့် ရွှေမောင်က အဖော်အပေါင်းများနှင့်ထန်းတောသွားရမည့် အရေးကိုသာ တွေးနေမိသည်။ ညနေစောင်းပြီဆိုလျှင်တော့ ရွှေမောင်းတို့ကာလသားတစ်သိုက်က ဝက်ဖြူကုန်းရွာ ကိုအေးမောင်ထန်းတောကိုခြေဦးလှည့်ကြမည်။ ကိုအေးမောင်ထန်းတောက ဝေးလှသည်မဟုတ်။ ရွာမြောက်ဖျားရှိစိတောင်းမြစ်လျှပ်စစ်မြစ်ရေတင်ဆည်မြောင်းကြီးကို ကျော်လိုက်သည်နှင့် ရောက်သွားသည်။

"ဟဲ့ ရွှေမောင်၊ နင် ဒီနေ့ မတ်ပဲခင်းနွားသွားစောင့်ရမယ်နော်"

အမေ့စကားကြောင့် ကိုယ့်အတွေးနှင့် ကိုယ်စစ်တောင်မြစ်ပြင်ဆီငေးကြည့်နေသော ရွှေမောင်တွန့်ခနဲဖြစ်သွားသည်။

"ဟာ အမေကလည်း အဖေသွားစောင့်မှာပေါ့ဗျ"

"နင့်အဖေက ပဲကြီးကိုင်းရွာအလှူသွားရမှာမို့ နင့်ကိုခိုင်းနေတာပေါ့ဟဲ့"

မတ်ပဲကနွားတော့ စောင့်ရ



ဝတ္ထုတိုရသ

သည်။ နွားဝင်စားလို့ အညွန့်အဖျားပါသွားလျှင်တော့ သွားပြီ၊ အသီးသီးဖို့ မပြောနှင့် မြေကြီးထဲပြန်ပြီးခွဲဝင်တော့မလား မှတ်ရသည်။ သို့သော် မြေပဲစိုက်တာလောက်တော့ ကရိကထမများပေ။ မြေပဲကမြေမှုန့် အောင်ထယ်သုံးပြန်၊ထွန်းသုံးပြန်နှင့် ကြမ်းတုံးသုံးပြန်ရိုက်ရသည်။ ပြီးတော့ ပေါင်းမြက်ကောက်၊ နောက်ထယ်ထိုးမြောင်း ဖော်ကာ အစေ့လိုက်ချ၊ ပြီးတော့ ကြမ်းတုံးနှင့်လိုက်ဖုံးရပြန်သေးသည်။ လူအားငွေအားအကုန်အကျ များသောသီးနှံဖြစ်သည်။ မတ်ပဲကတော့ ထယ်တစ်ပြန်၊ ထွန်တစ်ပြန်ဝင်ပြီး မတ်ပဲကြဲပက်ကာ ကြမ်းတုံးကြီးနှင့် မရိုက်ဘဲ ထွန်တုံးမှ အသွားများကိုဖြုတ်လျက် ထွန်တုံးနှင့်ပင် လိုက်၍ ရွရွလေး ဖုံးလိုက်လျှင် ပြီးပြီ။ လူမပင်ပန်းသလောက်ဝင် ငွေကျတော့ မြေပဲထက်တွက်ချေကိုက်သည်။ သို့သော် မြေပဲလို ရွက်ဖျားနွားစားသွားလို့ကတော့ မဖြစ်၊ နွားကိုတော့ ဂရုစိုက်ရသည်။

"ဒါဆိုလည်းသွားရမှာပေါ့ အမေရာ"



“သွားရမှာပေါ့ လုပ်မနေနဲ့၊ နင်မသွားလို့ ဘယ်သူသွားမှာလဲ တစ်နေ့တလေလေး မတ်ပဲခင်း စောင့်တာများတီးစားနဲ့ တို့သလို ဖြစ်နေလိုက်တာ”

“ဟာဗျာ အမေကလည်း သွားပါမယ်ဆိုမှ ဗုံတီးနေပြန်ပါပြီ”

“အေး နင့်အချိုးကထန်းတောပဲ မျက်စောင်းထိုးနေတာဆိုတော့ ဗုံတီးရုံမက သံပါတီးထားဖို့ ကောင်းနေတာ ဟဲ့”

ဒေါ်အေးမိက ရွှေမောင့်ကို မျက်စောင်းတစ်ချက်ထိုးလျက်မီးဖိုခန်းထဲပြန်ဝင်သွားသည်။ ရွှေမောင်လည်း မတ်ပဲခင်းစောင့်မည်ဆိုမှ ထန်းရေအတွေးတွေ ပျောက်ကာစိမ်းမြမြအတွေးက ဝင်ရောက်လာသည်။ စိမ်းမြမြက ရွှေမောင်နှင့် တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်ကျောင်းတည်းထွက် ငယ်သူငယ်ချင်းများဖြစ်သည်။ သို့သော် စိမ်းမြမြကနောက်နှစ် ဆိုလျှင် တောင်ငူမြို့ကျောင်းကိုင်းတက္ကသိုလ်က အဝေးသင်နှင့်ဘွဲ့ရတော့မည်။ ရွှေမောင်တစ်ယောက်သာ ပေလွန်းတေလွန်းလို့ ဆယ်တန်းကို အကြိမ်ကြိမ်ကျရှုံးကာ ကျောင်းဆက်နေနိုင်ပါလျက် ကျောင်းထွက်ထားရသူဖြစ်သည်။

မည်သို့ဆိုစေ စိမ်းမြမြကိုတော့ ရွှေမောင်းကငယ်စဉ်ကတည်းက စွဲစွဲမက်မက်ရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် လယ်နီးချင်းလည်း ဖြစ်သော စိမ်းမြမြကို လွန်ခဲ့သော အပတ်က မတ်ပဲခင်း စောင့်ရင်း ရည်းစားစာပေးထားခဲ့သည်။ သည်ကနေ့တော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို မတ်ပဲခင်းစောင့်ရင်း စိမ်းမြမြဆီမှ အဖြေကိုတောင်းရမည်။ စိမ်းမြမြကလည်း သူ့ဆိုးပုံဆိုးလက်ကိုကြည့်ပြီး နောက်ဆံငယ်မယ် မတင်းချင်လို့ ငယ်စာရင်းဖျက်ကြပါစိုလို့တော့ အကြောက်အကန်ငြင်းဆန်မည်မဟုတ်ဟု သူ့ဘက်က သာသာထိုးထိုးလေး တွေးထားလိုက်သည်။ အဲ့သည်အတွေးလေးနှင့် ရွှေမောင်တစ်ယောက် အူမြူးကာ မတ်ပဲခင်း ရှိရာထွက်ခဲ့သည်။ မတ်ပဲခင်းစောင့်တဲကို ရောက်တော့ စိမ်းမြမြတို့တဲကို ချောင်းကြည့်လိုက်သည်။ စိမ်းမြမြ တစ်ယောက်တည်းကိုသာ တွေ့ရသည်။ ခါတိုင်းက သူ့အဖေကြီးပါလျှင်ပါ၊ မပါလျှင် သူ့မောင်လေးတော့ ပါလေသည်။

“ပွတာပဲ၊ စိမ်းမြမြတစ်ယောက်တည်းဟ၊ ငါသိချင်တဲ့ အဖြေကို သွားတောင်းရမယ်”

ရွှေမောင်က တစ်ကိုယ်တည်းပြောပြီး မတ်ပဲခင်း ကိုတစ်ချက်ဝေ့ဝဲ ကြည့်လျက်စိမ်းမြမြတို့တဲကို အလျင်အမြန်ကူးသွားခဲ့သည်။

“ဟေ့ စိမ်းမြမြ စိမ်းမြမြရေ”

“ဘာလဲ”

စိမ်းမြမြ၏ ဝေါက်ဆတ်ဆတ် ထူးသံကြောင့် ရွှေမောင်တွန့်ခနဲ ဖြစ်ကာ တဲတံစက်မြိတ်အနားမှာပင် ခြေစုံရပ်မိသွားသည်။ အဲဒီထူးသံကြီးကိုတော့ ရွှေမောင်းဘဝင်မကျသည်မှာ အမှန်၊ ငါ့ကိုများနင်ပဲငဆ တွေ ပြောလွှတ်လိုက်လေမလားဆိုသည့် အတွေးကြောင့် ရင်တစ်ခုလုံး တဒိန်းဒိန်းခုန်လာသည်။

“ဒီနေ့မတ်ပဲခင်းစောင့် နေတာ နင်တစ်ယောက်တည်းလားလို့ မေးမလို့ပါဟာ”

“မဟုတ်ဘူး၊ အဖေလည်းပါတယ်”

“ငါ့ကိုမလိမ်ပါနဲ့ စိမ်းမြမြရာ၊ နင့်အဖေပါတယ်ဆိုရင်ဘယ်မှာ လဲ”

“ငါ့ကို ရေနွေးအိုးတည်ခိုင်းခဲ့ပြီး လက်ဖက်ခြောက်ပါမလာလို့ ရွာထဲသွားပြီး ပြန်ယူနေတယ်”

“ဒါဆိုရင်တော့ အတော်ပဲ”

“မတော်နဲ့ဟိုမှာ အဖေပြန်လာနေပြီ”

စိမ်းမြမြစကားကြောင့် ရွှေမောင်နောက်ပြန်လှည့်ကြည့် လိုက်တော့ ဦးဖိုးထူးကိုလယ်သုံးလေးကွက်အကျော်တွင် ခြေလှမ်းကျဲကြီးနှင့် ပြန်လာနေသည်ကို တွေ့ရသည်။ အရေးကောင်းဒိန်းဒေါင်းတော့ ဖျက်ပြီ။

“ဟာ ဒုက္ခပါပဲဟာ၊ ဒါဆိုရင် ငါတောင်းထားတဲ့ အဖြေက ဘယ်လိုလုပ်မလဲဟ”

“အဲ့ဒီအတွက်တော့ မပူနဲ့ ရွှေမောင်၊ ရေဒီမှာ နင်တောင်းထားတဲ့အဖြေ၊ နင့်တဲရောက်မှဖတ်ကြည့်၊ အဖေမရိပ်မိအောင် မြန်မြန်ပြန်တော့”

“နင့်အဖြေက ငါ့အတွက် ဝမ်းသာရမယ့် အဖြေလားဟင် စိမ်းမြမြ”

ရွှေမောင်က စိမ်းမြမြကမ်းပေးလာသောစာခေါက်ကလေးကို ယူရင်း လူနာအမဲခြောက်တောင်းသလို ညောင်နာနာနှင့်ပြန်မေးနေပြန်သည်။

“ဒါကတော့ စာထဲမှာ ပါတဲ့အတိုင်း ဝမ်းသာစရာလား၊ ဝမ်းနည်းစရာလားဆိုတာ နင့်အပေါ်မှာပဲ မူတည်နေတယ် ရွှေမောင်၊ ကဲကဲ ပြန်တော့ ဟိုမှာ အဖေရောက်လာတော့မယ်”

ရွှေမောင်မှာ စိမ်းမြမြတို့တဲအတွင်းပင် မဝင်လိုက်ရတော့ဘဲ ဦးဖိုးထူးကြီးမရိပ်မိခင်အလျင်အမြန်ပြန်ခဲ့ရသည်။ တဲနားပြန်ရောက်တော့ မတ်ပဲခင်းထဲသွားဝင်မဝင်တစ်ချက်တော့ကြည့်လိုက်သေးသည်။ ထို့နောက်မှာတော့ တဲအတွင်းရှိ ကွပ်ပျစ်ပေါ်ပစ်လှဲကာ စိမ်းမြမြ၏ ပြန်စာကို ဖြန့်ဖတ်လိုက်သည်။

သို့

ရွှေမောင် ငါက နင့်လိုတော့ ဖွဲ့နွဲ့ပြီး မရေးတတ်ဘူး၊ ငါက သချ်ာသမားဆိုတော့ အဖြေမှန်ဖို့ဆိုတာ ပုစ္ဆာကလည်း မှန်ဖို့တော့ လိုတယ်လေ။ နင်က သူငယ်ချင်းအချစ်မျိုး ထက်ပိုတဲ့အချစ်မျိုးနဲ့ တိုးပြီး ချစ်ချင်တယ်စိမ်းမြမြ ရယ်တဲ့၊ ဟုတ်လား၊ အဲဒီလိုအချစ်မျိုးနဲ့တိုးပြီး ချစ်ချင်ရင် တော့ နင့်အချိုးတွေကို ပြင်ပါရွှေမောင်။

စိမ်းမြမြ

စာကရှည်ရှည်ဝေးဝေး မဟုတ်၊ လိုရင်းတိုရှင်းကလေးပင်ဖြစ်သည်။ စာအဆုံးမှာတော့ ချစ်ဖော်ကြင်ဖက်ရှာပါတယ်ဆိုမှ သင်တန်းနည်းပြနှင့် တိုးနေသဖြင့် ရွှေမောင်ငိုင်ကျသွားသည်။ နင့်အချိုးတွေကို ပြင်ပါတဲ့လား စိမ်းမြမြရယ်၊ အဖေအမေတွေကတောင် မင်းအရက်မသောက်



နဲ့နော်၊ ထန်းရေမသောက်နဲ့နော်ဟု သာတားမြစ်ခဲ့သည်။ အရက်သောက်ရင်၊ ထန်းရေသောက်ရင် မုန်းလိုက်မှာ မေ့လိုက်မှာဟု မပြောခဲ့ပေ။ စိမ်းမြမြ ၏အချစ်ရဖို့ အရေးကျမှ ရာဇသံက ပျော့ပျော့လေးနှင့် ပြင်းလွန်းလှသည်။

“အေးလေ၊ ငါကြိုးစားရမှာပေါ့ စိမ်းမြမြရယ်၊ ငါက နင့်ကိုမှချစ်နေမိခဲ့ပြီကိုး ဗျ။”

ရွှေမောင်က လေပူကြီးတစ်ချက်ကို မှုတ်ထုတ်ကာ ကွပ်ပျစ်ပေါ် လှဲနေရာမှကုန်းထသည်။ ထို့နောက် စိမ်းမြမြတို့တဲဆီကို ငဲ့စောင်းကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေမိလေသည်။

ထိုနေ့ညနေစောင်းတွင်ဖြစ်သည်။ ကြွက်နီနှင့် ဗိုလ်လှိုင်တို့နှစ်ယောက်ထန်းတောသွားရန် ရွှေမောင်တို့အိမ်ကို ပေါက်ချလာသည်။

“ဟာ ကြွက်နီနဲ့ ဗိုလ်လှိုင်တို့ပါလားဟေ့၊ မင်းတို့ဘယ်သွားကြမလို့လဲ၊ ထန်းတောကိုလား”

ခရီးရောက်မဆိုက်ရွှေမောင့်အဖေဦးဘချစ်က ကောက်ကာငင်ကာမေးလိုက်သဖြင့် ကြွက်နီနှင့် ဗိုလ်လှိုင်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဆွံ့အကုန်ကြသည်။

“အဟဲ ဟို ဟိုလေ”

“ဘာလဲထန်းတောသွားဖို့ ရွှေမောင်ကို လာခေါ်တာပေါ့ ဟုတ်လား”

“ဟုတ်ပါတယ် အဲ လာခေါ်တာတော့ဟုတ်ပါတယ်။ ဒါပေမဲ့ ထန်းတောကိုသွားမှာတော့ မဟုတ်ပါဘူး၊ ဆည်မြောင်းက ကိုလှထွန်းနဲ့ချိန်းထားတာလေးရှိလို့ပါ”

“ဩော် ဒါဆိုရင်တော့ မင်းတို့လေးယောက် အေးမောင်ထန်းတောနဲ့တင်မလောက်လို့ ရှမ်းကြီးထန်းတောနဲ့ ခပေါင်းကျောင်းရှစ်ဆယ်က ခွေးကြီးထန်းတောအထိ ရောက်ကြဦးမှာပေါ့ဟုတ်လား။

“မဟုတ်ပါဘူး ဦးလေးဘချစ်ရယ်၊ ကျွန်တော်တို့ကိစ္စလေးတစ်ခုရှိလို့ကိုလှထွန်းနဲ့ ချိန်းထားတာပါ၊ ဟေ့ကောင်ရွှေမောင်းတို့သွားကြမယ်လေ”

ကြွက်နီဦးဘချစ်ကိုရှင်းပြရင်း သူနိုးလူမိဖြစ်နေသော သူတို့နှစ်ယောက်ကို ပြုံးသလိုလိုမဲ့ သလိုလိုနှင့်စိုက်ကြည့်နေသော ရွှေမောင်ကိုပြောလိုက်သည်။

“ငါမလိုက်တော့ပါဘူး ကြွက်နီရာ၊ မင်းတို့ပဲသွားလိုက်ကြပါတော့၊ မနက်ကမတ်ပဲခင်းနွားစောင့်ရင်းနေပူမိသွားလို့ဖျားချင်သလိုဖြစ်နေလို့ပါ”

ရွှေမောင်၏ စကားကြောင့် ကြွက်နီနှင့် ဗိုလ်လှိုင်တို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြပြန်သည်။ ခါတိုင်းက သူကပင်အိမ်ကိုဦးစွာရောက်လာတတ်သော ရွှေမောင်လိုလူမျိုးက ယခုလို ခေါင်းရမ်းနေတော့ သူတို့တအံ့တသြ ဖြစ်သွားရသည်။

“အေးလေ ဒါဆိုရင်လည်း နေကောင်းအောင်နေခဲ့ပါကွာ၊ ငါတို့သွားမယ်ဟေ့”

“အေး အေး”

ရွှေမောင်က သူငယ်ချင်းများကို လိမ်ညာလိုက်ရသဖြင့်အားနာဟန်ဖြင့်ကြွက်နီတို့ကို မလုံမလဲကြည့်ကာ ကျန်ရစ်လေသည်။ ဦးဘချစ်နှင့် ဒေါ်အေးမိတို့ကတော့သည်ကနေ့ မှ ထူးခြားနေသော ရွှေမောင့်ကိုကြည့်ကာအဖြေရှာမရအောင် ဖြစ်နေကြလေသည်။

နောက်တစ်နေ့ညနေစောင်းမှာတော့ ရွှေမောင်က မြစ်ကမ်းပါးတွင်ထိုင်က ကြွက်နီတို့အိမ်က ထွက်အလာကို စောင့်နေသည်။ ခဏအကြာမှာ ကြွက်နီနှင့် ဗိုလ်လှိုင်တို့ ထန်းရေသောက်ရန် မြစ်ကမ်းပါးလမ်းအတိုင်း လျှောက်လာကြသည်ကို မြင်ရသည်။ ရွှေမောင့်ကို တွေ့တော့ဗိုလ်လှိုင်က တအံ့တသြနှင့်မေးသည်။

“ဟေ့ကောင်ရွှေမောင်၊ ဒါနဲ့မင်းကနေမကောင်းဘူးဆို၊ အခု ပျောက်သွားပြီလား”

“အေးကွာ၊ ငါက မင်းတို့ကို လိမ်ညာသလိုဖြစ်သွားလို့တောင်းပန်ပါတယ်။ ငါဘာမှမဖြစ်ပါဘူး”

“ဟင် ဒါဖြင့် မနေ့ကတော့”

“ဟုတ်ပါတယ်၊မနေ့ကတော့ အဖေတို့ရှေ့မှာမို့ ဘာတွေညာတွေ ပြောမနေတော့ပဲနေမကောင်းဘူးလို့ပဲ လိမ်ညာလိုက်ရတာပါ”

“ဒါဆိုရင် မင်းကဘာလို့လိမ်ညာလိုက်ရသလဲဆိုတာရှင်းစမ်းပါဦး”

“ကြွက်နီကအလိမ်ခံလိုက်ရကြောင်း သိလိုက်ရသဖြင့် မကျေမနပ်နှင့်ဝင်မေးလိုက်သည်။

“အေးကွာ၊ အဲဒါကတော့ ငါဘယ်တော့မှ အရက်မသောက်၊ ထန်းရေမသောက်တော့ဘူးလို့ ဆုံးဖြတ်လိုက်လို့ပဲ”

“ဟေ အဲဒီစကားကိုမင်းတကယ်ဆုံးဖြတ်ပြီးမှ ပြောလိုက်တာပေါ့လေ ဟုတ်လား”

ဗိုလ်လှိုင်ကမျက်လုံးကြီးပြူးကာမယုံကြည်နိုင်စွာနှင့် မေးလိုက်



**အင်း…**
**မင်းတရည်းစားတောင်**
**မဖြစ်ရသေးတဲ့**
**မိန်းကလေးရဲ့စကားအတွက်**
**မင်းရဲ့ပျော်ရွှင်မှုတွေကို**
**စတေးပြီးတစ်သဝေမတိမ်း**
**လိုက်နာတော့မယ်ဆိုတော့**
**ရည်းစားသာဖြစ်လာခဲ့ရင်**
**မင်းရဲ့ပျော်ရွှင်မှုတွေ**
**အားလုံးဆိတ်သုဉ်းသွားတော့**
**မှာသေချာနေပြီကွ**

ပြန်သည်။

"အေး ဟုတ်တယ်ဗိုလ်လှိုင်၊ အဲဒီဆုံးဖြတ်ချက်ကို ငါမတ်ပဲခင်းနွားစောင့်ရင်းက ဆုံးဖြတ်လိုက်တာပဲ၊ ရှင်းရှင်းပြောရရင်တော့ကွာ စိမ်းမြမြကြောင့်ပဲကွ"

"ဘာ စိမ်းမြမြကြောင့်ဟုတ်လား"

"အေး ဟုတ်တယ်၊ စိမ်းမြမြကြောင့် ငါ့စိတ်ပြောင်းသွားတာပဲ"

ထို့နောက်ရွှေမောင်က သူစိမ်းမြမြကိုချစ်စာလွှာပါးခဲ့သည်မှစ၍ စိမ်းမြမြကပြန်လည်၍ အဖြေလွှာပေးခဲ့သည်အထိကို ရှင်းပြလိုက်လေသည်။

"ဩော် ဒါကြောင့် မင်းအချိုးတွေကိုပြင်တော့မယ်ဆိုပါတော့ ဟုတ်လား ရွှေမောင်"



"အေး ဟုတ်တယ်ကြွက်နီ၊ ငါက စိမ်းမြမြကိုအသည်းတုန်အူတုန်ချစ်ခဲ့မိပြီကိုးကွ"

"အင်း မင်းကရည်းစားတောင်မဖြစ်ရသေးတဲ့ မိန်းကလေးရဲ့ စကားအတွက် မင်းရဲ့ပျော်ရွှင်မှုတွေကို စတေးပြီး တစ်သဝေမတိမ်းလိုက်နာတော့မယ်ဆိုတော့ ရည်းစားသာဖြစ်လာခဲ့ရင် မင်းရဲ့ပျော်ရွှင်မှုတွေအားလုံး ဆိတ်သုဉ်းသွားတော့မှာ သေချာနေပြီကွ"

"အေး၊ ဟုတ်တယ် ဒါကတော့ မင်းရဲ့ အခွင့်အရေးတွေကို စိမ်းမြမြက အခုကတည်းက ပိတ်ပင်နေတာပဲကွ"

ဗိုလ်လှိုင်ကကြွက်နီ၏ စကားကို ထပ်လောင်းဖြည့်စွက်ကာ အပြစ်တင်လိုက်ပြန်သည်။

"မတတ်နိုင်ဘူးပေါ့ကွာ အေး စိမ်းမြမြကို ငါကချစ်နေလို့လားတော့ မသိဘူးပေါ့၊ ငါတို့ရဲ့ ပျော်ရွှင်မှုဆိုတာတွေဟာ ကောင်းတဲ့ပျော်ရွှင်မှုမဟုတ်ဘူးလို့ ငါကိုယ်တိုင်ကလည်း ထင်မြင်လာလို့ စွန့်လွှတ်လိုက်တာလည်း ပါပါတယ် သူငယ်ချင်းတို့ရာ"

"အေးပေါ့ကွာ၊ ငါတို့ကတော့ မင်းလို အသည်းတုန်အူတုန်ချစ်ရမယ့်သူမရှိသေးတော့လည်း ပျော်ရွှင်မှုဆိုတာ ဒါပဲရှိလို့ ကိုအေးမောင်ထန်းတောဆီပြေးလိုက်ဦးမယ်ဟေ့ ရွှေမောင်ရေ"

ကြွက်နီနှင့်ဗိုလ်လှိုင်တို့လည်း ခနဲ့သလိုရွဲ့သလို စကားဆိုပြီး ကိုအေးမောင်ထန်းတောဆီ နောက်ပြန်လှည့်မကြည့်စတမ်းခြေကုန်သုတ်သွားကြလေသည်။

◆

မတ်ပဲများနုတ်သိမ်းချိန်တွင်ဖြစ်လေသည်။ ဝါးတီးရွာသူရွာသားများသာမက စာမေးပွဲဖြေဆိုပြီးသူ ကျောင်းသူ၊ ကျောင်းသားများပါ မိဘများကို ကူညီသည့်အနေနှင့် သာပေါင်းကွင်းထဲတွင်သူ့အခင်း၊ ကိုယ့်အခင်းမတ်ပဲများ နုတ်သိမ်းနေကြသည်။ စိမ်းမြမြတို့မတ်ပဲခင်းမှာလည်း စိမ်းမြမြကိုယ်တိုင်သူငယ်ချင်း အလုပ်သမားများနှင့်အတူ မတ်ပဲများနုတ်သိမ်းနေသည်။

"ဟဲ့ ရွှေမိ ငါမနေ့ကညနေခင်းမှာ ရွာလယ်ကကစားကြည့်တိုက်ကိုသွားတော့ အထူးအဆန်းတွေ့ခဲ့တယ်တော်"

"ဟင် ဟုတ်လား၊ ညည်းက ဘာလို့ စာကြည့်တိုက်ကိုသွားတာလည်းအေးခင်ရဲ့"

အေးခင်ကမတ်ပဲနုတ်ရင်းသူကြုံတွေ့ခဲ့ရတာလေးကို ဖောက်သည်ချသဖြင့် ရွှေမိကိုစကားခေါ်လိုက်ရာ ရွှေမိကပြန်မေးလိုက်ခြင်းဖြစ်သည်။

"ဩော် ရွှေမိရယ်စာကြည့်တိုက်သွားမှတော့ စာဖတ်ဖို့နဲ့ စာအုပ်ငှားဖို့ပေါ့ဟဲ့ ငတုံးမရဲ့၊ ငါကအိမ်အခြေနေကြောင့် ကျောင်းဆက်မနေရတော့ပြင်ပဗဟုသုတရဖို့အတွက်ဆိုရင် စာအုပ်စာတမ်းတွေရှိတဲ့ စာကြည့်တိုက်ပဲ အားကိုးစရာရှိတော့တယ်လေ"

"အေးပါအေး ငါမေ့သွားလို့ပါ၊ ဒါကြောင့်လည်း ညည်းက မြန်မာ့အရေး သာမကဘာ ကမ္ဘာ့အရေးကိုပါနှံ့စပ်အောင်သိနေခဲ့တာပေါ့၊ ဒါနဲ့ စာကြည့်တိုက်မှာ အထူးအဆန်းတွေ့ခဲ့တယ်ဆိုတာက ဘာတဲ့လဲဟဲ့"

"တောင်ပေါ်မှာကြာပေါက်ပြီးအနောက်မှာ နေထွက်တာလေ"

"ညည်းစကားကဘာစကားကြီးလဲ အေးခင်ရယ်၊ စကားလိမ်၊ စကားဝှက်တွေနဲ့ ငါတို့ကိုပြောလို့ ငါကဘာသိမှာလဲဟဲ့"

ရွှေမိကအေးခင်ကို မျက်စောင်းခဲကာ ပြောလိုက်တော့ အေးခင်ကဟက်ဟက်ပက်ပက်ရယ်လျက် ပြန်ပြောလာသည်။

"အေးပေါ့ ဘယ်သိပါ့မလဲ။ ညည်းတို့ကစာတတ်ပြီး စာကြည့်တိုက်ရှိရက်နဲ့စာမှ မဖတ်ချင်ကြတာ၊ စာကြည့်တဲ့လူဆိုရင်တော့ သိတာပေါ့၊ အခုတော့ ညည်းတို့ဦးနှောက်တွေက ဓားရှိရဲ့သားနဲ့ မသွေးဘဲ

မိုးရေထဲပစ်ထားလို့သံချေးတက်စားလို ဖြစ်နေကြပြီဟဲ့၊ ဒါကြောင့်စာ တတ်ရဲ့နဲ့ ဆွံ့အနားမကြားဘဝမရောက်ရအောင်”

“အမလေးရှည်လျားပေများပါ့ မိချောင်းသမီးနှယ်၊ ကဲ ကဲ ဗဟုသုတတွေတိုးပွားအောင် အားတဲ့အချိန်ကိုမဖြုန်းဘဲ စာကြည့်တိုက်ကိုသွားပါ့မယ်ရှင်၊ သွားပါ့မယ်၊ အခုတော့လည်း တွေ့ခဲ့တာလေး ပြောပါဦး ဟဲ့ အေးခင်ရဲ့”

ရွှေမိကစိတ်မရှည်တော့သဖြင့် အေးခင်၏ ဆုံးမစာသံပေါက်မဆုံးမီ ပြောလိုက်သည်။

“ဘာတွေ့ခဲ့ရမလဲ၊ ရွှေမောင့်ကို တွေ့ခဲ့ရတာပေါ့”

ရွှေမောင်ဆိုသည့် စကားကြောင့် စိမ်းမြမြခေါင်းထောင်ကြည့်ကာ နားစွင့်နေမိသည်။ ရွှေမိကတော့ နှာခေါင်းရှုံ့သွားသည်။

“ညည်းနှယ်အေးရွှေမောင့်ကို တွေ့ခဲ့ရတာများ အထူးအဆန်းလုပ်လို့၊ သူက ငါ့တို့ရွာသားပဲဟဲ့ တွေ့မှာပေါ့၊ ဒါကိုများ အထူးအဆန်းလုပ်လို့တော်”

“မဟုတ်ဘူး၊ ငါပြောချင်တာက ရွှေမောင်ကအလကားလာတာမဟုတ်ဘဲ စာကြည့်ရင်း အချိန်ပိုင်း စာကြည့်တိုက်မှူးအနေနဲ့ စာအုပ်စာတမ်းတွေကိုလာငှားပေးနေတာဟဲ့ ကောင်မရဲ့”

“ဟယ် ရွှေမောင်က အဲဒီလောက်တောင်ပြောင်းလဲသွားပြီလား”

“ညည်းက အဲဒီလောက်ပဲသိတာကိုး၊ အရက်တို့ ထန်းရေတို့ပါ မသောက်တော့တာသိရင် ပိုအံ့ဩသွားဦးမယ်”

တစ်ချိန်လုံးနာထောင်သူအဖြစ်နေခဲ့သော စန်းမြင့်ဝင်ပြောလာသည်။

“ဟယ် ဟုတ်လား၊ ဒါဆိုရင် လွတ်ချင်တိုင်းလွတ်နေတဲ့ ရွှေမောင့်ကို ကြိုးကိုင်သူရှိနေပြီနဲ့ တူတယ်ဟဲ့”

ရွှေမိက မှတ်ချက်ပြုလိုက်တော့ မလုံသည့်အိုးတုတ်မိုးရုံနှင့် အားဆိုသလို စိမ်းမြမြတစ်ယောက်မလုံမလဲဖြစ်လျက်လက်ထဲမှ မတ်ပဲပင်များ ပင်လွတ်ကျသွားသည်။

“အင်း ဒါလည်းကောင်းတာပါပဲ၊ အလုပ်အားတိုင်းတစ်နေကုန်မူးနေတဲ့ ကြွက်နီတို့ ဗိုလ်လှိုင်တို့တစ်တွေလည်းရှိသေးတယ်”

“အေးခင်ကလည်းဟယ်၊ သူ့အသက်ကြီးရှေ့ထားပြီး ကြွက်နီ ကို မကောင်းကြောင်းပြောနေပြန်ပြီ”

“အမလေးပြောစမ်းပါစေအေ၊ ဟုတ်တယ်ပြောတာပဲမနာပါဘူး၊ ငါကလည်းကြွက်နီကို ပြောထားပါတယ်၊ နင့်အချိုးတွေ မပြင်သေးရင်တော့ နင်နဲ့ငါနဲ့ကတော့ ပြဒါးတစ်လမ်းသံတစ်လမ်းပဲလို့”

“ဟေး ဒါမှတို့စန်းမြင့်ကွ”

စန်းမြင့်က ပွင့်ပွင့်လင်းလင်း ပြောချလိုက်တော့ အားလုံးက လက်ခုပ်လက်ဝါးတီးကာ သြဘာပေးလိုက်ကြသည်။ စိမ်းမြမြကတော့ မသိကျိုးကျွန်ပြုကာ နေနေရသော်လည်း ရင်ထဲမှာတော့ ပီတိဖြာနေမိသည်။ သြော် ရွှေမောင် ရွှေမောင်၊ သူက ငါ့ကို တကယ်ချစ်နေခဲ့လို့ သူ့အမူအကျင့်တွေကို ပြုပြင်ခဲ့ပြီကိုး၊ ငါကလည်း နင့်ကို ငယ်စဉ်ကတည်းက စွဲလမ်းနှစ်သက်ခဲ့ရသူပါပဲ ရွှေမောင်ရယ်။ စိမ်းမြမြက စိတ်ထဲမှ ရေရွတ်ရင်း ရှက်ပြုံးလေးပြုံးလိုက်မိသည်။

“ဟဲ့ စိမ်းမြမြ၊ စိမ်းမြမြ၊ အမလေး ခေါ်မကြားအော်မကြားနဲ့ ဘယ်လိုများဖြစ်သွားပါလိမ့်”

ရွှေမိက စိမ်းမြမြအနီးပြေးကပ်သွားပြီ မချိုမချဉ်မျက်နှာပေးနှင့် ပခုံးကို ကိုင်လှုပ်နေသည်။

“ဟဲ့ သူကကြိုးကိုင်ထားသူ ဆိုတော့ စိတ်ကူးတွေယဉ်နေလို့ဖြစ်မှာပေါ့ဟဲ့ ရွှေမိရဲ့”

ရွှေမိ၏ အပြုအမူကိုကြည့်ကာ အေးခင်ကပါ မီးလောင်ရာလေပင့်လျက် အရွှန်းဖောက်လိုက်ပြန်သည်။ စိမ်းမြမြမှာ မျက်နှာတစ်ပြင်လုံးနှင်းဆီနီရောင်သန်းသွားကာ အရှက်ပြေစကားဆိုလာသည်။

“မဟုတ်ရပါဘူး အေတို့ရယ်”

“ဘာမဟုတ်ရမှာလဲ၊ ညည်းမျက်နှာပြုံးဖြီးဖြီးကြီးဖြစ်နေတာကို ငါမြင်လို့တမင် ခေါ်ကြည့်တာ ညည်းမှမကြားတဲ့ နောက်ညည်းစိတ်ကူးယဉ်နေလို့ပေါ့ အေ့၊ မဟုတ်ဘူးလား၊ ပြောလေ၊ ဒါပေါ့အေ ဟုတ်ရင်ကျော်ပုပ်ရင်ပေါ် ဆိုတာ”

စိမ်းမြမြမှာ ရွှေမိ၏ ရေပက်မဝင်နိုင်အောင် အချက်တူတူပြောလာသောစကားကြောင့် သူခိုးလူမိ၊ ကျိုးကြည့်ကြောင်ကြည့် ဖြစ်လျက် ဆိတ်ဆိတ်ပင်နေလိုက်ရလေသည်။

♦

ယခုတော့လည်း လူပေလူတေလေးဘဝကလူကောင်းသူကောင်းလေးဖြစ်လာသော ရွှေမောင်နှင့် စိမ်းမြမြတို့မှာ အပေးအယူမျှလို့ ချစ်သူတို့ဘဝရောက်ခဲ့သည်ပင် တစ်နှစ်ရှိခဲ့လေပြီ။ ထိုနေ့ညကတော့ ချစ်သူတို့ဘဝ နောင်ရေးဆွေးနွေးရန်အတွက် ချိန်းတွေ့ရန် ရွှေမောင်ကတောင်းဆို ထားသောညဖြစ်လေသည်။ လပြည့်ညဖြစ်သဖြင့် လမင်းကြီးကအစွမ်းကုန်သာလျက်ရှိနေသည်။ ရွှေမောင်ကတော့ စိမ်းမြမြတို့ စပါးကျီကြီး ဘေးတွင် မှောင်ရိပ်ခိုကာ စိမ်းမြမြ ဆင်းလာမည့်အိမ်ကြီးဆီမျှော်ငေးကြည့်နေသည်။

မကြာမီစိမ်းမြမြဆင်းလာသည်ကိုမြင်ရသည်။ ရွှေမောင်က စိမ်းမြမြ မိမိအနီးရောက်သည်နှင့် ဆီးဖက်မည်လုပ်သည်။ သို့သော် စိမ်းမြမြကအကင်းပါးစွာလက်နှစ် ဖက်ကို ဖမ်းဆုပ်လျက်တွန်းထိုးလေး လုပ်ထားလိုက်သည်။ ထိုနောက်မှာတော့ ရေးရေးအတွက် သူ့စည်းကိုယ့်စည်းစောင့်ကာ ဆွေးနွေးကြသည်။ ရွှေမောင်းကလာသည့်မတ်ပဲ ပေါ်ချိန်တွင် လူကြီးစုံရာနှင့်တောင်းရမ်းလက်ထပ်ချင်ပြီဆိုသည်ကိုလည်း စိမ်းမြမြက သဘောတူခဲ့သဖြင့် ချစ်သူနှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ကြည့်လျက် ရွှင်မြူးသွားကြသည်။

“ဒါနဲ့စိမ်းမြလက်ထပ်ပြီး ရင်ကိုယ့်ကို ရွှေမောင်လို့ပဲ ခေါ်နေဦးမှာလား၊ နင်ပဲငါပဲပြောနေဦးမှာလား”

ရွှေမောင်က စိမ်းမြမြ၏ လက်ကလေးကို တင်းတင်းကျပ်ကျပ်ကိုင်ဆုပ်ကာ မေးလိုက်သည်။

“အမလေးဒါများ ရေးကြီးခွင့်ကျယ်လုပ်လို့ ရွှေမောင်ရယ်၊ စိမ်းမြတို့နှစ်ယောက်က ကစားဖော်ရွယ်ကတည်းက တွဲလာခဲ့ကြတဲ့ သူတွေပဲလေ၊ ဘယ်လိုခေါ်ခေါ် အရေးမကြီးသလို အဓိကမကျပါဘူး”

“ဒါဖြင့် ဘယ်ဟာက အရေးကြီးပြီး အဓိကကျနေလို့လဲ”

အရေးကြီးတာရှိတာပေါ့ ရွှေမောင်၊ ငယ်ကချစ်တော့ အနှစ်တစ်ရာမမေ့သာ ငယ်ကပေါင်းတော့ အနှစ်တစ်သောင်းမမေ့ကောင်းဆိုစကားနဲ့အညီ တစ်ယောက်နဲ့ တစ်ယောက်ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့အပေးအယူမျှဖို့က အရေးကြီးသလို အဓိကလည်း အကျဆုံးပဲလေ၊ မဟုတ်ဘူးလား”

“ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့၊ သြော် ဒါနဲ့ စိမ်းမြရေကောင်းကင်က လမင်းကြီးကို ကြည့်လိုက်စမ်းပါဦး၊ စိမ်းမြမြကြီးသာနေလိုက်တာ”

ရွှေမောင်က စိမ်းမြမြတစ်ယောက်ကောင်းကင်က လမင်းကြီးကို မော်ကြည့်ချိန် အလစ်အငိုက်မှာ နဖူးပြင်လေးကို ခိုးနမ်းမည်အလုပ်၊ စိမ်းမြမြက ရင်ဘတ်ကိုဆီးတွန်းထားလျက်။

“ဟင် တော်တော်ညာဏ်များ တဲ့ လူဆိုး၊ လမင်းကြီးက ရွှန်းမြမြကြီး မသာဘဲ စိမ်းမြမြကြီး သာတယ်လို့ ဘယ်မြန်မာစာဆရာက သင်ထားလဲ”

“အဟီး ကောင်းကင်က လမင်းကြီးက ရွှန်းမြမြကြီးသာ နေတယ်လို့ ပြောရမှာလား၊ သိပါ ဘူး၊ ကိုယ့်ဘေးမှာ စိမ်းမြမြဆိုတဲ့ မင်းကြီးတစ်စင်းကသာနေတော့ ဝမ်းသာလုံးဆို့ပြီး စိမ်းမြမြကြီးသာနေတယ်လို့ အပြောမှားသွားတာပါ စိမ်းမြရာ”

“ဟင်း သူတော်တော်တတ်နေတယ်”

“အဲ့ဒါတွေဟာ အချစ်ဆိုတဲ့ အရာက သင်ပေးတာတွေပဲလေ”

ရွှေမောင်က ရွှင်ရွှင်မြူးမြူးလေး ပြန်ပြောလာတော့ စိမ်းမြမြက ချစ်မျက်စောင်းလေးထိုးကာမခို့တခို့လေးကြည့်လိုက်လေသည်။ ထိုနေ့ညကချစ်သူနှစ်ဦး ရွှင်မြူးနေပုံကတော့ ကောင်းကင်ထက်တွင် သာနေသော လမင်းကြီးထက်ပင် ကိုးဆယ်ဆသာကာ ကြည်နူးစရာကောင်းနေလေတော့သည်။

**ကေတုမောင်ညိုလင်း**


2013



# စျေးကြီးသော သင်ခန်းစာများ

**သည်းစန္ဒီထွန်း**

ဘာသာပြန်ဝတ္ထုတို

ပညာတတ်လူကုံထံ တစ်ယောက်အနေနှင့် နိုင်ငံခြား ဘာသာစကားမတတ်ခြင်းဟာ ကြီးမားသည့် အတားအဆီးပင်ဖြစ်သည်။ ဘွဲ့ယူပြီးနောက် ဗိုရှိုတော့ဗ်တစ်ယောက် သုတေသနအလုပ်တစ်ခုကို စတင်လုပ်ဆောင်ချိန်တွင် ထိုအချက်ကို ကွက်ကွက်ကွင်းကွင်း သဘောပေါက်လာသည်။

"တော်တော်ဆိုးတာပဲ" ဟု အသက်ကို ပြင်းပြင်းရှူရင်း သူ ပြောသည်။ (အသက်မှာ နှစ်ဆယ့် ခြောက်နှစ်သာ ရှိသေးသော်လည်း သူသည် ဝဖြိုးလေးလံကာ အသက်ကောင်းကောင်း မရှူနိုင်သည့် ဝေဒနာရနေသည်။)

"တော်တော်ကို ဆိုးတယ်။ ဘာသာစကား မတတ်တာ အတောင်မပါတဲ့ ငှက်လို ငါလည်း ဖြစ်နေပြီ။ ဒီအလုပ်ကို လက်လျှော့မှ ဖြစ်တော့မယ်"

သို့နှင့် သူ၏မွေးရာပါအပျင်း ထူရောဂါကို ဘယ်နည်းနှင့်ဖြစ်ဖြစ် ကျော်လွှားပြီး ပြင်သစ်နှင့် ဂျာမန် ဘာသာစကားသင်ယူရန် ဆုံးဖြတ်ကာ ဆရာ ရှာဖွေလေတော့သည်။ ဆောင်းရာသီ နေ့လယ်ခင်းတစ်ခုတွင် သူ့အခန်းထဲတွင်ထိုင်ကာ အလုပ်လုပ်နေစဉ် အစေခံက အမျိုးသမီးငယ်တစ်ယောက် သူ့ကိုမေးနေကြောင်း အသိပေးလာသည်။

"အထဲ ခေါ်လိုက်ပါ"

သူက ပြောလိုက်သည်။ ထို့နောက် နောက်ဆုံးပေါ် အဝတ်အစားများကို သေသပ်စွာ ဝတ်ဆင်ထားသော အမျိုးသမီးငယ်တစ်ယောက် ဝင်လာသည်။ သူမကိုယ်သူမ ပြင်သစ်ဘာသာသင်သည့် ဆရာမဖြစ်ကြောင်း အဲလစ်ဟုခေါ်ကြောင်းနှင့် သူ၏သူငယ်ချင်းတစ်ယောက်က လွှတ်လိုက်ခြင်းဖြစ်ကြောင်း ပြောပြမိတ်ဆက်လေသည်။

"ဝမ်းသာလိုက်တာဗျာ။ ကျေးဇူးပြုပြီး ထိုင်ပါခင်ဗျာ"

အသက်ကို ပြင်းပြင်းရှူရင်း ညဝတ်ရှပ်အင်္ကျီ၏ ကော်လံကို သူ့လက်တစ်ဖက်နှင့် ကိုင်လိုက်သည်။ (လွတ်လပ်စွာ အသက်ရှူနိုင်ရန် ပိတ်ကြမ်းရှပ်အင်္ကျီများအစား ညဝတ်ရှပ်အင်္ကျီကိုသာ ဝတ်၍ သူအလုပ်လုပ်တတ်သည်။)

"မစ္စတာ ပီတာဆာဂျီအစ်ချ် လွှတ်လိုက်တာ မဟုတ်လား။ ဟုတ်တယ်။ ကျွန်တော် သူ့ဆီ စုံစမ်းဖူးတယ်။ ဝမ်းသာလိုက်တာဗျာ"

အမျိုးသမီးငယ်ကို ပြောနေစဉ် သူ ခပ်ရှက်ရှက်ဖြင့် စူးစမ်းအကဲခတ်နေသည်။ သူမသည် ပြင်သစ်အမျိုး သမီးအစစ်ပင်ဖြစ်သည်။ ကျက်သရေအလွန်ရှိကာ အတော်လည်း ငယ်သေးသည်။ အရောင်ဖျော့ပြီး အေးဆေးသော မျက်နှာ၊ လှိုင်းတွန့် ဆံပင်တို၊ အလွန်သေးငယ်သော ခါးကို ကြည့်ပြီး အသက်ဆယ့်ရှစ်နှစ်လောက်ဟု ခန့်မှန်းရသည်။ သို့သော် သူမ၏ ကျယ်ပြန့်ပြီး ကောင်းစွာ ဖွံ့ဖြိုးသော ပခုံးအစုံ၊ သူမ၏တင့်တယ်သော ကျောပြင်နှင့် တောက်ပသော မျက်လုံးများကို ထောက်လျှင်တော့ နှစ်ဆယ့်သုံးထက် မငယ်လှ၊ နှစ်ဆယ့်ငါးခန့်ရှိမည်ဟု သူအောက်မေ့မိသည်။ တစ်ဖန် ဆယ့်ရှစ်နှစ်ထက် မပိုဘူးဟု တွေးမိပြန်သည်။ သူမမျက်နှာသည် ငွေအကြောင်းပြောရန် လာသည့်လူတစ်ယောက်၏ မျက်နှာကဲ့သို့ အမူအရာကင်းမဲ့ကာ အလုပ်ဆန်သည်။ တစ်ခါမျှပင် ပြုံးလည်း မပြုံး၊ မဲ့လည်း မမဲ့ပါ။ သူမ စာသင်ရမည့်သူမှာ ကလေးသူငယ်များမဟုတ်ဘဲ သန်သန်မာမာ လူငယ်တစ်ယောက်ဖြစ်နေသည်ကိုသိလိုက်ရ၍ တစ်ချက်ပဟေဠိဖြစ်ဟန်သာ ရှိသည်။

"ဒါဆို အဲလစ်။ ကျွန်တော်တို့ နေ့စဉ်ညနေပိုင်း ခုနစ်နာရီကနေ ရှစ်နာရီအထိ သင်ကြမယ်၊ ခင်ဗျား ပြောတဲ့အတိုင်း တစ်ရက်ကို တစ်ရူဗီးနှုန်းကို ကျွန်တော် သဘောတူပါတယ်"

ထို့နောက် သူမကို လက်ဖက်ရည်သောက်မလား၊ ကော်ဖီသောက်မလားဟု သူမေးသည်။ ရာသီဥတုသာယာရဲ့လားလည်း မေးသည်။ စားပွဲခင်းကို လက်နှင့်အသာအယာပွတ်သပ်ရင်း ဖော်ရွေသော အပြုံးဖြင့် သူက သူမဘယ်သူလဲ၊ ဘာတွေလေ့လာခဲ့သလဲ၊ ဘယ်လို နေထိုင်လဲ စသဖြင့် ရင်းရင်းနှီးနှီး မေးနေသည်။

သူမက အေးစက်ကာ အလုပ်ဆန်သော အမူအရာဖြင့် ပုဂ္ဂလိကကျောင်းတစ်ခုမှ ကျောင်းပြီးဆုံး၍ အိမ်သင်ဆရာမအဖြစ် ဒီပလိုမာလက်မှတ်ရခဲ့ကြောင်း၊ သူမဖခင်ဟာ မကြာသေးခင်က အဖျားရောဂါဖြင့် ကွယ်လွန်သွားကြောင်း၊ သူမမိခင်က ရှိသေးပြီး ပန်းတုလုပ်ငန်းလုပ်ကိုင်ကြောင်း၊ သူမကတော့ ပုဂ္ဂလိကကျောင်းတစ်ခုမှာ ညစာအချိန်အထိ စာသင်ကြောင်း၊ ညစာအချိန်နောက် ညအထိ မိသားစုတွေဆီ စာသွားသင်ရင် မအားကြောင်း ပြောပြသည်။


ထို့နောက် သူမအဝတ်အစားများမှ ခပ်သင်းသင်းရနံ့ကို ချန်ထားကာ ပြန်သွားသည်။ အချိန်အတော်ကြာသည့်တိုင် ဗိုရိုတော့ဗ် သူ့အလုပ်ထဲ အာရုံမစိုက်နိုင်။ သူ့စားပွဲတွင်ထိုင်ကာ စားပွဲခင်းကို ပွတ်သပ်ရင်း စဉ်းစားနေသည်။

"မိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး အလုပ်လုပ်နေတာတွေ့ရတာ ဝမ်းသာစရာပဲ။ တစ်ဖက်က ကြည့်ပြန်တော့ ဆင်းရဲမွဲတေမှုက အဲလစ်လို မိန်းမလှလေးတွေကိုလည်း မျက်နှာသာမပေးပါလား။ အဲလစ်မှာ သူ့ဘာသာသူ အသက်ရှင်နိုင်အောင် ရုန်းကန်နေရတာပဲ။ ဝမ်းနည်းစရာ အကောင်းသား" ဟု သူတွေးမိသည်။

ဂုဏ်သရေရှိ ပြင်သစ်အမျိုးသမီးများကို မြင်ဖူးခဲ့ခြင်းမရှိသည့် သူသည် ဤသပ်သပ်ရပ်ရပ်ဝတ်စားကာ ဖွံ့ထွားသော ပခုံးများနှင့်ခါးသေးသေးလေးကို ပိုင်ဆိုင်သောအမျိုးသမီးငယ်သည် ပြင်သစ်စာသင်ခြင်းအပြင် အခြားမည်သည့်အလုပ်ကို လုပ်ဦးမည်နည်းဟု သူအောက်မေ့မိသည်။ နောက်တစ်နေ့

66

အဲလစ်သည် သွေးဆုတ်သွားသည်။ သူ၏ကြေညာချက်ကြောင့် သူမ နောက်ထပ်လာပြီး သင်ခန်းစာတစ်ခု တစ်ရှူပြီး မရနိုင်တော့ဟု တွေးမိသဖြင့် ထိတ်လန့်မှုကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ သူမ မျက်လုံးထဲက ကြောက်လန့်သော အကြည့်ဖြင့် ပြတ်သားကာ တိုးညင်းသော အသံနှင့် ပြောသည်။



ညနေခင်း ခုနစ်နာရီမထိုးခင် ငါးမိနစ်အလိုတွင် နှင်းများကြားမှ နှင်းဆီသွေးဖြန်းလျက် အဲလစ်ရောက်လာသည်။ သူမ သယ်လာသော စာအုပ်ကိုဖွင့်ကာ နိဒါန်းပျိုးမနေဘဲ စသည်။

"ပြင်သစ်သဒ္ဒါမှာ အက္ခရာနှစ်ဆယ့်ခြောက်လုံး ရှိတယ်။ ပထမအက္ခရာက အာ၊ ဒုတိယက ဘေ . . ."

"ခဏ. . . ခဏ နေပါဦး"

ဗိုရိုတော့ဗ်က ပြုံးကာ ဖြတ်ပြောလိုက်သည်။

"ကျွန်တော့်ကို သင်တဲ့နေရာမှာ ခင်ဗျားနည်းလမ်းကို နည်းနည်းလေးတော့ ပြောင်းဖို့ လိုမယ်လို့ ကျွန်တော်ထင်တယ်။ ခင်ဗျား သိသားပဲ။ ကျွန်တော် ရုရှားစကား၊ ဂရိနဲ့ လက်တင်ကို ကောင်းကောင်းတတ်တယ်။ ဘာသာစကားများရဲ့ ဇာစ်မြစ်ကို နှိုင်းယှဉ်လေ့လာမှုလည်း လုပ်ခဲ့တယ်။ ဒီတော့ ခင်ဗျားစာအုပ်ကို ခဏဖယ်ပြီး စာရေးတစ်ယောက်ယောက်ရဲ့စာကို တိုက်ရိုက်ဖတ်လိုက်ရအောင်လား"

ထို့နောက် အရွယ်ရောက်သူတွေ ဘာသာစကားကို ဘယ်လိုလေ့လာသလဲဆိုတာကို မိန်းကလေးအား သူ ဆက်ရှင်းပြသည်။

"ကျွန်တော့် သူငယ်ချင်းတစ်ယောက်ဗျာ။ ခေတ်သစ်ဘာသာစကားတွေ လေ့လာချင်နေတာ။ ဒါနဲ့ ပြင်သစ်၊ ဂျာမန်နဲ့ လက်တင်သမ္မကျမ်းစာအုပ်တွေကို ရှေ့မှာချ၊ စကားလုံးတစ်ခုချင်းကို အသေးစိတ်လိုက်လေ့လာပြီးတော့ ယှဉ်ဖတ်တာ။ ခင်ဗျား ယုံပါ့မလား မသိဘူး။ တစ်နှစ်တောင် မပြည့်သေးဘူး။ တတ်သွားရော။ ကျွန်တော်တို့လည်း အဲလိုပဲ လုပ်ရအောင်။ စာရေးဆရာတစ်ယောက်ကို ရွေးချယ်ပြီး ဖတ်မယ်"

မိန်းကလေးက သူ့ကို စိတ်ရှုပ်ထွေးဟန်ဖြင့် ကြည့်နေသည်။ သူ့အကြံပြုချက်က သူမအတွက် အသစ်အဆန်းဖြစ်ပြီး မဖြစ်နိုင်ဟန် ပေါ်နေသည်။ ကလေးတစ်ယောက်ကသာ အဲဒီလိုပြောလာတာဆိုရင် သူမအနေနှင့် ဒေါသထွက်ပြီး အော်ငေါက်ပစ်လိုက်မည် ဖြစ်သည်။ သို့သော် အရွယ်ရောက်ပြီး ထောင်ထောင်မောင်းမောင်း လူငယ်တစ်ယောက်ဖြစ်နေသဖြင့် သူမ အဲဒီလို မလုပ်နိုင်ပါ။ သူမ ပခုံးကို မသိမသာ တွန့်ကာပြောသည်။

"ရှင့်သဘောပါပဲ"

သို့နှင့် ဗိုရိုတော့ဗ်သည် သူ့စာအုပ်စင်ကို မွှေနှောက်ကာ စာရွက်ထောင့်များ လိပ်တက်နေသော ပြင်သစ်စာအုပ်တစ်အုပ်ကို ထုတ်လိုက်သည်။

"ဒါဆို အဆင်ပြေမလား"

"ဟုတ်ကဲ့"

"ဒါဆို စကြရအောင်၊ ကံကောင်းပါစေဗျာ၊ ခေါင်းစဉ်က စရအောင်၊ မန်မိုရာဆိုတာ ဘာလဲဗျ"

"အမှတ်တရများဆိုတဲ့ အဓိပ္ပာယ်ပါ"

သူမက ဘာသာပြန်ပေးသည်။ ယဉ်ကျေးသည့် အပြုံးကိုပြုံးကာ အသက်ကို ပြင်းပြင်းရှူရင်း သူသည် တစ်နာရီ၏ လေးပုံတစ်ပုံခန့်က အမှတ်တရဆိုသည့် ဝေါဟာရကို အပြန်အလှန်စဉ်းစားနေသည်။ ထို့နောက် ၏ဟူသော ဝိဘတ်စကားလုံးကိုလည်း အပြန်အလှန်တွေးတောနေသဖြင့် မိန်းကလေးသည် ညည်းငွေ့လာသည်။ သူ့မေးခွန်းများကို ခပ်ဖြည်းဖြည်း သူမဖြေပေးနေရာက စိတ်ရှုပ်သထက် ရှုပ်လာပြီး သူမ တပည့် ဘာဖြစ်နေမှန်း သဘောပေါက်ဟန် မတူပေ။ သဘောပေါက်ရန်လည်း ကြိုးစားဟန် မတူပေ။ ဗိုရိုတော့ဗ်က သူမကို မေးခွန်းများမေးရင်း သူမ၏ နူးညံ့သော ဆံပင်များကိုကြည့်ရင်း စဉ်းစားနေသည်။

"သူ့ဆံပင်က သဘာဝအတိုင်းကောက်တာ မဟုတ်ဘူး၊ တမင်လုပ်ထားတာ၊ ထူးဆန်းလိုက်တာ၊ မနက်ကနေ ညအထိ အလုပ်လုပ်ရတာတောင် ဆံပင်ကောက်ဖို့ အချိန်ရှာတွေ့သေးတယ်"

ရှစ်နာရီအတိတွင် သူမ မတ်တတ်ထရပ်ကာ အေးစက်ခြောက်သွေ့စွာ နှုတ်ဆက်စကားဆိုသည်။ ပြီးတော့ တူညီသောရနံ့ကို ချန်ထားလျက် အခန်းထဲမှ ထွက်ခွာသွားသည်။ အတန်ကြာသည့်တိုင် ကျန်ခဲ့သည့် သူမတပည့်သည် ဘာမှမလုပ်

ဘဲ စားပွဲတွင်ထိုင်လျက် စဉ်းစားနေပြန်သည်။ နောက်ရက်များတွင် သူ့ဆရာမသည် စိတ်ဝင်စားဖွယ်ကောင်းသော၊ အလုပ်ကြိုးစားသည့် မယ်တိကျလေးဖြစ်သော်လည်း ကောင်းမွန်စွာ ပညာတတ်မြောက်သူမဟုတ်ဟု သူယုံကြည်လာသည်။ သူမသည် လူကြီးများကို စာသင်ပေးတတ်သူမဟုတ်။ ထို့ကြောင့် သူ့အချိန်ကို မဖြုန်းတော့ဘဲ သူမအား အလုပ်ဖြုတ်၍ နောက်ဆရာတစ်ယောက်ရှာရန် ဆုံးဖြတ်လိုက်သည်။ သူမ ခုနစ်ကြိမ်မြောက်ရောက်လာချိန်တွင် သူက အိတ်ကပ်ထဲမှ ခုနစ်ရူပီထည့်ထားသော စာအိတ်တစ်ခုကို ထုတ်လိုက်သည်။ စာအိတ်ကို လက်ထဲကိုင်ထားရင်း စိတ်ထွေပြားလာကာ ပြောသည်။

"ကျွန်တော့်ကို ခွင့်ပြုပါ အဲလစ်။ ကျွန်တော် အားတော့နာလှပါတယ် ခင်ဗျားကို ပြောရမှာ . . ."

စာအိတ်ကို မြင်သည်နှင့် မိန်းကလေးသည် ဘာလဲဆိုတာ သဘောပေါက်သွားပြီး ပထမဆုံးအကြိမ်အဖြစ် သူမမျက်နှာသည် တုန်လှုပ်သွားကာ အလုပ်သဘောအမူအရာသည် ပျောက်ကွယ်သွားသည်။ သူမသည် သိမ်ငယ်ရှက်ရွံ့စွာ မျက်လွှာချလျက် သူမ၏ ပါးလွှာသော ရွှေဆွဲကြိုးလေးကို စိတ်လှုပ်ရှားစွာ လက်နှင့် ကစားနေသည်။ သူမ၏ စိုးရိမ်မှုကို မြင်ရသောအခါ ပိုရိုတော့ဗ်သည် သူမအတွက် တစ်ရူပီးဟာ ဘယ်လောက်တန်ဖိုးရှိကြောင်း၊ အလုပ်ပြုတ်လျှင် သူမအတွက် ဘယ်လောက် ခါးသီးဖွယ်ဖြစ်မည်ဖြစ်ကြောင်း သဘောပေါက်မိသည်။

"ကျွန်တော် ခင်ဗျားကို ပြောမှဖြစ်မယ်. . ."

သူ ပို၍ ပို၍ စိတ်ရှုပ်ထွေးလာသလို တုန်လည်း တုန်ယင်လာကာ ပြောသည်။ ပြီးတော့ စာအိတ်ကို သူ့အိတ်ကပ်ထဲ ပြန်ထိုးထည့်ကာ ဆက်ပြောသည်။

"ခဏ၊ ကျွန်တော် ဆယ်မိနစ်လောက် အပြင်ထွက်ချင်လို့"

သူမကို အလုပ်ထုတ်ရန်မဟုတ်ဘဲ အပြင်ခဏထွက်ချင်သော အမူအရာကို သာပြလျက် သူ ဘေးအခန်းထဲ ဝင်ကာ ဆယ်မိနစ်ခန့် ထိုင်နေသည်။ ထို့နောက် ပို၍ စိုးတထိတ်ထိတ်ဖြင့် သူ စာသင်ခန်းဘက်ဆီ ပြန်ဝင်လာသည်။ သူမ သူ ထွက်သွားတာကို ဘယ်လို စဉ်းစားနေမည်လဲဟု တွေးမိသည်။ အူကြောင်ကြောင်နိုင်လှစွာ သူ ခံစားရသည်။

သို့နှင့် သင်ခန်းစာများ စတင်ပြန်သည်။ သူ လုံးဝစိတ်မဝင်စားတော့ပါချေ။ ဘာမှလည်း သူ သင်ယူနိုင်မည်မဟုတ်ကြောင်း သဘောပေါက်သဖြင့် ဆရာမဖြစ်သူကို စိတ်ရှိသလို လုပ်ခွင့်ပေးလိုက်သည်။ သူမကို ဘာမှလည်း မေးခွန်းမထုတ်။ ကြားဖြတ်ပြောဆိုခြင်းလည်း မပြုတော့။ စာသင်ချိန်တစ်ခုအတွင်း စာမျက်နှာ ဆယ်မျက်နှာကို သူမစိတ်ကြိုက် ဘာသာပြန်သည်။ သူ နားထောင်မနေပေ။ အသက်ကို ပြင်းပြင်းရှူရင်း သူမ၏ဆံပင်၊ ဖြူဖွေးနူးညံ့သော လက်များ၊ သူမ၏ လည်တိုင်ကို ငေးကြည့်ရုံကလွဲရင် ကျန်တာမလုပ်။ သူမ၏ အဝတ်အစားရနံ့ကိုလည်း ရှူရှိုက်မိသည်။ မတော်တရော်အတွေးများကို တွေးမိနေကြောင်း သူ့ဘာသာ သတိထားမိကာ ရှက်သွားသည်။ ထိုသို့မဟုတ်ပြန်လျှင် သူသည် သိမ်သိမ်မွေ့မွေ့ ဖြစ်နေပြန်သည်။ တစ်ဖန် သူ့ကို တပည့်တစ်ယောက်လို မပြုံးမရယ်နှင့် ဆက်ဆံနေသော သူမကြောင့် စိတ်ပျက်ဝမ်းနည်းမိပြန်သည်။ သူမကြည့်ရတာ သူက မတော်တဆ တို့ထိမှာကို စိုးရိမ်နေပုံပင်။ သူ့ကို ဘယ်လို ယုံကြည်အောင် လုပ်ရမလဲ၊ သူမအကြောင်း ဘယ်လို ပိုသိအောင် လုပ်ရမလဲ၊ ကူညီရမလဲ၊ သူမ စာသင်တာ ဘယ်လောက် ညံ့ကြောင်း နားလည်အောင် ဘယ်လိုပြောပြရမလဲစသဖြင့် လျှောက်စဉ်းစားနေသည်။

တစ်နေ့တွင် အဲလစ်သည် ပန်းရောင်ဂါဝန်လှလှကို ဝတ်လျက် ရောက်လာသည်။ ရေမွှေးရနံ့က သူမတစ်ကိုယ်လုံးကို တိမ်တိုက်တစ်ခုကဲ့သို့ လွှမ်းခြုံထားသည်မှာ တစ်ယောက်ယောက်ကများ မှုတ်ထုတ်လိုက်လျှင် လေတွင် ပါသွား



မလား။ မီးခိုးငွေ့လို လွင့်ပါးသွားမလားထင်ရသည်။ သူမက တောင်းပန်ကာ နာရီဝက်ပဲစာသင်ပြီး ပြန်လို့ရမလား ဟုမေးသည်။ ကပွဲတစ်ခုကို သူမ ဆက်သွားမည်ဖြစ်၍ ဖြစ်သည်။

သူသည် သူမ၏ လည်ချောင်းနှင့် အဝတ်မဲ့နေသော လည်တိုင်ကို ကြည့်ကာ ဘာကြောင့် ပြင်သစ်အမျိုးသမီးတွေဟာ လွယ်လွယ်ကူကူ ဖမ်းစားခံရသော ကျပ်မပြည့်သည့် သတ္တဝါများအဖြစ် နာမည်ကြီးရသလဲဆိုတာ နားလည်သွားပြီဟု တွေးမိသည်။ ထိုရေမွှေးရနံ့၊ အလှ၊ အဝတ်လွတ်အရေပြားနောက် သူ့စိတ်မျောပါသွားချိန်တွင် သူမကတော့ သတိလည်း မပြုမိ၊ စိတ်လည်း ဝင်စားမှုမရှိဘဲ စာမျက်နှာများကို တစ်ရွက်ပြီးတစ်ရွက် လှန်ကာ ဘာသာပြန် ရွတ်ဆိုနေသည်။

"သူသည် လမ်းပေါ်လျှောက်လာရင်း သူ၏သူငယ်ချင်း လူကြီးလူကောင်းတစ်ယောက်နှင့် တွေ့သည်။ သူက ပြောသည်။ မင်းမျက်နှာ ဒီလောက် ဖြူဖျော့နေတာကို တွေ့ရတာ ဝမ်းနည်းတယ်"

'အမှတ်တရများ' သည် ပြီးဆုံးသွားသည်မှာ ကြာပြီ။ ယခုအခါ အဲလစ်သည် နောက်စာအုပ်တစ်အုပ်ကို ဖတ်ပြနေသည်။ တစ်ရက်တွင် သူမ တစ်နာရီစော၍ ရောက်လာသည်။ ခုနစ်နာရီတွင် ပြန်ပြီး ရုပ်ရှင်ရုံကိုသွားရန် ဖြစ်သည်။ သင်ခန်းစာအပြီးတွင် ပိုရိုတော့ဗ်သည် အဝတ်အစားလဲကာ ထိုရုပ်ရှင်ရုံသို့ သူကိုယ်တိုင် ချီတက်လေသည်။ အပြောင်းအလဲအနေနှင့် ဖျော်ဖြေရေးအနေနှင့် သွားခြင်းသာဖြစ်သည်ဟု သူ့ဘာသာ ဖြေသိမ့်သည်။ အဲလစ်အကြောင်း လုံးဝ လုံးဝ သူ မစဉ်းစားမိဟုလည်း တွေးသည်။ ပညာရှင်တစ်ယောက်အဖြစ် အသက်မွေးရန် ပြင်ဆင်နေကာ ငြီးငွေ့ဖွယ် အမှုအကျင့်များနှင့် လေးနက်သည့် လူတစ်ယောက်သည် သူ့အလုပ်ကို ပစ်ထားကာ ရုပ်ရှင်ရုံသို့ပြေး၍ ဉာဏ်ရည်လည်းမကောင်း၊ ရိုးလည်းရိုးစင်း၊ အကြောင်းလည်း



> သူ့ဆရာမ မျက်နှာကို တစ်ချက်ကြည့်မိသည်နှင့် သူ၏ အကြံအစည်များသည် ဝရန်တာက လေထဲကို သယ်ဆောင်ခြင်းခံရသော ဖယောင်းတိုင်မီး ငြိမ်းသကဲ့သို့ ပျောက်ပျက်ကုန်သည်။ တစ်ခါတော့ သတ္တိတွေ ထွက်လာပြီး အိပ်မက် မက်နေသကဲ့သို့ သူ ကိုယ်သူ. . .

ဘာမှ မသိရသေးသည့် မိန်းကလေး တစ်ယောက်ကို တွေ့သည်ဆိုတာကို သူ ဝန်မခံနိုင်ပါချေ။

သို့တိုင် အကြောင်းတစ်ခုခုဖြင့် သူ့နှလုံးသားသည် ထိုအတော အတွင်း တဒိတ်ဒိတ်ခုန်နေလေသည်။ ကိုယ့်ဘာသာ ဘာလုပ်နေမှန်း သတိမထားမိဘဲ သူသည် စကြံတစ်လျှောက် ခန်းမထဲတို့တွင် တစ်စုံတစ်ယောက်ကို စိတ်မရှည်စွာ စောင့်နေသည့် ကောင်ကလေး တစ်ယောက်ကဲ့သို့ ပြေးလွှားနေလေသည်။ အချိန်ကုန်သွားသောအခါ သူ စိတ်ပျက်လာသည်။ ထို့နောက် ထိုပန်းနုရောင်ဝတ်စုံနှင့် ပဝါစ အောက်မှ လှပသော ပခုံးနှစ်ဖက်ကို သူမြင်သွားသောအခါ သူ့နှလုံးသား သည် ပျော်ရွှင်မှု၏ ရှေ့ဦးအရသာကို ခံစားရသကဲ့သို့ တဆတ်ဆတ်တုန်လာသည်။ သူ ရွှင်မြူးစွာ ပြုံးလိုက်သည်။ သူ့ဘဝတွင် ပထမဆုံးအကြိမ် သဝန်တိုမှုကို တွေ့ကြုံခံစားရသည်။

အဲလစ်သည် ကြည့်ဖွယ်မကောင်းသော ကျောင်းသားနှစ်ယောက်၊ အရာရှိတစ်ယောက်တို့နှင့်အတူ လမ်းလျှောက်လာနေသည်။ သူမသည် အသံကျယ်ကျယ်နှင့်လည်း ရယ်မောနေသည်။ ကလူ၏သို့ မြူ၏သို့ လုပ်နေသည်မှာ သိသာသည်။ သူမကို ထိုကဲ့သို့ ဘယ်တုန်းကမှ သူ မမြင်ဖူးခဲ့ချေ။ သူမ ပျော်ရွှင်နေကြောင်း၊ ကျေနပ်နေကြောင်း၊ နွေးထွေးပျူငှာနေကြောင်း၊ ပွင့်လင်းဖြူစင်နေကြောင်းမှာ သံသယရှိစရာ မလိုပေ။ ဘာအတွက်လဲ။ ဘာကြောင့်လဲ။ အဲဒီအမျိုးသားတွေဟာ သူမ၏ သူငယ်ချင်းများဖြစ်ပြီး သူမအသိုက်အဝန်းကပင်ဖြစ်သောကြောင့် ဖြစ်နိုင်သည်။ ဇိုရိုတော့ဗ်သည် သူနှင့် ထိုအသိုက်အဝန်းကြား သမုဒ္ဒရာကြီးရှိနေသည်ဟု ခံစားရသည်။ သူက သူ့ဆရာမကို အရိုအသေပေးလိုက်သည်။ သို့သော် သူမက အေးစက်စွာ ခေါင်းဆတ်ပြပြီး ခပ်သွက်သွက် ဖြတ်လျှောက်သွားလေသည်။ သူမမှာ တပည့်တွေရှိကြောင်း၊ ငွေရရန် စာသင်ပေးနေကြောင်းကို သူမ၏ သူငယ်ချင်းများအား မသိစေလိုကြောင်း ထင်ရှားလှသည်။

ရုပ်ရှင်ရုံ၌ တွေ့ဆုံပွဲနောက်တွင် ဇိုရိုတော့ဗ်သည် သူမကို သဘောကျနေမိကြောင်း သူ့ဘာသာ သိသွားသည်။ ထို့နောက် စာသင်ချိန်များတွင် သူ၏ကျက်သရေရှိသော ဆရာမကို မျက်လုံးဒေါက်ထောက်ရှုစားသည်။ သင့်တော်သည်ဖြစ်စေ မသင့်တော်သည် ဖြစ်စေ သူ့အတွေးများကို လွတ်လွတ်လပ်လပ် ကြိုးဖြေပေးလိုက်သည်။ သူမ မျက်နှာ၏ အေးစက်မှုကတော့ လျော့ပါးမသွား၊ ည ရှစ်နာရီတိုင်း အေးစက်စွာ နှုတ်ဆက်၍ ထွက်ခွာမြဲဖြစ်သည်။ သူမသည် သူ့အကြောင်းကို ဘာမှ စိတ်မဝင်စားခဲ့၊ ဘယ်တော့မှလည်း စိတ်ဝင်စားမည်မဟုတ်ဘဲ အခြေအနေမှာ မျှော်လင့်ချက်မဲ့လှသည်ကို သူ ခံစားရသည်။

ရံဖန်ရံခါ သင်ခန်းစာ၏ အလယ်တွင် သူ စိတ်ကူးယဉ်သည်။ မျှော်မှန်းသည်။ အစီအစဉ်တွေ တွေးတောကြံစည်သည်။ စိတ်ထဲတွင် အချစ်ကြေညာစာတမ်းတွေ သူ သီကုံးနေသည်။ ပြင်သစ်အမျိုးသမီးတွေဟာ ဉာဏ်ထိုင်းပြီး အညာလွယ်ကြောင်းကို သတိရသည်။ သို့သော် သူ့ဆရာမမျက်နှာကို တစ်ချက်ကြည့်မိသည်နှင့် သူ၏ အကြံအစည်များသည် ဝရန်တာက လေထဲကို သယ်ဆောင်ခြင်းခံရသော ဖယောင်းတိုင်မီး ငြိမ်းသကဲ့သို့ ပျောက်ပျက်ကုန်သည်။ တစ်ခါတော့ သတ္တိတွေ ထွက်လာပြီး အိပ်မက်မက်နေသကဲ့သို့ သူ့ကိုယ်သူမေ့သွားသည်။ ထို့နောက် သူ့ကိုယ်သူ ထိန်းချုပ်မထားတော့ဘဲ သင်ခန်းစာအပြီး အိမ်ပြန်တော့မည့် သူမရှေ့မှ ပိတ်ရပ်လိုက်သည်။ အသက်ကိုဝအောင် ရှူကာ အထစ်ထစ်အငေါ့ငေါ့ဖြင့် သူ့အချစ်ကို ကြေညာလေသည်။

"အဲလစ်ကို ကျွန်တော် မြတ်နိုးပါတယ်။ ခင်ဗျားကို ကျွန်တော် ချစ်တယ်။ ကျွန်တော့်ကို ပြောခွင့်ပြုပါ"

အဲလစ်သည် သွေးဆုတ်သွားသည်။ သူ၏ကြေညာချက်ကြောင့် သူမနောက်ထပ်လာပြီး သင်ခန်းစာ တစ်ခု တစ်ရူဘီး မရနိုင်တော့ဟု တွေးမိသဖြင့် ထိတ်လန့်မှုကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ သူမ မျက်လုံးထဲက ကြောက်လန့်သော အကြည့်ဖြင့် ပြတ်သားကာ တိုးညင်းသောအသံနှင့် ပြောသည်။

"အို့. . . မဖြစ်ဘူး။ မပြောပါနဲ့။ ကျွန်မ တောင်းပန်ပါတယ်။ မပြောရဘူး"

ထို့နောက် သူ ညစဉ်အိပ်လို့မပျော်တော့။ ရှက်ရွံ့မှုက သူ့ကို နှိပ်စက်နေသည်။ သူ့ကိုယ်သူ အပြစ်တင်ကာ အပြင်းအထန်စဉ်းစားသည်။ သူ့အတွက်တော့ မိန်းကလေးကို စော်ကားမိသလို ပြုမူမိပြီး သူမ နောက်ထပ်လာတော့မည်မဟုတ်ဟု ထင်မိသည်။

နံနက်ပိုင်းတွင် လိပ်စာဌာနကနေ သူမလိပ်စာကို ရှာဖွေကာ တောင်းပန်စာရေးရန် ဆုံးဖြတ်လိုက်သည်။ သို့သော် စာမရေးလိုက်ရဘဲ အဲလစ် ရောက်လာလေသည်။ ပထမတော့ သူမ စိတ်မသက်မသာ ခံစားရသည်။ ထို့နောက် စာအုပ်တစ်အုပ်ကို ဖွင့်ကာ ခါတိုင်းကဲ့သို့ပင် လျင်မြန်သွက်လက်စွာ ဘာသာပြန်ရွတ်ဆိုသည်။

"အိုး. . . အသင် ယဉ်ကျေးသော လူငယ်၊ ဖျားနာနေသော သမီးကို ကျွန်တော် ပေးလိုသော ကျွန်တော့်ပန်းခြံထဲက ပန်းပွင့်များကို ခွေချမပစ်ပါနဲ့"

ယနေ့တိုင် သူမ လာရောက်နေဆဲဖြစ်သည်။ စာအုပ်လေးအုပ်ကို ဘာသာပြန်ပြီး ဖြစ်သည်။ သို့သော် ဇိုရိုတော့ဗ်ကတော့ 'အမှတ်တရများ' ဆိုသည့် ဝေါဟာရကလွဲရင် မည်သည့် ပြင်သစ်စကားကိုမျှ မသိလာပါချေ။ သူ၏ စာပေဆိုင်ရာ သုတေသနများနှင့် ပတ်သက်၍ အမေးမြန်းခံရသောအခါ သူက လက်ကိုဝှေ့ယမ်းကာ အဖြေပေးခြင်းမပြုဘဲ ရာသီဥတုအကြောင်းဆီ စကားဝိုင်းကို ဦးလှည့်လေသည်။

**သည်းစန္ဒီထွန်း**

ရည်ညွှန်း။ ။ Anton Chekhov ၏ Expensive lessons ကို ပြန်ဆိုသည်။

ကိုယ်သည် ဆပ်ကပ်မယ် လေးကို သဘောကျလျက်ရှိပါသည်။ သူ့အပြုံးကလေးမှာ ကန့်လန့်ကာ နောက်ကွယ်မှာတောင် ရှက်နေသေးသည့် ပရိသတ်ရှေ့ထွက်ကာစ ရွှေရင်သိမ်းသစ် မင်းသမီးကလေး ပေါက်စနလေး တစ်ယောက် ပြုံးတာ နှင့် တူနေပါသည်။ သူတို့ တင်ဆက်မှုအစီအစဉ် ပြီးသွားတော့ Presenter နှစ်ယောက်ကသူတို့ တစ်ဖွဲ့လုံးကို ပရိသတ်နဲ့ မိတ်ဆက်ပေး၊ အဖွဲ့ခေါင်းဆောင်နဲ့ ရယ်မောစရာတွေ ပြောနေခိုက်မှာပင် သူသည်ပရိသတ်ကိုလည်းရဲရဲမကြည့်ဝံ့ ဖြစ်နေကာ ရှက်သွေးဖြာနေပါသည်။ သူ့မှာအစီအစဉ်တင်ဆက်စဉ်က အတိုင်း အားကစားဝတ်စုံလည်းမကဖက်ရှင်ဒရက်စ်လည်းမကျလို့ ဆိုရမလို၊ စကောစက ဝတ်စားဆင်ပြင်ထား လျက်ပဲဖြစ်ပါသည်။ အောက်ပိုင်းကိုတော့ ပဝါပါးလေး ပတ်ထားပါသည်။ ကိုယ်ဟာသူ့ကို အလွန်



သဘောကျလျက်ရှိပါသည်။ အထူးသဖြင့် သူပြုံးပုံ၊ သူရှက်ပြုံး။

❖ ❖ ❖

ဒီကနေ့တော့ နေသာမည်ဟု ထင်ရပါသည်။ အိပ်ရာကအစောကြီးနိုးတဲ့ အကျင့်ကြီးရနေသည်မှာ တစ်ပတ် ဆယ်ရက်ခန့် ရှိပါပြီ။ အလင်းတွေ စိမ့်ဝင်လာပြီး မှောင်ရာက လင်းသွားတာကို အနေးသိနေရတာ၊ နေ့အပူချိန်ထက် အများကြီးသက်သာတာမို့ နေလို့ထိုင်လို့ ကောင်းတာနဲ့ ကျေးငှက်သာရကာအသံကလေးများ ကြားရတာကို ကိုယ်ကြိုက်ပါတယ်။ ဟိုးတုန်းကလည်းစောစောနိုးထတဲ့ နံနက်ခင်းများစွာရှိခဲ့ဖူးပါသည်။ နံနက်အစောကြီးတစ်ခုမှာ ကိုယ်ဟာ သူငယ်ချင်းတစ်ယောက်အိမ်ကို သွားနေခဲ့သည်။ ချော်တွင်းကုန်းဘက်ကနေ တောင်ဥက္ကလာသံသုမာလမ်းကတစ်ဆင့် သူတို့အိမ်ကို သွားနေခိုက်လိုင်းကားပေါ်မှာ (ကိုယ်က အပေါက်ဝနားမှာလို့ မှတ်မိပါသည်) ပါရမီလောက်မှာ ထင်ပါရဲ့ စံပယ်ပန်းသည် တစ်ယောက်တက်လာပြီး တစ်ဖက်ကပန်းတွေကိုင်၊ တစ်ဖက်ကကားလက်ရမ်းကိုကိုင်ပြီး တွယ်စီးလာပါသည်။ ကိုယ် သူ့ဆီက ပန်းတွေအားလုံးဈေးဖြတ်ပြီး ဝယ်လိုက်ပါသည်။ သူငယ်ချင်းရဲ့ အိမ်ကဘုရားစင်မှာ အဲဒီနေ့ကစံပယ်ပန်းတွေနဲ့ ဝေဆာမွှေးပျံ့လို့ နေပါတော့သည်။

❖ ❖ ❖

တက္ကသိုလ်နေ့ရက်များသည် ကိုခင်ဝမ်းဖွဲ့နွဲ့သလိုပင် ဘဝမှာ ရွှေရောင်တောက်ခဲ့တဲ့ ကောလိပ်နေ့ရက်များဆိုသလိုပင်ဖြစ်ပါသည်။ ၁၉၇၉ ကနေ ဒီနေ့အထိ ဘဝလှိုင်းလေတွေထဲရှုန်းကန်ဖြတ်သန်းရင်း ကအခုဆို အနှစ် ၃၀ ကျော်လောက်ကာလတွေကို သိပ်ကြာလိုက်တယ် မထင်မိပေမယ့် တက္ကသိုလ်နေ့ရက်တွေကျတော့ အသေးစိတ်ခံစားမိလို့လားမသိကျောင်းအကြာကြီးတက်ခဲ့ရသည်ဟု ထင်ယောင်ထင်မှားဖြစ်မိပါရဲ့။ ပြီးတော့ ဆယ်တန်းအောင်ပြီးမကြာခင် တက္ကသိုလ်ကျောင်းသားပေါက်စ ဖြစ်လာတဲ့အချိန်နဲ့၊ ဒုတိယနှစ် တတိယနှစ် ကျောင်းသားဘဝနဲ့ ဖိုင်နယ်လ် ကျောင်းသားဘဝတွေဟာ တစ်ခုနဲ့တစ်ခုလေး ငါးနှစ်စီခြားသလားတောင် ထင်မိသည်။ ပထမနှစ်ကျောင်းသားဘဝ ကိုယ်နဲ့၊ နောက်ဆုံးနှစ်ကျောင်းသားဘဝ ကိုယ်ဟာ၊ မမှတ်မိနိုင်လောက်အောင် ကွာခြားပြောင်းလဲသွားခဲ့တာ ပြန်စဉ်းစားဆင်ခြင်မိသည်။ ပိုးတုံးလုံးကောင်ကနေ လိပ်ပြာဘဝ ပြောင်းသွားသလို ကိုယ်ဟာ အင်မတန် ဗရုတ်ကျ ရုပ်ပွေနောက်ပြောင်ပေါ့တီးပေါ့ဆ ဘဝအနေမှ ချက်ချင်းကြီးလေးနက်တည်ကြည်ပြီးအဲဒီတုန်းကခေတ်အတော်စားခဲ့တဲ့ အိတ်ဇစ်စ တင်နှံရှယ်လ်လစ် တစ်ယောက်လိုလို ဘာလိုကိုယ့်ကိုယ်ကိုယ် ထင်ပြီး အယူအဆတွေ အတွေးအခေါ်တွေ ခံစားမှုတွေ အားလုံးဟာပျဉ်းတွဲလေးလံမှုန်မှိုင်းရိပ်ကြီး ကျရောက်နေခဲ့တာမှတ်မိနေပါသေးသည်။


❖ ❖ ❖

မုန့်ဟင်းခါးချက်ထားပြီးသားဟင်းရည်ပြန်နွေးဖို့ ဒယ်အိုးထဲခဲ တစ်ဝက်ပျော်တစ်ဝက်လောင်းထည့်ပြီး မီးခလုတ်ဖွင့်တာ တော်တော်နဲ့ ပူမလာဘူး။ မီးဖိုတော့ ဂန့်ပြီထင်တယ်၊ ဝိုင်ယာက သိပ်မကောင်းတော့ဘူး။ ဝယ်ရမှာကို ဟိုဘက်ကမ်းသွားရမှာ ပျင်းနေတာနဲ့ ဒီလိုပဲမွေးသုံးနေတာ။ ဒါနဲ့ ရိုက်စ်ကွက်ကာနဲ့ နွေးမယ်ဆိုပြီး အဖုံးဖွင့်လိုက်တော့ အထဲမှာမနေ့က လက်ကျန်ထမင်းတွေ မဆူးရသေး၊ အိုးမဆေးရသေးဘူး။ ကွတ်. . . လို့ စုတ်သပ်လိုက်ပြီး ကြိုင်ယင်ယင်'လို့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြောရတယ်။ ကြိုက်ယင်ယင်ဆိုတာ စိတ်အေးအေးထားစမ်းပါလို့ ထိုင်းလိုပြောတာပါ။ calm down ပေါ့ ဘိုလိုပြောရရင်။ အင်းမနေ့ တစ်နေ့ကပဲ ကိုယ့်ကိုယ် ဟိုတစ်ယောက်က Viber Message box မှာအဲ့လို ပြော သွားသေးတယ်။ ထားပါတော့။ ဒါနဲ့ ထမင်းခူးမလို့ ပြင်ကာရှိသေး၊ ဟင်းအိုးက တစ်ပွက်ကလေး ပွက်လာတာမြင်လိုက်တော့ အင်း အခြေအနေကောင်းသွားပြီ။ ဒီနေ့တော့ မီးကြိုး ဝယ်ဖြစ်အောင် ဝယ်မှလို့ထပ်ပြီး ကိုယ့်ကိုယ်ကိုယ် နွေးလိုက်တယ်။

❖ ❖ ❖

ကိုယ်ဟာ ဘဝမှာ အချောင်ခိုဖို့ ဇာတာများပါလာသလားမသိဘူး။ ဘယ်တော့မဆို ပင်ပင်ပန်းပန်းလုပ်ကိုင် ရှာဖွေ စားသောက်ရတယ်လို့ မရှိခဲ့ဖူးဘူး။ လုပ်ရလည်းခဏပဲ ရက်ပိုင်း လပိုင်းပဲ။ ဒါတောင်သူများထက် ချောင်တယ်ဆိုပါတော့။ လမ်းဘေးစာအုပ် အဟောင်းရောင်းတာတောင်မှ မနက်ဆိုင်ခင်းခဏထိုင် ရုံးပြေးတက်၊ နေ့လယ် ရုံးလစ်ပြီး ခဏလာထိုင်၊ ရုံးဆင်းတော့မှ တစ်ချိန်ပြန်ထိုင်ပြီး မှောင်လုပျိုးချိန် ဆိုင်သိမ်းပြီး ပြန်တာပဲ။ ကိုယ့်စာအုပ်ပုံ(၅/- ပုံပေါ့

ဘယ်သူမှခေါ်မရ၊
ဘယ်နားနေရမှန်းမသိနဲ့
ဖြစ်နေတုန်း သိမ်ထဲကနေ
ပြတင်းတစ်ချပ်ပွင့်လာ
မီးရောင်လက်လက်ကလေး
လျှောကျလာပြီး
ခဏနေတော့
သိမ် တံခါးဝမှာ
ရဟန်းတစ်ပါး မားမားကြီး
ပေါ်လာပါတော့တယ်။



လေ၊ ၃/- တန်လည်းပါတယ် ၂ပုံပေါ့)ကို အဲဒီကိုယ်ဝယ်လိုက်တဲ့။ စာအုပ်တွေရဲ့ ပိုင်ရှင်ကပဲ ကြည့်ပေတာ။ ခင်းတာကလည်းသူ့ နံဘေးတင်။ ပန်းဆိုးတန်း အခုပတ်စ်ပို့ရုံးလို့ လူသိများနေတဲ့ (ရုံးဟောင်း) နားလေးတင်ပါ။ နောင်မှာစက်မှု(၁)ရဲ့ အရောင်းဆိုင်ကလေးဖြစ်လာတဲ့ အပေါက်ရှေ့နားလေးပေါ့။ ရုံးကလည်ချောင်းသလား မမေးနဲ့ မနက် ၉ နာရီခွဲအမီကလေး ပြေးလက်မှတ်ထိုး၊ စုပရီတင်းဒင့်နဲ့ချပေးတဲ့ တစ်နေ့စာအလုပ်ကို ၂နာရီနဲ့ပြတ်အောင် ကျုံးလုပ်။ ပြီးရင် တစ်ဝက်ကိုခွဲပြီး သူ့ဆီတင် ပစ်ခဲ့ပြီး လက်ဖက်ရည်ဆိုင် သွားလိုက်ဦးမယ် ဘာမှာဦးမလဲ' ဆိုပြီး လစ်တာပဲ။ ညနေကျမှ အလုပ်စားပွဲမှာ ကုန်းကုန်းကုန်းကုန်းနဲ့ အလုပ်များချင်ယောင်ဆောင်ပြီး ကျန်အလုပ်တစ်ဝက်ကို ရုံးဆင်းခါနီးတင် လိုက်တာပဲ။ ဒါက ပုံမှန်ဘဝမို့ ထားပါတော့။ ဟိုးကော့သောင်ဘက် ယိုးဒယားဘက် တရားမဝင်သွားပြီး စွန့်စားခန်းမျိုးစုံနဲ့ ကျင်လည်တုန်းက ကျတော့လည်း ဒီလိုပဲ။ အရင်တစ်ခါမှ မသိခဲ့ဖူးသူက ကိုယ့်ကိုရှမ်းကမ်းဘက်(ဖမ်ပလား၊ရနောင်း) မှာ စောင့်ရှောက်ထားလို့၊ အများလိုပဲ လှေလိုက်ပါမယ်။ လှေသားလုပ်ပါမယ် ဆိုလည်းမရဘူး။ အတင်းအခန်းငှားထားပေးပြီး စားရေရိက္ခာမပြတ်စီစဉ်ပေးထားပါတယ်။ ပြီးတော့ ကိုယ့်မူလရည်ရွယ်ချက်ဖြစ်တဲ့ ဘန်ကောက်တက်ဖို့ သူပဲလူကြုံရှာပေး ကားပေါ်တင်ပေးလိုက်တာပါ။ ဒါကလည်း ဘဝရဲ့ အချိုးအကွေ့အတွေ့အကြုံ တစ်ခုပေါ့လေ။


❖ ❖ ❖

ပျင်းလိုက်တာ အရည်ကိုထွက်မတတ်ဘဲလို့ အမေကကောအစ်မကကော၊ နောက် ဒွေးဒေါ်မိကြီးတွေကပါ ခဏခဏပြောယူရတဲ့ ကိုယ်ဟာတကယ်ကို ငပျင်းပါ။ စိတ်မပါတဲ့ အလုပ်ဆို အကုန်ပျင်းပါတယ်။ အဲ စိတ်ပါရင်တော့ မအိပ်မနေဖွဲ့ခတ်ပြီး လုပ်တတ်တာ ကိုယ့်ဟာကိုယ်အသိဆုံးပဲ။ ထားပါတော့ ပျင်းတာကပို ပေါ်လွင်ပါတယ်။ ကိုယ့်တီဗီမှာ အရုပ်ကောင်းကောင်း မပေါ်တော့တာ နှစ်တောင် ပေါက်တော့မယ်။ တခြားခက်ခက်ခဲခဲလည်းမဟုတ်ဘူး။ အင်တာနာ ကြိုးအဆက်နေရာလေးက လွှစ်ဖြစ်နေတာနေမှာ။ ဒါလေးကို လုပ်ဖို့ အရေးနှောင့်နှေးခဲ့တာမှာ အဲဒီ မှုန်ဝါးဝါးတီဗီအစီအစဉ်ကိုပဲ ပေပြီး ကြည့်နေခဲ့တာနောက်ဆုံးဝါးလွန်းမက ဝါးလာတော့ တီဗီမကြည့်ဖြစ်တော့ပဲ ပလတ်ပါ ဖြုတ်ထားလိုက်တယ် အေးရော။ မနေ့ကတော့ မဖြစ်သေးပါဘူးလေဆိုပြီး၊ အဲဒါလေးကို ပြင်ဖို့လုပ်ပါတယ်။ ကိုယ်လေးဖင့်နေတာဒါကြောင့်လည်းပါတယ်။ အင်တာနာအဆက်က ဟိုးမျက်နှာကြက် နားကပ်နေတော့၊ တီဗီကလည်း နံရံ ၂ ခုရဲ့ ထောင့်ချိုးမှာ တစ်စောင်းကလေး ထားတာဆိုတော့ အင်တင်နာပြင်ဖို့ တီဗီကို ရွှေ့ရမယ်။ ရွှေ့ဖို့ရာ တီဗီစင်က နဲ့နေတယ်၊ သေချာထိန်းကိုင်ပြီး မရွှေ့ရင် ပြိုလဲကျသွားမယ်။ ပြီးတော့ အဲဒီကြားကို တံမြက်စည်းမလှည်းတာလဲ နှစ်နှစ်ချီနေပြီဆိုတော့ ဖုံတသောသောပေါ့။ ပြီးရင် ခုံယူပြီး တက်လုပ်ရမယ်။ ခုံကလည်း တောင့်တောင့်တင်းတင်းမရှိဘူး။ ပလပ်စ တစ်ခုံပျော့လေးပဲရှိတယ်။ အဲဒီလိုအကြောင်းကြောင်းတွေပေါ့လေ။ ဒါနဲ့ မလုပ်ဖြစ်တာ။ ခုပျင်းလွန်းမက ပျင်းလာတော့ (ဒီ 'ပျင်း'က ပျင်းရိငြီးငွေ့တာ၊ ဟို ပျင်း' က လက်ကျော မတင်းတာ)အပျင်းစိတ်ကို တွန်းဖယ်ပြီး လုပ်ရတော့တာပေါ့။ သန့်ရှင်းရေးလည်း လုပ်ဖြစ်သွားတယ်လေ။

❖ ❖ ❖

အရက်နံ့ထဲ နှစ်ချီပြီးနစ်နေခဲ့တဲ့ သူငယ်ချင်းကိုစိတ်ကျ၊ လေလွင့်နေတဲ့ အထဲက ဆွဲထုတ်ပြီး သူရောကိုယ်ပါရဟန်းဘဝခံယူပြီး ကလောအင်းလေးတောင်ပေါ်တွေမှာ စိတ်မနောပြုပြင်ထိန်းသိမ်းရေးစခန်းဝင်ခဲ့တဲ့ ကာလတွေကို သတိရမိတယ်။ စခန်းဆိုလို့ တရားစခန်းဝင်တာ သို့မဟုတ် တစ်စုံတစ်ဦးကဖွင့်ထားတဲ့ ပြုပြင်ရေး စခန်းဝင်တာမျိုးမဟုတ်ပါဘူး။ ကိုယ့်ဟာကိုယ်အမည်ပေးထားတဲ့ ဖြတ်သန်းမှုကာလတစ်ခုပါ။ ကလောဓမ္မစကြာရိပ်သာမှာ လွတ်လွတ်လပ်လပ်ပါပဲ၊ ကိုယ်ဖတ်ချင်တဲ့ စာအုပ်တွေဖတ်၊ တရားထိုင်ချင်ထိုင် ပုတီးစိတ်ချင်စိတ်၊ စင်္ကြံလျှောက်ချင်လျှောက်၊ တရားဆွေးနွေးချင် ဆွေးနွေး။ ကိုယ့်ဘဝတွေကိုလည်း ကိုယ်စီပြန်လှန်သုံးသပ်ဆင်ခြင်ကြည့်ကြရင်းနဲ့ပေါ့။ ရန်ကုန်-တောင်ကြီး အဝေးပြေးExpressနဲ့ သွားတာမို့၊ ကလောကို ဝင်တဲ့အချိန်က မနက် ၃ နာရီသာသာပဲရှိပါသေးတယ်။ သူ့အချိတ်အဆက်နဲ့သူ လာကြိုတဲ့သူရှိတဲ့ ခရီးသည်တွေကတော့ ဖြုတ်ခနဲဆို အသီးသီးထွက်ခွာသွားကြတာ တာလမ်းမနံဘေးမှာ ကိုယ်တို့ ဒုလ္လဘရဟန်း ၃ ပါးပဲ ငေါင်းစင်းစင်းကျန်ခဲ့တော့တာ။ အဲဒီမှာ နောက်ဝင်မယ့် ကားကိုလာကြိုတဲ့ ဂျစ်ကားဆရာကြီးက ကိုယ်တို့ကို လိုက်ပို့လို့၊ မရောက်ဖူးသေးတဲ့ ကလောမြို့က ဓမ္မစကြာကျောင်းကို ရောက်ရ တာပါ။ အဲဒီမနက်ခင်းကလေးဟာ မင်းသိခ်ဝတ္ထုထဲက လိုဂမ္ဘီရဆန် လိုက်တာဆိုတာ။ တောင်ပေါ်ပတ် လမ်းကလေးကားမောင်းတက်သွားတော့ Lost Horizon ဝတ္ထုတောင် ဖျတ်ခနဲ သတိရသွားသေးတယ်။ မှောင်မည်းမည်း ချမ်းစိမ့်စိမ့်ကြီးထဲ ရှေးဟောင်းအဆောက်အဦတွေနဲ့ ခြံဝင်းကျယ်ကြီးထဲရောက်သွားတော့ တကယ်ကို Suspense ရုပ်ရှင် တစ်ကားထဲကို ကိုယ်တိုင်ကိုယ်ကျ ရောက်သွားသလိုပဲ။ ဘယ်သူ့မှခေါ်မရ၊ ဘယ်နားနေရမှန်းမသိနဲ့ ဖြစ်နေတုန်းသိမ်ထဲကနေ ပြတင်းတစ်ချပ်ပွင့်လာ မီးရောင်လက်လက်ကလေးလျှောကျလာပြီး ခဏနေတော့ သိမ်တံခါးဝမှာ ရဟန်းတစ်ပါး မားမားကြီး ပေါ်လာပါတော့တယ်။ မင်္ဂလာပါလို့ ခပ်လေးလေး အသံကြီး ထွက်လာတော့မှ မျက်နှာဖြူလူမျိုးလို့

**ဒီလောက်လေးလံတဲ့ သံသတ္တု မျိုးစုံနဲ့ လုပ်ထားတဲ့အင်ဂျင်နဲ့ ကိုယ်ထည်ကြီးနဲ့ ပြီးတော့ လူတွေ ရာဂဏန်းနီးပါးလောက်၊ သူတို့ရဲ့ လေးလံတဲ့ အထုတ်အပိုးမျိုးစုံကိုပါ တင်ထားတဲ့ ဒီဟာကြီးကိုမိုးပေါ် ဒရွတ်တိုက် ဆွဲတင်သွားပြီး တိမ်တွေ ကြားထဲ ပေါ့ပါးနေပုံဟာ အံ့ဩစရာကြီးလို့ ခံစားနေရင်းက..**



သိလိုက်ရတယ်။ ဒါကဇာတ်ကွက်လေး တစ်ခုပေါ့လေ။ ၂၀၀၁ နှစ်ကုန်ပိုင်းလောက်တုန်းကပါ။

❖ ❖ ❖

ကောင်းကင်မှာ တိမ်တွေနဲ့ ပိတ်နေတာမို့ နေမပွင့်ဘူး။ ရွာမယ့်ဟန်ဆင်တဲ့ မိုးသားလည်း မဟုတ်တာမို့ အိုက်စပ်စပ်နဲ့ပါ။ ကိုယ့်ဝရန်တာလေးမှာ ကိုယ်ဟာကမ္ဘာကြီးနဲ့ လုံ့ပတ်ချိတ်တွယ်ဖို့ ကြိုးစားနေခဲ့တယ်။ စိတ်ဟာ အဝေးကိုပျံ့လွင့်သွားလိုက် ရေးလက်စ စာပေါ် ပြန်လာနားလိုက်နဲ့ပေါ့။ လေယာဉ်တစ်စီးစက် လျှော့ချပြီး ဖြတ်မောင်းသွားသံကြားတော့ မကြာခင် ဆူဝဏ္ဏဘူမိ လေဆိပ်မှာ ဆင်းသက်တော့မယ်လို့ အာရုံသိနဲ့ သိနေရတယ်။ ဒီလေဆိပ်ကိုအကြိမ်ပေါင်းများစွာ ရောက်ဖူးနေခဲ့တာမို့ မျက်စိထဲ အားလုံးမြင်ယောင်ပါတယ်။ လေယာဉ်ကြီးတက်သွား ဆင်းသွားတာကိုမြေကြီးပေါ်ကနေ အကြိမ်ကြိမ်ကြုံဖူးသလို၊ လေယာဉ်ကြီးပေါ်ထိုင်လိုက်သွားရင်း လေယာဉ်နဲ့အတူ ခွေ့ခနဲ မိုးပေါ်ရောက်သွားတိမ်တွေကြားထဲ ရောက်သွားတဲ့ အကြိမ်တွေလည်း မနည်းလှတော့ပါဘူး။ တစ်ခါတစ်ခါကျတော့လည်း ဒီလောက်လေးလံတဲ့ သံသတ္တုမျိုးစုံနဲ့ လုပ်ထားတဲ့အင်ဂျင်နဲ့ ကိုယ်ထည်ကြီးနဲ့ ပြီးတော့ လူတွေ ရာဂဏန်းနီးပါးလောက်၊ သူတို့ရဲ့ လေးလံတဲ့ အထုတ်အပိုးမျိုးစုံကိုပါ တင်ထားတဲ့ ဒီဟာကြီးကို မိုးပေါ် ဒရွတ်တိုက် ဆွဲတင်သွားပြီးတိမ်တွေ ကြားထဲ ပေါ့ပါးနေပုံဟာ အံ့ဩစရာကြီးလို့ ခံစားနေရင်းက၊ ပြတင်းပေါက်ကနေ အင်ဂျင်စက်ကြီးကို စိုက်ကြည့်ရင်းအင်း တစ်ခုခုများ ဖြစ်သွားရင်လို့ တွေးမိပြီး အသည်းအေးသွားတဲ့ အကြိမ်တွေလည်း ပါတာပေါ့။ ပြောရင်းနဲ့ ကိုယ့်မြေကိုယ့်ရေမှာ နေတုန်းက ရန်ကုန်-ထားဝယ်(၁၉၈၇လာက) လေယာဉ် ခရီးမှာ ထားဝယ်မြို့ပေါ် ရောက်ပြီးမှ မိုးတွေအရမ်းသည်း တိမ်တွေ အရမ်းထူနေလို့ ကွင်းရှာ မရတာနဲ့ ရန်ကုန်ပြန်လှည့်လာရတာ တစ်ခါ။ ရန်ကုန်-တာချီလိတ် ခရီးစဉ် လမ်းခုလတ်ကနေ စက်ချွတ်ယွင်းလို့ဆိုပြီး ပြန်လှည့်လာ ရတာတစ်ခါ။ ၂၀၀၅ တုန်းကကျ အင်းလေးအသွား ရန်ကုန်- ဟဲဟိုးခရီးစဉ်မှာ အဲ့လိုပဲ စက်ချွတ်ယွင်း လို့ဆိုပြီး ရန်ကုန်ပြန်ဆင်းတာတစ်ခါ အသက်ကို ဖက်နဲ့ထုတ်ထားရတဲ့ ဖီလင်လေးခံစားခဲ့ဖူးသေးရဲ့။

❖ ❖ ❖

အင်တာနာကြီးအဆက်နေရာကိုသေချာပြန်ပြီး သပ်သပ်ရပ်ရပ် လုပ်ပြီးတော့ တီဗီကတော်တော်လေး ကြည့်သွားပါပြီ။ အရင်က Channel 7 တစ်ခုပဲတုန်မှုန်ကြားက ကြည့်လို့ရရာကလိုင်းအားလုံး ကြည့်လို့ရသွားပြီမို့ စိတ်ကလေးလည်း နည်းနည်းပြန်ရွှင်ဖျလာပါရဲ့။ Channel 3 ကလာတဲ့ Thailand Got Talent အစီအစဉ်ကို ကြည့်လို့ရသွားလို့ တော်တော်ပျော်သွားတယ်။ ရင်ထုမနာဖြစ်သွား ရတာကတော့ ဖိုင်နယ်လ်ရောက်နေပြီလေ။ ရှေ့ကလွတ်သွားတဲ့ အစီအစဉ်တွေကို နှမြောလိုက်တာဆိုတာ။ ကဲပျင်းအုန်းလေပျင်းအုန်းလို့ ကိုယ့်ကိုယ်ကိုယ်ပဲ ပျစ်ပျစ်နှစ်နှစ် ဆဲပစ်လိုက်ချင်တော့တယ်။ ထိုင်းတီဗီအစီအစဉ်တွေထဲမှာ ဒီအစီအစဉ်ဟာ ကိုယ်အကြိုက်ဆုံးအစီအစဉ်ပါ။ ဒုတိယအကြိုက်ဆုံးကတော့ 'ချွန်းနော် ထူးန်မ် စီယမ်' လို့ ကိုယ့်နားထဲမှာ ကြားမိတဲ့ (အမှန်ကတော့ တလွဲကြီးပါ)သူတို့ ထိုင်းရိုးရာနဲ့ ခေတ်ပေါ် တူရိယာတွဲဖက် သီဆိုပြိုင်ပွဲ အစီအစဉ်ပါ။ ထူးထူးဆန်းဆန်း ဖက်ရှင်တွေ ဝတ်ထားတဲ့ အကအဖွဲ့ နောက်ခံအမြဲပါတယ်။ ဒါလည်း ပုံမှန်ပြန်ကြည့်ရတော့မယ်။ ဟေ ဟေ့. . . ။

❖ ❖ ❖

ကိုယ်သည် စာရေးနေရင်းက စိတ်ကလေး အတန်ငယ် ပြန်ရွှင်ပျလာပြီး မနေ့က တီဗီဖန်သားပြင်ပေါ်တွင် တွေ့မြင်ခဲ့ရသော ဆပ်ကပ်မယ်ကလေးကို သတိရနေမိသည်။ သူ့အပြုံးလေး။ (အံ့မယ်ညက အိပ်မက်ထဲတောင် ဖျတ်ခနဲထည့် မက်လိုက်သေး) သူ့အပြုံးလေးကို စွဲ သွားဟန်တူပါသည်။ သူ့အပြုံးကလေးမှာ ကန့်လန့်ကာ နောက်ကွယ်မှာတောင် ရှက်နေသေးသည့် ပရိသတ်ရှေ့ ထွက်ကာစရွှေရင်သိမ်းသစ်အရွယ် မင်းသမီးကလေးပေါက်စနလေး တစ်ယောက် ပြုံးတာနှင့် တူနေပါသည်။ သူတို့ တင်ဆက်မှုအစီအစဉ်ပြီးသွားတော့ Prsenter နှစ်ယောက်က သူ့ကို တစ်ဖွဲ့လုံးကို ပရိသတ်နဲ့ မိတ်ဆက်ပေး၊ အဖွဲ့ခေါင်းဆောင်နဲ့ ရယ်မောစရာတွေ ပြောနေခိုက်မှာပင် သူ ကလေးသည် ပရိသတ်ကိုလည်း ရဲရဲမကြည့်ဝံ့ ဖြစ်နေကာ ရှက်သွေး ဖြာနေပါသည်။ ပသို့ဆိုစေ ကိုယ်သည် ဆပ်ကပ်မယ်လေးကို သဘောကျလျက်ရှိပါသည်။

**ခင်အောင်အေး**



# ကျန်းမာရေး အတွက် မေးကြမယ်

ရတီစာဖတ်ပရိသတ်များအတွက် ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မေးခွန်းများကို မေးချင်ရာ မေးနိုင်ဖို့အတွက် ဒီကဏ္ဍကို ဖွင့်လှစ်လိုက်တာ ဖြစ်ပါတယ်။ ဒီကဏ္ဍမှာ မေးလိုသူများရဲ့ မေးခွန်းပါရောဂါဝေဒနာနဲ့ သက်ဆိုင်တဲ့ ဆရာဝန်ကြီးများက အလှည့်ကျ ဖြေဆိုပေးသွားမှာ ဖြစ်ပါတယ်။

ယခုလအတွက်တော့ မေးမြန်းလာသူ ဦးမောင်မောင်ဦးနဲ့ ဦးကျော်စိုးတို့ရဲ့ မေးခွန်းများကို ရတီပရိသတ်များပါ သိရအောင် စာမျက်နှာထက်မှာ ဖော်ပြပေးလိုက်ပါတယ်။

မင်္ဂလာပါ ဒေါက်တာ

ကျွန်တော့်နာမည် ဦးမောင်မောင်ဦးဖြစ်ပါသည်။ အသက်ငါးဆယ့်သုံးနှစ်ရှိပါပြီ။ ကျွန်တော်သည် first test မနက်ပိုင်းကဆီးချိုသွေးချိုချိန်ရာတွင် ၁၅၂ (ပထမပတ်)၊ ၁၄၄ (ဒုတိယပတ်)၊ ၁၄၂ (တတိယပတ်) ဟု စစ်ဆေးတွေ့ရှိပါသည်။ အစားဆင်ခြင်၍ ကိုယ်လက်လှုပ်ရှားမှုအနေဖြင့် လမ်းလျှောက်ခြင်းလည်း ပြုလုပ်ခဲ့ပါသည်။ သွေးပေါင်ကိုလည်းပုံမှန်ချိန်ရာ၌ ပုံမှန် ၁၁၀/၇၀ ရှိနေရာမှ ၁၁၀/၆၀ ဖြစ်နေပြီး နောက်ဆုံးပတ်တွင် ၉၀/၆၀ဖြစ်လာရာ ယခင်ကလည်း သီးစုံဓာတ် ဆားနှင့်မာတီဗိုက်တာမင် ရေဆူဆေးပြားရော၍ သောက်လျှင် သွေးပေါင် ပြန်တတ်လာပြီး နေကောင်းတတ်ပါသည်။ ယခုလို သွေးပေါင်ကျသည့်အခါတွင် ၎င်းဓာတ်ဆားသောက်သုံးရန် သင့်မသင့်ကိုလည်းသိချင်ပါသည်။ ထို့အပြင် ဆီးချိုရှိနေသည့်အတွက် ထမင်းကိုလျှော့စားပြီး အသီးအရွက်များကို ပိုစားခဲ့ပါသည်။ တချို့ကလည်း သစ်ကြံပိုးမှုန့်ပိုးမှုန့်ကို တစ်နေ့နည်းနည်းစီ စားသုံးရန် အကြံပေးကြပါသည်။

ယင်းကို ကျွန်တော့်အနေဖြင့် စားသင့်မစားသင့်လည်း သိချင်ပါသည်။ ထို့အတူမလန်းဆန်းဘဲ သွေးပေါင်ကျနေသည့်အတွက်လည်း အများပြောကြသည့် Fourrts(Fourts B) (ရွှေရောင် ပတ်ဖြင့် အားဆေး ) ကိုလည်းသောက်သင့် မသောက်သင့်ဖြေကြားပေးပါခင်ဗျာ။

ဦးမောင်မောင်ဦးခင်ဗျာ ဆီးချိုသွေးချိုနှင့် ပတ်သက်၍လက်တွေ့ကြုံတွေ့နေရသော ပြဿနာများကိုမေးမြန်းခဲ့သည့်အတွက် ကျေးဇူးအထူးတင်ပါတယ်။ ဦးမောင်မောင်ဦးရဲ့ မေးခွန်းများကို ဖြေပေးရင်းနဲ့ အခြားဆီးချိုသွေးချို ရောဂါရှင်များလည်း ဗဟုသုတရမှာဖြစ်လို့ ဖြေဆိုခွင့်ရတာကိုများစွာ ဝမ်းသာပါတယ်။

အချုပ်အားဖြင့် ဆီးချိုသွေးချို ရောဂါရှင်များ ဓာတ်ဆားထုပ်သောက်ခြင်းကို ယေဘုယျအားဖြင့် မသင့်တော်ဟု ယူဆပါသည် . . . .

ဆီးချိုသွေးချို ရောဂါရှင်များမှာ ဆီးချိုသွေးချိုရောဂါ ထိန်းသိမ်းမှုကောင်း မကောင်း ကို အကဲဖြတ်ရာမှာ

(၁) မနက်စာမစားမီသွေးစစ်ဆေးခြင်း (Fasting Blood Glucose)70-130 mg/dl

(၂) အစာစားပြီး ၂နာရီကြာသွေးစစ်ဆေးခြင်း (Post Prandial Blood Glucose) 180mg/dl ထက်မများစေရပါ။

(၃) HbA1C ခေါ် သွေးနီဥအတွင်း သွေးရောင်ခြယ်ဓာတ်တွင် ဂလူးကို့စ်ပါဝင်မှုနှုန်းထား ၆. ၅% ထက်နည်းရမည်။

အထက်ပါသက်မှတ်ချက်များအရ ဦးမောင်မောင်ဦး၏ မနက်အစာမစားမီသွေးချိုစစ်ဆေး

ချက်များသည် 130mg/dl ထက်များနေ၍ သွေးချိုထိန်းသိမ်းမှုမကောင်းသေးပါဟု သတ်မှတ်နိုင်ပါသည်။

သွေးချိုထိန်းသိမ်းမှုမကောင်းခြင်း၏ အဓိကအချက်နှစ်ချက်မှာ ဆီးချိုသွေးချိုရောဂါရှင်များမစားသုံးသင့်သော အစားအသောက်များကို သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ စားသုံးမိခြင်းကြောင့်လည်းကောင်း၊ သွေးချိုထိန်းဆေးများသောက်သုံးမှုနှင့်ပတ်သက်၍ ပေးထားသည့်ဆေးအမျိုးအစားနှင့် ဆေးပမာဏ သင့်တော်မှုမရှိခြင်းကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ အချုပ်အားဖြင့် အစားအစာနှင့်ပတ်သက်၍ လည်းကောင်း၊ သွေးချိုထိန်းဆေးများနှင့် ပတ်သက်၍ လည်းကောင်း ပြန်လည်ဆန်းစစ်ပြီး ပြုပြင်ရန်လိုအပ်ပါမည်။




ဆီးချိုသွေးချိုရောဂါရှင်များတွင် အသင့်တော်ဆုံးသော သွေးပေါင်မှာ 120/70mmHg ဖြစ်ပါသည်။ အများဆုံး 130/80mmHg ထက် မပိုသင့်ပါ။ အနည်းဆုံး 90/60mmHg ထက် မနည်းသင့်ပါ။

သွေးပေါင်ကျ၍ဖြစ်စေ၊ ချွေးထွက်များ၍ ဖြစ်စေ၊ ဆီးချို သွေးချိုရောဂါရှင်များ ဓာတ်ဆားထည့်ဖျော်၍ သောက်ခြင်းမှာ ဓလေ့တစ်ခုဖြစ်နေပါသည်။ သွေးပေါင်ကျ၍ဖြစ်စေ၊ ချွေးထွက်များ၍ဖြစ်၍ ဓာတ်ဆားဓာတ် ပြန်ဖြည့်ဆည်းရာတွင် ဓာတ်ဆားထုပ်များ အတွင်းပါသော ဆားဓာတ် (ဆိုဒီယမ် ကလိုရိုက်ဓာတ်)သည် မလုံလောက်ပါ။ ဓာတ်ဆားထုပ်ပါ ဆားဓာတ်သည် ဝမ်းသွားလျှင်၊ ဝမ်းလျှောလျှင် ဆုံးရှုံးနိုင်သော ဆားဓာတ်ပမာဏကို ပြန်ဖြည့်ဆည်းရန် သုတေသနပြု၍ ဖော်စပ်ထားခြင်းသာ ဖြစ်ပါသည်။

ထို့အပြင် ဓာတ်ဆားထုပ်များတွင် ဂလူးကို့စ်ဓာတ်များပါရာ ဓာတ်ဆားရည်သောက်ပြီး သွေးချိုဓာတ်များလာသည်မှာ တွေ့လေ့တွေ့ထရှိသော တွေ့ရှိချက်ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆီးချိုသွေးချိုရောဂါရှင်များ ဓာတ်ဆားထုပ်သောက်ခြင်းကိုယေဘုယျအားဖြင့် မသင့်တော်ဟု ယူဆပါသည်။

သွေးပေါင်ချိန်ကျနေခြင်းသည် နှလုံးမှသွေးညစ်အားမကောင်း၍လည်းကောင်း၊ သွေးလွှတ်ကြော များကျယ်နေ၍ လည်းကောင်း၊ သွေးတွင်း အရည်ဓာတ်များလျော့နေ၍လည်းကောင်း၊ အကြောင်းကြောင်းကြောင့် သောက်နေသော ဆေးဝါးများ၏ အာနိသင်ကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ နှလုံးရောဂါအထူးကု ဆရာဝန်ဖြစ်စေ၊ ဆီးချိုသွေးချို ရောဂါ အထူးကုဖြစ်စေ၊ အထွေထွေရောဂါကုသမားတော် တစ်ဦးဦးကိုဖြစ်စေ၊ လက်လှမ်းမီသူတစ်ဦးဦးနှင့်ပြသစစ် ဆေးမှုခံယူပြီး အကြံဉာဏ်ရယူသင့်ပါသည်။

ဆီးချိုသွေးချိုရောဂါရှင်များ၏ အစာအာဟာရ နှင့်ပတ်သက်၍ အချိုဓာတ်ပါသော အရည်များ (ဥပမာ- ကော်ဖီ၊ လက်ဖက်ရည်၊ အချိုရည် အအေးပုလင်းများ၊ အချိုဓာတ်ပါသော မုန့်များ (ဥပမာ- ကိတ်မုန့်၊ နှလွန်းသော ပေါင်မုန့်၊ ဘီစကစ်များ၊ သကြား၊ ထန်းလျက်၊ ကြံသကာ တို့ဖြင့်ပြုလုပ်ထားသောမြန်မာမုန့်များ)နှင့် အချို ဓာတ်များသော သစ်သီးများ ကိုရှောင်ကြဉ်သင့်ပါသည်။

မဝသူများထမင်းလျှော့စားရန်မလိုအပ်ပါ။ လူတိုင်းဟင်းသီးဟင်းရွက်များများစားသုံးသင့်ပါသည်။ အသား၊ ငါးများ စားသုံးနိုင်ပါသည်။ Fourts B ဆေးလုံးတွင် ဗိုက်တာမင်များ၊ အမိုင်နိုအက်စစ်များပါဝင်သော အားဆေးသာလျှင်ဖြစ်ပါသည်။ မဖြစ်မနေသောက်ရမည်ဟု မတိုက်တွန်းပါ။ သောက်သုံးလျှင်လည်း မကန့်ကွက်ပါ။

သစ်ဂျပိုးတွင်ပါဝင်သော Cinnamon ဓာတ်သည်သွေးချိုထိန်းသိမ်းမှုကိုအထောက်အကူပြုသည်ဟု ယူဆကြပါသည်။ အနောက်တိုင်းဆေးဝါးများကဲ့သို့ သုတေသနပေါင်းများစွာပြုလုပ်ထားသော ခိုင်မာသော တွေ့ရှိချက်များ မရှိသေးပါ။ ဆေးကုမ္ပဏီများမှတိုက်တွန်းချက်သာ ရှိပါသည်။ သက်သေသာဓကများ မခိုင်လုံသေးပါ။

ဦးမောင်မောင်ဦး၏ မေးမြန်းချက်များကို ကြိုးစား၍ အားလုံးပါအောင်ဖြေထားပါသည်။ သိလိုတာများ ရှိပါသေးက၊ မရှင်းတာများရှိပါသေးက ထပ်မံဖြေဆိုပေးပါမည်။

ကျေးဇူးတင်ပါသည်။


ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်
(ဆေးတက္ကသိုလ် ၂)

သစ်ဂျပိုးတွင်ပါဝင်သော Cinnamon ဓာတ်သည် သွေးချိုထိန်းသိမ်းမှုကို အထောက်အကူပြုသည်ဟု ယူဆကြပါသည်။ အနောက်တိုင်းဆေးဝါးများကဲ့သို့ သုတေသနပေါင်းများစွာ ပြုလုပ်ထားသော ခိုင်မာသော တွေ့ရှိချက်များ မရှိသေးပါ။ ဆေးကုမ္ပဏီများမှ တိုက်တွန်းချက်သာ ရှိပါသည်။ သက်သေသာဓကများ မခိုင်လုံသေးပါ. . . .

**ထိပ်ကပ်နာလို့ခေါ်တဲ့ နှာခေါင်းရောဂါက ဘယ်တနေစဖြစ်တာလဲဆိုတာ သိချင်ပါတယ်။ ကျွန်တော်က အမြဲတမ်းလိုလို နှာစေးနေတတ်သူပါ။ ရာသီဥတုအေးရင်ပိုဆိုးပါတယ်။ နှာပိတ်တာ၊ နှာပိတ်ပြီး တစ်ခုခုစားသောက်တဲ့အခါ လည်ချောင်းထဲ ရှင်းရှင်းလင်းလင်း မရှိဘဲ အစား အသောက်ဖျက်တာမျိုးတွေ အမြဲလိုလိုဖြစ်နေ တော့နေရထိုင်ရ မကောင်းပါဘူး။ လူတွေကတော့ အဲဒါကို ထိပ်တပ်နာလို့ ခေါ်ကြပါတယ်။**

**အဲဒါကရော ဟုတ်ပါသလား။ အဲဒီ ထိပ်ကပ်နာနဲ့ ဆက်စပ်ပြီး ဘယ်လိုရောဂါတွေဖြစ် ပေါ်လာနိုင်သေးလဲ ဘယ်လိုကာကွယ်ရမလဲဆိုတာတွေ သိချင်ပါတယ်။**

**ကျော်စိုး၊ဗိုလ်တထောင်။**




ဗိုလ်တထောင်က ကိုကျော်စိုးခင်ဗျာ . . .

ထိပ်ကပ်နာကိုသိရှိဖို့ နှာခေါင်းရဲ့ခန္ဓာဗေဒတည်ဆောက်ပုံကို အရင်ပြောပြပေးပါ့မယ်။

မျက်နှာပေါ်မှာရှိတဲ့ ပါးရိုးနှစ်ဖက်၊ နှာသွန်နဲ့ရိုးနှစ်ဖက်၊ မျက်ခုံးရိုးနှစ်ဖက်နဲ့ နဖူးရိုးထဲက လေခိုအိမ်တွေဟာ နှာခေါင်းအိမ်ထဲကို အပေါက်ပွင့်ပြီး နှပ်ချေးဖြစ်မယ့်အချွဲတွေကိုစွန့်ထုတ်ပေးရပါတယ်။ နှာခေါင်းပေါက်ကို ဖြကြည့်လိုက်မယ်ဆိုရင် အမွှေးအမျှင်တွေရှိနေပြီး နှပ်ချေးဖတ်အချို့တွယ်ကပ်နေတာကိုမြင်ရနိုင်ပါတယ်။ နှပ်ချေးခြောက်ရှိနေတာဟာ နှာခေါင်း ကျန်းမာနေတာကို ပြဆိုပါတယ်။ နှပ်ချေးခြောက်က နှာခေါင်းကို မပိတ်ဆို့နိုင်ပါဘူး။ မျက်နှာအရိုး အိမ်တွေထဲက နှပ်ချွဲတွေဟာ နှာခေါင်းအိမ်ထဲကို ကျဆင်းမလာရင်တော့ နှာခေါင်းပိတ်ဆို့လာနိုင်ပါတယ်။ အသက်ရှူလို့မရအောင် နှာခေါင်းတစ်ဖက်ဖက်မှာ နာတာရှည်ပိတ်စို့နေတာကို ထိပ်ကပ်နာလို့ အများက ပြောဆိုကြလေ့ရှိပါတယ်။

ဆေးပညာအရ ထိပ်ကပ်နာကို အဓိပ္ပာယ်ဖွင့်ဆိုထားတာကတော့ မျက်နှာရိုး လေခိုအိမ်တွေထဲမှာ လိုင်နင်အုပ်ပေးထားတဲ့ အမြှေးပါးတွေ ရောင်ရမ်းနေတဲ့ အခြေအနေကို ခေါ်ဆိုတာဖြစ်ပါတယ်တဲ့။

ရောဂါပိုးမွှားကြောင့် ဖြစ်နိုင်သလို ဓာတုဓာတ်မတည့်မှုတွေကြောင့်လည်းဖြစ်နိုင်ခြေရှိပါတယ်။ အများစုက ဗိုင်းရပ်စ်ပိုးမွှားကြောင့် ဖြစ်ရပြီး ၁၀ ရက်လောက်အတွင်းမှာပဲ သူ့အလိုလို ပျောက်ကင်းသက်သာ သွားလေ့ရှိပါတယ်။ ဓာတ်မတဲ့တာတွေကတော့ ဖုန်မှုန့်၊ ကြက်မွေး၊ ငှက်မွေး၊ ကြောင်မွေး၊ ပင်လယ်စာ၊

ဘယ်အမျိုးအစား

ထိပ်ကပ်နာပဲဖြစ်ဖြစ်

နှစ်ပတ်ထက်ပိုကြာအောင် နှာခေါင်းပိတ်တာကို

ခံစားနေရရင် မိသားစုဆရာဝန်

တစ်ယောက်ယောက်နဲ့တိုင်ပင်ပြသင့်ပါတယ်။

ကာကွယ်ဖို့ကတော့ . . . .

မြေပဲ၊ ခေါင်းအုံးစွပ်၊ အိပ်ရာခင်း၊ ကော်ဇောတွေ ဖြစ်တတ်ပါတယ်။ ထိတ်ကပ်နာဟာ အအေးမိရောဂါနဲ့ ပန်းနာရင်ကျပ်ရောဂါတွေနဲ့လည်းဆက်စပ်နေပါတယ်။ သွားကိုက်သွားနာရာကနေ ထိပ်ကပ်နာဖြစ် သွားတဲ့သူတွေလည်း ရှိနိုင်ပါတယ်။ မွေးရာပါ နှာကန့်လန့်တိမ်းစောင်းနေတဲ့တွေသူနဲ့ နှာခေါင်းတွင်း နှာသီးထွက်နေတဲ့သူတွေမှာ ထိပ်ကပ်နာ ပိုဖြစ် တတ်ပါတယ်။ (အမေရိကန်နိုင်ငံမှာ တစ်နှစ်ကို လူပေါင်း ၂၄ သန်းလောက် ထိပ်ကပ်နာခံစားနေရတယ်လို့ဆိုပါတယ်)။

ထိပ်ကပ်နာမှာ ၄ ပတ်ကြာထိပ်ကပ်နာ၊ သုံးလကြာထိပ်ကပ်နာနဲ့၊ နာတာရှည်ထိပ်ကပ်နာဆိုပြီး ၃ မျိုးရှိပြန်တယ်။ တစ်နှစ်အတွင်းမှာ ၄ ခါထက်မနည်း ပြန်လည်ခံစားရတတ်တဲ့ ပြန်တလဲလဲထိပ်ကပ်နာ ဆိုတာလည်း ရှိပါသေးတယ်။ လူ၁၀ ယောက်မှာ တစ်ယောက်က ဘ၀တစ်သက်သာမှာ အနည်းဆုံး တစ်ကြိမ်တော့ ထိပ်ကပ်နာရောဂါ တစ်မျိုးမျိုးကို ခံစားရဖူးပါလိမ့်မယ်တဲ့။

ထိပ်ကပ်နာခံစားရရင် မျက်နှာရိုးတွေ နာကျင်ကိုက်ခဲနေတတ်ပါတယ်။ ခေါင်းကိုက်ဝေဒနာ ခံစားရနိုင်ပါတယ်။ နှာခေါင်းတွင်းက အကန့်တွေ ရောင်ကိုင်းနေတဲ့အတွက် နှာခေါင်းပိတ်သလိုခံစားရပါတယ်။ အနံ့ခံအာရုံလျော့နည်းသွားရနိုင်ပါတယ်။ နှပ်ချေးဝါဝါစိမ်းစိမ်းတွေကို နှာခေါင်းပေါက်ကနေ ညှစ်မထုတ်နိုင်ဘဲ၊ လည်ချောင်းထဲကနေဟပ်ပြီး အပြင်ကိုထွေးထုတ်နေရလေ့ရှိပါတယ်။ ရောဂါပြင်းထန်တဲ့ သူတွေမှာ ချောင်းဆိုးတာ၊ လည်ပင်းနာတာ၊ မောပန်းတာနဲ့ အသက်ရှူရင် အပုပ်နံ့တွေတောင် ထွက်နေတတ်ပါတယ်။

ထိပ်ကပ်နာကို မကုသဘဲထားရင်ကြီးကြီးကျယ်ကျယ်ဒုက္ခမပေးတတ်ပေမယ့် မျက်နှာအရိုးအိမ်တွေဟာ ဦးနှောက်နဲ့နီးစပ်နေတဲ့အတွက် ဦးနှောက်အမြှေးရောင်ရောဂါနဲ့ ဦးနှောက်ပြည်တည်နာတွေအထိဖြစ်သွားနိုင်တယ်ဆိုတာကိုတော့ သတိချပ်သင့်ပါတယ်။

ဘယ်အမျိုးအစားထိပ်ကပ်နာပဲဖြစ်ဖြစ် နှစ်ပတ်ထက်ပိုကြာအောင် နှာခေါင်းပိတ်တာကိုခံစား နေရရင် မိသားစုဆရာဝန်တစ်ယောက်ယောက်နဲ့တိုင်ပင်ပြသင့်ပါတယ်။ ကာကွယ်ဖို့ကတော့ အအေးမမိအောင်နေ၊ တစ်နေ့ကို ရေနှစ်ပုလင်းသောက်၊ အသီးအနှံများများစား၊ စိတ်ဖိစီးမှုကိုရှောင်၊ လက်ကို စင်ကြယ်အောင်ဆေး၊ ဆေးလိပ်နဲ့အရက်မသောက်ပါနဲ့၊ ဓာတ်မတဲ့တာတွေကို ရှောင်ရှားပါလို့ပဲ အကြံပေးလိုက်ပါရစေနော်။ ဩော် နှာခေါင်းပိတ်နေတဲ့ အခါမျိုးမှာ နှာတွင်း ခပ်ဆေးရည်တွေ ထည့်ကြည့်လို့ရနိုင်ပါသေးတယ်လို့။ ကျန်းမာရွှင်လန်းပါစေ။

**(ပါမောက္ခ၊Tuft University**
**အမေရိကန်ပြည်ထောင်စု)**
**ဒေါက်တာမြင့်ဦး (ဂျီပီ)**



# မမရတီ

## အမေး အဖြေ



အချစ်ရေး
ကျန်းမာရေး
လူမှုရေး
စီးပွားရေး
အနုပညာရေး

သို့
မင်္ဂလာပါမမရတီ

မမရတီနှင့်တကွ အဖွဲ့သားအားလုံး ကျန်းမာစေရန် ဆုတောင်း မေတ္တာပို့သအပ်ပါသည်ရှင့်။ သမီးလေးလည်းစာမရေးတာကြာသွားပါပြီ။ စာတွေကျက်နေရတာနဲ့ဖြစ်ပါသည်။ စာမေးပွဲဖြေဖို့လည်း သိပ်မလိုတော့ပါ။ ဦးဦး နေတိုးကားတွေကိုတော့ စဉ်ဆက်မပြတ် အားပေးလျက်ရှိပါသည်။ ဦးဦးနေယံ၊ ဦးဦးမင်းရာဇာကားတွေကတော့ အထွက်ကျဲလို့လား သမီးတို့ဆီ မရောက်လို့လားမသိပါ၊ မကြည့်ရတာ တော်တော်ကြာသွားပါပြီ။

သမီးတို့မိသားစု ကိုကိုဇေရဲထက်ရဲ့ ကားတွေကိုလည်း ကြည့်ပြီး သရုပ်ဆောင်မှုတွေကို နှစ်ခြိုက်သဘောကျကြပါသည်။ ကိုကိုဇေရဲထက်ရဲ့ထွက်ပြီးသမျှကားတွေကိုရော ပြက္ခဒိန်တွေကိုရော အားပေးကြပါသည်။ ကိုကိုဇေရဲထက်ရဲ့နောက်ထွက်မယ့်ကားတွေကိုလည်း အမြဲအားပေးရန် စောင့်နေကြပါသည်။ ဆက်လက်ကြိုးစားသွားမယ်ဆိုပါက ရုပ်ရှင်ကားကြီး တွေရိုက်ရပြီး ကိုကိုဇေရဲထက်မျှော်မှန်းတဲ့ အောင်မြင်မှုတွေနဲ့ အကယ်ဒမီစင်မြင့်ထက်မှာ အကယ်ဒမီဆုကြီးကို ရရှိပါစေလို့ ဆုတောင်း မေတ္တာပို့သလျက်ရှိပါသည်။ ဦးဦးနေတိုးနဲ့ ကိုကိုဇေရဲထက်တွဲရိုက်ထားတဲ့ ရုပ်ရှင်ကားကြီးလည်း ရှိတယ်လို့ အပျိုစင်မဂ္ဂဇင်းမှာ ကိုကိုဇေရဲထက်အကြောင်း ဖတ်ရတုန်းက သိရပါသည်။ ကိုကိုဇေရဲထက်ရဲ့အကြောင်းကိုလည်း စာမျက်နှာပေါ်မှာ ပြည့်ပြည့် စုံစုံလေးတွေချင်ပါသည်ရှင့်။

ရတီမဂ္ဂဇင်းကိုတော့ လကုန်လို့ ရောက်လာပြီ ဆိုရင် ဦးဆုံးရရှိအောင်မှာ ထားရပါသည်။ အမြဲလည်းအားပေးဖတ်ရှုနေပါသည်။

# မမရတီ

အမေး အဖြေ



အချစ်ရေး
ကျန်းမာရေး
လူမှုရေး
စီးပွားရေး
အနုပညာရေး

ကိုကိုဇေရဲထက် ရဲ့ ထွက်ပြီးသားကားတွေထဲမှာ ကိုရီးယားရောဂါ၊ ဝှက်ဖဲ၊ ရှိနေတယ်၊ ဖေဖော်ဝါရီ ၃၁၊ တစ်ကျပ်ဖိုးသုံးကောင် စတဲ့ကားတွေလို ကားမျိုးတွေကို များများရိုက်ပေးပါလို့ အကြံဉာဏ်ပေးပါရစေ။
အနုပညာသရုပ်ဆောင်အားလုံးအား လေးစားဂုဏ်ယူလျက်

သမီးလေးရွှေယမင်းဦး

**အနုပညာရှင်အားလုံးကိုလေးစားဂုဏ်ယူတယ်ဆိုတဲ့ သမီးလေး ရွှေယမင်းဦးပြောတဲ့ 'ဖေဖော်ဝါရီ ၃၁' ဟာ ဇေရဲထက်ရဲ့ အပေါက်ဆုံးကားတစ်ကားဖြစ်သလို ကျန်တဲ့ကားတွေကလည်း သူ့ကိုပရိသတ် ရင်ခွင်ထဲအရောက်ပို့ပေးနိုင်ခဲ့တဲ့ ကဇာတ်ကားတွေပါပဲ။ သမီးလေး ရွှေယမင်းဦးအတွက် ဇေရဲထက်ကိုရတီစာမျက်နှာထက်မှာ ဖော်ပြပေးဖို့အယ်ဒီတာအဖွဲ့ကို မမရတီ တောင်းဆိုပေးလိုက်ပါပြီနော်။ ရွှေယမင်းဦးပေးတဲ့အကြံဉာဏ်တွေကိုလည်း ဇေရဲထက်ကကျေးဇူးတင်ပါ။ အခုလောလောဆယ်မှာ သမီးလေးရွှေယမင်းဦး ကျေနပ်စေဖို့အတွက် ဇေရဲထက်ရဲ့ လတ်တလောလှုပ်ရှားမှုတချို့ကို ဖော်ပြပေးလိုက်ပါတယ်။ ဇေရဲထက်ရဲ့ နောက်ဆုံးဗီဒီယိုဇာတ်ကား ကတော့ စံရတီမိုးမြင့်နဲ့ ရိုက်ကူးထားတဲ့ 'တံခါးတစ်ချပ်' ဖြစ်ပြီး နေတိုးနဲ့ ရိုက်ထားတဲ့ 'အွန်လိုင်း ပေါ်ကဝိညာဉ်' ဇာတ်ကားကရိုက် တူးဆဲဖြစ်ပြီး နှစ်တုန်ပိုင်းလောက်မှာ ပရိသတ်ရှေ့မှောက်ရောက်လာမယ်လို့ ခန့်မှန်းရပါတယ်။ ယခုလအတွင်းမှာတော့ ဝတ်မှုန်ရွှေရည်နဲ့ 'အသက်သွင်းလိပ်ပြာရေးရဲ့ရာဇဝင်' ကိုရိုက်ကူးနေပါကြောင်း။**

သို့
မင်္ဂလာပါမမရတီ

၂၀၁၄ နှစ်သစ်မှာမမရတီနှင့်တကွ ရတီအဖွဲ့သားအားလုံး ထာဝရ ပျော်ရွှင်မှု နှင့် အောင်မြင်မှုတွေရပါစေလို့ ဦးစွာနှုတ်ခွန်းဆက် ဆုတောင်း ပေးလိုက်ပါတယ်။ ညီမရဲ့စာကို နိုဝင်ဘာလမှာဖြေကြားပေးပြီးညီမလေးတောင်းဆိုထားတဲ့ ဆရာလွန်းမောင်မောင်ရဲ့ဝတ္ထုတိုကို ဒီဇင်ဘာလထုတ် မဂ္ဂဇင်းမှာ ဖတ်ရှုခွင့်ရတဲ့အတွက် အရမ်းကိုကျေးဇူးတင်ပါတယ်။ ဆရာရဲ့ ဝတ္ထုတွေကိုသိပ်သဘောကျပါတယ်။ ဆရာ့ကို ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါနော်။ မမရတီ ဆရာမောင်လွင်မှုန်(ကသာ)ရဲ့ 'နှံ့နှစ် နှလုံးသား ပတ္တမြားဖြစ်စေ' အခန်းဆက်ဝတ္ထုလေးကလည်း အလွန်ကောင်းပါတယ်။ ဇာတ်သိမ်းပိုင်းကို ပိုကြိုက်မိတယ်။ ဇာတ်သိမ်းပိုင်းရဲ့စာသားလေးထဲက နောက်ဆုံးအပိုဒ်ဖြစ်တဲ့ 'မရွှေလ၏အစ်ကို နေဘဝအပြင် ဒီနေ့ မျိုးဆက်သစ် ကလေးများ၏ အနာဂတ်လမ်းကို အားပေးကူညီလမ်းပြပေးနိုင်မည့် နေတစ်စင်း တကယ်ပဲဖြစ်ချင်နေပါသည်' ဆိုတဲ့ စာသားလေးကိုတော့ သိပ်ကို သဘောကျမိပါတယ်။ ဖြစ်နိုင်ရင် ဒီစာသားလေးအတိုင်း လူသားအားလုံးရဲ့ ရင်ထဲမှာရှိသင့်သလို တကယ့်လက်တွေ့လည်းလုပ်ဆောင်သင့်ပါတယ်။ ဆရာ့ကိုလည်း အမြဲအားပေးနေပါတယ်လို့ပြောပေးပါ။

ရတီမဂ္ဂဇင်းလည်း အရင်ကထက် ပိုပိုကောင်းလာပါတယ်။ နောင်လည်း ဒီထက်မကကောင်းအောင်ကြိုးစားနေမယ်လို့ ယုံကြည်ပါတယ်။

ရတီရဲ့ ထာဝရပရိသတ်
ခင်မာလွင်
မြိတ်မြို့။

**ညီမခင်မာလွင်ရေ ရတီဟာစာဖတ်ပရိသတ်အတွက် အကောင်းဆုံး တွေပေးနိုင်ဖို့ အမြဲကြိုးစားနေတာမို့ ကျေနပ်အားရတယ်ဆိုရင်ပဲ ဝမ်းသာနေကြပါပြီကွယ်။ ဆရာလွန်းမောင်မောင်ရဲ့ ဝတ္ထုနဲ့မောင်လွင်မှုန်(ကသာ) ရဲ့ အခန်းဆက်ဝတ္ထုတွေကို ကြိုက်နှစ်သက်တယ်ဆိုတာလည်း သတင်း စကားပါးပေးလိုက်ပါမယ်နော်။ ညီမလေးခင်မာလွင်ပြောသလို ဒီ့ထက်မကကောင်းအောင် ရတီဝိုင်းတော်သားတွေတလည်း အစဉ်မပြတ် ဆက်လက် ကြိုးစားနေပါတယ်တဲ့။**

သို့
မမရတီ

ဘဝအမောတွေကြား ကူးခပ်နေရတဲ့အချိန်မှာ အမောပြေစေတာကတော့ ရတီစာအုပ်လေးပါပဲ။ ရတီစာအုပ်လေးရှိနေလို့ပေါ့ ဒီဝမ်းတစ်ထွာအတွက်ရုန်းကန်နေရတာ။ မနက်လေးနာရီကနေ ညဆယ်နာရီအိပ်တဲ့ထိ စက်ရုပ်လိုလှုပ်ရှားနေရတာ ပင်ပန်းလွန်းပါတယ်။ အခုလို တစ်လနဲ့တစ်လ မထပ်အောင်ဆွဲဆောင်နိုင်တဲ့ရတီတွေကြောင့်သာ လုပနေခဲ့တာပါမမရယ်တကယ်ပါ။ ဒါကြောင့် ရတီကို အမြဲကျေးဇူးတင်နေပါတယ်မမရတီရယ်။

ရတီရဲ့ပရိသတ်
နှင်း၊ ရကမ။

**စာဖတ်သူတွေ အမောပြေနှစ်သက်ကြတယ်ဆိုရင် ရတီဝိုင်းတော်သား တွေပင်ပန်းရကျိုးနပ်ကြပါတယ်နှင်းရေ။ ဒီလိုပေးဆပ်နိုင်ဖို့အတွက်ဝိုင်းတော်သားတွေတ ဆက်လက်ကြိုးစားနေမှာပါ။**

မိုးတွေရွာလာပြီ။ အို . . . ကျွန်မပျော်လိုက်တာ။ မိုးတွေကို ကျွန်မသိပ်ချစ်တယ်။ မိုးစက်လေးတွေ ယိမ်းနွဲ့နေတာကို ငေးကြည့်နေရတဲ့ အရသာကို ကျွန်မသဘောကျတယ်။

အေးစက်စက်အခန်းလေးထဲ မိုးသံတဝေါဝေါ ဆူညံလာချိန်မှာ ကျွန်မနှစ်ခြိုက်စွာပြုံးလိုက်မိသည်။ ပြတင်းတံခါးပေါက်နားကို တရွေ့ရွေ့လှမ်းလာတဲ့ ခြေလှမ်းတွေက အိပ်မက်ထဲက ခြေလှမ်းတွေနဲ့တူနေတာတော့ အမှန်ပင်။ အိပ်မက်တစ်ခု။ ဟုတ်တယ်။ ကျွန်မရဲ့ ဘဝဟာ အိပ်မက်တစ်ခုအဖြစ်ရှိနေခဲ့ရင် သိပ်ကောင်းမှာပဲနော်။ အိပ်မက်တစ်ခုလို လှစ်ခနဲ ပျောက်ကွယ်သွားရင် ကျွန်မရင်ထဲက အစိုင်အခဲတွေလည်း ပျောက်သွားလိမ့်မယ်လို့ ထင်ပါတယ်။

စိမ့်ခနဲ အေးသွားတဲ့အတွေ့နဲ့အတူ ရေမှုန်လေးတွေကျွန်မမျက်နှာပေါ်သို့ အပြေးလေးဝင်လာခဲ့၏။ ကျွန်မသိပ်ချစ်တဲ့ မိုးစက်တွေ။ မိုးစက်လေးတွေကို လက်ဖဝါးပေါ်တွင် အသာခံယူလိုက်တော့ ကျွန်မလက်ချောင်းပေါ်မှ လက်စွပ်လေးကို ဖျတ်ခနဲမြင်သွားခဲ့မိပြန်သည်။ ရွှေရောင်ပြောင်ချော လက်စွပ်လေးတစ်ကွင်းဟာ သူ့လက်ချောင်းလေးထဲမှာရော ရှိနေသေးတုန်းပဲလားလို့ ခပ်ရှူးရှူးလေးတွေးလိုက်မိသည်။ မိုးရေတွေနှင့်ရောထွေးစွာရှိနေတဲ့ လက်စွပ်လေးကတော့ သူ့သခင်မအား သစ္စာရှိနေတုန်းပင်။ ခံစားချက်တဲ့. . .။ ခံစားရလွန်းလို့ ခံစားချက်ဆိုတာ ဘာမှန်းမသိချင်လောက်အောင်ဖြစ်နေခဲ့တာရော သိပါလေသလားလို့ လောကကြီးအား အော်ဟစ်ပြီးမေးလိုက်ချင်သည်။ ဟင်အင်း။ အဲဒီလိုလုပ်လို့ မဖြစ်နိုင်တဲ့ ဘဝတစ်ခုမှာ ကျွန်မရှိနေခဲ့ပါလားဆိုတဲ့အသိက ကျွန်မကိုထိန်းချုပ်လိုက်တော့လည်း မျက်ရည်တစ်စက်က ပါးပေါ်လိမ့်ကျလာခဲ့သည်။ ဘုရားရေ. . . ကျွန်မ မျက်ရည်ကျနေခဲ့သတဲ့လား . . .။

ပါးပြင်ကိုစမ်းလိုက်မိတော့ မိုးရေတွေနဲ့ ရောနေတဲ့ မျက်ရည်စတွေ။ ကျွန်မပြုံးလိုက်မိ၏။ ထိုအပြုံးသည် အခါများစွာကလို ရဲရင့်သောအပြုံးတစ်ခု မဟုတ်နေခဲ့တာတော့ သေချာသည်။ လေပြင်း တစ်ချက်တိုက်ခတ်လိုက်တော့ စိမ့်ခနဲ အေးသွားသလို ခံစားမိသည်။ အငြိုးတကြီးရွာချနေသော မိုးကို ကျွန်မစိတ်လှုပ်ရှားစွာ ငေးကြည့်နေမိပြန်သည်။ ဒီလိုမိုးတွေ သဲသဲမဲမဲရွာနေတဲ့အချိန်မှာပေါ့။ ကျွန်မအတွေးများသည် မိုးတွေသဲကြီးမဲကြီးရွာနေသောညတစ်ညကို အသာကူးခပ်သွားတော့သည်။

အပြင်လောကကြီး တစ်ခုလုံး မိုးသံတွေ တဝုန်းဝုန်းနှင့်ဆူညံနေချိန်တွင် သူ့စကားသံတိုးတိုးသည် ကျွန်မရင်တစ်ခုလုံးကို ပူလောင်ပြင်းရှသွားစေခဲ့သည်။

"မင်းစဉ်းစားဖို့ အချိန်ရှိသေးတယ်။ စဉ်းစားပါဦး"

"ဟင့်အင်း၊ ကျွန်မ တကယ်ပြောနေတာ တခြားမိန်းမ တစ်ယောက်သာဆို သူ့ဒေါသကိုကြည့်ပြီး အလျှော့ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်မိမည်ဖြစ်သည်။ သို့သော် ကျွန်မကတော့ သူ့အကြောင်းအရာတိုင်းကို ကြားသိမြင်တွေ့ခဲ့ရတော့လည်း ထိုကဲ့သို့ လွယ်လွယ်လေး အလျှော့ပေးဖို့ မဖြစ်နိုင်ပေ။

"ကျွန်တော်တို့လက်ထပ်ခဲ့တာ ဒီလိုကွဲဖို့မှ မဟုတ်ဘဲ ခိုင်"

ပျော့ပျောင်းသွားသည့် သူ့အသံကြားတွင် ကျွန်မစိတ်တို့ ယိမ်းခနဲ ဖြစ်သွားတော့မလိုပင်။ မနေ့ညနေတုန်းက ကျွန်မမြင်ခဲ့ရသော မြင်ကွင်းသာ မျက်လုံးထဲတွင် ပြန်ပေါ်မလာခဲ့ပါက ကျွန်မသူ့စကားကို စိတ်ယိုင်သွားမိမည်ထင်သည်။ ကျွန်မသိပ်သဘောကျသော နာမ်စားကိုသာ တွင်တွင်သုံးတတ်သော သူ့ကို ကျွန်မစိုက်ကြည့်နေမိ၏။ ကိုယ်တို့မောင်တို့ မသုံးဘဲ ကျွန်တော်လို့သာ ရိုးရှင်းစွာပြောတတ်သောသူ့ကို ကျွန်မသိပ်ချစ်ခဲ့သည်ဆိုတာ ကျွန်မအသိဆုံးပင်။ နောက်တော့ သူလည်း သိသည်ပဲ။ သူသည်လည်း ကျွန်မကိုချစ်ခဲ့သည်ဆိုတာ ကျွန်မသိသည်။ သို့သော် အခုတော့ သူ့အချစ်များသည် မည်သည့်နေရာတွင် အနည်ထိုင်နေခဲ့သလဲ ဆိုတာကို ကျွန်မသိနေခဲ့ပြန်သောကြောင့် သူ့အချစ်ကိုလုံးဝမယုံကြည်ချင်တော့ပေ။ ယုံကြည်မှုမဲ့သွား သောအဖြစ်လောက် စိတ်ပျက်စရာ ကောင်းတာမရှိပေ။ ကျွန်မသူ့ကို ခပ်ပါးပါးလေးပြုံးပြလိုက်ရင်းမှ တည်တည်ငြိမ်ငြိမ်ပင် ပြောလိုက်၏။

"ဟုတ်တာပေါ့ ခန့်ရဲ. . .။ ကျွန်မတို့လက်ထပ်ခဲ့တာ ကွဲဖို့မဟုတ်သလို ဖောက်လွဲဖောက်ပြန်ဖို့လည်း မဟုတ်ခဲ့ဘူးလေ။ အိမ်ထောင်ရေး တစ်ခုမှာ ဖောက်ပြန်ခြင်းဆိုတာ အဆိပ်တစ်ခွက်ပဲ။ အဲဒီအဆိပ်ကို ကျွန်မမလိုချင်ဘူး"

"ခိုင်. . . ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော်မှားခဲ့တာကိုလည်း ဝန်ခံပါတယ်။ ဒါပေမဲ့ ဒီလောက်အထိ ဖြစ်စရာတော့ မလိုဘူးလို့ ကျွန်တော်ထင်တယ်"

"ဘာ. . . ခန့်. .။ ရှင်ကအဲဒီလိုတောင်းပန်လိုက်ရုံနဲ့ ကျွန်မက ခွင့်လွှတ်ပြီးပြဿနာကို အမြုံခံလိုက်ရမလား ဟင်။ ကျွန်မ ရှင့်ဝတ္တရားတွေကို ဘာတွေပျက်ကွက်ခဲ့ဖူး




သလဲ။ ကျွန်မအတွက်နဲ့ ရှင့်သိက္ခာ ဘယ်တုန်းကကျခဲ့ဖူးသလဲ ခန့်။ သည်းခံမှုဆိုတာ အတိုင်းအတာ ရှိတယ်။ သည်းခံမှုရဲ့ ဘောင်ကို ကျော်သွားရင် ဘယ်သက်ရှိတစ်ယောက်မှ ငြိမ်ခံမနေတာ သဘာဝကျပါတယ်။ ကျွန်မလည်း သက်ရှိတစ်ယောက်မို့ ငြိမ်ခံမနေနိုင်ဘူး။

"ကျွန်တော်သူ့ကို . . . သူ့ကို သနားလို့ ကူညီခဲ့တာပဲရှိတာပါ ခိုင်"

ဘယ်လောက်များ ရယ်စရာကောင်းလိုက်ပါသလဲ။ သနားလို့ ကူညီခဲ့တာတဲ့လား။ သနားစရာကောင်းလောက်အောင် အဲဒီမိန်းကလေးဟာ ဆင်းရဲမွဲတေနေခဲ့သူတစ်ယောက်မှ မဟုတ်တာပဲလေ။ နောက်ပြီးတော့ အမြဲတမ်း သွက်လက်နေတဲ့သူ တစ်ယောက်၊ သူငယ်ချင်းတွေ အုပ်စုလိုက်နဲ့ အမြဲနေတတ်သူတစ်ယောက်ဟာ အထီးကျန်နေလောက်အောင် စိတ်ဝေဒနာခံစားနေရတဲ့သူ တစ်ယောက်လည်း မဟုတ်တာ ကျွန်မသိနေခဲ့တာပဲ။ အဲဒီလိုမိန်းကလေးကို သူက သနားလို့တဲ့ ကွယ်။ အဲဒီမိန်းကလေးအတွက်နဲ့ လိမ်လည်တဲ့စကားလုံးတွေ ဘယ်လောက်များများ ကျွန်မကို ပြောခဲ့ပြီးပြီလဲဆိုတာ သူတောင် စဉ်းစားမိရဲ့လား။ သူ့မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်ချင်စိတ်ကို လက်သီးကျစ်ကျစ်ဆုပ်ရင်း ထိန်းနေရတာကို သူကတော့ မသိသလိုပင်။ ကျွန်မကိုဆက်ပြီးပြောနေလိုက်သေးသည်။

"သူက ခိုင့်ကိုလည်း သိတယ်လေ။ နောက်ပြီး. . ."

"တော်ပါတော့ ခန့်။ ရှင်ရှင်းပြနေတာကို နားထောင်ဖို့ အထိ ကျွန်မမာနက ခွင့်မပြုတော့ဘူး။ ယောကျ်ားတစ်ယောက်အတွက်နဲ့ ကိုယ့်သိက္ခာကိုနင်းခြေပြီး ပတ်ဝန်းကျင်ရဲ့ သနားတဲ့ အကြည့်တွေကို ခံယူနေရလောက်အောင် ကျွန်မမမိုက်မဲချင်ဘူး။ ရှင် ဘယ်သူ့ဆီကိုပဲသွားသွား ဘယ်သူနဲ့ပဲတွဲတွဲ ကျွန်မကိုဖြတ်ချခဲ့ပြီးမှ ရှင်လုပ်ချင်တာကို ဆက်လုပ်ပါ ခန့်။ ရှင်လုပ်ချင်တာလုပ်နေတဲ့ အရိပ်အောက်မှာ ကျွန်မခေါင်းငုံ့ပြီးနေတာတော့ သေချာတယ်။

ကျွန်မစကားအဆုံးတွင် လျှပ်စီးတစ်ချက်လင်းခနဲ ဖြစ်သွားတာကို သူကလှမ်းကြည့်ရင်း အေးစက်စက်ပြောခဲ့လေသည်။

"ကျွန်တော် ခိုင့်ကို ကွာမပေးနိုင်ဘူး"

"ကွာမပေးနိုင်ရအောင် ရှင်နဲ့ ကျွန်မကြားမှာ ဘာများကျန်နေသေးလို့လဲ ခန့်။ ကျွန်မကတော့ ရှင့်နဲ့ ဝေးသွားဖို့ကိုပဲ စဉ်းစားတယ်"

"ကျွန်တော့်အတွက် ခိုင်လိုအပ်တယ်"

သူ့ရဲ့စကားတွေက ဟာသတော်တော်မြောက်ပါလားကွယ်။ ကျွန်မက သူ့အတွက် လိုအပ်တယ်တဲ့လား။ သူနဲ့ တန်းတူလိုက်နိုင်ပြီး သူ့အတွက် အကြံကောင်းတွေ ပေး

တတ်တဲ့ကျွန်မကို လိုအပ်နေတာလား။ ဒါမှမဟုတ် အင်မတန်ချစ်တတ်ပြီး သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း သူ့ရဲ့ အခက်အခဲတွေကို ရင်ဖွင့်လာတိုင်း စိတ်ရှည်စွာနားထောင်ပေးတတ်ခဲ့သည့် ကျွန်မကို လိုအပ်တာလား။ လိုအပ်တယ်ဆိုတဲ့ စကားလုံးလောက်တာ သွားတာ ဘာရှိနိုင်ဦးမလဲလေ။ ဒါဆိုရင် ဘာကြောင့်များ ဇာတ်လမ်းတစ်ခုကို ကဖို့ သူကြိုးစားခဲ့ရတာပါလဲ။ ကျွန်မ မသိအောင် ဘာကြောင့်များ လျှို့ဝှက်ခဲ့ ရတာလဲ။ ကျွန်မ အိမ်ထောင်မကျခင် ချစ်သူဘဝမှာကတည်းက သူမသိအောင် ဘယ်အရာတွေကို ကျွန်မလျှို့ဝှက်ပြီး လုပ်ခဲ့ဖူးလို့လဲ။ ကျွန်မ ရင်ထဲတွင် တိုးဝှေ့နေသော မေးခွန်းပေါင်းများစွာကို အသာမျိုချလိုက်၏။

မိုးစက်ကလေးများသည် ပြတင်းပေါက်မှတစ်ဆင့် အခန်းအတွင်းသို့ ရောက်လာတော့ ကျွန်မတံခါးထပိတ်လိုက်တာကို သူကလှမ်းကြည့်ရင်း သက်ပြင်းခိုးချနေခဲ့လေသည်။ ကျွန်မခေါင်းမာတာကို သိသောသူက စကားလုံးများကို စီနေချိန်တွင် ကျွန်မလက်မှ လက်စွပ်လေးကို ချွတ်ကာသူ့ကို လှမ်းပေးလိုက်၏။ ပျက်ယွင်းသွားသော မျက်နှာတစ်ခုကို ဟိုအရင်ကဆိုလျှင် ကျွန်မသနားကာ သူ့ဆံပင်များခပ်ဖွဖွပွတ်သပ်ပေးလိုက်မိမည်ဖြစ်သည်။ မော့ကြည့်နေသော သူ့မျက်လုံးအိမ်သည် မီးရောင်ကြောင့် လက်နေသလား။ ဟင်အင်း မီးရောင်ကြောင့် မဟုတ်ဘူး။ ဒါဆို သူ့မျက်ဝန်းမှာ အရည်တွေလဲ့နေခဲ့တာပေါ့။ သေချာတယ်။ သူ့မျက်ရည်တွေပါပဲ။ အခုနေသူငိုချလိုက်ရင် ကျွန်မ အခက်တွေ့သွားနိုင်သည်မို့ အကြည့်ကိုလွှဲလိုက်ရင်း

"ရော့. . . ခန့်. . ဒီလက်စွပ်ကို ရှင်ကြိုက်တဲ့ နေရာမှာ သုံးနိုင်ပါတယ်။ ကျွန်မအတွက် ဒီလက်စွပ်ဟာ အဟန့်အတားတစ်ခု ဖြစ်နေတဲ့အတွက် ရှင်ယူထားလိုက်ပါ"

လက်စွပ်ကိုလှမ်းပေးနေသော ကျွန်မလက်များသည် ဘာအတွက်ကြောင့်များ တုန်ခါနေရပါလိမ့်။ တည်ငြိမ်မှုဟာ ဘာလို့ ဝေးသွားသလို ဖြစ်နေခဲ့ရတာလဲ။ မဖြစ်သင့်ပါဘူးလို့ ကိုယ့်ကိုယ်ကိုယ်သတိပေးမိချိန်တွင် ကျွန်မလက်အစုံပေါ်သို့ သူ့မျက်နှာကို မှောက်ချလိုက်တာကြောင့် ကျွန်မတစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားမိ၏။ လှုပ်ရမ်းနေသော သူ့ကျောပြင်ကို ကြည့်ရင်း ကျွန်မရင်ထဲတွင် ဝမ်းနည်းစိတ်တို့ လှိုက်ခနဲဖြစ်သွားလိုက်ခဲ့သော်လည်း စိတ်ကိုတင်းလိုက်ရသည်။ ကျွန်မပျော့ညံ့သွားလို့ မဖြစ်ပေ။ သူ့ရင်ခွင်တွင် မှီနွဲ့နေသော မိန်းကလေးကို ပြန်မြင်ယောင်လာချိန်တွင် ဒေါသတို့က တစ်ဖန်ဆူဝေလာရလေ၏။ သူ့ရင်ခွင်သည် ကျွန်မတစ်ယောက်တည်းအတွက်မှ မဟုတ်ခဲ့တာပဲ။ သူ့အချစ်ကို ကျွန်မက ခွဲဝေရခဲ့တာပဲ မဟုတ်လား။ အိမ်ထောင်သည်တစ်ယောက်ဆိုတဲ့အသိကိုတောင် မထိန်းထားနိုင်ရလောက်အောင် သူအဲဒီမိန်းကလေးရှေ့မှာ အလဲအကွဲ ကျဆုံးသွားခဲ့တာအားလုံးသိနေခဲ့တာပဲ။ ကျွန်မကို သူပြောရင် ဘာမဆိုရတယ်ဆိုတဲ့ အချိုးမျိုး ချိုးထားရလောက်အောင် ကျွန်မက သူ့ကို မသိချင်ယောင်ဆောင်ပေးခဲ့တာကို သူရိပ်မိရဲ့လား။ အဲဒါ ကျွန်မသူ့ကို သိပ်ချစ်ခဲ့လို့သာ ဒီလောက်အထိ သည်းခံပေး နိုင်ခဲ့တာ။ ကျွန်မရဲ့ သည်းခံနိုင်အား ကို သူကိုယ်တိုင် ဖျက်ဆီးပစ်လိုက်တာပဲလေ။

လက်ခုပ်ဆိုတာ နှစ်ဖက်တီး မှ မြည်သလို သူလည်းမြည် သူ့မိန်းကလေးလည်း မြည်လာတော့ တီးမိပြီဆိုတာကို ကိုယ်တိုင်မှသိပါလေစ။ ကျွန်မကတော့ သူစတင်မှုပျက်နေကတည်းက ရိပ်မိခဲ့သလို တစ်ယောက်ကို တစ်ယောက် ယုံကြည်ရမယ်ဆိုတဲ့ အသိတစ်ခုကြောင့်သာ မေးခွန်းတွေနဲ့ သူ့ကို မထိုးနှက်ခဲ့တာကို သူက အဟုတ်ကြီးထင်နေခဲ့ရင်တော့ သူတော်တော်ညံ့သွားလို့ပဲ ဖြစ်မည်။

ကျွန်မလက်ဖဝါးပေါ်တွင် သူ့မျက်ရည်တစ်စက်ကျလာခဲ့တော့ ကျွန်မအလန့်တကြားရုန်းလိုက်မိ၏။ သူ့မျက်ရည်ကို တစ်ခါမှ မတွေ့ခဲ့ဖူးသော ကျွန်မသည် တဒင်္ဂတော့ အံ့ဩသလိုငြိမ်သက်နေခဲ့သည်။ နီရဲနေသော မျက်ဝန်းများကို ကျွန်မ လုံးဝမကြည့်မိအောင် ကြိုးစားသော်လည်း ဖျတ်ခနဲ အကြည့်ကရောက်သွားခဲ့ပြန်သည်။ တောင်းပန်ရိပ်တွေ စွက်နေသော သူ့မျက်လုံးများကို ကျွန်မမုန်းမနေခဲ့တာသေချာသည်။ ရှည်မျောမျော မျက်လုံးအိမ်သည် ကလေးငယ်တစ်ယောက် လို အပြစ်ကင်းအောင် ဖန်တီးထားသလိုပင်။ သူ့ကို စိုက်ကြည့်နေမိသော ကျွန်မအကြည့်ကြောင့် သူခေါင်းငုံ့လိုက်ကာ

"ဒီလက်စွပ်ရဲ့ပိုင်ရှင်ဟာ ခိုင်တစ်ယောက်ပဲရှိတယ်။ အဲဒီ အတွက် ခိုင်ပဲယူထားပါ"

"အို. . . ဘာလို့ ကျွန်မက ယူထားရမှာလဲ။ ကျွန်မ မလိုချင်ဘူး။ ကျွန်မကို ရှင်တစ်ခုပဲလုပ်ပေးပါ။ မနက်ဖြန်ရုံးမှာ ကွာရှင်းပေးပါ"

"ခိုင်"

သူ့အသံသည် မိုးသံကိုထိုးဖောက်ကာ ကျယ်လောင်လွန်းသွားခဲ့၏။ ကျွန်မသိပ်မုန်းတာ ဒီလိုအော်ဟစ်တတ်တဲ့ အသံတွေပဲလေ။ ကျွန်မစိတ်ပျက်သလို နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်မိသည်။

"ခိုင် လိုချင်တာ ဘာလဲ"

ရုတ်တရက် ထွက်လာသော သူ့မေးခွန်းကို မဆိုင်းမတွ ကျွန်မဖြေလိုက်မိ၏။

"ကျွန်မလိုချင်တာ ရှင်ကျွန်မအနားက ပျောက်သွားဖို့နဲ့ ရှင့်အရိပ်က အမြန်ဆုံးလွတ်သွားဖို့ပဲခန့်"

ကျွန်မအသံတွေ အေးစက်စက်နိုင်နေတာကို သတိထားမိတော့ အားတက်သလိုခံစားလိုက်ရသည်။ ခိုင်ခိုင်ကျော်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ကိုယ်မှန်တယ်လို့ ယူဆရင် ဘယ်တော့မှ နောက်ဆုတ်အရှုံးပေးရိုး ထုံးစံမရှိတာကို သူသိနေတာပဲလေ။ ကျွန်မအတွက် ခံစားချက်ဆိုတာကို အခုအချိန်တွင် မခံချင်သေးပေ။ ခံစားချက်များ တွင် ဝမ်းသာမှုထက် ဝမ်းနည်းမှုက ကပိုနေလိမ့်မည်။ ထိုအချိန်တွင် လှိုက်ခနဲတက်လာသော ဝမ်းနည်းမှုသည် ဒေါသအဖြစ် အမုန်းအဖြစ်သာ ကျွန်မရင်ထဲတွင် စီးဝင်နေခဲ့လေ၏။

"ခိုင့်ဆုံးဖြတ်ချက်ကို ပြန်မပြင်ပေးနိုင်တော့ဘူးလားဟင်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာရှိတဲ့ အရာတွေအားလုံးကို ခိုင်မေ့ပစ်နိုင်လား"

မေ့ပစ်နိုင်လားတဲ့။ ကောင်းလိုက်တဲ့ မေးခွန်းပါလားကွယ်။ မေ့နိုင်ဖို့အတွက် ကျွန်မမှာ နာကြည်းမှုတွေရှိနေခဲ့တယ် မဟုတ်လား။ အဲဒါဟာ မေ့နိုင်အောင်ပြုလုပ်ပေးတဲ့နေရာမှာ အကောင်းဆုံးဆေးတစ်လက်လို့ ကျွန်မထင်မိသည်။ သို့သော် အတိအကျတော့ ကျွန်မမယုံရဲပေ။ ဒါကိုသူသိဖို့လည်း မလိုအပ်ပေ။ သူနှင့်ကျွန်မ၏ပျော်ရွှင်ဖွယ်နေ့စွဲများသည် လေထဲ တွင် ပါသွားသော စက္ကူစတစ်ခုလို လွင့်မျောနေပြီဖြစ်သည်။

မေ့ပစ်နိုင်ဖို့မလိုဘူး။ အချိန်တစ်ခုမှာ အားလုံးကို မေ့နိုင်သွားမယ်လို့ ကျွန်မယုံကြည်ထားပါတယ်ခန့်"

တစ်ချိန်က တစ်ယောက်ကို တစ်ယောက် အင်မတန်တွယ်တာခဲ့သော အချိန်များ၊ တစ်ယောက်၏သောကကို တစ်ယောက်က မျှဝေပေးခဲ့သော အချိန်များသည် အခုတော့ ဟိုးအဝေးတွင် ငြိမ်သက်နေခဲ့တော့မည်။ အဖြစ်သည်း လိုက်ကြတာလို့ အပြောခံ ရသည်အထိ ချစ်ခဲ့ကြသော ကျွန်မတို့၏ အကြောင်းများကိုသာ အဝေးမှ သူငယ်ချင်းတွေ သိခဲ့ကြလျှင် အနည်းဆုံးတော့ အံ့ဩတကြီး ဖြစ်သွားနိုင်ပါသည်။ ကျွန်မကလွဲလို့ ဘယ်မိန်းကလေးနှင့်မှ အရောတဝင်သိပ်နေလေ့ မရှိသော သူ့ကို အထူးအဆန်းဖြစ်စွာ မေးခွန်းတွေ ထုတ်ကြမှာ သေချာသည်။ မယုံကြည်နိုင်သူလည်း ရှိနိုင်ပါသည်။ သို့သော် ထိုအဖြစ်အပျက်သည် အမှန်တကယ်ဖြစ်နေခဲ့တာကို ကျွန်မတို့နီးစပ်သည့် အသိုင်းအဝိုင်းကတော့ အားလုံးသိနေခဲ့၏။

စီးပွားရေးကို အကွက်ရွှေ့ကစားတတ်သော သူသည် အိမ်ထောင်ရေးကိုလည်း အကွက်ရွှေ့ကစားဖို့ ကြိုးစားခဲ့လေသည်။ ထိုကစားကွက်ကို သူ့လို စီးပွားရေးသမားတစ်ယောက်ဖြစ်သော ကျွန်မ

က ရိပ်မိနေခဲ့ခြင်းကို သူသိနေခဲ့ပုံရသော်လည်း မသိချင်ယောင်ဆောင်နေတာ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်မသူငယ်ချင်းတစ်ယောက် ပြောခဲ့တာက ကလေးမရှိလို့ သူဒီလောက်ဖြစ်နေတာတဲ့လား။ ထိုစကားကို ကျွန်မ လက်မခံနိုင်ပေ။ ကလေးကို နှစ်ဦးသဘောတူ မယူသေးကြတာကြောင့် သူ့အတွက် ကလေးပြဿနာမဖြစ်နိုင်ပေ။ ဖောက်ပြန်ချင်စိတ်ဖြစ်နေသော သူတစ်ယောက်အတွက် ကလေးရှိသည် မရှိသည်က အဓိကမကျနိုင်တာသေချာသည်။ ကလေးသည် ဖောက်ပြန်ချင်စိတ်ကို အနည်းငယ်မျှလောက်သာ ထိန်းပေးနိုင်မည်လို့ ကျွန်မထင်မိသည်။

သူကိုယ်တိုင်ပါဝင်နေသော ဒီဇာတ်လမ်းတွင် ကျွန်မသည် လူကြမ်းတစ်ယောက်တော့ ဖြစ်နေနိုင်ပါသည်။ တစ်ဖက်မှ မိန်းကလေးကို မည်သည့်စကားလုံးနှင့်မျှ ထိခိုက်အောင်ပြောဖို့ စိတ်ကူးမရှိပေ။ ကိုယ့်ရွှေမကောင်းတော့လည်း ပန်းထိမ်ကို အပြစ်တင်နေလို့ ဘာမှထူးလာမည်မဟုတ်ပေ။ ကျွန်မကတော့ မကောင်းသောရွှေကို တသသနှင့် ဖက်တွယ်မထားချင်ခဲ့တာ သေချာသည်။ ကျွန်မဂုဏ်သိက္ခာအတွက် ကျွန်မအတ္တကြီးရပါတော့မည်။ ထိုဂုဏ်သိက္ခာသည် ယောကျ်ားတစ်ယောက်၏ ခြေထောက်အောက်တွင် ဝပ်ဆင်းနေရန်မလိုအောင် ကျွန်မကိုထိန်းကျောင်းပေးလိမ့်မည်လို့ ကျွန်မယုံကြည်နေသည်။

"ကောင်းပြီလေ။ ခိုင့်ဆုံးဖြတ်ချက်အတိုင်း ကျွန်တော် ခိုင့်ဘေးကနေ ပျောက်ကွယ်သွားပေးမှာပါ။ ဒါပေမဲ့ ကွာမပေးနိုင်ဘူးဆိုတာ ခိုင်သိထားပေးပါ။ အဲဒါ ကျွန်တော့်ဆုံးဖြတ်ချက်ပါပဲ"

"ကွာမပေးဘူးဆိုတာ ဘာသဘောလဲ ခန့်"

"ခိုင့်ယောကျ်ားဟာ ကျွန်တော်တစ်ယောက်ပဲ ဖြစ်စေချင်လို့ပါ"

"ရှင်တော်တော်ရယ်စရာကောင်းတဲ့သူပဲ ခန့်"

"အဲဒါ ခိုင့်ကို ကျွန်တော်ချစ်နေသေးလို့ပေါ့ ခိုင်"

"တော်ပါတော့။ ကျွန်မကို ချစ်တယ်လို့ ရှင်ထပ်မပြောရင်ကောင်းမယ်။ ရှင့်ရဲ့ကွာရှင်းစာချုပ်ကို ကျွန်မစောင့်နေမှာပါ ခန့်"

ခနိုးခနဲ့ ရယ်မောသံတစ်ခုကြောင့် သူ့ကိုဖျတ်ခနဲ ကြည့်မိတော့ သူကအသာထထွက်သွားခဲ့ လေ၏။ လင်းဝင်းသွားသော လျှပ်စီးရောင်အောက်တွင်မှန်ပြတင်းပေါက်များမှ တစ်ဆင့် ယိမ်းထိုးနေသောအပင်ကြီးငယ်များကို တွေ့နေရသည်။ ခဏအကြာမှာတော့ သူသည် အိတ်တစ်လုံးကိုဆွဲကာ ကျွန်မနားကို ရောက်လာခဲ့လေသည်။ ဘေးတိုက်မြင်နေရသော သူ့မျက်နှာကို ကျွန်မနာကျင်စွာကြည့်နေမိ၏။

"ကျွန်တော်သွားတော့မယ် ခိုင်။ ဘယ်တော့မှ ခိုင့်အရှေ့ကို ပေါ်မလာစေရဘူးလို့လည်း ကတိပေးပါတယ်။ ဒါပေမဲ့ ခိုင်သိထားဖို့က ကျွန်တော်ခိုင့်ကိုစောင့်ကြည့်နေမယ်ဆိုတာပဲ။ခိုင့်အနားမှာ ဘယ်ယောကျ်ားမှ မပေါ်လာစေချင်ဘူး။ နောက်ပြီး. . ."

ကျွန်မအနားကို တိုးကပ် လာကာပြောနေသော သူ၏ ဝင်လေထွက်လေသည် နားသယ်စပ်တွင် ရှိန်းမြမြ ဖြစ်နေခဲ့လေသည်။ ငြိမ်သက်နေမိသော ကျွန်မကို သူအသာဖွဖွလေးဖက်လိုက်တော့ ကျွန်မနှလုံးခုန်သံသည် အင်မတန်ကျယ်လောင်စွာ မြည်ဟည်းသွားခဲ့တော့သည်။ သူ့အနမ်း တစ်ခုက ကျွန်မနဖူးပြင်တွင် ရောက်ရှိလာခဲ့သလို

"ခိုင့်ကို ကျွန်တော်သိပ်ချစ်တယ်" လို့ တိုးတိုးလေးပြောနေခဲ့လေ၏။ နောက်ဆုံး အနေနှင့် သူ့ကို ကျွန်မအခွင့်အရေး ပေးနေခဲ့ရတာလား။ ကျွန်မသူ့လက်များကို အသာဆွဲဖယ်ရှားလိုက်ရင်း နာကျင်စွာ ပြုံးလိုက်မိသည်။ လှည့်ထွက်သွား သောသူ့ကို ကျွန်မနှုတ်ဆက်သင့် သလား။ ဟင်အင်း။ ကျွန်မ စကားပြောလို့ မဖြစ်နိုင်လောက်အောင် ဆို့နင့်နေခဲ့တာလေ။ သူ့ရဲ့ စကားတိုင်းကို ယုံကြည်ဖို့သည် အင်မတန် မိုက်မဲသော အလုပ်တစ်ခုဆိုတာကို ကျွန်မသိနေခဲ့၏။ သို့သော် ထိုစကားများကို ကျွန်မတိတ်တဆိတ်ယုံကြည်ချင်နေသေးတာကို မသိချင်ယောင်ဆောင်ရင်းလှည့်ထွက်စပြုနေသော သူ့ကို လက်ပိုက်ပြီး ရပ်ကြည့်နေခဲ့မိလေသည်။

သဲသဲမဲမဲ ရွာနေသော မိုးညတစ်ညတွင် သူသည် ကျွန်မနားမှ ပျောက်ကွယ်သွားခဲ့လေသည်။ သို့သော် သူထားပေးခဲ့သော လက်စွပ်လေးကို ကျွန်မမှန်တင်ခုံတွင်တော့ ကျွန်မသည်းထန်းစွာ ငိုကြွေးမိခဲ့ပါသည်။ သူ မမြင်နိုင်သော မျက်ရည်များသည် လွတ်လပ်စွာကျဆင်းခွင့်ရချိန်တွင် ကျွန်မအသာအယာပြုံးလိုက်မိတော့သည်။ မျက်ရည်များနှင့်ပြုံးမိသော ကျွန်မ အပြုံးကို မှန်ထဲမှ လှမ်းကြည့်နေမိ၏၊ လောကတွင် ရပ်တည်နိုင်ဖို့အတွက် မိန်းမတစ်ယောက်တွင် သတ္တိခွန်အားနှင့်အတူ ယုံကြည်မှုတွန်းအားများရှိနေခဲ့မည်ဆိုလျှင် မုချဧကန် ရပ်တည်နိုင်လိမ့်မည်ဆိုတာ ကျွန်မယုံကြည်ပါသည်။ မှီခိုခြင်းကင်းသော အားကိုးခြင်း ကင်းသော မိန်းမတစ်ယောက်သည် ရဲဝံ့စွာ ရပ်တည်နိုင်ဖို့ ခက်ခဲလိမ့်မည် မဟုတ်ပေ။ သို့သော် မိန်းမတစ်ယောက်၏ ကွက်လပ်တစ်ခုတွင် ချစ်ခြင်းတရားလည်း ပါဝင်နေခဲ့ပါသည်။ ထိုချစ်ခြင်းတရားသည် ယုံကြည်မှုကင်းမဲ့လာခဲ့လျှင် နာကြည်းဖွယ်ကောင်းသော ခံစားမှုများကို လက်ဆောင်ပေးတတ်ကြောင်းကိုတော့ ကျွန်မအချိန်တော်တော်ကြာမှ နားလည်ခဲ့လေ၏။

(၂)

မိုးစက်ကလေးများနှင့်အပြိုင် ကျွန်မစိတ်ထဲတွင် အတွေးစများသည် ကခုန်နေမိခဲ့လေ၏။ တစ်ယောက်တည်း နေလာခဲ့သော အခန်းလေးသည် အခုတော့လည်း အသားကျစွာ ရှိနေခဲ့ပြန်သည်။ မနေ့က စာတိုက်မှရောက်ရှိလာသော စာအိတ်လေးကို စားပွဲပေါ်မှ အသာလှမ်းယူကာ ကြည့်လိုက်မိ၏။ ဘယ်နကြိမ်မြောက်မှန်းမသိသော အကြည့်များသည် ထိုစာရွက်ပေါ်မှ လက်မှတ်တစ်ခုပေါ်တွင် စူးနစ်စွာရှိနေခဲ့လေသည်။ ကျွန်မကို လွတ်လပ်စွာ ပျံသန်းခွင့်ပေးခဲ့သော ထိုလက်မှတ်ပိုင်ရှင်ကို ကျေးဇူးတင်သည်။ ထို့အတူ ရင်တွင်းတစ်နေရာမှလည်း နာကျင်သည်။ ကျွန်မ၏ ချစ်ခြင်းကွက်လပ်လေးသည် ဘယ်တော့မှ ပြည့်တော့မှာ မဟုတ်တော့တာကို သိနေခဲ့သည့်အတွက် တိတ်တဆိတ်တော့ ဝမ်းနည်းမိလေသည်။ ဆုံးဖြတ်ချက်ကိုပြင်ကာ ကွာရှင်းပေးခဲ့သည့် သူ့ကို ကျွန်မမမေ့နိုင်တာတော့ သေချာသည်။ သို့သော် သူ့လုပ်ရပ်များကို မြင်ယောင်လာချိန်တွင် ကျွန်မရင်သည်ခါးသက်သွားခဲ့တော့ လေသည်။ ထိုခါးသက်ခြင်းသည် ကျွန်မအတွက် မီးအိမ်လေးတစ်ခု ဖြစ်သည်။ လိမ်လည်မှုများ၏ အဝေးတွင် ခါးသက်စွာနေထိုင်နိုင် ဖို့အတွက် ကျွန်မသည် အဆင်သင့်ရှိ နေခဲ့လေသည်။ ထို့ပြင် သူ့သတင်း များကိုကြားတိုင်း ကျွန်မလုပ်ရပ် မှန်ကန်သည်လို့ သတ်မှတ်မိမြဲပင် ဖြစ်သည်။

ကျွန်မလက်ထဲတွင် ရှိနေသော လက်စွပ်လေးကို အသာဆွဲချွတ်လိုက်တော့ ရင်တစ်ခုလုံး ပေါ့ပါးသွားခဲ့ပါသည်။ ကျွန်မဘေးတွင် ဘယ်သူမှရှိနေတော့မှာ မဟုတ်တာသေချာသည်။ ကျွန်မ တစ်ယောက်တည်းသာ ရှိနေသော အခန်းလေးထဲတွင် အရင်ကလို တစ်ယောက်တည်း အထီးကျန်စွာ ရှိနေမည်လား။ ဟင်အင်း။ အထီးမကျန်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်မတွင် ခါးသက်သောဖြစ်ရပ် ကလေးများက အဖော်အဖြစ်ရှိနေခဲ့လို့ပဲဖြစ်သည်။ ထို့ပြင် ခိုင်မြဲသည်လို့ထင်မိခဲ့သော တွဲလက်များ၏ အခြားတစ်ဖက်တွင် ကြေကွဲစရာများလည်း ရှိနေခဲ့တာကို ကျွန်မသေချာနားလည်နေခဲ့ပါသည်။

မိုးတွေရွာနေပါရောလား။ မိုးစက်လေးများယိမ်းနွဲ့ကနေတာကို နှစ်ခြိုက်စွာငေးကြည့်နေမိသော ကျွန်မသည် မျက်ဝန်းတစ်စုံမှစိုစွတ်မှုတချို့ကို ခံစားလိုက်ရချိန်တွင် ကျွန်မနှုတ်ခမ်းများသည် ပြုံးနေခဲ့လေ၏။ ထိုအပြုံးသည် ရဲရင့်သော အပြုံးတစ်ခုဖြစ်နေလိမ့်မည်ဆိုတာကိုတော့ ကျွန်မသေချာသိနေခဲ့ပါသည်။

**သံလွင်သစ္စာ(သထုံ)**



# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း၊ လမ်း - ၈၀၊

**နေရစ်ခဲ့တော့ဒီဇင်ဘာ**

နေရစ်ခဲ့တော့ ဒီဇင်ဘာ . . . အဲသလို ပြောလိုက်ပြီးမှ ကိုထွန်း တစ်ယောက် သူ့အပြောနဲ့ သူ့လေသံကို ဖျတ်ခနဲ ဆန်းစစ် လိုက်ရင်း ပြုံးလိုက် မိပါတယ်။ စကားပြောဆိုမှုနဲ့ ဟန်အမူအရာတွေဟာ စိတ်ခံစားမှုအပေါ် မူတည်ပြီး ဖြစ်ပေါ်လာရတာပါ။ အထူး သဖြင့် စကားပြောဆိုမှုပေါ့။ ပြောချင်တဲ့ အကြောင်းအရာက တစ်ခုတည်း ဖြစ်ပေမဲ့ ကိုယ့်စိတ်ခံစားမှုအပေါ် မူတည်ပြီး လေသံရဲ့ အနိမ့်အမြင့်၊ အပြင်းအပျော့တွေ ကွာခြားသွားလေ့ရှိပါတယ်။ လူတွေရဲ့ စိတ်ခံစားချက်၊ အကျင့်စရိုက်တွေက တစ်ယောက်နဲ့တစ်ယောက် မတူညီကြဘူး။ တချို့က စကားပြောရင် ပွင့်ပွင့်လင်းလင်း၊ ဟောဟော ဒိုင်းဒိုင်း၊ တချို့ကျတော့ ပြောတဲ့စကားတိုင်းမှာ အဆဲလေးတွေပါပြီး ကြမ်းကြမ်း တမ်းတမ်း ရိုင်းရိုင်းပျပျ၊ တချို့ကတော့ ဘယ်အကြောင်းနဲ့ ဘာတွေပဲ ပြောပြော သိမ်သိမ်မွေ့မွေ့နဲ့ ပြောတတ်လေ့ရှိပါတယ်။ မိသားစုတစ်ခုမှာပဲ ကြည့်လေ၊ သားသမီးတွေက အမေ့ဆီက မုန့်ဖိုးနဲ့ ကျူရှင်ဖိုး တောင်းတယ်ဆို ပါတော့။ ဒါက လစဉ်လတိုင်း မိဘက အမြဲတမ်းပေးနေကျ၊ တစ်လတော့ ပေးနေကျ အစီအစဉ်ပျက်ကွက်နေတဲ့ အခါ သားသမီးတွေက မိခင်ဆီကို အရေးဆိုကြရပါပြီ။ အဲသမှာ တစ်ယောက်က "အမေ မုန့်ဖိုးနဲ့ ကျူရှင်ဖိုးပေးတော့ဗျ"လို့ စိတ်မ ရှည်တဲ့ လေသံနဲ့ ပြောကြည့်ပါလား။ သူ့လေသံက အထက်စီးနဲ့ မိဘ တာဝန်မကျေတာကို သတိပေးတာမျိုး၊ တစ်နည်းပြောရရင် လယ်သမားတွေ အစိုးရဆီက အမတော်ကြေး မပေးလို့ တောင်းတဲ့ပုံစံမျိုးဖြစ်နေပါတယ်။ သည်လိုမျိုးတော့ ဘယ်ရလိမ့်မလဲ။ စိတ်ရှုပ်နေတဲ့အချိန်လာ တောင်းလို့ကတော့ နာပြီသာမှတ်ပေတော့။ လိုချင်တဲ့ ပိုက်ဆံမရတဲ့ အပြင် အမေက ခေါင်းမခေါက်ရင် ကံကောင်းတယ်လို့ ဆိုရမှာပါ။ ပါးနပ်တဲ့ သားသမီးတွေကတော့ အဲသလို မဟုတ်ဘူး။ မိဘအရိပ် အခြေအနေကို အကဲခတ်တယ်။ စိတ်အေးလက်အေးရှိပြီး မိဘပြုံးရွှင်နေတဲ့အချိန်မှာ စကားသံချိုချိုနဲ့ ကိုယ်လိုချင်တာကို တောင်းပါတယ်။ အဲသည်တော့ အမေကလိုချင်တဲ့ ပိုက်ဆံမပေးဘဲ နေပါ့ရိုးလား။

ကိုထွန်းလည်း ခပ်ညှံ့ညှံ့ လူ



> အမှန်တော့ ပြောလို့သာ ပြောရတာပါ။ ဒီဇင်ဘာလဟာ ပျော်ပွဲရွှင်ပွဲတွေပေါ်များပြီး ချစ်စရာကောင်းတဲ့ လတစ်လဖြစ်ပါတယ်။ ဒီနှစ်တော့ ဆီးဂိမ်းကြီးနဲ့ ကြုံရတော့ ဒီဇင်ဘာလဟာ ပျော်ပွဲတွေနဲ့ ပိုပြီး မြိုင်ဆိုင်သွားခဲ့ပါတယ်။ ဆီးဂိမ်းဖွင့် ပွဲနဲ့ ပိတ်ပွဲကို တီဗီထဲက ရှုစားခဲ့ရပါတယ်။ တယ်လည်း ကောင်းတာကိုး။ ဆီးဂိမ်းကြီးအတွက် ဒေါ်လာဘီလီ ယံ သန်း ၃၁၀ . . .

တစ်ယောက်ပါ။ ငယ်ငယ်ကတည်း က လူ့သဘောနဲ့ လူ့အကဲ ကို မခတ် တတ်၊ အခြေအနေကို မကြည့်ဘဲ ကိုယ်ဖြစ်ချင်တာနဲ့ ကိုယ့် စိတ်ထဲ ရှိတာတွေကို ဒလဟော ပြောချ တာမျိုး လုပ်တတ်လေ့ရှိပါတယ်။ အဲသမှာ အရိပ်အခြည်မကြည့်၊ စကားပြောဆိုမှု မကျွမ်းကျင်လို့ ခေါင်းဖုထွက်အောင် အမေ့လက်ရာ တွေနဲ့ ငိုချင်းချရပါလေရော။ အခုပဲ ကြည့်လေ။ နှစ်တစ်နှစ်ရဲ့ နောက် ဆုံးလဖြစ်တဲ့ ဒီဇင်ဘာလကို နေရစ် ခဲ့တော့ ဒီဇင်ဘာတဲ့။ သည်လေသံ ထဲမှာ ဒီဇင်ဘာလကို မကြည်လင်တဲ့ အရိပ်အငွေ့တွေ ပါနေတယ်။ ရာသီ စက်ဝန်းကြီးဟာ ပုံမှန်ရွေ့လျား ရင်း ပြက္ခဒိန် စာရွက်တွေ တဖြုတ်ဖြုတ် ကြွေကျသွားခဲ့ ပါတယ်။ ဒီဇင် ဘာလကတော့ ကိုထွန်းက မပြော လည်း နေရစ်ခဲ့မှာပါပဲ။ ဒါပေမဲ့ ကိုထွန်းကလည်း လူ့သဘာဝ အတိုင်းကိုယ့်မကျေနပ်ချက်တွေကို ရင်ဖွင့်ချင်တဲ့အခါ မဆီမဆိုင် ဒီဇင် ဘာလကို 'မဲ'ရတော့တာ ကလား။ မတတ်နိုင်ဘူးလေ။ ကိုယ့်ရင်ထဲမှာ အောင်းနေ တဲ့ အထွေထွေမကျေနပ် ချက်တွေကို ဖြေရှင်းရမယ့် နည်း လမ်းရှာမတွေ့တော့ နှစ်တစ်နှစ်ကုန် ပြီး နှစ်သစ်ဆီကို ခြေလှမ်းဆက်တော့ မယ့်အချိန်၊ နောက် မှာ ကျန်ရစ်မယ့် ဒီဇင်ဘာလကို ထွက်ခတ် ခတ်ထားခဲ့ ရပါတော့တယ်။ ကဲ . . . ဒီတော့ ဒီဇင်ဘာလကို အပြစ်ရှာကြံပြောပါ တော့မယ်။

နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီကို ၄လစီ ပိုင်းခြားထားပါတယ်။ ဆောင်းရာသီ လေးလဆိုပေမဲ့ မန္တလေးဆောင်းရာသီက လွန်ရော ကျွံရော တစ်လခွဲ နှစ်လလောက်ပဲ အေးတာပါ။ ဆောင်းရာသီ ရောက် ရင် တစ်နှစ်လုံးနီးပါး သေတ္တာထဲမှာ ပရုတ်လုံးနဲ့ သိပ်ထားတဲ့ အနွေးထည် တွေနဲ့ စောင်တွေ ထုတ်ကြရပါတယ်။ ဇန်နဝါရီလကုန်ပြီး ဖေဖော်ဝါရီလ ထဲ ရောက်ရင် ဒါတွေကို ပြန်သိမ်း ဆည်းပြီး သေတ္တာထဲပို့၊ ပရိုဂရမ်က အဲဒီအတိုင်းပါပဲ။ ဒါပေမဲ့ ဒီနှစ်တော့ အရင်နှစ်နဲ့ မတူတော့ဘူးဗျ။ နိုဝင် ဘာလကုန်ခါနီးမှာ သိသိသာသာ အေးလာတယ်။ ဒီဇင်ဘာထဲရောက် တော့ အအေးဓာတ်က တစ်ရက် ထက် တစ်ရက်ပိုပြီး ပြင်းထန်လာ ပါတယ်။ အဲသည်တော့ ကိုယ့် မိသားစုအတွက် ရှိနေတဲ့စောင်နဲ့ အနွေးထည်တွေက မလုံလောက် တော့ပေသမို့ ချစ်ချစ်လည်း ဈေးကို ပြေးရပြီပေါ့လေ။ ဆောင်းဝတ် အနွေးထည်တွေ၊ စောင်တွေရောင်း တဲ့ဆိုင်တွေမှာလည်း ကိုယ့်လို လူ တွေနဲ့ 'အုံး' ထစည်ကားနေပါတယ်။ ရောင်းလို အားထက်ဝယ်လို အား ကောင်းတော့ ဈေးနှုန်းကလည်း အရင်ပုံမှန်ဈေးထက် အော်တိုမစ် တစ်နှစ်ဆခုန်တက်သွားပါလေရော။ တကယ်တော့ ကျွန်တော်တို့က မန္တလေးရဲ့ ဆောင်းရာသီကို သိပ်ပြီး စိတ်အာရုံမထားခဲ့ကြဘူး။ နှစ် စဉ်နှစ်တိုင်းလိုလို တစ်လခွဲ လောက် ပဲ အေးတာမို့ ရှိတဲ့အနွေးထည်၊ စောင်တွေနဲ့ပဲ နှစ်ပါးသွားခဲ့ ကြတာ ပါ။ ပြီးတော့ ဒါတွေကို တစ်နှစ်၊ ရှစ်လ၊ ကိုးလလောက် သိမ်းဆည်း ထားရ၊ မီးရေး ထင်းရေးဆိုရင် ဒီ အထုတ်ကြီးတွေ မသယ်နိုင်မို့ ငွေ ကုန်ကြေးကျလည်း မခံချင်တော့ တာနဲ့ အသစ်ထပ် မဝယ်တော့ဘဲ ရှိပြီးသားပစ္စည်းတွေနဲ့ပဲ ဆောင်း ရာသီကို နှစ်ပေါင်းများစွာ ဖြတ် သန်းခဲ့ကြပါတယ်။ အခုတော့ဖြင့် ဆောင်းရာသီရဲ့ ရိုက်ချက်ပြင်းပြင်း ကို နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ ကြရ ပါပြီ။ ချစ်ချစ်က နောက် ၂လ လောက်ကြာရင် ဆောင်းရာသီကုန် တော့မယ့် အရေးကို တွေးပြီး အနွေး ထည်တွေ၊ စောင်တွေ အပိုထပ် ဆောင်းပြီး မဝယ်ချင်၊ ခက်တာက တစ်ရက်ထက်တစ်ရက် အအေး ဒီဂရီမြင့်တက်လာလို့ ချမ်းလို့ခြုံမလုံ ကွေးမဖြစ်ရအောင် ဝယ်စေဖို့ အကြောင်းကံဖန်လာတဲ့အခါ ပိုက် ဆံမကုန်သင့်ဘဲ နှစ်ဆပိုကုန်သွား လို့ နောက်ဆုံးတော့ ဒီဇင်ဘာကို ဒေါပေါင်းသွားတော့တာပေါ့ နော။

အမှန်တော့ ပြောလို့သာ ပြော ရတာပါ။ ဒီဇင်ဘာလဟာ ပျော်ပွဲ ရွှင်ပွဲတွေပေါများပြီး ချစ်စရာ ကောင်းတဲ့ လတစ်လဖြစ်ပါတယ်။ ဒီနှစ်တော့ ဆီးဂိမ်းကြီးနဲ့ ကြုံရတော့ ဒီဇင်ဘာလဟာ ပျော်ပွဲတွေနဲ့ ပိုပြီး မြိုင်ဆိုင်သွားခဲ့ပါတယ်။ ဆီးဂိမ်းဖွင့် ပွဲနဲ့ ပိတ်ပွဲကို တီဗီထဲက ရှုစားခဲ့ရပါ တယ်။ တယ်လည်း ကောင်းတာကိုး။ ဆီးဂိမ်းကြီးအတွက် ဒေါ်လာဘီလီ ယံ သန်း ၁၁၀ အသုံးပြုတယ်ဆိုလား ကြားခဲ့ရပါတယ်။ ကျွန်တော်တော့ ဆီးဂိမ်းက မီးရှူး၊ မီးပုံ၊ မီးပွင့်တွေ လွှတ်တာကိုကြည့်ရင်း ရွာဘုန်းကြီး ပျံကို သတိရလိုက်မိပါတယ်။ ဒီလို ဆယ်မိနစ်စာပသာဒအလှတွေနဲ့ တင်ဆက်ဖို့ ပိုက်ဆံတွေ ဘယ် လောက်ကုန်လိုက်လေမည်မသိ။ ချမ်းသာတဲ့နိုင်ငံတွေလုပ်တာ ဘာ အရေးလဲ။ သူတို့နဲ့ ယှဉ်နေစရာ အကြောင်းမရှိဘူး။ ကိုယ်က ဆင်းရဲ တဲ့နိုင်ငံ၊ သူ့အိုးနဲ့သူ့ဆန် တန်ရုံ လောက် လုပ်နိုင်ရင်တော်ပြီပေါ့။ ဝမရှိဘဲ ဝိလုပ်ခြင်းဟာ နစ်နာစေဖို့ ပဲ အကြောင်းဖန်လာနိုင်ပါတယ်။

ဆီးဂိမ်းဘောလုံး မြန်မာနဲ့ အင်ဒိုနီးရှားပွဲကို ကြည့်လိုက်ရပါ တယ်။ ကိုယ့်မြန်မာအသင်းနိုင်စေ ချင်လွန်းလို့ ဒီဇင်ဘာ အအေးဒဏ် ကို မမှုဘဲ အားပေးနေမိပါတယ်။ ဒါပေမဲ့ရှုံးသွားတာမို့ စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ပြီးတော့ သိကြတဲ့ အတိုင်း ဘောလုံးပွဲမှာ ခဲကျ၊ ဆူပူမှု တွေဖြစ်၊ နည်းပြ ဆရာကို အပြစ်ပုံ ချ၊ ကစားကြတဲ့ ဘောလုံးသမား လေးတွေ ပယ်ပယ်နယ်နယ် အဆဲ ခံရ၊ ဘောလုံးပွဲ အပြီးမှာ စိတ်ပျက် စရာ သတင်းတွေ အဆက်မပြတ် ကြားခဲ့ရပါတယ်။ ဘယ်သူမဆို ယှဉ်ပြိုင်ရင် အနိုင် လိုချင်ကြစမြဲပါ။ ဒါပေမဲ့ နိုင်သင့် နိုင်ထိုက်တာတောင် မနိုင်တဲ့ ဘောလုံးကလပ်အသင်းတွေ ရှိခဲ့တော့ အခုကိုယ့်မြန်မာဘောလုံး အသင်းဘာကြောင့် ရှုံးရသလဲ ဆိုတာကို အကြောင်းအကျိုးဆက် စပ်ပြီး အဖြေရှာကြည့်ဖို့ လိုပါတယ်။ ကျွန်တော်တော့ မြန်မာဘောလုံး သမားတွေကို မကြိုးစားလို့ဆိုပြီး အပြစ်တင်ကြ၊ ဆဲကြ ဆိုကြတာတွေ တွေ့ရတော့ အလွန်စိတ်မကောင်း ဖြစ်သွားရပါတယ်။ အိမ်ရှင်နိုင်ငံ အဖြစ်ကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲနဲ့ ကိုယ့်ပရိသတ်တွေရှေ့မှာ ဘယ်သူ က မနိုင်ချင်ဘဲ ရှိပါ့မလဲ။ ဒါပေမဲ့ ကိုယ့်ဘက်ကို တစ်ဂိုးအသွင်းခံလိုက် ရတဲ့အခါ ဖိအားတွေ ဝင်သွားခဲ့ပါပြီ။ စိတ်လှုပ်ရှားကုန်ကြရင်း ဘောလုံး သမား(၁၁)ယောက်၊ စိတ်(၁၁)မျိုးနဲ့




ကစားကြတော့ အပေးအယူအချိတ်အဆက်တွေလွဲပြီး ရှုံးသွားရတာဖြစ်ပါတယ်။အဲသမှာပွဲကြည့်ပရိသတ်တွေကဒေါပွကုန်ကြပါတယ်။ ပွဲကြည့်ပရိသတ်(အားပေးသူလူငယ်တွေ) ဘာကြောင့်ပွက်လောရိုက်ရတာလဲဆိုရင် အကြောင်း ရှင်းရှိနေပါတယ်။ နှစ်ကာလများများ အချိန်ယူတည်ဆောက်ခဲ့တဲ့ ထိုင်းနိုင်ငံဘောလုံးအသင်းတောင် အရှေ့တောင် အာရှအဆင့်မှာပဲ ရှိသေးတာကို မတွေးမိကြဘဲ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကမှ စတင်အားယူခဲ့တဲ့ ကိုယ့်မြန်မာအသင်းကို ချက်ချင်းလက်ငင်း ထိပ်တန်းရောက်စေချင်တဲ့ မျှော်လင့်ချက်၊ နောက်တစ်ခုက မဖြစ်သင့်တဲ့ လက်မှတ်မှောင်ခိုကိစ္စ၊ မူလ သတ်မှတ်ဈေးထက် လေးငါးဆ မှောင် ခိုပေးဝယ်ပြီး ကြည့်ရတော့ ရင်ထဲမှာ မီးတောက်ဖြစ်လာမယ့် မကျေမနပ်စိတ်၊ အဲဒါတွေထက် အဓိက အကျဆုံးက နှစ်အဆက်ဆက် ရင်ထဲမှာကိန်း အောင်းပြီး အစိုင်အခဲတစ်ခုလိုဖြစ်နေတဲ့ အထွေထွေမကျေနပ်စိတ်ပါ။ ဒါတွေကြောင့် လူငယ်တွေခမျာ ထစ်ခနဲ ဖြစ်လာရင် စိတ်မထိန်းနိုင်တော့ဘဲ ပေါက်ကွဲကုန်ကြတော့ တာဖြစ်ပါတယ်။ ဘောလုံးပွဲရှုံးရခြင်းက လောင်စာဆီလိုဖြစ်သွားပြီး ရင်ထဲက မကျေနပ်စိတ်တွေ ပေါက်ကွဲတဲ့အခါ ထွက်ပေါက်အဖြစ်ဆူပူအုံကြွမှုတွေ ဖြစ်သွားခဲ့ရတာပါပဲ။ ဒီလိုနဲ့ ပရိသတ်ခမျာ မြန်မာဘောလုံးအသင်း(အမျိုးသား)ရှုံးသွားတော့ အမျိုးသမီးဘောလုံးအသင်းကို မျှော်လင့်ချက်တွေ ထားခဲ့ကြပြန်ပါတယ်။ အာဆီယံ အမျိုးသမီးဘောလုံးပွဲက မန္တလေးမှာ ကျင်းပတာဖြစ်ပါတယ်။ ကိုထွန်းတို့အိမ်က ကျင်းပနေတဲ့ မန္တလာသီရိဘောလုံးကွင်းနဲ့ဆိုရင် (မန္တလေးအခေါ်) လေးငါးပြလောက်ပဲ ဝေးပါတယ်။ ဘောလုံးကွင်းဆီက ပရိသတ်ရဲ့ အားပေးကြတဲ့အသံ တွေဟာကျွန်တော်တို့ရပ်ကွက်ဆီ အထိရိုက်ခတ်သွားခဲ့ပါတယ်။ မြန်မာအမျိုးသမီးနဲ့ ထိုင်းအမျိုးသမီးဘောလုံးပြိုင်ပွဲကို တီဗီကြည့်ရင်းအားပေးနေပေမဲ့ ပရိသတ်တွေရဲ့ အော်ဟစ်အားပေးသံတွေက အတိုင်းသား ကြားနေရလို့ ကိုယ်တိုင် ဘောလုံးကွင်းထဲ ရောက်နေရသလို ဖြစ်နေပါတယ်။ ရသင့်တဲ့ဂိုးမရ၊ မပေးထိုက်တဲ့ ဂိုးပေးစေတဲ့ ဒိုင်ညစ်မှုကြောင့် နောက်ဆုံးပင်နယ်တီအဆုံးအဖြတ်နဲ့ မြန်မာဘောလုံးအမျိုးသမီး ရှုံးသွားတာကိုကြည့်ရင်း စိတ်မကောင်းလိုက်တာ၊ ဘောလုံးကို စိတ်မဝင်စားတဲ့ ချစ်ချစ်လည်း တီဗီထဲက မြန်မာအမျိုးသမီးဘောလုံးသမားတွေ ငိုနေတာကို မြင်ရတော့ မျက်ရည်တွေ ဝဲနေရှာပါတယ်။ အားလုံးက ကလေးမလေးတွေအပေါ် ကရုဏာသက်ပြီး စိတ်မကောင်းဖြစ်ကြရပါတယ်။ မြန်မာအမျိုးသမီးဘောလုံးအသင်းကြေးတံဆိပ်ဆွတ်ခူးပြီး နောက်တစ်နေ့ မန္တလေးမြို့ထဲကို လှည့်လည်အောင်ပွဲခံတော့ တစ်မြို့လုံး ကြိတ်ကြိတ်တိုးပြီး ကြိုဆိုအားပေးတာ၊ ဆုတွေချီးမြှင့်တာတွေကို တစ်ဆင့်စကား နား ထောင်ရင်း မုဒိတာပွားများ ကြည်နူးနေမိပါတယ်။ ဒီအဖြစ်အပျက်ကို သေချာစဉ်းစားကြည့်ရင် ပရိသတ်ရဲ့ ခံစားမှုတုံ့ပြန်ချက်(သို့မဟုတ်) ထွက်ပေါက်ဖြစ်ပါတယ်။ အမျိုးသားဘောလုံးအသင်း ရှုံးတော့ ပရိသတ်က သူ့ခံစားမှုအတွက် ထွက်ပေါက်ကို ဆူပူမှုနဲ့ တုံ့ပြန်လိုက်ပါတယ်။ အမျိုးသမီးဘောလုံးအသင်းအတွက် ခံစားမှုကိုတော့ ထွက်ပေါက်ကို မေတ္တာနဲ့ တုံ့ပြန်လိုက်ခြင်း ဖြစ်ပါတယ်။ ကဲ. . . အကျဉ်းအကျပ်ထဲရှိကြတဲ့အခါ ထွက်ပေါက်ရှာကြစမြဲပါ။ ဒေါသစိတ်နဲ့ ရှာဖွေတဲ့ထွက်ပေါက်ရဲ့ အကျိုးရလဒ်ဟာကောင်းကျိုးထက် ဆိုးကျိုးကို များစေမှာ ဖြစ်ပါတယ်။ မေတ္တာစိတ်နဲ့ငြိမ်းချမ်းစေမယ့် ထွက်ပေါက်ကိုရှာဖွေနိုင်မှသာ ရှေ့ခရီးဟာ လှပမှာဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့လည်း နှစ်ဟောင်းကုန်လို့ နှစ်သစ်ဆီသို့ လျှောက်လှမ်း ကြရပြန်ပါပြီ။ ရှေ့ကို ဘယ်လို ချီတက်ကြမလဲ။ ယူတတ်မယ်ဆိုရင် ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ နှစ်တွေဆီကအတွေ့အကြုံ သင်ခန်းစာတွေ ရှိနေပါတယ်။ ခက်တာက ကျွန်တော်တို့ကလည်း အကြောင်းအကျိုး ဆက်စပ်မှု အားနည်းနေကြတာကိုး။ ဒီတော့ သင်ခန်းစာတွေ မယူနိုင်ကြဘဲ နားလည်ခွင့်လွှတ်မှုတွေ ကင်းဝေးသွားကြတော့တာကလား။

ယင်းသမို့ကြောင့် အတိုချုံးလိုက်ရပါက နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးခဲ့သော်လည်း ဒီဇင်ဘာလ အအေးဒဏ်ကို လှိမ့်ခံရင်း ရှေ့အနာဂတ် တစ်နှစ်တာခရီးကို မည်သို့မျှ လှမ်းမျှော်မကြည့်မိပါကြောင်း၊ စာရေးဆရာပီပီ မေတ္တာနှင့် ထွက်ပေါက်ကို ရှာကြဖို့ ပြောသော်ငြားလည်း မိမိကိုယ်တိုင်မှာတော့ အပြောနဲ့အညီ မလုပ်ဆောင်နိုင်သေးပါကြောင်း၊ ဆီးဂိမ်းမှာ မြန်မာဘောလုံး အမျိုးသား၊ အမျိုးသမီး ရှုံးရခြင်းကြောင့် စိတ်ထဲမှာ ကလိကလိဖြစ်ရသည်ကတစ်ကြောင်း အအေးပိုသည့်လ ဒီဇင်ဘာ၏ စနက်ကြောင့် ပိုက်ဆံ အပိုကုန်သွား၍ ဒေါဖောင်းသည်ကတစ်ဖုံ၊ သို့ကလို ခံစားချက်တွေကြောင့် ကိုယ့်စိတ် ကိုယ်မနည်းချုပ်တည်းရင်း နေရစ်ခဲ့တော့ ဒီဇင်ဘာဟူ၍သာ လေသံပြင်းပြင်းနှင့် ပြောကြားမိပါသတတ်။

ကိုထွန်း (လမ်း-၈၀)





# ရေနံ

ကျော်ဦး

ရေနံသည် ကျောက်မီးသွေးကဲ့သို့ ရုပ်ကြွင်းလောင်စာတစ်မျိုး ဖြစ်သည်။ ကျောက်မီးသွေးသည် အပင်တို့၏ ရုပ်ကြွင်းများမှ ပြောင်းလဲဖြစ်ပေါ်လာပြီး ရေနံသည်မူ အပင်နှင့် ဒိုင်အတွန်ခေါ် ရေသတ္တဝါငယ်ကလေးများ၏ ရုပ်ကြွင်းများမှ ဖြစ်ပေါ်လာသည်။ ဒိုင်အတွန်သည် ပင်အပ်ခေါင်းအရွယ်ခန့် သေးငယ်သော သတ္တဝါများဖြစ်သည်။ ယင်းတို့သေဆုံး၍ ရေအောက်မြုပ်သွားကာ ဦးစွာသဲနှင့်နုန်းအလွှာများ၏ ဖုံးအုပ်မှုကို ခံရသည်။ နောက်ဆုံး ပင်လယ်ကြမ်းပြင်အောက် အလွန်နက်ရှိုင်းသော နေရာသို့ ရောက်၍ ပြင်းထန်သော အပူနှင့်ဖိအား၏အောက်တွင် နှစ်သန်းပေါင်းများစွာကြာသောအခါ ရေနံဟုခေါ်ကြသော ဟိုက်ဒရိုဂျင်နှင့် ကာဗွန်ပေါင်းစပ်ပါဝင်သော အရည်များအဖြစ် ပြောင်းလဲတည်ရှိခဲ့ကြသည်။

ရေနံကို တွန့်ခေါက်နေသော မြေအောက်ကျောက်လွှာများကြားနှင့် ကျောက်မှုန်မြေမှုန်များကြားတွင် တွေ့နိုင်သည်။ ရေနံသိုက်များသည် ကုန်းတွင်းမြေလွှာများအပြင် ကမ်းလွန်မြေလွှာများထဲတွင်လည်း တည်ရှိကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော်ခန့်ကတည်းက ရေနံကို လောင်စာအဖြစ် စတင်အသုံးပြုခဲ့ကြသည်။ ယခုခေတ် အီရတ်နိုင်ငံတည်ရာအရပ်၌ နေထိုင်ခဲ့သော ဆူမားရီးယန်း၊ အဆီးရီးယန်းနှင့် ဘေဘီလုံးနီးယန်းလူမျိုးတို့သည် ရေနံစိမ်းကို လောင်စာအဖြစ် သုံးခဲ့သည်။ အမေရိကန်နိုင်ငံတွင် ရေနံတွင်းတူးထုတ်ယူခြင်းကို ၁၈၅၉ ခုနှစ်က စတင်ခဲ့သည်။

ကမ္ဘာတွင် ရေနံထွက်သောနိုင်ငံ ၁၀၀ ခန့်ရှိသည်။ ၂၀၁၃ ခုနှစ် စာရင်းအရ ရုရှားကတစ်ရက်လျှင် စည်ပေါင်း ၁၁ သန်း၊ ဆော်ဒီအာရေဗျက တစ်ရက်လျှင် စည်ပေါင်း ၁၀ သန်းနှင့် အမေရိကန်က ၉ သန်း ထုတ်လုပ်လျက်ရှိသည်။ အီရန်၊ တရုတ်၊ ကနေဒါ၊ အီရတ်၊ ယူအေအီး၊ မက္ကဆီကိုနှင့် ကူဝိတ်တို့သည်လည်း ရေနံအမြောက်အမြား ထုတ်လုပ်သောနိုင်ငံများဖြစ်ကြသည်။

ရေနံတူးဖော်ရေးနည်းပညာများ တိုးတက်လျက်ရှိရာ နောက်ဆုံးပေါ် "ဟိုက်ဒရောလစ်ခွဲချေနည်း" ကြောင့် သဘာဝဓာတ်ငွေ့နှင့် ရေနံများ ရရှိမှုသည် သိသာစွာ တိုးတက်လျက်ရှိသည်။ ယင်းနည်းပညာကြောင့် အမေရိကန်နိုင်ငံသည် သဘာဝဓာတ်ငွေ့နှင့် ရေနံထုတ်လုပ်မှုတွင် ရုရှား

နှင့် ဆော်ဒီတို့ကို ကျော်တက်နိုင်တော့မည် ဖြစ်သည်။ ယေ့လကျောက်လွှာများကြားသို့ ရေ၊ သဲနှင့်ဓာတုဆေးရည်များကို အရှိန်ပြင်းစွာ မှုတ်သွင်းကာ ကျောက်များကို ခွဲချေခြင်းဖြင့် ယင်းကျောက်လွှာများကြားရှိ သမားရိုးကျနည်းဖြင့် တူးဖော်ထုတ်ယူ၍မရသော သဘာဝဓာတ်ငွေ့နှင့် ရေနံများကို ထုတ်ယူခြင်းကို 'ဟိုက်ဒရောလစ် ခွဲချေနည်း' ဟု ခေါ်သည်။

တူးဖော်ထုတ်ယူရရှိသော ရေနံစိမ်းကို ရေနံချက်စက်ရုံများတွင် အဆင့်သုံးဆင့်ခွဲ၍ ချက်လုပ်ပြုပြင်ပြီးမှ အသုံးပြုနိုင်သော ရေနံနှင့် ရေနံထွက်ပစ္စည်းများကို ရသည်။ ယင်းအဆင့်များမှာ ခွဲထုတ်ခြင်းအဆင့်၊ ပြောင်းလဲခြင်းအဆင့်နှင့် သန့်စင်ခြင်းအဆင့်တို့ ဖြစ်ကြသည်။

ရေနံစိမ်းတို့တွင်ပါသော လေးလံသော ရေနံထွက်ပစ္စည်းများကို ကန်အောက်ခြေတွင် ထိုင်စေကာ ခွဲထုတ်ရယူပြီး ပေါ့သော ရေနံထွက်ပစ္စည်းများကို အပေါ်ပိုင်းမျက်နှာပြင်ပေါ်မှ ရယူခြင်းကို ခွဲထုတ်ခြင်းအဆင့်ဟု ခေါ်သည်။ ဤနည်းကို သုံးခြင်းဖြင့် ရေနံစိမ်းတွင်ပါသည့် အပေါ့ဆုံးအရာများဖြစ်သော ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည်စသည်တို့ကို ကန်အပေါ်ပိုင်း၊ အတော်အသင့်လေးသောအရည်များဖြစ်ကြသည့် ဒီဇယ်ဆီ၊ ရေနံဆီတို့သည် ကန်အလယ်ပိုင်းနှင့် လေးလံသော အခြားရေနံထွက်ပစ္စည်းတို့ကို ကန်အောက်ခြေတွင် စုဆောင်းရရှိသည်။

ရေနံစိမ်းတွင်ပါသော အချို့မော်လီကျူးများကို ဖြိုခွဲခြင်းဖြင့် အသွင်ပြောင်းခြင်းကို ပြောင်းလဲခြင်းအဆင့်တွင် ပြုလုပ်သည်။ လေးလံ၍ တန်ဖိုးနိမ့်သော ပစ္စည်းများကို ဓာတ်ဆီကဲ့သို့ တန်ဖိုးမြင့်ပစ္စည်းဖြစ်လာအောင် ယင်းသို့ ပြုပြင်ပေးသည်။ ခေတ်မီပြောင်းလဲရေးကိရိယာများသည် လေးလံသော ဟိုက်ဒရိုကာဗွန်မော်လီကျူးများကို ပြင်းထန်သော အပူနှင့်ဖိအားပေးကာ အသွင်ပြောင်းသည်။

ခွဲထုတ်ခြင်း၊ ပြောင်းလဲခြင်းဖြစ်စဉ်များဖြင့် ထုတ်လုပ်လိုက်သော ရေနံထွက်ပစ္စည်းများကို ဓာတုဗေဒနည်းများဖြင့် သန့်စင်လိုက်လျှင် လူတို့ အသင့်သုံးစွဲနိုင်သော ရေနံထွက်ပစ္စည်းများကို ရရှိသည်။

ရေနံချက်စက်ရုံများ၌ ရေနံစိမ်းကို အထက်ပါနည်းများအတိုင်း ရေနံထွက်ပစ္စည်းများအဖြစ် ချက်လုပ်သောအခါ ထုထည်အားဖြင့် ၆ ရာခိုင်နှုန်း တိုးပွားလာသည်။ ရေနံသည် သိပ်သည်းခြင်းများသော်လည်း ရေနံထွက်ပစ္စည်းများသည် သိပ်သည်းခြင်းနည်းသည့်အတွက် ပွလာခြင်းဖြစ်သည်။ ပြောင်းဖူးစေ့များကို ပေါက်ပေါက်ဆုပ်အဖြစ် ကြော်လှော်သောအခါ ပွလာသည့်သဘောဖြစ်သည်။ တစ်စည်လျှင် ၄၂ ဂါလန်ရှိသော ရေနံစိမ်းကို ချက်သောအခါ စုစုပေါင်း ၄၅ ဂါလန်မျှသော ရေနံထွက်ပစ္စည်းများကို ရသည်။ အကြမ်းအားဖြင့် ပြောလျှင် ဓာတ်ဆီ ၁၉ ဂါလန်၊ ဒီဇယ်ဆီ ၁၀ ဂါလန်နှင့် အခြားပစ္စည်းများ ၁၆ ဂါလန်ရရှိသည်။

ကမ္ဘာ့စွမ်းအင်လိုအပ်ချက်၏ ၃၃ ရာခိုင်နှုန်းကို ရေနံမှရသည်။ ထွက်သမျှရေနံများ၏ ၆၂ ရာခိုင်နှုန်းကို ယာဉ်မျိုးစုံသွားလာရေးတွင် ဓာတ်ဆီ၊ ရေနံဆီ၊ ဒီဇယ်ဆီ၊ မီးထိုးဆီ၊ လေယာဉ်ဆီစသော လောင်စာအဖြစ် အသုံးချသည်။ စက်ဆီ ချောဆီများ၊ ကုတ်မီးသွေး၊ ကတ္တရာ၊ မင်၊ ပန်းကန်ဆေးရည်၊ အနံ့ပျောက်ဆေး၊ မျက်မှန်၊ စီဒီချပ်များ၊ ဓာတ်မြေသြဇာ၊ အဝတ်အထည်၊ သွားတိုက်တံ၊ ဘူး၊ ခွက်၊ ပန်းကန်စသော ပလတ်စတစ် အသုံးအဆောင်များကိုလည်း ထုတ်လုပ်ကြသည်။

ကမ္ဘာတွင် ရေနံအသုံးအများဆုံး နိုင်ငံများ

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို ဖန်တီးပေးသည့်အတွက် ရေနံကို အသုံးလျှော့ကာ အခြားသော စွမ်းအင်ဇာစ်မြစ်များဖြင့် အစားထိုးရန် ကြိုးစားနေကြသော်လည်း နည်းပညာ အခက်အခဲနှင့် စီးပွားရေး တွက်ခြေမကိုက်မှုတို့ကြောင့် ထိုက်သင့်သော အောင်မြင်မှု မရကြသေးချေ။**

မှာ ၂၀၁၂ ခုနှစ်စာရင်းအရ အမေရိကန်(တစ်ရက်လျှင် စည် ၁၉ သန်း)၊ တရုတ် (စည် ၁၀ သန်း)နှင့် ဂျပန် (စည် ၅ သန်း) တို့ ဖြစ်ကြသည်။ ယင်းတို့နောက်မှ အိန္ဒိယ၊ ရုရှား၊ ဆော်ဒီ၊ ဘရာဇီး၊ ဂျာမနီ၊ တောင်ကိုရီးယားစသည်တို့က လိုက်သည်။

ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏ ကျေးဇူးကြောင့် လူတို့၏ သွားလာနေထိုင်ရေးအဆင်ပြေကာ လူနေမှုအဆင့်အတန်း တိုးတက်လာသော်လည်း ရေနံ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကို သုံးစွဲလောင်ကြိုက်မှု၏ ဘေးထွက်ဆိုးကျိုးအဖြစ် ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်များ စသည့် ဓာတ်ငွေ့နှင့် အမှုန်များ ထွက်လာကာ သဘာဝပတ်ဝန်းကျင်ကို ဒုက္ခပေးလျက်ရှိကြသည်။ ထို့အတူ အချို့သော ရေနံထွက်ပစ္စည်းများကို လောင်ကြိုက်လျှင် ခဲ၊ ဘင်ဇင်း၊ ဖော်မယ်ဒီဟိုက်စသည့် အဆိပ်ဓာတ်များ လေထုတွင်း ရောက်သည်။

ယင်းဓာတ်များအားလုံးနီးပါးသည် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေခြင်း၊ လူ့ကျန်းမာရေးကို အန္တရာယ်ပေးခြင်းစသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ ကာဗွန်ဒိုင်အောက်ဆိုက်သည် လေထု၏အပူချိန်ကို မြင့်တက်စေခြင်းဖြင့် ကမ္ဘာ့ရာသီဥတုကို ပြောင်းလဲစေလျက်ရှိသည်။ ရေနံမှ ထွက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်သည် လေထုတွင်းရောက် ကာဗွန်ဒိုင်အောက်ဆိုက်များ၏ ၃၇ ရာခိုင်နှုန်းခန့်ရှိသည်။ ဆာလ်ဖာဒိုင်အောက်ဆိုက်သည် အက်စစ်မိုးဖြစ်ပေါ် ရွာသွန်းစေသည်။ အက်စစ်မိုးကြောင့် အချို့အပင်များ သေဆုံးကြပြီး ကလေးငယ်များနှင့် သက်ကြီး ပုဂ္ဂိုလ်တို့တွင် အသက်ရှူလမ်းကြောင်း ရောဂါများ ရစေသည်။ နိုက်ထရိုဂျင်အောက်ဆိုက်များသည် မြေပြင်အနီး၌ အိုဇုန်းဓာတ်ငွေ့များကို ဖြစ်ပေါ်စေကာ အဆုပ်ရောဂါဖြစ်စေနိုင်သည်။ ခဲဓာတ်သည်မူ ကင်ဆာရောဂါကို ဖြစ်စေနိုင်သည်။

ရေနံ၏ အခြားပြဿနာတစ်မျိုးမှာ ကမ်းလွန်ရေနံတွင်းများမှ ရေနံများယိုဖိတ်ကာ ရေထုကို ညစ်ညမ်းစေခြင်းဖြစ်သည်။ နေရာအချို့တွင် ရေနံတွင်းချို့ယွင်းခြင်း၊ ရေနံတင် သင်္ဘောများမှောက်၍ ရေနံယိုဖိတ်ကာ ရေနေသတ္တဝါများကို သေကြေစေလျက် ရှိသည်။

ထို့ကြောင့် ယခုအခါ ရေနံမှ အန္တရာယ်ပေး ဓာတ်ငွေ့အထွက်နည်းအောင် နည်းပညာသစ်များ တီထွင်၍ ထုတ်လုပ်နေကြသကဲ့သို့ ရေနံနှင့် ရေနံထွက်ပစ္စည်းသုံးသည့် စက်များမှ ကာဗွန်ဒိုင်အောက်ဆိုက်စသည့် အန္တရာယ်ဓာတ်ငွေ့များ အထွက်နည်းအောင် သုတေသနပြု အသုံးချနေကြသည်။

လက်ရှိရေနံသိုက်များ ဖြစ်ပေါ်လာရန် နှစ်သန်းပေါင်းများစွာ ကြာသည့်အတွက် ရေနံသည် မကြာမီ ကုန်ခန်းသွားမည့် စွမ်းအင်ဇာစ်မြစ်ဖြစ်သည်။ မည်မျှ မြန်မြန်ကုန်ခန်းမည်နည်းဆိုသည့်အချက်ကိုမူ အငြင်းပွားစရာ ဆွေးနွေးစရာ ဖြစ်သည်။ အများစုက နောက်ထပ် အနှစ် ၅၀ ခန့် ခံဦးမည်ဟု တွက်ထားသည်။ သို့သော် နောက်ထပ် ရေနံသိုက်အသစ်များကို တွေ့လျှင် ယင်းထက်မက ဆက်လက်သုံးစွဲနိုင်စရာ ရှိသည်။

ကုန်ခန်းမည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို ဖန်တီးပေးသည့်အတွက် ရေနံကို အသုံးလျှော့ကာ အခြားသော စွမ်းအင်ဇာစ်မြစ်များဖြင့် အစားထိုးရန် ကြိုးစားနေကြသော်လည်း နည်းပညာအခက်အခဲနှင့် စီးပွားရေး တွက်ခြေမကိုက်မှုတို့ကြောင့် ထိုက်သင့်သော အောင်မြင်မှု မရကြသေးချေ။ သို့သော် ရေရှည်တွင် ရေနံအသုံးလျှော့လာရမည်မှာ အသေအချာပင်ဖြစ်သည်။

**ကျော်ဦး**


# Int'l News

ဖြိုးဖြိုးစုစည်းတင်ပြသည်။

## Beyonce အောင်မြင်မှုကို ဘီယွန်းစ်ကိုယ်တိုင် အံ့ဩမှင်တက်ခဲ့ရ



ဘီယွန်းစ်ရဲ့ 'Beyonce(Bey-ons)' လို့ အမည်ပေးထားတဲ့ ပဉ္စမမြောက်အယ်လ်ဘမ်သစ်ဟာ UK Charts မှာ ထိပ်ဆုံးကရှိနေခဲ့တဲ့ အမ်မီနမ်ထက်တောင် တစ်ရှိန်ထိုး ကျော်တက်လို့ သွားပါတယ်။ ဘယ်သူမှ မျှော်လင့်မထားတဲ့အချိန် iTunes မှာ တင်လိုက်တဲ့အခါ ပရိသတ်တွေ အလွန်အမင်း စိတ်လှုပ်ရှား သွားခဲ့ကြပါတယ်တဲ့။ iTunes မှာ တင်ပြီးနောက် သုံးရက်အတွင်း လောက်မှာပဲ ကော်ပီပေါင်း ၈၂၈၇၇၃ ခန့် ရောင်းချခဲ့ရတာပါ။ ၂၀၀၆ က B'day အယ်လ်ဘမ်ထွက်ရှိခဲ့တုန်းက ၇ ရက်အတွင်း ကော်ပီ ၅၄၁၀၀၀ ရောင်းချခဲ့ရတဲ့ စံချိန်မှတ်တမ်းကိုတောင် ကျော်လွန်သွားခဲ့တယ်။ အခွေအသစ်တစ်ခု မထွက်ခင် ပြုလုပ်နေကြ မဂ္ဂဇင်းအမေးအဖြေမျိုး၊ ရေဒီယိုရှိုးမျိုး တစ်ခုတစ်လေမှ ကြိုတင်ပြင်ဆင်ထားခြင်းမရှိဘဲ ခြေလုံလက်လုံထွက်ရှိလိုက်တဲ့ အခွေပါ။ သီချင်း ၁၁ ပုဒ်ပါဝင်ပြီး သီချင်းအသစ် ၁၄ ပုဒ်နဲ့အတူ ဘီယွန်းစ်ရဲ့ခင်ပွန်းဂျေဇီနဲ့ တစ်နှစ်သမီးလေး ဘလူးအိုင်ဗီပါ ပါဝင်သီဆိုထားပါသေးတယ်။ ဒရိတ်ခ်နဲ့ ဖရန့်ခ်အိုရှန်းတို့လည်း ပါဝင်ထားကြတယ်။ Destiny's Child အဖွဲ့ဝင်ဟောင်း ဘီယွန်းစ်ဟာ အယ်လ်ဘမ်သစ်ကို ၂၀၁၄ မှာ ထွက်ရှိဖို့ မူလကစီစဉ်ထားခဲ့ပေမယ့် ပရိသတ်တွေအတွက် ခရစ္စမတ်လက်ဆောင်အဖြစ် ပိုစောပြီး ထုတ်ခဲ့တယ်လို့ဆိုတယ်။ Yonce သီချင်းကို ဗီဒီယိုရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ ရစ်ကီဆိုက်ဇ်က "အဲဒါလုံးဝ အံ့အားသင့်စရာပါပဲ။ ပြောရရင် ကျွန်တော် အိပ်ရာထဲရောက်နေတဲ့အချိန် အယ်လ်ဘမ် live ထွက်ရှိပြီဆိုတဲ့ မေးလ်တစ်စောင်ရလိုက်တာပါ" လို့ဆိုတယ်။ အယ်လ်ဘမ်အတွက် ဝေဖန်ချက်တွေမှာ အားရစရာ



အကောင်းမြင်တဲ့ ဝေဖန်ချက်တွေ များများစားစား ရနေတယ်။ Billboard Magazine ကလည်း ချီးကျူးပါတယ် "စတားရဲ့ ရဲရဲတင်းတင်း တီထွင်ဖန်တီးမှု" တဲ့။ ဘီယွန်းစ်ရဲ့အယ်လ်ဘမ်သစ်ဟာ R&B အနာဂတ် ဘယ်ကိုဦးတည်နေသလဲဆိုတာ ညွှန်ပြနေတာပါလို့လည်း ဆိုတယ်။ ဒီအယ်လ်ဘမ်အသစ်မှာ ထူးခြားတာတွေလည်း ရှိနေပါတယ်။ အဲဒါတွေက ဘီယွန်းစ်အရင် အယ်လ်ဘမ် ၄ ခုလုံးကို အင်္ဂါနေ့တွေမှာထွက်ရှိခဲ့ပြီး Beyonce ကိုတော့ သောကြာနေ့ ညလယ်မှာထွက်ရှိခဲ့တာပါ။ သီချင်းတိုင်းမှာ ဗီဒီယိုနဲ့ ပေါင်းစပ်ရိုက်ကူးထားတယ်။ Grown Women သီချင်းမှာဆို ဘီယွန်းစ်ရဲ့မိခင် တီနာနိုးလ်စ် ပါဝင်သရုပ်ဆောင်ထားပါသေးတယ်။ Blue, Drunk in Love, Yonce, XO, Ghost, Grown Woman, Haunted, Jealous, Heaven, Mine, No Angel, Partition, Pretty Hurts, Flawless, Rocket, Superpower, Blow သီချင်းတွေပါဝင်ကြပြီး သီချင်းရေးတဲ့သူတွေ ခပ်များများပါဝင် ရေးသားထားကြတယ်။

# ကိုယ်တိုင်ရေး လင်ဒ်ဆေးလိုဟန်




Pop rock, Dance အဆိုတော်၊ သရုပ်ဆောင်မလေး လင်ဒ်ဆေးလိုဟန်ဟာ သူမဘဝအကြောင်းပြောပြထားမယ့် စာတစ်အုပ်ရေးသားဖို့ စီစဉ်နေပါပြီလို့ ဆိုပါတယ်။ ပြဿနာတွေတစ်လှေကြီးနဲ့ စိတ်အညစ်ကြီး ညစ်နေခဲ့ရတဲ့ မင်းသမီးလေးဟာ ပြန်လည်ထူထောင်ရေးစခန်းမှာ နေထိုင်ခဲ့ရစဉ် နေ့စဉ်မှတ်တမ်း ရေးမှတ်ထားခဲ့တာပါ။ TMZ site ရဲ့ သတင်းမှာ အဲဒီဒိုင်ယာရီကို စာအုပ်အဖြစ် ထုတ်ဝေဖို့ စာပေထုတ်ဝေရေး ၆ ဦးထက်မနည်း ဆက်သွယ်ခဲ့ကြတယ်လို့ ရေးထားပါတယ်။ လင်ဒ်ဆေးလိုဟန်ကတော့ နယူးယောက်က စာပေထုတ်ဝေရေး အေဂျင်စီတစ်ခုကို လတ်တလောတွေ့ဆုံခဲ့ပြီး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်အတွက် ဆွေးနွေးခဲ့ကြပါတယ်တဲ့။ ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက တရားရုံးအမိန့်နဲ့ ပြန်လည်ထူထောင်ရေးစခန်းမှာ ရက်ပေါင်း ၉၀ ခန့် ကုသမှုခံယူခဲ့ရတယ်။ အသက် ၂၇ နှစ်ရှိပြီဖြစ်တဲ့ Li-Lo ဟာ ၂၀၁၂ ကနေ လက်ရှိအချိန်ထိ အဲလစ်ဇဘက်တေလာရဲ့ အတ္ထုပ္ပတ္တိတီဗီဇာတ်လမ်း Liz & Dick မှာ လစ်ဇ်တေလာအဖြစ် သရုပ်ဆောင်ထားတယ်။ ဒါရိုက်တာ Paul Schrader ရဲ့ The Canyons မှာလည်း သရုပ်ဆောင်ထားပါတယ်။ The New Yorker မဂ္ဂဇင်းကြီးက “သူမကိုကြည့်ရတာ ပင်ပမ်းနွမ်းနယ်နေပြီး အလုပ်မှာ အာရုံမစိုက်နိုင်သလိုပဲ” လို့ဆိုတယ်။ Variety က တော့ ‘အင်မတန်စိတ်လှုပ်ရှားလွယ်သောမိန်းကလေး’ တဲ့။ Salon သတင်း site က တော့ ‘မီးပွင့်လုနီးပါးမိန်းကလေး’ လို့ မှတ်ချက်တွေ ပေးကြတယ်။ လင်ဒ်ဆေးလိုဟန်ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှာ သူမရဲ့ ကြမ်းကြမ်းရမ်းရမ်းကိစ္စတွေ၊ ဖမ်းဆီးခံရမှုတွေ၊ အချစ်ဇာတ်လမ်းတွေနဲ့ သူမရဲ့ ဟောလိဝုဒ်သရုပ်ဆောင်သက်တမ်းကာလ ရည်မှန်းချက်တွေအကြောင်း ပါဝင်ပါလိမ့်မယ်။

---

# ရုပ်ရှင်တစ်ကားအတွက် upload တင်ရင် ပေါင် ၄ သိန်း ဒဏ်ငွေပါ

အသက် ၂၈ နှစ်အရွယ် ဆွီဒင်နိုင်ငံသား မူပိုင်ခွင့်ချိုးဖောက်ပြီး torrent-sharing website မှာ ရုပ်ရှင်တစ်ကား upload တင်လိုက်တာကြောင့် ဆွီဒစ်ရှ်ငွေကြေး ခရိုနာ ၄.၃ သန်း (ပေါင် ၄ သိန်း) ဒဏ်ကြေးပေးဆောင်ရတော့မှာပါ။ တခြားခေါင်းစဉ်၊ အမျိုးအစား ဖိုင်တွေတင်ခဲ့တာကြောင့်လည်း ဆိုင်းငံ့ထောင်ဒဏ်နဲ့ စည်းကမ်းထိန်းသိမ်းရေးစင်တာမှာ နာရီ ၁၆၀ ပြစ်ဒဏ်တွေကို ရရှိခဲ့ပါတယ်။ မူပိုင်ခွင့်ထိပါးမှု တိုက်ဖျက်ရေးအုပ်စု Rights Alliance က သူ့ကို ဆွီဒင်နိုင်ငံရဲ့ အဆိုးတကာ့အဆိုးဆုံး မူပိုင်ခွင့်ထိပါးသူလို့ ဖော်ပြခဲ့ပါတယ်။ မူပိုင်ခွင့် ပြန်လည်ပြုပြင်ပုံသွင်းသူတွေကတော့ ဥပဒေဟာ ‘ခေတ်နောက်ကျနေပြီ’ လို့ အပြစ်ရှာလိုက်တယ်။ ဆွီဒစ်ရှ်မူပိုင်ခွင့်ပါတီဟာ Torrent Freak သတင်း site ကို ပြောပါတယ်။ ‘မူပိုင်ခွင့်ဥပဒေရဲ့ မူလအရင်းအမြစ်နဲ့ဆိုင်တဲ့ ပြန်



လည်ပုံသွင်းမှုမှာ ရှေ့ကိုဦးတည်နိုင်မယ့် တစ်ခုတည်းသော နည်းလမ်းဟာ sharing ယဉ်ကျေးမှုမှာ နည်းလမ်းတကျလက်ခံလိုက်နာရပါမယ်’ တဲ့။

ဆွီဒင်တရားရုံးဟာ သတင်းမီဒီယာတွေကို အဲဒီအမျိုးသားရဲ့ နာမည်ထုတ်ဖော် မပြောဖို့ကိုလည်း တောင်းဆိုခဲ့ပါတယ်။ မူပိုင်ခွင့်ချိုးဖောက်သူတင်ခဲ့တဲ့ ရုပ်ရှင်ရဲ့ မူပိုင်ခွင့်ပိုင်ဆိုင်သူ Nordisk Film As ရုပ်ရှင်ထုတ်လုပ်ရေးက တရားမဝင်အွန်လိုင်းမှာ share ခဲ့တဲ့အတွက် ငွေကြေးနစ်နာဆုံးရှုံးမှုကို တွက်ချက်ပြခဲ့ပြီး လက်ရှိဒဏ်ငွေထက်နှစ်ဆတောင်းခံခဲ့ပါသေးတယ်။ တခြားခေါင်းစဉ် ၅၁၇ မျိုး အတွက်တော့ ထုတ်လုပ်သူတွေက Swebits.org မှာ တင်ထားတဲ့ဖိုင်တွေကို ပိတ်လိုက်ပါပြီ။ အဲဒီရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတွေက ဆုံးရှုံးမှုအတွက် ခန့်မှန်းကုန်ကျငွေ ချမပြခဲ့ကြပါဘူး။ ဆွီဒစ်ရှ်မူပိုင်ခွင့် ထိပါးမှုတိုက်ဖျက်ရေးအုပ်စု RightAlliance က ဒီလိုအမှုကြားနာစစ်ဆေးမှုမျိုး လာမယ့်နှစ်တွေမှာ ပိုပြီးတွေ့မြင်လာကြဖို့ရှိမယ်။ စီစဉ်နေပါတယ်လို့ ရှင်းပြသွားခဲ့တယ်။

# နယူးဇီလန်ရှုမျှော်ခင်းအလှအပတွေနဲ့ Avatar ဇာတ်လမ်းအသစ်တွေ



Avatar ရုပ်ရှင်နောက်ဆက်တွဲ ဇာတ်လမ်း သုံးပိုင်းအတွက် ဇာတ်ဝင်ခန်းတွေကို နယူးဇီလန်နိုင်ငံမှာ ရိုက်ကူးမှာဖြစ်တယ်လို့ ဒါရိုက်တာဂျိမ်းစ်ကမ်မရွန်နဲ့ နယူးဇီလန်အစိုးရပိုင်းက ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်အရ Avatar ရုပ်ရှင်အတွက် နယူးဇီလန်နိုင်ငံမှာ NZ ဒေါ်လာ သန်း ၅၀၀ (ဒေါ်လာ၄၁၃ သန်း၊ ပေါင်၂၅၄သန်း) အသုံးပြုကြမှာပါ။ အလုပ်အကိုင် ရာပေါင်းများစွာလည်း ရရှိကြပါလိမ့်မယ်။ အစိုးရက ရုပ်ရှင်ထုတ်လုပ်ရေးအတွက်အခွန်ငွေကို လက်ရှိကောက်ခံနေတဲ့ ၁၅ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ discount လျှော့ပေးခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Avatar ကိုလည်း New Zealand ရှုခင်းတွေမှာရိုက်ကူးခဲ့ပြီး အော်စကာ သုံးဆုရရှိခဲ့ပါတယ်။ စီးပွားဖွံ့ဖြိုးဝန်ကြီး စတီဗင်ဂျိုက်စ်ရဲ့ ကြေညာချက်မှာ 'နယူးဇီလန်ရုပ်ရှင် လုပ်ငန်းအတွက် ထူးကဲလှတဲ့သတင်းပါ' လို့ ဖော်ပြထားတယ်။ အခွန်လျှော့တဲ့ ဥပဒေသစ်တွေမှာ မူလ ၂၀ ရာခိုင်နှုန်းလျှော့ပေးထားပြီး ထုတ်လုပ်သူတွေဟာ နယူးဇီလန်အတွက် အကျိုးရှိစေမယ့် အစီအစဉ်မျိုးတွေ ဖန်တီးပေးနိုင်မယ်ဆိုရင် နောက်ထပ် ၅ ရာခိုင်နှုန်း ထပ်မံရရှိနိုင်မှာပါ။ အဲဒီအပြောင်းအလဲတွေဟာ ပြည်တွင်းရုပ်ရှင်ထုတ်လုပ်သူတွေနဲ့ နိုင်ငံတကာက ရုပ်ရှင်ထုတ်လုပ်ရေးတွေ (ရုပ်ရှင်ဇာတ်လမ်းတိုကနေ medium-size productions ဒေါ်လာ ၁၅ သန်းကနေ ဒေါ်လာ သန်း ၅၀ ကြားသုံးစွဲမယ့် ထုတ်လုပ်ရေးတွေ) ကို မက်လုံးပေးလိုက်တာပါလို့ ဆိုတယ်။ နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီးက ကမ္ဘာ့အဆင့်ရုပ်ရှင်တွေမှာ နယူးဇီလန်ကို ဒီလိုပါဝင်ခွင့်ပေးလိုက်တာဟာ ကြီးကျယ်လှတဲ့ ခရစ္စမတ်လက်ဆောင်တစ်ခုပါ" လို့ ပြောလိုက်ပါတယ်။ 'Avatar ရုပ်ရှင်တွေကို နယူးဇီလန်နိုင်ငံဆီကျွန်တော်တို့ ယူဆောင်သွားကြမှာကို တရားဝင်ကြေညာလိုက်ရတာနဲ့တင် တော်တော်လေးရင်ဖိုစရာပါ" တဲ့။ ဒါရိုက်တာ ဂျိန်းမ်စ်ကမ်မရွန်က ဆိုတယ်။ Avatar ရုပ်ရှင်အသစ် သုံးပိုင်းကို ၂၀၁၆ နှစ်ကုန်ပိုင်းကနေစပြီး ပြသနိုင်ဖို့ ကမ်မရွန်က ရည်မှန်းထားပါတယ်။

# ဘရက်ဒ်ပစ်ထ်ရဲ့ နှစ် ၅၀ စာ အောင်မြင်မှုတွေ

ဟောလိဝုဒ်ရဲ့ A-list ထဲက သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဘရက်ဒ်ပစ်ထ်ဟာ People မဂ္ဂဇင်းကစလို့ GQ Men မဂ္ဂဇင်း နဲ့ W မဂ္ဂဇင်း







အထိ မဂ္ဂဇင်းတော်တော်များများရဲ့ မျက်နှာဖုံးတွေမှာ တင့်တယ်ဝံ့ကြွားစွာ ဖော်ပြခံခဲ့ရပါပြီ။ အခု ပစ်ထ်ရဲ့ အသက် ၅၀ နှစ်မြောက် မွေးနေ့အခမ်းအနား သမိုင်းမှတ်တိုင်အသစ် တစ်ခုအဖြစ် AARP The Magazine မှာ မျက်နှာဖုံးအဖြစ် ဖော်ပြလိုက်ပါတယ်။ AARP မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရဲ့ ခေါင်းစီးစာသားမှာ 'ချီးကျူး ဂုဏ်ပြုစရာ သရုပ်ဆောင်၊ ဒါရိုက်တာ၊ လူသားချင်းစာနာထောက်ထားသူ၊ မိသားစုကို ချစ်သူ မစ္စတာပစ်ထ် ကလပ်အဖွဲ့ဝင်ဖြစ်လာပါပြီ' လို့ ရေးထားတယ်။


AARP The Magazine ဟာ တစ်လနှစ်ကြိမ် ထုတ် အမေရိကန်မဂ္ဂဇင်းဖြစ်ပြီး မဂ္ဂဇင်းပါ ဆောင်းပါးတွေဟာ လူကြီးပိုင်းတွေအတွက် ရည်ရွယ်ရေးသားထားတာပါ။ AARP (American Association of Retired Persons)ဆိုတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းက ၁၉၅၈ ခုနှစ်ကတည်းကထုတ်ဝေခဲ့တဲ့မဂ္ဂဇင်းပါ။ အငြိမ်းစားယူပြီးသူတွေရဲ့ကလပ်ကနေ ထုတ်ဝေပြီး ယူနိုက်တက်စတိတ်မှာ စောင်ရေအများဆုံး မဂ္ဂဇင်းလည်း ဖြစ်နေပါတယ်။ AARP အဖွဲ့ဝင်တိုင်းကို မဂ္ဂဇင်းလက်ဆောင်ပို့ပေးလေ့ရှိတယ်။ ပစ်ထ်ရဲ့ နှစ် ၅၀ စာ အောင်မြင်မှုတွေမှာ အင်ဂျလီနာဂျိုလီနဲ့ ဘရက်ဒ်ပစ်ထ်တို့ ထုတ်လုပ်ခဲ့တဲ့ Jolie-Pitt & Perrin Côtes de Provence Rose Mirava ဝိုင်လည်း အပါအဝင်ပါ။ Jolie-Pitt ဝိုင်ဟာ Wine Spectator lifestyle မဂ္ဂဇင်းက ရွေးချယ်ခဲ့တဲ့ ထိပ်တန်းအကောင်းဆုံးဝိုင် ၁၀၀ ထဲမှာ နံပါတ် ၈၄ မှာ ရှိနေခဲ့ပါတယ်။ ခရမ်းနုရောင် စပျစ်သီးကနေ ထုတ်လုပ်တဲ့ rose ပန်းနုရောင် ဝိုင်တွေထဲမှာတော့ ကမ္ဘာ့အကောင်းဆုံး rose ဝိုင်အဖြစ် ရွေးချယ်ခံခဲ့ရတယ်။ ပစ်ထ်အတွက်တော့ အသက်ကြီးရင့်လာတာဟာ အနားယူလိုက်ဖို့မဟုတ်ဘဲ အောင်မြင်မှုတွေပိုပြီး စုစည်းဖို့အတွက်ပါပဲ။ zombie တွေဝန်းရံပြေးလွှားရိုက်ကူးခဲ့တဲ့ World War Z ရုပ်ရှင်ဟာလည်း နွေရာသီရုပ်ရှင်တွေထဲက လူကြိုက်များလှတဲ့ ရုပ်ရှင်ပါ။ နောက်ထပ်ဂုဏ်ပြုစရာတစ်ခုကတော့ အော်စကာဆုပေးပွဲအတွက် ရွေးပြေးအဆိုပြုစာရင်းမှာ ပစ်ထ် ထုတ်လုပ်သူအဖြစ် ပူးပေါင်းထားတဲ့ 12 Years A Slave ရုပ်ရှင်ပါဝင်နေတာပါ။ အဲဒီရုပ်ရှင်မှာ ပစ်ထ်က Samuel Bass အဖြစ် ဇာတ်ပို့အခန်းနည်းနည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။

# ရိုဘော့စက်ရုပ်တွေကို စိတ်ဝင်စားမှုပိုလာတဲ့ Google



အင်တာနက် နည်းပညာကုမ္ပဏီဖြစ်တဲ့ Google ဟာ အင်ဂျင်နီယာနည်းပညာကုမ္ပဏီ Boston Dynamics နဲ့ စီမံကိန်းတစ်ခုအတွက် စာချုပ်ချုပ်လိုက်ပါတယ်။ Google ဟာ ရိုဘော့တီထွင်ထုတ်လုပ်တဲ့ Boston Dynamics ရဲ့ နည်းပညာတွေ အချိန်အတော်ကြာ လေ့လာဆည်းပူးနေခဲ့ပြီး လက်တွဲဖို့ ဆုံးဖြတ်လိုက်တာပါ။ ကမ္ဘာ့အမြန်ဆုံးပြေးနိုင်တဲ့ ရိုဘော့ Cheetah နဲ့ တခြား အဝေးက ထိန်းချုပ်ပေးနိုင်တဲ့ ခြေလေးချောင်းသတ္တဝါ စက်ရုပ်မျိုးတွေ Boston Dynamics က တီထွင်ခဲ့တယ်။ Defense Advanced Research Projects Agency(DARPA) ထောက်ပံ့ငွေနဲ့ ယူအက်စ်စစ်တပ်အတွက် BigDog လို့ ခြေလေးချောင်းရိုဘော့တွေကို ထုတ်လုပ်ပေးနေတယ်။ စီမံကိန်းရဲ့ ဈေးနှုန်းနဲ့အရွယ်အစားကို Android အကြီးအကဲဟောင်း အန်ဒီရူဘင်က ဦးဆောင်ရေးဆွဲနေပါတယ်။ အင်တာနက်ကုမ္ပဏီတွေဟာ ရိုဘော့တွေ အသုံးပြုဖို့ စိတ်ဝင်စားလာကြတယ်လို့ လေ့လာဆန်းစစ်သူတွေကဆိုတယ်။ အွန်လိုင်းဈေးဝယ် portal တစ်ခုဖြစ်တဲ့ Amazon လည်း ပစ္စည်းတွေပေးပို့တဲ့အခါ အသုံးပြုနိုင်မယ့် အမြန်ဆုံး ရိုဘော့ drone တွေ သုံးစွဲဖို့စီစဉ်နေတာကို လတ်တလော ကြေညာခဲ့ကြတယ်။ Google အမှုဆောင်အကြီးအကဲ လယ်ရီပေ့ချ်က Google Plus မှာ ကြေညာချက်တစ်စောင်မှာ ရေးသားခဲ့ပါတယ် "ကျွန်တော်တော့ အန်ဒီရူဘင်ရဲ့ စီမံကိန်းအသစ်အကြောင်းကို စိတ်လှုပ်ရှားနေတယ်။ သူ့ရဲ့ ပြီးခဲ့တဲ့ Android စနစ်ဟာလည်း အိတ်ကပ်သန်း ရာပေါင်းများစွာထဲ စူပါကွန်ပျူတာတစ်လုံး တပ်ဆင်ပေးလိုက်တဲ့ ရူးလောက်စရာစိတ်ကူးတစ်ခုပဲ။ အခု ဒီရိုဘော့စီမံကိန်းအတွက် အင်မတန် စောလွန်းနေသေးတဲ့ နေ့တွေပါ။ တိုးတက်မှုတွေကြည့်ရဖို့ ကျွန်တော်တော့ မစောင့်ဆိုင်းနိုင်တော့ဘူး" တဲ့။ Boston Dynamics ဟာ ရိုဘော့တွေကို စီးပွားဖြစ်မရောင်းချပါဘူး။ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ် ပရော်ဖက်ဆာဟောင်းက ၁၉၉၂ မှာ စတင်တည်ထောင်ခဲ့တယ်။ များသောအားဖြင့် ပန်တဂွန်စစ်ဌာနချုပ်ရဲ့ ကာကွယ်ရေးသုတေသနလုပ်ငန်းတွေအတွက် ရိုဘော့တွေ ထုတ်လုပ်ပေးနေတာပါ။ Boston Dynamics ရဲ့ Atlas ရိုဘော့ဟာ မညီမညာ ကြမ်းတမ်းနေတဲ့ မြေပြင်အနေအထားမှာ လမ်းလျှောက်နိုင်ပါတယ်။ BigDog ခြေလေးချောင်းသတ္တဝါရိုဘော့လေးကတော့ အင်မတန်တက်ကြွဖျတ်လတ်နေပြီး နှင်းနဲ့ ရေခဲပြင်လိုနေရာတွေမှာလည်း သွက်လက်စွာပြေးလျှောက်တယ်။ WildCat ဟာလည်း ခုန်ပေါက်ကဆုန်ဆိုင်းပြေးလွှားနိုင်တဲ့ ခြေလေးချောင်းပါ ဆူဆူညံညံ ရိုဘော့လေးဖြစ်ပြီး သတ်မှတ်လိုက်တဲ့ နေရာမှာပဲ ချာခနဲလှည့်နိုင်တဲ့ အစွမ်းရှိနေတယ်။ ။

ဖြိုးဖြိုး







# KOREA

■ ဇင်မြင့်စံ ■

# ချစ်သူနဲ့လက်ထပ်ဖို့အစီအစဉ် မဆွဲရသေးတဲ့ ဘေယောင်ဂျွန်း



အသက် ၄၁ နှစ်ရှိပြီဖြစ်ပေမဲ့ ပရိသတ်များ စွာရဲ့နှလုံးသားကိုသိမ်းပိုက်ထားနိုင်ဆဲဖြစ်ကာ စီးပွားရေးလုပ်ငန်းများကိုလည်း ကြိုးကြိုးစားစားလုပ်ကိုင်လျက်ရှိတဲ့ မင်းသားဘေယောင်ဂျွန်းချစ်သူမရှိတဲ့ နှစ်အတော်ကြာပြီးတဲ့နောက် LS လို့ အမည်ရတဲ့ လျှပ်စစ်ကော်ပိုရေးရှင်းကြီးတစ်ခုက ဒုဥက္ကဋ္ဌရဲ့ သမီးဖြစ်သူ ဂိုဆိုဟီးနဲ့ချစ်ကြိုက်နေကြောင်းကို ၂၀၁၃ ခုနှစ်ကုန်သတင်းများမှာ ဖော်ပြခံခဲ့ရပြီးတဲ့နောက် တစ်ဆက်တည်းမှာပဲ သူတို့နှစ်ယောက်ဟာ ဒီနှစ် ဧပြီလမှာ လက်ထပ်ဖြစ်မယ်ဆိုတဲ့သတင်းများလည်း ထွက်ပေါ်လာပါတယ်။

ချစ်သူရှိနေတဲ့သတင်းက အမှန်ဖြစ်ပေမဲ့ သူတို့ အဲဒီလမှာလက်ထပ်မယ်ဆိုတာကတော့ မဟုတ်ပါဘူးလို့ ဘေယောင်ဂျွန်းရဲ့ အေဂျင်စီ Key East က ငြင်းဆိုခဲ့ပါတယ်။ ဘေယောင်းဂျွန်းရဲ့ချစ်သူ ဂိုဆိုဟီးဟာ ဘေယောင်ဂျွန်းထက် အသက်များစွာငယ်ပြီး ဘေယောင်းဂျွန်းရဲ့သူငယ်ချင်းတစ်ယောက်မင်္ဂလာပွဲမှာဆုံတွေ့ခဲ့ကြပြီးတဲ့နောက် အတူတွေ့ဆုံလည်ပတ်ခြင်းများပြုလုပ်ဖြစ်ခဲ့တာဖြစ်ပါတယ်။ ဆိုဟီးဟာ နယူးယောက်မှာ မားကက်တင်းဘာသာရပ်ကိုသင်ယူခဲ့ပြီး မဟာဘွဲ့ကိုတော့ ကိုရီးယားမှာ ရယူနိုင်ခဲ့ပါတယ်။

ဘေယောင်ဂျွန်းကတော့ Film, TV & Multi meadia ဘာသာရပ်ကို ဆောင်ကြာကွမ်တက္ကသိုလ်မှာ သင်ယူခဲ့သူဖြစ်ပါတယ်။ ဘေယောင်ဂျွန်းဟာ ဆိုးလ်မှာ Gorilla in The Kitchen" လို့နာမည်ပေးထားတဲ့ အနောက်တိုင်း စားသောက်ဆိုင်တစ်ဆိုင်ကိုဖွင့်လှစ်ခဲ့ပြီး "Gorilla in The Café" ကို ထပ်မံဖွင့်လှစ်ခဲ့ပါတယ်။ ဟာဝိုင်အီ မှာလည်း Waikiki ဆိုတဲ့လုပ်ငန်းတစ်ခု ဖွင့်လှစ်ထားပြီး KeyEast Entertainment ရဲ့ ရှယ်ယာရှင်တစ်ဦးလည်းဖြစ်ပါတယ်။ သူပါဝင် သရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းတွဲ ၁၂ တွဲ၊ ရုပ်ရှင် ၃ ကားရှိပြီး ကိုရီးယားမှာရရှိတဲ့အနုပညာ ထူးချွန်ဆု၊ ပေါ်ပြူလာအဖြစ်ဆုံးဆုများနဲ့တင်ဆု ၁၄ ဆု ရရှိခဲ့သူ ဖြစ်ပါတယ်။ သူ့ရဲ့ဇာတ်ကားများ အနက် Winter Sonata နဲ့ The Legend တို့ဟာ နာမည်အကြီးဆုံးလို့ဆိုနိုင်ပါတယ်။

---

# ၂၀၁၃ ကို ဆုတွေများစွာနဲ့ ကျော်ဖြတ်ခဲ့တဲ့ လီမင်ဟို



၂၀၁၃ ခုနှစ်ကုန်နဲ့ ၂၀၁၄ ခုနှစ်ဆန်းရဲ့ တောင်ကိုရီးယားနိုင်ငံမှာ စတားအဖြစ်ဆုံး၊ အအောင်မြင်ဆုံးမင်းသားကိုပြပါဆိုရင်တော့ လီမင်ဟိုက ထိပ်ဆုံးကရှိနေမှာပါ။ သူဟာပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းကကျင်းပခဲ့တဲ့ပြည်တွင်းအနုပညာထူး ချွန်ဆုပေးပွဲများစွာ ဆုများစွာသိမ်းပိုက်နိုင်ခဲ့သလို ပြည်ပမှာလည်းသွားရောက်ဆုယူခဲ့ရပါတယ်။

သူဟာ Boys Over Flowers (၂၀၀၉) ဇာတ်ကားက ဂူဂျွန်ဖြိုး ခေါ် F4 မင်းသားအဖြစ်နဲ့အာရှတစ်လွှားနာမည်ကြီးခဲ့ပြီးတဲ့နောက် City Hunter (2011) အက်ရှင်ဇာတ်ကား၊ comedy drama The Heirs (၂၀၁၃)ဆိုတဲ့ အချစ်ဟာသဇာတ်ကားများနဲ့ ဆက်ကာဆက်ကာ အောင်မြင်

လျက်ရှိသူဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် အထိ ထူးချွန်ဆု၊ လူကြိုက်အများဆုံးစတဲ့ ဆုပေါင်း ၁၀ ဆုကျော်ဆွတ်ခူးခဲ့တဲ့အပြင် ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် တစ်နှစ်ထဲမှာတင် အကောင်းဆုံးအာရှအမျိုးသား ဇာတ်ဆောင်ဆု၊ အကောင်းဆုံးမင်းသားဆု၊ အကောင်းဆုံးစုံတွဲဆု (မင်းသမီး ကင်မ်ဟီဆန်းနှင့်)၊ ပေါ်ပြူလာအဖြစ်ဆုံး နိုင်ငံတကာ မင်းသားဆု၊ အကောင်းဆုံး အာရှမင်းသားဆု၊ အကောင်းဆုံး ဝတ်စား ဆင်ယင်မှုဆု စတဲ့ ပြည်တွင်းပြည်ပ ဆုပေါင်း ၁၀ ဆုကို ရရှိခဲ့ပါတယ်။ နောက်ပြီး "The Heirs" ဇာတ်လမ်းတွဲတစ်ခုလုံးမှာ သူ ဝတ်ဆင်ခဲ့တဲ့အဝတ်အားလုံးကို လေလံတင် ရောင်းချပြီး ကုသိုလ်ဖြစ် လှူဒါန်းမယ့်နေရာ တွေမှာသုံးဖို့ လုပ်ဆောင်ခဲ့ပါတယ်။

ဒီနှစ်ဆန်းပိုင်းမှာတော့ သူက "သရုပ်ဆောင် ဆိုတာ လူတွေကို မျှော်လင့်ချက်နဲ့သတ္တိတွေပေး ရတဲ့ အလုပ်အကိုင်မျိုး"လို့ သူကပြောခဲ့ပြီး ၂၀၀၆ ခုနှစ်က သူကားမတော်တဆမှုနဲ့ တစ်နှစ်လောက် အနားယူခဲ့ရပုံ၊ ဘဝရဲ့ အနိမ့်အမြင့်တွေကို သူ ဘယ်လိုကျော်ဖြတ်ခဲ့ပုံတွေကို ဂရပ်ပုံဆွဲပြသ ခဲ့ပါ တယ်။ "ပေါ်ပြူလာပိုဖြစ်လာတယ်ဆိုတာ ပရိသတ်တွေပိုများလာလို့၊ ဒါက ကျွန်တော့်အနေ နဲ့ မျှော်လင့်ချက်နဲ့သတ္တိတွေပေးနိုင်တဲ့သူပိုများ လာတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒီအချက်က သူတို့ မျှော်လင့်ချက်နဲ့ညီအောင် ကျွန်တော့်ကို အကောင်းဆုံးလုပ်နိုင်စေပါတယ်"လို့ လီမင်ဟိုက ဆိုပါတယ်။




# နှစ် ၄၀၀ က ဂြိုဟ်သားနဲ့ သရုပ်ဆောင်မင်းသမီး တို့ရဲ့ချစ်ဇာတ်လမ်း You Who Came From The Stars

ထူးခြားတဲ့ချစ်ဇာတ်လမ်းတွေကို ကြည့်ချင် သူတွေအတွက် ဒီနှစ်မှာပရိသတ်ကြီးကြည့်ရှု ဖို့ ထွက်ပေါ်လာမယ့် ကိုရီးယားဇာတ်လမ်းတွဲခွေ များထဲမှာ ကြယ်စင်များမှဆင်းသက်လာသူလို့ ဆို ရမယ့် You Who Came From the Stars ဆိုတဲ့ဇာတ်လမ်းတွဲကို မိတ်ဆက်ပေးချင်ပါတယ်။ ဒီဇာတ်ကားကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ လောက်ကတည်းက ကမ္ဘာမြေကိုရောက်နေခဲ့တဲ့ ဂြိုဟ်သားတစ်ယောက်နဲ့ ယနေ့ခေတ်ရဲ့ မင်းသမီး တစ်ယောက်တို့ ချစ်ကျွမ်းဝင်ကြပုံကို ဖော်ကျူး ထားတဲ့ စိတ်ဝင်စားဖွယ်ဇာတ်ကားဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို The Thieves ဇာတ်ကားမှာ အတူသရုပ်ဆောင်ခဲ့ဖူးကြတဲ့ Gianna Junနဲ့ ကင်မ်ဆိုးဟွန်းတို့က အတူသရုပ်ဆောင်ထားပါ တယ်။

ဇာတ်ကားထဲမှာ ဒိုမင်ဂျွန်း (ကင်မ်ဆိုး ဟွန်း) ဟာဂျိုဆွန်ခေတ်ကတည်းက ကမ္ဘာမြေကို ရောက်နေခဲ့သူဖြစ်ပြီး ချောမောသူတစ်ဦးဖြစ် တဲ့အပြင် အမြင်၊ အကြား၊ နဲ့ လျင်မြန်မှုပိုင်းမှာ လည်း သူမတူတဲ့အရည်အသွေးတွေရှိသူဖြစ်ပါ တယ်။ ယနေ့ခေတ်ရဲ့ နာမည်ကြီးမင်းသမီး (Gianna Jun )တစ်ယောက်နဲ့သူတို့ ဆုံတွေ့တဲ့ အခါမှာတော့ အကြီးကျယ်ဆုံးသောပြောင်းလဲ မှုတွေဖြစ်ပေါ်လာကြပုံကို ဇာတ်လမ်းဆင်ထား တာဖြစ်ပါတယ်။ ဒီဇာတ်ကားကို ပြီးခဲ့တဲ့ နှစ်ကုန် ပိုင်းက တောင်ကိုရီးယားအက်စ်ဘီအက်စ် ရုပ်သံ က ပြသခဲ့တာဖြစ်ပြီး ကြည့်ချင်သူများလှတဲ့ ဇာတ်ကားစာရင်းဝင်ဖြစ်ပါတယ်။

# သရုပ်ဆောင်ဖက်တွေနဲ့ချစ်သတင်းကြီးနေတဲ့ ပက်ရှင်ဟေး



တစ်ချိန်က မင်းသားလီမင်ဟိုနဲ့ တစ်ခဏတာ ချစ်ကြိုက်ခဲ့ဖူးတဲ့ မင်းသမီးပက်ရှင် ဟေးဟာ မင်းသားလီမင်ဟိုနဲ့တွဲပြီးရိုက်ကူးနေတဲ့ "The Heirs" အတွက်အလုပ်များနေတဲ့ကြားကပဲ ကောလာ ဟလတွေကိုဖြေရှင်းနေရပါတယ်။ "You are Beautiful" ဇာတ်ကားကို ရိုက်ကူးစဉ်အတွင်းမှာ သူ့ကို အကြိုက်ဆုံး ဇာတ်ကောင်အကြောင်း သတင်းသမားများက မေးတဲ့အခါ ဂျန်ဂွမ်ဆော့ရဲ့ ဇာတ်ကောင်ကို ရွေးချယ်ခဲ့တဲ့အတွက် သူတို့ နှစ်ယောက်ချစ်နေကြကြောင်း သတင်းများ ထွက်လာခဲ့ပါတယ်။ ဒါပေမဲ့ ပက်ရှင်ဟေးက "သူနဲ့ ကျွန်မက မောင်နှမတွေလိုမျိုး ရိုက် ကွင်းမှာရှိနေပါတယ်။ သူ့အမေက ကျွန်မကို သဘောကျပေမဲ့ သူကတော့ ကျွန်မကို မိန်းကလေးလို့ မမြင်ပါဘူး။ ညီလေးလိုမျိုး ဆက်ဆံတာပါ။ ဒါပေမဲ့ ကျွန်မတို့က အချိန်တွေကို အတူဖြတ်နေရတဲ့ သူငယ်ချင်းတွေပါပဲ"လို့ ဖြေရှင်းခဲ့ပါတယ်။

အဲဒီနောက် ပက်ဟာ CNBlue ယောကျ်ားလေးအဆိုတော်အဖွဲ့က ဂျောင်ယောင်ဟွာနဲ့ "Heartstrings" ဇာတ်လမ်းရိုက်တဲ့အခါ အတူ ဒိတ်လုပ်နေကြောင်း သတင်းထွက်လာပြန်ပါတယ်။ ဒါပေမဲ့ ပက်ရှင်ဟေးက ငြင်းခဲ့ပါတယ်။ သူတို့က တကယ့်အတူသွား အတူစား သူငယ်ချင်းမျိုးတွေပါလို့ ဆိုပြန်ပါတယ်။ ဒါပေမဲ့လည်း သူတို့နှစ်ယောက်ရဲ့သတင်း တွေကတော့ရပ်မသွားခဲ့ပါဘူး။ အဲဒီနောက် "Flower Boy Next Door" ဇာတ်လမ်းမှာ ပက်နဲ့အတူ သရုပ်ဆောင်ဖူးတဲ့ မင်းသားယွန်းဆီယွန်းက သူ့ရဲ့ ideal type ပါလို့ ဆိုလိုက်တာနဲ့ သူတို့နှစ်ဦးနဲ့ ပက်သက်တဲ့ သတင်းတွေထွက်လာပြန်ပါတယ်။ မင်းသားယွန်းဆီယွန်း နဲ့ပတ်သက်ပြီး ရှင်ဟေးက "ကျွန်မက ရယ်ရတဲ့ ယောကျ်ားမျိုးကို တွေးလေ့ရှိတာ။ ဒါပေမဲ့ ဒီရက်ပိုင်းတော့ serious ဖြစ်တဲ့သူကို လိုချင်တယ်။ ယွန်းဆီယွန်းက ကြက်သွန်နီနဲ့ တူတယ်။ ခွာလို့ရတဲ့အလွှာတွေ အများကြီးပဲ။ ပိုသစ်တဲ့ အလွှာတွေ ပေါ်လာလေ မမျှော်လင့်တဲ့ အခြမ်းတွေမြင်လာရလေ"လို့ ပြောကြားခဲ့ပါသေးတယ်။

ပက်ရှင်ဟေးဟာ လီမင်ဟိုနဲ့ချစ်သူဖြစ်ခဲ့ဖူးသေးတာကြောင့် သရုပ်ဆောင်ဖက်တွေနဲ့ ချစ်သတင်းကြီးတဲ့ သူ့အနေနဲ့လီမင်ဟိုနဲ့ချစ်ဇာတ်လမ်းတစ်ကျော့ပြန်လေမလား၊ ဘယ်သူနဲ့ တကယ့်ချစ်ခရီးကို ကျော်ဖြတ်ဖြစ်လိမ့်မလဲဆိုတာစောင့်ကြည့်ရအောင်။

---

# သတင်းကြေညာသူ အိပ်မက်ကနေ ငွေကြယ်ပွင့် မင်းသမီးဖြစ်လာသူ ဘိုယောင်း



မြန်မာပရိသတ်နဲ့မစိမ်းလှတဲ့ မင်းသမီးဖြစ်ပြီး၊ ပြီးခဲ့တဲ့နှစ်က မင်းသားဂျီဆောင်နဲ့ လက်ထပ်ခဲ့တဲ့ မင်းသမီးလီဘိုယောင်းဟာ လက်ထပ်ပြီးပြီဖြစ်ပေမယ့် အနုပညာအလုပ်တွေကိုတော့ မရပ်မနားလုပ်လျက်ရှိပါတယ်။ပြီးခဲ့တဲ့ နှစ်က I Can Hear Your Voice ဇာတ်လမ်းတွဲ တစ်ခုတည်းသရုပ်ဆောင်ခဲ့ပေမဲ့ အမြဲတမ်း သရုပ်ဆောင်ကောင်းပြီး ပရိသတ်ရဲ့ချစ်ခင်မှုလည်းရတဲ့ ဘိုယောင်းဟာ ၂၀၁၃ ခုနှစ်အတွက် ကျင်းပတဲ့ ကေဘီအက်စ်ရုပ်သံရဲ့ဒရာမာဆုပေးပွဲ၊ ဘက်ဆန်အနုပညာ ဆုပေးပွဲ၊ အက်စ်ဘီအက်စ် ရုပ်သံက ချီးမြှင့်တဲ့ဆုပေးပွဲစတဲ့ဆုပေးပွဲအသီးသီးမှာ ဆန်ခါတင်စာရင်းဝင်ခဲ့သလိုBest Actress, Daesang/ Grand Prize , Producer's Award စတဲ့ဆုပေါင်း ၅ ဆုချီးမြှင့်ခံခဲ့ရပါတယ်။ United Nations Convention to Combat Desertification အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားမှုတွေမှာ တက်ကြွစွာပါဝင်သူလည်းဖြစ်ပြီး တစ်ချိန်က Miss Korea ဘွဲ့ရ အလှမယ်တစ်ယောက်လည်းဖြစ်ပါတယ်။

သတင်းကြေညာသူတစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်နဲ့ ကြိုးစားခဲ့ပေမဲ့ MBC ရုပ်သံရဲ့ အင်တာဗျူးနောက်ဆုံးအဆင့်ဝန်ထမ်းရွေးချယ်မှုမှာ ရွေးချယ်မခံခဲ့ရတဲ့အတွက် အလုပ်မရခဲ့ဘဲ Asiana လေကြောင်းလိုင်းရဲ့ကြော်ငြာမော်ဒယ်အဖြစ်ရွေးချယ်ခံခဲ့ရပြီး သရုပ်ဆောင်ငွေကြယ်ပွင့်တစ်ယောက်ဖြစ်လာဖို့ လမ်းစရခဲ့တာဖြစ်ပါတယ်။ More Than Blue , Athena: Goddess of War, My Daughter Seo-young, I Can Hear Your Voice ဇာတ်လမ်းများဟာ ဘိုယောင်းရဲ့ နာမည်ကြီးဇာတ်လမ်းများဖြစ်ပါတယ်။


# YATI
# FILM FEELING

ဖြိုး ဖြိုး စု စည်း တင် ပြ သည်

## Winter's Tale








ဇာတ်ညွှန်းရေး၊ ထုတ်လုပ်သူလည်းဖြစ်နေတဲ့ အမေရိကန်ဒါရိုက်တာ Akiva Goldsman ရဲ့ သဘာဝလွန်ဖြစ်ရပ်တွေနဲ့ လွမ်းမောဖွယ်အချစ်ကို ခံစားနိုင်မယ့်ရုပ်ရှင်တစ်ကားပါ။ Goldsman ဟာ ၂၀၀၁ ခုနှစ်က A Beautiful Mind ရုပ်ရှင်နဲ့ အကောင်းဆုံးဇာတ်ညွှန်းပြင်ဆင်ဖန်တီးဆုနဲ့ အကောင်းဆုံးရုပ်ရှင် အော်စကာဆုရရှိခဲ့တယ်။ Forever, Batman & Robin နဲ့ The Da Vinci Code ဇာတ်လမ်းတွဲတွေမှာဇာတ်ညွှန်းရေးတယ်။ I am Legend နဲ့ Mr. & Mrs. Smith မှာ ထုတ်လုပ်သူနဲ့ Paranormal Activity ရုပ်ရှင်တွေမှာလည်း အမှုဆောင်ထုတ်လုပ်သူ ဖြစ်ခဲ့တယ်။ ရုပ်ရှင်တစ်ကားမှာ နေရာများစွာကနေ ဖန်တီးပံ့ပိုးနေတဲ့ Goldsman ဟာ ဒီ Winter's Tale မှာလည်း ဇာတ်ညွှန်းအတွက်ပြင်ဆင်ရေးသားပါတယ်၊ ထုတ်လုပ်သူကိုယ်တိုင်နဲ့ ဒါရိုက်တာအဖြစ်လည်းပါဝင်ရိုက်ကူးခဲ့တာပါ။ ၁၉၁၆ ခုနှစ် နေ့ရက်တွေထဲက ပီတာလိတ်ခ် (Colin Farrell) ရဲ့ ဘဝတစ်ခု အကြောင်းပေါ့။ ပီတာလိတ်ခ်ဟာ အိုင်းရစ်ဖောက်ထွင်းရေးသမားတစ်ဦး၊ သူဖောက် ထွင်းဝင်ရောက်ခဲ့တဲ့အိမ်ကမိန်းမငယ်လေး ဘီဗာလီပဲန်း(Jessica Brown Findlay)ကို ချစ်မက်စွဲလမ်းသွားတယ်။ မိန်းကလေးက သေအံ့ဆဲဆဲအနေအထားမှာပါ။ လိတ်ခ်ကို တူးတူးခါးခါး မုန်းတီးနေတဲ့ ဂိုဏ်းစတား အရူးအနှမ်း ပါးလီ ဆုမ်းစ်(Russell Crowe)နဲ့ သူ့ရဲ့ ဂိုဏ်းသားတွေ ကြမ်းကြမ်းရမ်းရမ်း လိုက်လံဖမ်းဆီးကြတော့ လျှို့ဝှက်ဆန်းကြယ် နတ်မြင်းဖြူ အေသန်ဆောက ကယ်ဆယ်လိုက်တယ်။ ချစ်ခြင်းမေတ္တာနဲ့ ကံကြမ္မာကြားမှာ၊ အလင်းနဲ့အမှောင်ကြားမှာ အံ့ဘနန်းဖြစ်ရပ်ဆိုတာ ဖြစ်ပျက်နိုင်တယ်တဲ့။ လိတ်ခ်က နောက်ဘဝတစ်ခုထိ အတောင်ပံတွေ ဆန့်တန်း ဖြန့်ကျက်ပြီး သူ့မိန်းကလေးကို ရှာနေ ဆဲပဲ။ အင်္ဂလိပ် အဆိုတော်မလေး Birdy ရဲ့ "Wings" သီချင်းသံက ခပ်ချိုချို၊ ဆွေးမြည့်လိုက်မောဖွယ်။ လိတ်ခ်ရဲ့ မျက်ရည်တွေ ပြည့်လျှံလာခဲ့ပြီ။ Winter's Tale ကိုလာမယ့် Valentine's Day မှာ ပြသမှာပါ။

Drama /Fantasy / Mystery

Warner Bros. Pictures

ဒါရိုက်တာ

Akiva Goldsman

ထုတ်လုပ်သူ

Akiva Goldsman, Marc E. Platt, Michael Tadross, Tony Allard

ဇာတ်ညွှန်း

Akiva Goldsman

ဝတ္ထု


Based on Winter's Tale by Mark Helprin

သရုပ်ဆောင်များ

Colin Farrell, Russell Crowe, Jessica Brown Findlay, Jennifer Connelly, Will Smith

# Pompeii








Action / Adventure / Drama
Constantin Film (Germany)
TriStar Pictures (US and Canada)
Lionsgate Films (International)
Icon Productions (Australia)

ဒါရိုက်တာ
Paul W. S. Anderson

ထုတ်လုပ်သူ
Paul W. S. Anderson, Jeremy Bolt, Don Carmody

ဇာတ်ညွှန်း
Paul W. S. Anderson, Janet Scott Batchler, Lee Batchler, Julian Fellowes, Michael Robert Johnso

သရုပ်ဆောင်များ
Kit Harington, Emily Browning, Kiefer Sutherland, Jared Harris, Jessica Lucas

ဗစ်တိုးရီးယားဘုရင်မလက်ထက် နယူးကာဆယ်မြို့စားတစ်ဦးလည်းဖြစ်ခဲ့တဲ့ စာရေးဆရာ Edward Bulwer-Lytton (Lord Lytton) ရဲ့ အင်မတန်ကျော်ကြားခဲ့တဲ့ဝတ္ထု ပွန်ပီမြို့ရဲ့ နောက်ဆုံးနေ့များကို ပြန်လည် အမှတ်ရမိစရာပါပဲ။ အေဒီ ၇၉ ကာလ ပွန်ပီမြို့က ငွေဝယ်ကျွန် မိုင်လို(Kit Harington) ရဲ့ ကြမ်းတမ်း ခက်ထန်ရဲ့ ဘဝနေ့ရက် ပုံပြင်တစ်ပုဒ်ပါ။ မိုင်လိုက ငွေဝယ်ကျွန်အဖြစ်ကနေ အနိုင်မခံ အရှုံးမပေး ဖွဲသန်လှတဲ့ Gladiator တစ်ဦးအဖြစ် ရှင်သန်နေထိုင်ရဖို့ ဖြစ်လာတယ်။ အရာရာရင်ဆိုင်နိုင်ဖို့တွန်းအားပေးခဲ့တာက မိုင်လိုရဲ့ အချစ် စစ်ကလေး ကက်ဆီရာ(Emily Browning)ပါ။ မိန်းမချောလေး ကက်ဆီရာက သူကြွယ်ကုန်သည် ကြီးတစ်ဦးရဲ့ သမီးလေးပေါ့။ သူကြွယ်ကြီးဟာ လာဘ်စား/အကျင့်ပျက်ရောမလွှတ်တော်အမတ်ကြီးတစ်ဦး၊ သူ့ရဲ့ သမီးချောလေး ကက်ဆီရာကို လက်ထပ်သိမ်းပိုက်မှာကို ငြင်းလည်း မငြင်းဆန် ဝံ့ဘူး။ ပျော်လည်း မပျော်ပိုက်ဘူး။ မိုင်လိုက ကက်ဆီရာကို ကယ်ဆယ်ဖို့ တိုက်ခိုက်ရတော့မယ်။ မိုင်လို သတ်ကွင်းထဲ အသင့်ဖြစ်နေတဲ့ တစ်နေ့မှာ ဗီဆူးဗီးယပ်စ်မီး တောင်ကြီး မြည်ဟည်း ပေါက်ကွဲလာတော့တယ်။ မီးလျှံမီးခဲ ချော်ရည်တွေ ပွန်ပီမြို့ကြီးဆီကို အရှိန်အဟုန်နဲ့ ပြေးဆင်း လာကြပြီ။ ဘယ်သူတွေ ပေါ်ထွက်လာမလဲ။ ဘယ်သူတွေ ပြိုလဲကျရှုံးမလဲ။ ဘယ်သူတွေ လွတ်မြောက်မလဲ။ မီးတောင်ကြီးရဲ့ အရိပ်အောက်မှာ ရှိနေကြတဲ့ ပွန်ပီမြို့သားတွေဟာ မီးတောင် ဆိုတာ တစ်နေ့နေ့မှာ ဒီလိုပေါက်ကွဲပြီး ချော်ရည် ချော်မြုပ်တွေ အံထုတ်လာနိုင်တယ်ဆိုတာ မသိနိုင်ဘဲ နေမြဲ အတိုင်းလှုပ်ရှားနေခဲ့ကြတယ်။ ပွန်ပီမြို့ကို ချော်ရည်တွေနဲ့ ဖုံးအုပ်ပျောက် ကွယ်သွားစေခဲ့တဲ့ ဗီဆူးဗီးယပ်စ်မီးတောင်ကြီး လှုပ်ရှားခုန်ပေါက်၊ ပြိုဆင်းကျလာပုံတွေကို 3D နဲ့ ကြည့်ရှုနိုင်ကြမှာပါ။ ခန့်မှန်းကုန်ကျငွေ ဒေါ်လာ သန်း ၁၀၀ သုံးထားပါတယ်တဲ့။

# RoboCop








Action /Crime / Sci-Fi
Metro-Goldwyn-Mayer, Columbia Pictures, StudioCanal (UK)
ဒါရိုက်တာ
José Padilha
ထုတ်လုပ်သူ
Marc Abraham, Eric Newman
ဇာတ်ညွှန်း
Joshua Zetumer
ဝတ္ထု
Based on 1987 Screenplay by Edward Neumeier, Michael Miner
သရုပ်ဆောင်များ
Joel Kinnaman, Gary Oldman, Michael Keaton, Samuel L. Jackson

"ကျွန်တော်ဘယ်မှာလဲ" "ပေါက်ကွဲမှုကြီး တစ်ခုဖြစ်ခဲ့တယ်။ ခင်ဗျား အခု ဆေးရုံမှာ" "ဘယ်လောက်ကြာပြီလဲ။ "၃ လ" "ကလာရာ " ကျွန်တော်ဇနီး. . သားလေး သူတို့ရော" "ခင်ဗျား မိသားစု အားလုံး အဆင်ပြေတယ်" "ကျွန်တော် . . . လုပ်လို့မရတော့ဘူး" ကျွန်တော့် အစိတ် အပိုင်းတွေ သေဆုံးကုန်ပြီထင်တယ်"မဟုတ်ပါ ဘူး။ တကယ်တော့ ပိုပြီးသန်စွမ်းရှင်သန်လာခဲ့တ ာပါ။ သက္ကရာဇ် ၂၀၂၈ မှာ OmniCorp ရိုဘော့ ကော်ပိုရေး ရှင်းကြီးဟာ ရိုဘော့စက်ရုပ်တွေ ဖန်တီးထုတ်လုပ်ပေးနေတယ်။ ပင်လယ်ရပ်ခြား က စစ်တပ်ဌာနတွေအတွက်ပါ။ ကမ္ဘာတစ်လွှား မှာ Omni Corp ရဲ့ ဘီလီယံနဲ့ချီနေတဲ့ ရိုဘော့ ထုတ်လုပ်မှု တွေလုပ်ရှားနေတယ်။ သူတို့ရဲ့ အငြင်းပွားဖွယ်ရာ နည်းပညာကို မိခင်မြေမှာပါ လက်တည့် စမ်း အသုံးပြုခွင့်၊ ရွှေအခွင့်အရေး ကြီးတစ်ခုရရှိလာခဲ့ ပါပြီ။ အင်မတန်ချစ်ခင်ကြင်နာ တတ်တဲ့ ခင်ပွန်း ကောင်း၊ ဖခင်ကောင်း၊ တာဝန် ကျေလှတဲ့ ရဲအရာရှိကောင်း အဲလက်စ် မာဖီ(Joel Kinnaman) ဟာ ဒက်ထရွိုက်မှာ မြင့်တက်နေတဲ့ ပြစ်မှု/ အကျင့်ပျက် ခြစားမှုဒီရေကျသွားအောင် အတတ်နိုင်ဆုံး ကြိုးစားနေတယ်။ တာဝန်ချိန် အတွင်း ကားဗုံးပေါက်ကွဲမှုနဲ့အတူ သူ့ရဲ့ ကိုယ် ခန္ဓာအစိတ်အပိုင်းတွေ ပြင်းပြင်းထန်ထန်ထိခိုက် သွားခဲ့ပြီ။ OmniCorp က ဒီအခွင့်အရေးကို ဆုပ်ကိုင်ဖမ်းယူထားလိုက်ပြီး လူတစ်ပိုင်း ရိုဘော့ တစ်ပိုင်းရဲအရာရှိတစ်ဦးဖန်တီးလိုက်တော့တယ်။ OmniCorp ရဲ့ ထုတ်လုပ်ဖန်တီးခဲ့ဖူးတဲ့ ရိုဘော့ တွေက အမေရိကလမ်းမတွေပေါ်မှာ ပြည့်နှက် လာတဲ့အခါ။ အဲလက်စ်မာဖီက သူ့ကို သန်စွမ်း ရှင်သန်စေခဲ့တဲ့ OmniCorp ကို အထောက်အပံ့ ပေးမှာလား။ OmniCorp က လူတွေ မေ့လျော့ သွားခဲ့တာက ရိုဘော့စက်ရုပ်တစ်ရုပ်အတွင်းမှာ အကောင်းအတိုင်းကျန်ရှိနေသေးတဲ့ လူသား အစစ်ပါ။ အဲဒီ လူသားရဲ့ တရားမျှတမှုကို ချစ် မြတ်နိုးဆဲ စိတ်ဓာတ်တစ်ခုကို သူတို့လျှော့တွက် ခဲ့ကြတယ်။

# The Monuments Men








Action /Biography /Comedy
Columbia Pictures(United States)
20th Century Fox (International)
ဒါရိုက်တာ
George Clooney
ထုတ်လုပ်သူ
George Clooney, Grant Heslov
ဇာတ်ညွှန်း
George Clooney, Grant Heslov
ဝတ္ထု
Based on The Monuments Men by Robert M. Edse
သရုပ်ဆောင်များ
George Clooney, Matt Damon, Bill Murray, John Goodman, Jean Dujardin, Bob Balaban, Hugh Bonneville, Cate Blanchett

ဂျော့ကလူးနီရိုက်ကူးထုတ်လုပ်တဲ့ စစ်ပွဲသမိုင်းတွေထဲက ဖြစ်ရပ်မှန်ရုပ်ရှင်ပါ။ အမေရိကန် စာရေးဆရာ Robert M. Edsel ရဲ့ The Monuments Men: Allied Heroes, Nazi Thieves and the Greatest Treasure Hunt in History ကိုရိုက်ကူးထားတာပါ။ ဒုတိယ ကမ္ဘာစစ်အတွင်း သမိုင်းဝင်အဆောက်အအုံတွေ၊ အနုပညာလက်ရာ ပန်းချီကားတွေကို ဟစ်တလာရဲ့ နာဇီပါတီအင်အားစုတွေ မဖျက်ဆီးခင် မဟာမိတ်တပ်ဖွဲ့တွေ ကာကွယ်ကြရတယ်။ လက်ရာမြောက်ပန်းချီကားတွေ ပိုင်ရှင်အစစ်အမှန်ဆီပြန်လည်ရောက်ရှိနိုင်အောင် စောင့်ရှောက်ကြတယ်။ မဖြစ်နိုင်တဲ့စစ်ဆင်ရေးတစ်ခုလိုပါပဲ။ ရန်သူ့စစ်ကြောင်းနောက်မှာ ပိတ်မိနေတဲ့ အနုပညာလက်ရာတွေ၊ ဂျာမန်စစ်တပ်ကျဆုံးတဲ့အခါအားလုံးကို ဖျက်ဆီးဖို့ အမိန့်အာဏာတွေအောက်မှာ ပြတိုက် ၇ ခုက ဒါရိုက်တာတွေ၊ ပြတိုက်မှူးတွေနဲ့ အနုပညာသမိုင်းပညာရှင်တွေအားလုံးဟာ မိုက်ကယ်အိန်ဂျလိုရဲ့လက်ရာမြောက် အနုပညာလက်ရာတွေထက် M -1 လို တပ်ဖွဲ့ရဲ့ စစ်ဗျူဟာမြောက်အခြေအနေတွေနဲ့ပဲ ပိုပြီး အကျွမ်းတဝင်ရှိနေကြတာမဟုတ်လား။ အောင်မြင်ဖို့ မျှော်လင့်နိုင်ပါ့မလားပဲ။ ဒါပေမဲ့ Monuments Men လို့ ခေါ်နေကြတဲ့ တပ်သားတွေဟာ သက်တမ်း ၁၀၀၀ ခန့်ရှိနေတဲ့ယဉ်ကျေးမှုလက်ရာတွေဖျက်ဆီးခံရမယ့်အခြေအနေကို တားဆီးဖို့ ကြိုးစားကြမှာပါ။ စစ်ဗိုလ်လေး ဂျိမ်းစ်ဂရိမ်းဂျားအဖြစ် မက်ဒေမွန် သရုပ်ဆောင်ခဲ့ပါတယ်။ ဒယ်နီရယ်ကရေ့ချ်ကို သရုပ်ဆောင်စေဖို့ မူလက စီစဉ်ထားခဲ့ပေမယ့် ရက်အားမရှိတာကြောင့် မက်ဒေမွန် သရုပ်ဆောင်ဖြစ်ခဲ့တယ်လို့ဆိုတယ်။ အမေရိကန်စစ်ပွဲနဲ့ လေယာဉ်တွေ အပါအဝင်တိုက်ပွဲပြကွက်တွေကို ယူကေ၊ Cambridgeshire က Imperial War Museum Duxford နဲ့ ဂျာမနီ၊ Potsdam က Babelsberg Studios မှာ ရိုက်ကူးခဲ့ပြီး outdoor ရိုက်ကွင်းတွေကိုတော့ ဂျာမနီရဲ့ နာဇီပါတီသမိုင်းမှာ အရေးကြီးခဲ့တဲ့ Harz ဒေသအော့ဇ်ဝစ်ချ်မြို့၊ Berlin-Branden-burg မှာရိုက်ကူးခဲ့ကြတယ်။ ၆၄ ကြိမ်မြောက် ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်အတွင်း ၂၀၁၄ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ စတင်ပြသမယ်လို့ ကြေညာထားပါတယ်။

**ဖြိုးဖြိုး**

# **Funny**Page



















# ကတ်သီး ကတ်သတ် ပြောတဲ့ တောက်တီး တောက်တဲ့




## ပရိုမိုးရှင်း

ရုပ်ရှင်တစ်ကားတင်ခါနီးရင် လူကြည့်များအောင်၊ လူသိများအောင် ဘယ်လိုလုပ်ရမလဲဆိုတာစဉ်းစားတဲ့အခါ ရှေးတုန်းကလို ရိုးရိုးကြီးနည်းတွေ မသုံးတော့ဘဲ ဆန်းလာသဗျ။ လူမှုကွန်ရက်ပေါ်ကနေ ကြော်ငြာမှန်းမသိသာတဲ့ ထွင်လုံးတွေနဲ့ ပစ်ကြတော့သကိုး။ ရုံတင်ခါနီးဇာတ်ကားပါ သရုပ်ဆောင်တွေရန်ဖြစ်ပြရင် သတင်းသမားတွေကလည်း သတင်းလိုက်ရတာ အမော။

ရုပ်ရှင်တင်လားဆိုတော့ MTV စီးရီးတွေပါ ပါသေးပေါ့။ အဆိုတော်လေးတစ်ယောက်သူ့အခွေထွက်ခါနီးမှာ အခွေရဲ့ MTV ထဲပါတဲ့ပြကွက်ကို သူ့သူငယ်ချင်းတစ်ယောက်ကကောလာဟလ ထုတ်ပါလေရောလား။ Night Club မှာ လူသတ်မိလို့ ရဲလာဖမ်းတဲ့ပုံရယ်၊ အသတ်ခံရတဲ့ ကောင်လေးတစ်ယောက်သွေးအိုင်ထဲ လဲနေပုံရယ်ကို အကွက်ကျကျတင်လိုက်တာ ဘာပြောကောင်းမလဲ သတင်းထောက်တွေလည်း အလုပ်ရပြီး ရဲစခန်းလိုက်တဲ့သူနဲ့ ကာယကံရှင်ဆီလိုက်တဲ့သူနဲ့ ပရိုမိုးရှင်းကိုဖြစ်လို့ ဟန်ပ့ါ. . .

တောက်တီးတို့လည်း နာမည်ကကြီးပဲ မကြီးနိုင်လွန်းလို့ အဲသလိုနည်းတွေသုံးပြီး ကိုယ့်ကိုယ်ကိုယ်နာမည်မြှင့်တင်ရေးလေးတွေ လုပ်ဦးမလို့။ အကြံစည်သစ်လေးတွေ မစကြပါဗျို့။

FUNNY PHOTO

အအိပ်မက်ကြသူများ








## တို့လည်းလျှောက်မယ် ချန်မထားနဲ့

တစ်နေ့ သဥ္ဇ ပေ့ါလေ. . .။ မောင်တောက်တီးတစ်ယောက် ဘီယာဆိုင်တစ်ဆိုင်မှာ ချိန်းထား တဲ့ သူငယ်ချင်းတွေကို ထိုင်စောင့်နေရင်း သူတို့ မလာနိုင်သေးတာနဲ့ ဘီယာတစ်ခွက်အရင်မှာပြီး သောက်မိသပေ့ါ။ စောင့်လည်းစောင့်၊ သောက်လည်း သောက်ရင်း ဟိုဟိုသည်သည် စဉ်းစားရင်းက ဘေးနားကဝိုင်းက ပြောနေကြတဲ့ စကားသံတချို့ကို ကြားမိတာကြောင့် နားစွင့်မိလိုက်တယ်။ သူတို့ပြောနေကြတာက ဒီလို ဒီလို။ “အေးကွ ငါတို့လည်းအရေးဆိုသင့်တယ်” “လုပ်သင့်တာပေ့ါကွာ။ နောက်တောင်ကျနေပြီထင်တယ်” “ဟုတ်တယ်လေကွာ ခိုးဆိုးလုယက်ဆိုတာ ဘယ်သူကမှ ပျော်လို့လုပ်နေကြတာမဟုတ်ဘူးဆိုတာ မင်းလည်း သိသားပဲ။ စားဝတ်နေရေးမပြေလည်တာ အပါအဝင်အကြောင်းကြောင်းတွေကြောင့် မလုပ်ချင်ပဲလုပ်နေကြရတာ။ ဘယ်သူက ထောင်နှုတ်ခမ်းလမ်းလျှောက်ချင်ပါ့မလဲကွာ” “အဲဒါပြောတာပေ့ါ။ တခြားသူတွေဆို ထောင်ထဲဝင်သွားလိုက်၊ အပြင်ကလူတွေက ဆန္ဒတွေပြလိုက်၊ ပြီးရင်ပြန်ထွက်လာလိုက်နဲ့ ဟုတ်နေသဟေ့။ ငတို့ကျတော့ ဘယ်သူကမှ သနားရကောင်းမှန်းမသိကြဘူး” “အေးလေကွာ။ ငါတို့မှာလည်း ပြောစရာတွေ သူတို့ လိုပဲရှိသပေ့ါ။ ငါဆို အမေက တော်တော်နေ မကောင်းဘူးကွ။ မိန်းမကလည်း တရှောင်ရှောင်နဲ့။ ဒီတော့ကာ မြန်မြန်နဲ့များများ ရဖို့အရေး နှိုက်ရင်နှိုက်မနှိုက်ရင်ခိုးရတော့တာပေ့ါ။ ဘယ်သူက ဒီလို လုပ်ချင်ပါ့မလဲ။ ဟိုကောင်ငတေမိသွားလို့ ဝိုင်း အုပ်ကြတာ ဆေးရုံတောင်အရင်ရောက်သွားသေးမဟုတ်လား” “အေးလေကွာ” ငါတို့တစ်တွေလည်း သန်သန်မာမာကြီးတွေပါ။ နိုင်ငံတော်တည်ဆောက်ရေးမှာ ဝိုင်းလုပ်နိုင်တာပေ့ါ။ ငါဆို ဆန်တစ်အိတ်အသာလေးမနိုင်သဗျာ” “ဒီတော့ ကာငတို့လည်းစုပြီး လမ်းလျှောက်ဆန္ဒပြကြမယ်လေ။ မနိပ်လား။ ရဲစခန်းမှာ ခွင့်ပြုချက်သွားတောင်းမယ်” “ဖြစ်ပါ့မလားကွ။ ခွင့်ပြုချက်သွားတောင်းမှ ကွိနေဦးမယ်ကိုယ့်လူ။ သေချာစဉ်းစားဦး” “အိုကွာ ကွိသွားတော့လည်း ပိုကောင်းသေးတာပေ့ါ။ ဆန္ဒဖော် ထုတ်ချင်လို့ ခွင့်ပြုချက်တောင်းတာ မပေးဘဲဖမ်း လိုက်ပါတယ်ဆိုရင် ပိုတောင် မကောင်း ဘူးလားကွာ” “အေးလေ တချို့ဆိုရင် တရားရုံးက အမိန့်ချပြီးသား၊ ထောင်ချပြီးသားတွေတောင် ပြန်လွှတ်သေးတာပဲ” “ဟဲ့ အဲဒါ နိုင်ငံရေးသမားတွေကွ” “ဟာ-ဟို စာနယ်ဇင်းသမားတွေလည်း စုပြီးဆန္ဒဖော်ထုတ်ကြတာပဲလေ၊ အရေးကြီးတာ လူညီညီနဲ့ အသံကျယ်ကျယ် ဝိုင်းအော်ကြဖို့ပဲ။ ငါတို့ကလည်း အကြောင်းပြချက်တွေတော့ ခိုင် လုံရမှာပေ့ါ။ ဟို မုဒိမ်းကောင်တွေ၊ လူသတ် ကောင်တွေ၊ ဘိန်းသမားတွေ၊ ဆေးသမားတွေ ကိုတော့ တို့အုပ်စုထဲ ထည့်လို့ ဘယ်ဖြစ်မလဲ” “အေး ဟုတ်တယ်ကွ။ ငါတို့က လုပ်ချင်လို့ လုပ် နေကြရတာမဟုတ်ဘူး။ဟို ဆရာကြီးတွေ ခဏ ခဏပြောနေကြသလို ဆင်းရဲနွမ်းပါးတာတွေ လျော့ကျပြီး၊ လူလူသူသူ တူတူတန်တန် အလုပ် ကလေးတစ်ခုလောက်ရရင် အေးအေး လူလူ နေချင်တဲ့ကောင်တွေ” “အေးလေ. . အဲလို ကောင်တွေချည်းပဲ စုလိုက်မယ်လေကွာ . . . မ ကောင်းဘူးလား” “အိုကေကွာ ကောင်းတယ်။ တစ်လက်စတည်း မဆိုးမမိုက်ချင်သော်လည်း ဆိုးမိုက်နေရသူများ သမဂ္ဂဆိုပြီး ဖွဲ့လိုက်ရင် ပိုကောင်းမလားဟေ့” “အေး. . မိုက်တယ်ဟ။ မင်းအကြံမဆိုးဘူး။ ဒါမှ ပိုစည်းလုံးပြီး လူညီမှာ။ နက်ဖြန်စကြမယ်ကွာ” ထိုစဉ်မှာပဲ မောင်တောက် တီး သူငယ်ချင်းများရောက်လာကြတာကြောင့် ဆက်နားစွင့်လို့ မရတော့ပါခင်ဗျာ။ မိတ်ဆွေ တို့ရော ဘယ်လို သဘောရကြပါသလဲ။ ကဲ. . ။ကဲ. . ။









# ပေါ်ပြူလာနဲ့စံနမူနာ

အကယ်ဒမီပွဲကြီးနီးလာပြီဆိုတုန်းကလည်း အနုပညာလောကသားတွေရော အနုပညာရှင် ချစ်တဲ့ပရိသတ်တွေရော လှုပ်လှုပ်ရွရွနဲ့ ရင်တွေခုန်ကြ၊ မျှော်ကြပေါ့။ (SEA game ဖွင့်ပွဲကြီးလိုမျိုးပွဲကို ပျော်ရွှင်စွာ အားပေးထားချိန်နဲ့ သိပ်မကွာချိန်မှာပဲ အကယ်ဒမီပွဲကိုတော့ ဘယ်လို ဆန်းသစ်မလဲပေါ့။ တကယ်တော့ ပွဲကြီးခြင်း သေးခြင်းတွေနဲ့ မဆိုင်ဘဲ ဖန်တီးမှု စိတ်ကူးအားတွေက အဓိကဖြစ်နေပါပြီ။) ပွဲနီးလာတာနဲ့အမျှ လောကသား တို့ရဲ့ ဖိတ်စာကီစ္စ၊ ဆုရွေးချယ်ရေးကိစ္စအသံတွေလည်း ညံလို့ ရိုးရာမပျက် အသံထွက်ပေါ့။

အကယ်ဒမီကြီးပြီးပါပြီဆိုတော့လည်း ပိုလို့တောင်မြိုင်လာသေး၊ မျှမျှတတဝေဖန်သူတွေ ရှိသလို၊ ငါသာအမှန်ဆိုတဲ့ အတွေးများနဲ့ တစ်ဖက်သက် စကားလုံးတွေကို အပြန်အလှန် Status တင်နေကြတာကြည့်ရင်း ပရိသတ်တောင် မျက်စိလည်လာတယ်။ သေးသေးတင်တောင် အတင်မခံချင်တဲ့ အနုပညာရှင်တွေဟာ လူတွေကြားမှာ ပေါ်ပြူလာဖြစ်ပေမယ့် ပရိသတ်ရဲ့ စံနမူနာ ဖြစ်ဖို့လမ်းမမြင်ပါဘူး။ အရင်တုန်းက အနုပညာရှင်တွေရဲ့ အတွင်းစိတ်ကို သိဖို့မလွယ် ပေ မယ့်ခုတော့ဖေ့ဘုတ်က ကျေးဇူးပြုလို့ အရှိ အတိုင်း နီးပါးသိခွင့်ရနေကြပြီ။ ပုထုဇဉ်တွေ ဖြစ် လို့ အမှားမကင်းတာကို လက်ခံပါတယ်။ ဒါပေမဲ့ အများနဲ့ဆိုင်တဲ့ FB ကနေဆက်ဆံပြောဆိုတဲ့အခါ ရင့်ကျက်ပြတတ်ဖို့ ပရိသတ်ကမျှော်လင့်ပါတယ်။

You Tube မှာတင်ထားတဲ့ နှစ်အလိုက် အော်စကာဆုပေးပွဲတွေကိုလည်း ကြည့်ရင်းကိုယ့် အခြေအနေနဲ့ ဘယ်ဟာတွေက လိုက်ဖက်မလဲ ဆိုတာ လောကသားအားလုံးက ဝိုင်းအကြံပြု၊ ဝိုင်းလုပ်ရင်း အချင်းချင်းဆဲဆိုသံတွေပရိသတ်လည်း ကြားစရာမလိုတော့ဘူးပေါ့။

## FUNNY PHOTO

### အအိပ်မက်ကြီးသူများ








# ဆဲကြမယ်ဟေ့ ကောင်းကောင်း

"တော်တော်ညံ့တဲ့ကောင်တွေပဲ. . . ဒါလေး တောင်နိုင်အောင်မကန်နိုင်ကြဘူး"

"!@#$%"

"%&*":#@"

"*&^%$#!@@@@#$%. . . . !@#&&^"

"တောက်... ခံပေါ့ကွာ. . . ခံပေါ့ကွာ။ နည်းတောင်နည်းသေးတယ်။ဆဲကွာ. . .

"တောက် . . ငါတို့ ကွင်းထဲလာမကြည့်ဖြစ်တာ မင်းတို့ကံကောင်းသွားတယ်မှတ် !@#$%

"!@#$%"

"%&*":#@"

"*&^%$#µ@@@@#$%..."

သို့နှင့်ပင် မောင်တောက်တီးတို့ သူငယ်ချင်းတစ်စု အဆဲပွဲကြီး ဝှဲချိုးကျင်းပကြလေ တော့ ၏။ ကိုယ်တိုင်ဝင်ကန်ရင် ဘောလုံးတောင်ခြေနဲ့ထိမှာ မဟုတ်ပေမယ့် သူများကန်တာကို ဆဲရတာက တော့ အင်မတန်အရသာရှိလှ၏။ ယစ်ရွှေရည်ကလေးလဲ အတော်ထွေနေဆိုတော့ ဆဲလို့ကောင်းလိုက်တာများ ပြောမယုံကြုံဖူးမှပင်သိပေလိမ့်မည်။ သူငယ် ချင်းလေးယောက် ဆဲနည်းမျိုးစုံဖြင့် တစ်ယောက် တစ်လှည့် အော်ဆဲနေကြတာ ဘယ်လောက် တောင်ကြာသွားလဲမသိ။ ဝရန်တာမှ ပြန့်လွင့်ဝင်လာသော အသံအချို့ကြားမှပင် ဆဲနေတာ ခဏရပ်ပြီး ထွက်ကြည့်မိတော့သည်။ အလိုလေး အောက်မှာ လူတွေမနည်းပါလား. . .။

"ဟေ့ကောင်တွေ ဒီမှာလည်း ရှုံးလို့စိတ်တိုနေတာ။ မင်းတို့က မကြားဝံ့မနာသာတွေ အော်ဆဲ မနေကြနဲ့"ဟု တစ်ယောက်က အောက်မှလှမ်း အော်နေသည်။

"ဘေးအိမ်က နားမခံနိုင်တော့ဘူးရှင့်။ ဒီမှာ သမီးပျိုလေးတွေနဲ့။ ကယ်ကြပါဦး အရပ်ကတို့ရေ"ဟု အောက်ထပ်အခန်းမှ မိန်းမကြီးတစ်ယောက်က လမ်းပေါ်မှ လူတွေကို အော်ပြောနေသည်။

လမ်းပေါ်ဝယ် ရုတ်စုရုတ်စုဖြစ်နေသော လူအုပ်ထဲမှ လူငယ်တစ်ယောက်က ခဲတစ်လုံး ကောက်ပြီး မောင်တောက်တီးတို့ကို လှမ်းပစ်သည်။ တော်ပါသေးရဲ့ အထပ်က ခြောက်လွှာဆိုတော့ ခဲကအပေါ်သို့မရောက်လာ။ မောင်တောက်တီးတို့ကလည်း ဘယ်ငြိမ်ခံနေပါ့မလဲ။

"ဟေ့. . ဘယ်သူ့ကိုမှ ထိခိုက်အောင်လုပ်တာ မဟုတ်ဘူးကွ။ ကိုယ့်အိမ်ထဲမှာ ကိုယ်ဆဲတာဆဲမှာပဲ။ အလကားဆဲနေတာမဟုတ်ဘူး။ ဒီကောင်တွေ ညံ့လွန်းလို့ဆဲနေတာကွ"ဟု မောင်တောက်တီး သူငယ်ချင်းတစ်ယောက်က ပြန်ပြောသည်။

"ဟေ့ကောင်တွေ သတ္တိရှိရင် အောက်ဆင်းလာခဲ့ကွ။ အောက်မှာ လာဆဲ. . လာ. . .။ အပေါ်ကနေ ဆဲမနေနဲ့"

"တကယ်မိုက်တယ်ဆိုရင် အခန်းသော့ချပေးလိုက်လေ။ လုပ်စမ်းပါ" အစရှိသဖြင့် အောက်ကလူတွေကလည်းပြန်အော်နေကြ၏။

အော်သူ ဟစ်သူ နံဘေးမှရပ်ကြည့်နေသူ။ ဘာကြောင့်လူတွေစုနေကြတာလဲဟု ထပ်မံစပ်စုသူတို့တဖြည်းဖြည်းများလာလေသော် လမ်းထဲတွင်လူအုပ်ကြီးပြည့်လုခမန်းဖြစ်လာသည်။

မောင်တောက်တီးတို့ကလည်း ဝရန်တာမှာပင်ရပ်ရင်း ဆက်ဆဲနေကြပြန်၏။ တီဗီကို လှမ်းကြည့်ရင်းဆဲလိုက်၊ အောက်က အော်သမျှကို ပြန်ပြောလိုက်၊ အရက်ကလေး မော့လိုက်နှင့် အတော်ဟုတ်နေကြပါသည်။ ဟုတ်သည်လေ။ ကိုယ့်အိမ်ထဲမှာ ကိုယ့်ဘာသာ ကိုယ်ဆဲနေတာပဲ။ သူတို့ကို ဆဲတာမှမဟုတ်တာ။ ဆက်ဆဲကွာ-ဟု တစ်ယောက်က မြှောက်ပေးပြန်၏။

ဆဲရှိန်မြင့်လာသည်နှင့်အမျှ အောက်လူအုပ်ထဲတွင် ရဲတစ်ယောက်စ နှစ်ယောက်စကိုပါတွေ့လာရ၏။ သူတို့ကို လူအချို့က မောင်တောက်တီးတို့ ကို လက်ညှိုးညွှန်ညွှန်ပြရင်းတိုင်တန်းနေပုံရ၏။ သူတို့လည်း ဘာမှမတတ်နိုင်။ အောက်က လူအုပ်ကြီးကိုသာ လူစုခွဲကြရန် တောင်းပန်နေကြပုံရ၏။

တဖြည်းဖြည်းနှင့် အောက်ကလူစုလည်းကွဲသွားတော့သည်။ မောင်တောက်တီးတို့ တစ်တွေလည်း လည်ချောင်းတွေနာကာ မဆဲနိုင်ကြတော့။ မူးမူးမောမောနှင့်ခြေပစ်လက်ပစ်အိပ်ပျော်သွားကြသည်။

ဒါတောင် ညဘက် တစ်ရေးနိုးလို့ facebook ဝင်ကြည့်မိတော့ အသင်းနည်းပြက ဘောပွဲစည်းမျဉ်းတွေကို သူမသိပါတဲ့ဗျား. . .။

"တောက်" တော်တော်သောက်သုံးမကျတဲ့ နည်းပြ...!@#$%#@µ$% ...... !@#$%" သို့သော်မောင်တောက်တီးပါးစပ်မှ ဘာသံမှ ထွက်မလာပါ။ ညနေက မီးကုန်ယမ်းကုန်ဆဲထားသဖြင့် အသံဝင်နေပြီတည်း။

(ဆီးဂိမ်းကာလအတောအတွင်းက ရန်ကုန်မြို့တစ်နေရာတွင် တကယ်ဖြစ်ပွားခဲ့သော အဖြစ်ကလေးတစ်ခုပါ)





စိုပြေ လှပသောအသားအရေ အတွက်......
GC ရှားစောင်း အချိုရည် .......
GC
ALOE PEAR
with juicy pulp
200 ml
plus Pear j
GC
ALOE PEACH
with juicy pulp
plus Peach j
200 ml
ပန်းသစ်တော် အရသာပါဝင်
Green Circle Co.,Ltd.
Hotline (01) 612754, 612756 , (02) 81934, 81935